
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## ☺ ပုံနှိပ်မှတ်တမ်း ☺

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် ဦးအောင်မြင့်၊ အောင်မြင့်ပုံနှိပ်တိုက် (မြဲ ၀၀၀၇၇)၊ အမှတ်(၁၄၅)၊ နှင်းဆီဖြူလမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

ထုတ်ဝေသူ ဦးအောင်မြင့် (မြဲ ၀၀၂၇၆)၊ အောင်မြင့်စာပေ။

ဖြန့်ချိရေး အောင်မြင့်စာပေ၊ အမှတ်(၁) အောင်ဘာလေလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁)

အချိန်ကား (၁၉၈၀)ခုနှစ်ဝန်းကျင်ကာလဖြစ်၏။ ညနေငါးနာရီလောက်သာ ရှိသေးသော်လည်း ရာသီဥတုက ရုတ်တရက်ပြောင်းသွားကာ မိုးမှောင်ကျသလို အုံ့ဆိုင်းလာလေ၏။ မြူ မောက်နှင့် မိုးတိမ်မည်းတို့ လေနှင့်အတူ လွင့်မြောပါလာကာ ကောင်းကင်တပြင်လုံး မည်းမှောင်သွား၏။ ထိုမြူများက တောင်ပေါ်မြို့ကလေး၏ လမ်းများ၊ လူနေအိမ်များကိုပါ လွှမ်းခြုံသွားသဖြင့် ဝါးတစ်ရိုက်အကွာလောက်အထိပင် ကောင်းကောင်းမမြင်ရတော့ပေချေ။

www.burmeseclassic.com



ထိုအခြေအနေမျိုးတွင် လူငယ်နှစ်ဦး မြေနီလမ်းလေးအ ထိုင်း ခတ်သုတ်သုတ်လျှောက်လာနေကြ၏။ သူတို့မှာ အိုက်ခမ်းနှင့် ပေါ်ရခါးသွေးစပ်သော ရာဂျူးတို့ဖြစ်သည်။ ရှုတ်တရက်အေးလာသော ရာသီဥတုကြောင့် လက်ပိုက်ရင်း ခတ်သွက်သွက်လျှောက်တာ အအေးဒဏ်ကို အံတုလာပုံရ၏။

ထိုမှုနှင့် မလုံလောက်တော့ဟန်နှင့် အိုက်ခမ်းက တစောင်း လွယ်ထားလာသော ရှမ်းလွယ်အိမ်ကြီးထဲမှ ပုလင်းတစ်လုံးဆွဲထုတ်တာ ချက်အရက် တစ်ငုံလောက်မော့လိုက်၏။ ပူနွေးရှတသော ရသက သွေးကြောတစ်လျှောက် စီးဝင်ပျံ့နှံ့သွားတော့မှပဲ အိုက်ခမ်း နေသာထိုင်သာရှိသွားတော့သည်။ ပုလင်းကို ရာဂျူးထံ လှမ်းပေးလိုက်ရာ တစ်ကျိုက်မော့ပြီး ပစ်ခနဲ တံတွေးထွေးလိုက်သည်။

"ကောင်းလိုက်တာကွာ. . တစ်ကိုယ်လုံး ထူပူသွားတာပဲ"

"နွေးသွားရင် မြန်မြန်လျှောက်. . မမှောင်ခင် ဟိုရောက်မှ ဖြစ်မှာ. . ."

အိုက်ခမ်းက ပြောပြောဆိုဆို လမ်းလျှောက်နှုန်းကို အရှိန် မြှင့်လိုက်သည်မို့ ရာဂျူးလည်း မပြေးရုံတမယ် အမီလိုက်ရတော့သည်။ သူတို့ဦးတည်ရာကား မြို့ပြင်သို့ဖြစ်၏။

သူတို့၏ ကလောမြို့လေးသည် စိုက်ပျိုးမွေးမြူရေးကိုသာ အဓိကအားထားနေရသော မြို့ဖြစ်သည်။ အိုက်ခမ်းနှင့် ရာဂျူးတို့ သည်လည်း ဒေသခံအများစုလိုပင် လိမ္မော်၊ မက်မန်းခြံကြီးများတွင် စိုက်ပျိုးရေးလုပ်ကြသူများ ဖြစ်၏။

သို့သော် အိုက်ခမ်းက ထူးထူးဆန်းဆန်းလေးတွေ ဝါသနာ ပါသလို အသောက်အစားနှင့် လောင်းကစားကိုလည်း ကြိုက်နှစ်

www.burmeseclassic.com

www.burmeseclassic.com



သက်သည်။ လောင်းကစားကြောင့် အိုက်ခမ်းဘဝတွင် ဒုက္ခသုက္ခ မျိုးစုံ ကြုံခဲ့ရသော်လည်း ဝါသနာနှင့်ဗီဇကို စွန့်လွှတ်၍မရဘဲ မိုက်တွင်းနက်နေဆဲသာဖြစ်သည်။ ယခုလည်း လက်ရှိရင်ဆိုင်နေရ သည့် အကြပ်အတည်းမှ လွတ်မြောက်ဖို့အတွက် မလုပ်ဖူးသော အလုပ်ကို အရဲစွန့်လုပ်ကိုင်ရန် ထွက်လာခဲ့ခြင်းလည်းဖြစ်၏။

အဖော်လိုအပ်၍ ရာဂျူးကို အတင်းဆွဲခေါ်လာခဲ့ရသော် လည်း သူဘာလုပ်မည်ဆိုတာကို ရာဂျူးမသိ။ ပိုက်ဆံရလို့သာ ပါလာ ခြင်းဖြစ်သည်။

နာရီဝက်လောက် ခတ်သုတ်သုတ်လျှောက်လာကြပြီးချိန် တွင် မြို့စွန်မှ သင်္ချိုင်းသို့ ရောက်လာကြပြီ။ ကားလမ်းဘေး ဝဲ နှစ်ရိုက် အကွာလောက်တွင် ဖရိုဖရဲပြိုလဲနေသော အုတ်ဂူတချို့နှင့် မြေပုံမို့မို့လေးများကို မြင်တွေ့နေရသည်။ မြူတွေဆိုင်းပြီး မိုးမှောင် ကျနေသဖြင့် နွားရိုင်းသွင်းချိန်က အရင်နေ့တွေထက် ပို၍မှောင်နေ ၏။ သင်္ချိုင်းကို ဖြတ်လျှောက်လာရင်း ရာဂျူးက ကျောချမ်းလာဟန် နှင့်. . .

"အိုက်ခမ်း မြန်မြန်လျှောက်ကွာ. . သင်္ချိုင်းကို ကျော်သွားမှ ငါ စိတ်အေးမှာ"

"ကျော်သွားလို့မရဘူး ရာဂျူး ငါတို့သွားမှာ အဲဒီသင်္ချိုင်းထဲ ကို. . ."

"ဟင်!. . ဘာ!. . ဘာပြောတယ်. ."

"ဟုတ်တယ်. . သင်္ချိုင်းကိုသွားမယ်. . သရဲခေါ်မယ်. . အလောင်းဖော်မယ်. ."

"မင်း. . မင်း တကယ်ပြောတာလား. ."



www.burmeseclassic.com

www.burmeseclassic.com



"အင်း. ."

"ဒါဆို ငါမလိုက်တော့ဘူး . . ."

"ငွေကို လွယ်လွယ်ကူကူရမယ်ထင်ရင် မှားသွားမယ်ရာဂျူး မလိုက်ချင်ရင်ပြန်လေ"

ရာဂျူး ကြောက်တတ်မှန်းသိသော အိုက်ခမ်းက ချည်ပြီး တုပ်ပြီး အပိုင်ပြောလိုက်သည်။ ရာဂျူး ပြန်ဖို့ လာခဲ့သည့်လမ်းကို လှမ်းမျှော်ကြည့်သည်။ လူသူကင်းမဲ့ကာ ဝေဝါးမှောင်မည်းနေသည့် လမ်းကိုကြည့်ပြီး ရာဂျူးခြေလှမ်းတွေ မရွေ့တော့. . .။

"မဟုတ်တာ မလုပ်ပါနဲ့ကွာ. . အတူတူပြန်ကြမယ်လေ နော်. . အိုက်ခမ်း"

အိုက်ခမ်းက ခေါင်းရမ်းပြပြီး သင်္ချိုင်းဝင်ပေါက်သို့ ဦးတည်၍ လျှောက်သွားနေသည်။ ခဏနေတော့ တဖုတ်ဖုတ်နှင့် ပြေးလိုက်လာသော ရာဂျူး၏ခြေသံကို ကြားလိုက်၍ အိုက်ခမ်းသဘောကျစွာ ပြုံးလိုက်၏။ ရာဂျူးက. .

"အိုက်ခမ်း. . မင်း နောက်နေတာမို့လား"

"နောက်စရာလားကွာ. . အခုတို့နှစ်ယောက်စလုံး သင်္ချိုင်း ထဲရောက်နေပြီလေ. ."

ရာဂျူး ဝန်းကျင်ကို အကဲခတ်ပြီး နှစ်ယောက်ပူးကပ်ကာ အိုက်ခမ်းလက်ကို အားကိုးတကြီး ဆုပ်ကိုင်လိုက်သည်။ အိုက်ခမ်းက အုတ်ဂူတွေကို ရှောင်ရှား၊ မြေပုံတွေကို ကျော်ခွပြီး သင်္ချိုင်းအလယ်မှ ညောင်ကျပ်ပင်ကြီးဆီသို့ ဦးတည်လျှောက်လာခဲ့၏။ အသည်းယားပြီး ကြောက်တတ်သော ရာဂျူးမှာ အိုက်ခမ်းလက်မောင်းကို မလွှတ်တမ်း ဆုပ်ကိုင်ရင်း ကျီးကြည့်ကြောင်ကြည့်နှင့် တရွတ်တိုက်ပါလာ၏။

www.burmeseclassic.com

www.burmeseclassic.com



ညောင်ကျပ်ပင်ကြီးအောက်အရောက်တွင် အိုက်ခမ်းက ခြေစုံရပ်လိုက်သည်။ ရာဂျူးမှာ အိုက်ခမ်းနှင့် ကျောချင်းကပ် ရပ်ပြီး ရောက်နေသောနေရာ၏ မနှစ်မြို့ဖွယ်မြင်ကွင်းကို အလန့်တကြား လေ့လာသုံးသပ်နေသည်။

အိုက်ခမ်းက ဖောင်းကားနေသော ရှမ်းလွယ်အိတ်ကြီးထဲမှ အသင့်ယူဆောင်လာသော ပစ္စည်းများကို တစ်ခုပြီးတစ်ခု ဆွဲထုတ်ယူလိုက်သည်။ ဝန်းကျင်တစ်ခုလုံး မှုန်မှိုင်းကာ ဝိုးတိုးဝါးတားဖြစ်နေသည်။ မြေကြီးနှင့်ထိလုမတတ် ဝေ့ဝဲနေသော မြူခိုးတွေကြားမှ ပေါ်လာလိုက် ပျောက်သွားလိုက်ဖြစ်နေသည့် အုတ်ဂူများကြောင့် ရာဂျူး ပို၍ထိတ်လန့်လို့နေ၏။

အိုက်ခမ်းမှာ ရာဂျူး ဘာဖြစ်နေသလဲဆိုတာ ဂရုမစိုက်အား။ သူ့ရည်ရွယ်ချက် အထမြောက်အောင်သာ တက်သုတ်ရိုက် ဆောင်ရွက်နေသည်။ အိုက်ခမ်း သရဲခေါ်ဖို့အတွက် လိုအပ်သောအစီအရင် အဆောင်အယောင်ပစ္စည်းများကို စနစ်တကျ နေရာချနေ၏။

ကျောချင်းအတင်းကပ်နေသည့် ရာဂျူးကြောင့် လုပ်ရကိုင်ရတာ မလွတ်မလပ်ဖြစ်နေ၍ အိုက်ခမ်း စိတ်မရှည်နိုင် ဖြစ်လာသည်။

"ရာဂျူး မင်း အတင်းပူးကပ်မနေနဲ့ လွတ်လွတ်လပ်လပ် နေစမ်းကွာ. . ."

"ငါကြောက်တယ်ကွ. . အိုက်ခမ်းရ. . ဟင်!. ."

ပြောပြောဆိုဆိုနှင့် လှည့်ကြည့်မိသည့် ရာဂျူးမှာ အိုက်ခမ်း လုပ်နေတာတွေမြင်ပြီး အံ့ဩလွန်းသဖြင့် အာမေဋိတ်သံထွက်အောင်ပင် အထိတ်တလန့်ဖြစ်သွား၏။ မအံ့ဩဘဲနေနိုင်မလား. . .

အိုက်ခမ်းက ငှက်ပျောဖက်ပေါ် ထမင်းဆုပ် သုံးလုံးတင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အမဲသားစိမ်းတုံးများနှင့် ငါးစိမ်းနှစ်ကောင်ကို ထမင်းဆုပ်များဘေး တွင် ပုံနေသည်။

"မင်း . . မင်း . . တကယ်လုပ်မလို့လား . ."

"ဒါ . . နောက်စရာလား ရာဂျူးရာ၊ ဒါ ငါ့အတွက် ထွက် ရပ်လမ်းပဲ"

"ကြောက် . . ကြောက်စရာကြီး အိုက်ခမ်းရာ . ."

"ကြောက်ရင် . . သောက်ပြီး ငြိမ်ငြိမ်နေ . . ရော့"

အိုက်ခမ်းက ရာဂျူးလက်ထဲ ပုလင်းထည့်ပေးပြီး ငြိမ်ငြိမ်နေ ခိုင်းလိုက်၏။ ရာဂျူးလည်း နွားငတ် ရေချသလို မော့သောက်ရင်း အိုက်ခမ်းလုပ်သမျှ မျက်လုံးပြူးကြီးနှင့် စောင့်ကြည့်နေရှာသည်။

ငှက်ပျောဖက်ပေါ် ထမင်းဆုပ်နှင့် သားစိမ်းငါးစိမ်း ပုံခြင်းမှာ ဥူးစာတိုက်ခြင်း၊ ခေါစာကျွေးခြင်းဖြစ်သည်။ ခေါစာဗန်းကို ပြင်ဆင် ပြီးနောက် လွယ်အိတ်ထဲမှ တစ်စုံတခုကို နှိုက်ယူပြန်သည်။ လွယ် အိတ်ထဲမှ အိုက်ခမ်းလက် ပြန်ထွက်လာသောအခါ ရာဂျူးနှုတ်မှ 'အောင်မလေးဗျ' ဟူသော အသံကြီးထွက်လာလေတော့၏။

အိုက်ခမ်း ထုတ်ယူလိုက်သည့်အရာမှာ အရိုးခေါင်းခွံတစ်ခု ဖြစ်နေသောကြောင့်ပင်ဖြစ်သည်။ ရာဂျူး ဘာပဲဖြစ်နေနေ အိုက်ခမ်း ဂရုမစိုက်တော့၊ လုပ်စရာရှိတာကိုသာ ဆက်လုပ်နေ၏။ အိတ်ထဲမှ တံစူးဝါးနှင့်ပြုလုပ်ထားသော တစ်ပေခန့်အရှည်ရှိသည့် ပန္နက်တိုင် လေးချောင်းကို ထုတ်ယူပြီး စည်းရိုးခတ်သလိုမျိုး ထောင့်လေး ထောင့်တွင် ထိုးစိုက်လိုက်သည်။

ထိုတိုင်လေးတိုင်တွင် ခြေမန်းကွင်းတစ်ခုစီ စွပ်လိုက်၏။ ထို့နောက် စည်းသုံးတန်ချကာ နယ်မြေသိမ်းလိုက်၏။ ဒါ သချိုင်းထဲမှ

www.burmeseclassic.com



ဤမြေကွက်လေးကို လွတ်မြောက်နယ်မြေအဖြစ် ထူထောင်လိုက်ခြင်းဖြစ်၏။ အနှောင့်အယှက်အဟန့်အတားများရန်ကို ကြိုတင်ကာကွယ်ခြင်း ဆိုလျှင်လည်းမမှား။

အားလုံး လုံခြုံစိတ်ချရအောင် စီမံပြီးသောအခါ အရိုးခေါင်းခွံထိပ်တည့်တည့်တွင် ဖယောင်းတိုင်စိုက်ပြီး မီးညှိလိုက်၏။ တွင်းနက်ကြီးလို ဟောက်ပက်ဖြစ်နေသော မျက်လုံးပေါက်နှစ်ပေါက်ထဲ အမွှေးတိုင်နှစ်တိုင်စိုက်၍ ထွန်းညှိလိုက်သောအခါ စီစဉ်စရာကိစ္စတွေအားလုံးပြီးစီးသွား၏။ နောက်ဆုံးအနေနှင့် အိုက်ခမ်းက ခုံဖိနပ်တစ်ရံကို အိတ်ထဲမှထုတ်ယူကာ အနောက်ထောင့်မှ တံစူးဝါး ပန္နက်တိုင်အနီးတွင် နှစ်ဖက်ညီညာအောင် ချထားလိုက်သည်။

အိုက်ခမ်းနှင့်ရာဂျူးတို့နှစ်ယောက်စလုံး အတွင်းစည်းထဲရောက်ရှိသွားကြပြီဖြစ်သည်။ ဘာမှနားမလည်ရှာသော ရာဂျူးမှာ အိုက်ခမ်းလုပ်သမျှကြည့်လိုက် သင်္ချိုင်းထဲကို အထိတ်တလန့်ငေးလိုက်နှင့် ဂဏာမငြိမ်ဖြစ်နေလေ၏။

သူတို့အပေါ် အုပ်မိုးထားသော ညောင်ကျပ်ပင်ကြီး၏အရွက်များနှင့် တွဲလွဲခိုကာ သွယ်တန်းကျနေသော ညောင်မုတ်ဆိတ်များမှာ လေယူရာယိမ်းနွဲ့လျက် တဝေါဝေါအသံများက ထိတ်လန့်သဲဖို့ဖြစ်ရပ်အား အားဖြည့်ကူညီပေးနေပြန်သည်။ ပြိုပျက်နေသောဂူများ၊ မိုးရေတိုက်စားမှုကြောင့် ပြန်ပေါ်လာသော ခေါင်းတလားများကို ဖရိုဖရဲမြင်တွေ့နေရသည်ကလည်း ခြောက်ချားစရာကောင်းနေပြန်လေသည်။

ထိုအခိုက်မှာပင် သင်္ချိုင်းအနောက်ထောင့်မှ ထွက်ပေါ်လာသည့် ဆွဲဆွဲငင်ငင်အူလိုက်သော ခွေးအူသံကြောင့် ရာဂျူး ကြက်သီး



www.burmeseclassic.com

www.burmeseclassic.com



ဖြန်းဖြန်းထသွား၍ အရက်ကို ကမန်းကတန်း ကောက်မော့လိုက်ရပြန်သည်။

အိုက်ခမ်းကတော့ သိမ်ဝင်သပိတ်ကွဲအင်းကို လူသေ၏ ညာလက်ဖျံရိုးတစ်ချောင်းနှင့်ခေါက်၍ နှုတ်ခမ်းများလှုပ်ရုံသာ မန္တာန်တစ်ခုကို ရွတ်ဆိုနေ၏။ ထိုသို့ရွတ်ဆိုနေစဉ်မှာပင် ညှီစို့စို့အနံ့ကြီး ထွက်လာတာ လေတွေလည်း တဟူးဟူးတိုက်လာတော့၏။ ထိုလေအရှိန်ကြောင့် အရိုးခေါင်းပေါ်မှ ဖယောင်းတိုင်မီးကို ငြိမ်းသတ်လိုက်သလိုဖြစ်သွားလေသည်။

"ရာဂျူး ဖယောင်းတိုင်မီး မြန်မြန်ပြန်ညှိလိုက်၊ ပြီးရင် ငြိမ်းမသွားအောင် လက်နဲ့ကာထား. . ."

"ငါ မလုပ်ရဲဘူး ကြောက်တယ်. . ."

"ဒီကိစ္စ အများခံလို့မရဘူး ရာဂျူး. . အနှောင့်အယှက် ဖြစ်သွားရင် သရဲတွေထွက်လာပြီး ငါတို့ကို ဂုတ်ချိုးသတ်မှာနော်"

ကြောက်တတ်သော ရာဂျူးမှာ ပိုပိုသာသာလေး ခြောက်လှန့်လိုက်သည့် အိုက်ခမ်းစကားကြောင့် ကျင်ငယ်ရည်များ ထွက်ကျလုမတတ် ကြောက်လန့်သွားရှာသည်။ သရဲဂုတ်ချိုးသတ်ခံရတာထက်စာလျှင် အရိုးခေါင်းပေါ်မှ ဖယောင်းတိုင်ကို မီးညှိပေးရတာက ပိုသက်သာမည်မို့ ရှိုးမဲ့စု သတ္တိတွေထုတ်သုံးကာ ဓာတ်ဆီသုံး မီးခြစ်ကို ကောက်ယူကာ မီးညှိရတော့သည်။

ကြောက်လန့်ပြီး တုန်တုန်ရီရီနှင့် ခြစ်နေသည့်အတွက် မီးက တော်တော်နှင့်မတောက်၊ အိုက်ခမ်းက 'မြန်မြန်လုပ်. . မြန်မြန်လုပ်. . ' ဟု အတင်းလောဆော်နေ၍ ရာဂျူးလည်း အရိုးခေါင်းနား တိုးကပ်ကာ ဖယောင်းတိုင်ကို လက်နှင့်ကွယ်ပြီး ရအောင်မီးညှိ



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်ရသည်။ ဖယောင်းတိုင်မီးစွဲသွားသော်လည်း သူ့တာဝန်က မပြီးသေး၊ မီးငြိမ်းမသွားအောင် လက်နှစ်ဖက်နှင့် ကာထားရသေး၏။

သို့သော် အရိုးခေါင်းကို မကြည့်တော့ဘဲ မျက်နှာလွှဲထား လိုက်သည်။ အိုက်ခမ်းက သပိတ်ကွဲကို အရိုးနှင့် တဒေါက်ဒေါက် ခေါက်လျက်ပင် ရှိနေ၏။ အပုပ်နံ့က ပို၍ဆိုးဝါးပြင်းထန်လာသလို တော်လဲသံလိုလို ကျီးပြုံသံလိုလို တဝေါဝေါအသံကြီးကိုပါ ကြားလာ ရသည်။ ထို့အတွက် ရာဂျူးမျက်နှာမှာ ဇီးရွက်လောက်သာ ရှိတော့ သော်လည်း အိုက်ခမ်းမှာ အားတက်သရောဖြစ်နေလေ၏။

ထိုသို့ ထူးခြားသည့်အခြေအနေတွေ ဖြစ်နေစဉ်မှာပင် မြေကြီးကို တင်းပုတ်နှင့်ထုသလို တဘုတ်ဘုတ်အသံကြီး ထွက်ပေါ် လာလေသည်။ ရာဂျူးမှာ ဖယောင်းတိုင်မီးမငြိမ်းအောင် လက်နှင့် ကာထားရင်း အသံလာရာသို့ စူးစမ်းသည့်အနေနှင့် အရပ်လေး မျက်နှာသို့ ကျီးကန်းတောင်းမှောက်ကြည့်နေရှာသည်။ ထိုအသံက သူတို့ရှိနေရာနှင့် ပိုမိုနီးကပ်လာပြီးနောက် သုသာန်တပြင်လုံး တိတ် ဆိတ်လို့ သွားတော့သည်။

အိုက်ခမ်းက ကျေနပ်စွာပြုံးလိုက်ရင်း. .

"အသင်ရောက်လာပြီလား ဖုတ်တစ္ဆေ. .၊ ရောက်လာတာ သေချာရင် ဟောဒီမှာ ချထားတဲ့ ခုံဖိနပ်ကိုစီးပြပါ"

အိုက်ခမ်း ပြောလိုက်သောစကားကြောင့် ရာဂျူး ဆံပင်တွေ ထောင်ထအောင် လန့်ဖျပ်သွားကာ တံစူးဝါးအနီးမှ ခုံဖိနပ်ကို သူမြင် လည်ပြန် လှည့်ကြည့်မိသည်။ ရာဂျူးနှင့်အိုက်ခမ်းတို့ ခုံဖိနပ်အား ချစ်သူ့မျက်နှာလို မျက်တောင်မခတ်ကြည့်နေကြစဉ်မှာပင် ခုံဖိနပ်မှာ တစ်ယောက်ယောက်ယူစီးလိုက်သလို လှုပ်ရှားသွားတော့သည်။

www.burmeseclassic.com



ထိုမြင်ကွင်းကြောင့် ရာဂျူးမှာ အသံပင်မထွက်နိုင်တော့ဘဲ မျက်လုံးပြူးပြူး ပါးစပ်ပြဲပြဲနှင့်သာ ငေးကြည့်နေလေ၏။ ခုံဖိနပ်မှာ လှုပ်ရှားလာရုံသာမက ရှေ့နှစ်လှမ်းတိုးလိုက် နောက်တစ်လှမ်းဆုတ်လိုက်နှင့် ခေါက်တုံ့ခေါက်ပြန် လျှောက်ပြနေသည်။

"အဟင်း. . ရောက်လာပြီဆိုတော့လည်း စားပါသောက်ပါ တင်မြှောက်ပါတယ်၊ ဤခေါစာကို အပြီးမြိန်စွာသုံးဆောင်ပါ၊ သုံးဆောင်ပြီးပါက. . တပြန်တလှည့် ကျွန်ုပ်အားကူညီပါ. . ညွှန်ပြပါ၊ ထိုအချက်ကို သဘောတူလျှင် ခုံဖိနပ်ကို သုံးကြိမ်မြှောက်ပြပါ"

အပေးအယူစကားတွေပြောနေသော အိုက်ခမ်း လုပ်ရပ်ကို ကြည့်ရင်း ရာဂျူးတစ်ကိုယ်လုံး နတ်ပူးသလို တုန်တက်အောင်ပင် ထိတ်လန့်နေလေ၏။ သို့သော် မကြည့်ဘဲလည်းမနေနိုင် ခုံဖိနပ်ဆီမှ အကြည့်ကို လွှဲ၍မရအောင်ဖြစ်နေသည်။

အကောင်အထည်မမြင်ရသည့် နာနာဘာဝက အိုက်ခမ်း တောင်းဆိုတာကို သဘောတူဟန်နှင့် ခုံဖိနပ်နှစ်ဖက်ကို မြေပြင် အထက် တစ်ပေခန့်မြင့်တက်သည်အထိ မြှောက်ပြလေတော့သည်။

အိုက်ခမ်းက ငှက်ပျောဖက်နှင့် တည်ခင်းထားသော ခေါစာ ခွက်ကို တံစူးဝါးစည်းအပြင်သို့ ချပေးလိုက်သည်။ ထိုခေါစာများကို နာနာဘာဝ၏ အသွင်ယူကိုယ်စားပြု သတ္တဝါတစ်ကောင်ကောင် လာစားမှသာ အိုက်ခမ်း၏လုပ်ငန်းစဉ် ရှေ့တက်ခွင့်ရမည်ဖြစ်သည်။

"ရာဂျူး ဒီခေါစာခွက်ကို အကောင်တစ်ကောင်ကောင် လာစားလိမ့်မယ်. . ၊ ဘာကောင်ကိုပဲမြင်မြင် လန့်ပြီးမအော်လိုက်နဲ့ နော်. . "

ရာဂျူးမှာ အိုက်ခမ်း၏ သတိပေးစကားကို ခေါင်းညိတ်၍



www.burmeseclassic.com

www.burmeseclassic.com



သာ အဖြေပေးနိုင်၏။ ထို့နောက် နှစ်ယောက်သား မျှော်လင့်ခြင်းများနှင့် ခေါ်စာခွက်အား မျက်လုံးကျွတ်ထွက်မတတ် စူးစိုက်ကြည့်နေကြသည်။ ချက်ချင်းတော့ ဘာမှထူးခြားမလာ။ ငါးမိနစ်ခန့်ကြာမှ တအားအားအော်မြည်သံနှင့်အတူ အိပ်တန်းတက်ငှက်တွေ၊ ကျီးတွေ ဝုန်းခနဲဝုန်းခနဲ အိပ်လိုက်ပျံပြေးသွားကြတာကို တွေ့ကြရ၏။

"လာတော့မယ် ရာဂျူး. ."

အိုက်ခမ်း၏ သတိပေးစကားကြောင့် ရာဂျူးမှာ မြီးညှောင့်ရိုးမှ ငယ်ထိပ်ထိတိုင်အောင် တဖျင်းဖျင်းနှင့်တင်းသွားသည့် ကြောက်လန့်ခြင်းရသအား ခံစားလိုက်ရတော့သည်။ အရိုးခေါင်းခွံပေါ်မှ ဖယောင်းတိုင်လည်း ကုန်သွားကာ မီးငြိမ်းသွားပြီမို့ တာဝန်မှ အားလပ်ခွင့်ရသွားသည့် ရာဂျူးမှာ အိုက်ခမ်းနားသို့ တိုးရွှေ့ကာ ခေါ်စာခွက်အား မမှိတ်မသုန်ကြည့်နေလေ၏။ အမှောင်ထုကလည်း ပိုမိုအားကောင်းလာပြီမို့ ရှေ့တစ်လံလောက်အကွာခန့်ထိသာ ကောင်းစွာမြင်တွေ့ရတော့သည်။

အခြေအနေက ကြောက်တတ်သူများအတွက် အသက်ထွက်လောက်သည့် အနေအထားမျိုးလည်းဖြစ်နေသည်။ အိုက်ခမ်းက အားတက်သရောဖြစ်နေသလောက် ရာဂျူးမှာ အကြောက်လွန်ပြီး မေ့လဲမသွားအောင် မနည်းအားထုတ်နေရရှာသည်။ ထိုသို့သော အခြေအနေမျိုးတွင် တဖျတ်ဖျတ်တဖတ်ဖတ်နှင့် အသံကြီးပေါ်ထွက်လာတာ ပန်ကာဖွင့်လိုက်သလို ခပ်ပြင်းပြင်းလေအရှိန်တွေ တိုးဝင်လာတာကို ခံစားလိုက်ကြရသည်။

ထိုအသံနှင့် လေအရှိန်က အပေါ်ဘက်မှကျလာသည်မို့ အိုက်ခမ်းတို့ ဖြတ်ခနဲ မော့ကြည့်မိကြသည်။ မှောင်စပျိုးနေသော



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်ထက်ဆီမှ အတော်ပင်ကြီးမားသည့် ငှက်ကြီးတစ်ကောင် ထိုးဆင်းလာတာမြင်ရသည်။ ထိုငှက်ကြီး မလှမ်းမကမ်းရှိ မြေကွက်လပ်တွင်နားပြီး အတောင်များကိုသိမ်းလိုက်၏။ ထိုအခါမှ ၎င်းငှက်ကြီးမှာ လင်းတကြီးတစ်ကောင်ဖြစ်နေတာကို တအံ့တသြ သိလိုက်ကြရသည်။

"လင်းတ. . လင်းတကြီး. . "

အလန့်တကြားအော်ဟစ်လိုက်သည့် ရာဂျူးအား အိုက်ခမ်းက နှုတ်ခမ်းပေါ်လက်ညှိုးတင်ကာ တိတ်တိတ်နေရန် အချက်ပေးလိုက်သည်။ အိုက်ခမ်း၏ ဟန့်တားမှုကြောင့် ရာဂျူး နားရွက်ပင် မခတ်ရဲတော့. . .။

လင်းတကြီးက ကုန္နြေသိက္ခာကြီးစွာဖြင့် မြေပြင်အနေအထားကို သုံးသပ်နေသည်။ ခေါစာခွက်ထဲမှ သားစိမ်းငါးစိမ်းနံ့များက လင်းတကြီးအား ဆွဲဆောင်ညှို့ငင်ခေါ်ယူနေသည်မို့ ကားယားကားယားနှင့် တစ်လှမ်းချင်းရွေ့တိုး၍ လာနေပြီ။ လင်းတကြီးက အိုက်ခမ်းနှင့်ရာဂျူး ရှိသည်ဟုပင် ထင်မှတ်မထားသည့်ပုံစံနှင့် ခေါစာခွက်နားရောက်လာကာ အမဲသားတုံးကို ကောက်ယူဝါးမြိုလိုက်တော့သည်။

အိုက်ခမ်းက လင်းတကြီး မြိန်ရေယှက်ရေ စားသောက်နေတာကို ဝမ်းသားအားရစွာကြည့်နေ၏။ တစ်ယောက်တည်း မပြန်ရဲ၍ ဇွဲခတ်ပြီး ကြိတ်မှိတ်အောင့်အီးနေရသော ရာဂျူးမှာ ဇီးကင်းခန့် ချွေးသီးချွေးပေါက်တွေကျကာ အသက်ရှူမှားအောင် ကြောက်လန့်နေလေ၏။

လင်းတကြီးက သားစိမ်းငါးစိမ်းနှင့် ထမင်းဆုပ်များကို



www.burmeseclassic.com

www.burmeseclassic.com



တခဏအတွင်းမှာပင် အငမ်းမရ ဝါးမြိုပြီးနောက် ဂီးခနဲ အသံပြုကာ အိုက်ခမ်းတို့အား တစ်ချက်လှည့်ကြည့်၏။ ဘယ်လိုပင်ကြည့်ကြည့် ကျက်သရေတစက်မှမရှိသည့် လင်းတကြီးနှင့် အကြည့်ချင်းဆုံလိုက်မိသည့် ရာဂျူး တစ်ကိုယ်လုံးတောင့်တင်းသွားကာ လန့်အော်မိမတတ်ပင်ဖြစ်သွားသည်။

အိုက်ခမ်းက ရာဂျူးကို လှမ်းရိုက်သတိပေးလိုက်၍သာ လန့်မအော်မိခြင်းဖြစ်၏။ အစာဝသွားသော လင်းတကြီးက နောက်ကြောင်းပြန်လှည့်ကာ အတောင်ကိုဖြန့်လျက် အရှိန်ယူပြီး လာရာအရပ်သို့ ပျံသန်းသွားတော့သည်။

"ကဲ. . မိတ်ဆွေ ဖုတ်တစ္ဆေ ကျွန်ုပ်ဘက်ကတော့ တာဝန်ကျေပြီနော်. . "

အိုက်ခမ်းက ထိုသို့ပြောလိုက်သောအခါ လင်းတကြီးရောက်လာစဉ်က ငြိမ်သက်နေခဲ့သည့် ခုံဖိနပ်အစုံက ပြန်လည်လှုပ်ရှားလာ၏။ အိုက်ခမ်းပြောသမျှ နားလည်ကြောင်းပြသည့်အနေနှင့် ခုံဖိနပ်နှစ်ဖက်ကို ခုန်ဆွခုန်ဆွလုပ်ပြသည်။

"မိတ်ဆွေဖုတ်တစ္ဆေ ကျွန်ုပ်မှာ ငွေကြေးအကြပ်အတည်းဖြစ်နေပါတယ်၊ ဒါကြောင့် ပြီးခဲ့တဲ့ သုံးနှစ်လောက်က ရွှေသွားတွေဖြုတ်ဘဲ မြှုပ်ခဲ့တဲ့ ဦးကျင်ဟုတ်ရဲ့အလောင်းကို လာဖော်တာပါ။ နှစ်တွေကြာတော့ အုတ်ဂူလုပ်မထားတဲ့ သူ့မြေပုံ ဘယ်နားမှန်းမသိတော့ဘူး၊ ဒါကြောင့် မြေပုံရှိရာကို ညွှန်ပြပေးပါ. . အလောင်းဖော်ဖို့ရအောင် ကူညီပေးပါ"

မမြင်ရသည့် နာနာဘာဝကို ခင်မင်ရင်းနှီးသည့် သူငယ်ချင်းတစ်ယောက်လို ဆက်ဆံပြောဆိုနေသည့် အိုက်ခမ်းအားကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ရာဂျူး မျက်လုံးပြူးနေသည်။ ခုံဖိနပ်တွင်ပူးကပ်နေသော နာနာဘာဝ ကလည်း စားရသောက်ရ၍လားမသိ အိုက်ခမ်း တောင်းဆိုသမျှကို လိုက်နာတာ ကူညီပေးသည်။

တစ်လှမ်းချင်း ထွက်ခွာသွားသော ခုံဖိနပ် လမ်းပြခေါ် ဆောင်ရာသို့ အိုက်ခမ်း ထပ်ချပ်မကွာလိုက်လာခဲ့သည်။ နောက်ချန် မနေရဲသည့် ရာဂျူးလည်း အိုက်ခမ်းပုဆိုးစကိုဆွဲကာ အမီလိုက်လာ ၏။ မျက်စိပသာဒလုံးဝမရှိသည့် သချိုင်းမြေကိုနင်း၊ အုတ်ဂူများကို ရှောင်ကွင်း၊ အုတ်ဂူများကိုကျော်ခွကာ ခုံဖိနပ်ခေါ်ရာသို့ ကိုက်ငါး ဆယ်ခန့် လျှောက်လာအပြီးတွင် ခုံဖိနပ်က မြေပုံတစ်ပုံရှေ့တွင် ရပ်သွား၏။

"ဦးကျင်ဟုတ် အလောင်းမြှုပ်ထားတာ ဒီမြေပုံလား. . ."

အိုက်ခမ်း အမေးကို ခုံဖိနပ်က ခုန်ဆွခုန်ဆွလုပ်၍ အဖြေ ပေးသည်။ အိုက်ခမ်း အချိန်ဆွဲမနေတော့. . ၊ လွယ်အိတ်နှင့်အတူ စလွယ်သိုင်းထားသော ရှမ်းဓားကို ဆွဲထုတ်ကာ မြေပုံအား တူးဆွ ကော်ထုတ်တော့၏။ ထိုသို့တူးလိုက်သည်နှင့် လေတွေတဝေါဝေါ တိုက်လာပြီး ကုက္ကိုပင်ကြီးများ၏ လက်တံတွေလှုပ်ရှားလာကာ သစ်ရွက်တွေပါ ယိမ်းကလာသဖြင့် သချိုင်းတစ်ခုလုံး တဝုန်းဝုန်းတ ဝေါဝေါ ဆူညံလာလေသည်။

အိပ်တန်းတက်ငှက်တွေလည်း အသံစုံမြည်တမ်းကာ ဝေါ ခနဲ ထပျံသန်းသွားကြသဖြင့် သူတို့အနီးအနားမှာ ပွက်လောရိုက် ဆူညံသွား၏။

"ဟော့ကောင်. . ကူတူးဦးလေကွာ မြန်မြန်ပြီးမှ မြန်မြန်ပြန် ရမှာ. ."



www.burmeseclassic.com

www.burmeseclassic.com



အိုက်ခမ်းအမိန့်ပေးသဖြင့် ရာဂျူးလည်း ကြောက်ကြောက်နှင့် ဝင်တူးရတော့သည်။ မိုးကာလမို့ ရေနူးနေသော မြေပုံစာကိုတူးရတာ သိပ်တော့မခက်ခဲလှ၊ လက်နှင့်ကော်ထုတ်လို့ပင် ရနေသည်။ နှစ်ယောက်သား တက်ညီလက်ညီ တူးလိုက်ကြသဖြင့် ကွမ်းတစ်ယာညက်လောက်အကြာမှာပင် ခေါင်းတလားပေါ်လာသည်။ အခေါင်းတို မြင်တွေ့လိုက်ရသည့် အိုက်ခမ်းမျက်ဝန်းများ အရောင်လက်သွားသည်။

အမှောင်ထုက ပိုပြီးအားကောင်းလာပြီမို့ အိုက်ခမ်း တက်သုတ်ရိုက် လုပ်ဆောင်နေ၏။ ရှမ်းဓားနှင့် အခေါင်းဖုံးပျဉ်ကို ကလန့်ပြီးထိုးခွာကာ အခေါင်းပျဉ်မှ သံတွေကွာသွားသည်နှင့် ခေါင်းတလားအဖုံးကို ဆွဲလှန်လိုက်တော့သည်။ ထိုအခိုက်မှာပင် ဝုန်းခနဲ ဒိုင်းခနဲလျှပ်စီးလက်သံနှင့်အတူ မိုးကြိုးပစ်ချလေ၏။

“ဂျိမ်း!. . ဒလိန်း!!. . ဂျိန်း!!. . . ”

“အောင်မလေးဗျ!. . . ”

လျှပ်စီးရောင်အောက်တွင် ခေါင်းတလားထဲမှ သွားဖြီးကြီးနှင့် အရိုးစုကို မြင်တွေ့လိုက်ရသည့်ရာဂျူး ဘယ်လိုမှ စိတ်ထိန်းမရတော့ဘဲ အလန့်တကြားအော်ဟစ်ကာ ဖင်ထိုင်လျက်လဲကျသွားလေ၏။ အိုက်ခမ်းက လုံးဝမကြောက် လွယ်အိတ်ထဲမှ နှစ်တောင့်ဒူးဓာတ်မီးနှင့် ပလာယာကို ထုတ်ယူကာ အရိုးစုကြီးအား ဓာတ်မီးဖြင့်ထိုးကြည့်သည်။ အရိုးခေါင်းတွင် သွားများအပြည့်အစုံရှိနေပြီးရွှေသွားသုံးချောင်းက အရောင်တလက်လက်ထွက်နေ၏။

လောဘဇောကပ်နေပြီဖြစ်သော အိုက်ခမ်းက ဓာတ်မီးရောင်အောက်တွင် တလက်လက်တောက်ပနေသည့် ရွှေသွားသုံး



www.burmeseclassic.com

www.burmeseclassic.com



ချောင်းကို အပိုင်သိမ်းရန် ပလာယာနှင့်နှုတ်ယူဖို့ ပြင်ဆင်တော့သည်။ အိုက်ခမ်းလက်အလှမ်းမှာပင် အရိုးခေါင်းမျက်လုံးပေါက်ထဲမှ အကောင်ရှည်တစ်ကောင် တိုးထွက်လာလေ၏။

"ဟာ!. . လန့်လိုက်တာ ဒီအကောင်. ."

ဖုတ်တစ္ဆေ နာနာဘာဝကိုပင် အရေးမလုပ်သော အိုက်ခမ်းကိုယ်တိုင်ပင် လန့်အော်လိုက်မိသည်။ ကြောက်စိတ်ကိုထိန်းကာ မာတ်မီးနှင့် အသေအချာထိုးကြည့်တော့ မြွေမဟုတ်ဘဲ ငါးရှဉ့်ဖြစ်နေ၍ စိတ်တိုတိုနှင့် ဆတ်ခနဲဆွဲယူကာ လွှင့်ပစ်လိုက်၏။ ဖြစ်ချင်တော့ ထိုငါးရှဉ့်က ရာဂျူးပေါ် ပြုတ်ကျသွားသည်။ ငါးရှဉ့်က အငြိမ်မနေ ပခုံးပေါ်မှတဆင့် လည်ပင်းပေါ် တက်၏။ ရာဂျူးဘယ်လိုမှ မခံစားနိုင်တော့. . .

"အောင်မလေး သရဲ. . သရဲ. . လည်ပင်းညှစ်သတ်နေပါပြီဗျ"

ရာဂျူး အလန့်တကြားအော်ဟစ် ပုတ်ထုတ်ပြီး ထွက်ပြေးတော့သည်။ သို့သော် ခြေလှမ်းလေးငါးလှမ်း အရောက်မှာပင် နောက်ကြောင်းပြန်လှည့်ပြေးလာသည်။ မှောင်ထဲမည်းထဲ တစ်ယောက်တည်း ဘယ်လိုမှ ဆက်မသွားရဲသဖြင့် ပြန်လှည့်လာခြင်းဖြစ်သည်။

"ဟေ့ကောင် အိုက်ခမ်း မပြီးသေးဘူးလား ပြန်ကြရအောင်ကွာ၊ ငါကြောက်လွန်းလို့ သေတော့မယ်ကွ"

"အံသာနေစမ်း ရာဂျူး ဒီမှာပြီးတော့မယ်"

အိုက်ခမ်းက လှည့်မကြည့်ဘဲ ရွှေသွားတွေကိုသာ ပလာသာနှင့် ကလန့်ပြီး တစ်ချောင်းပြီးတစ်ချောင်း ပြုတ်ယူနေသည်။



www.burmeseclassic.com

www.burmeseclassic.com



တတိယမြောက် နောက်ဆုံးရွှေသွားကို ဖြုတ်ယူစဉ် အရိုးစု၏ လက်တစ်ဖက်မြောက်တက်လာကာ ရိုက်ချလိုက်သည်။ ရိုက်ချက်ကြောင့် ဓာတ်မီးက အခေါင်းထဲပြုတ်ကျသွား၏။

မီးလင်းလျက်ပင်ရှိနေ၍ ဓာတ်မီးကို လှမ်းမြင်နေရသည်မို့ အိုက်ခမ်းအရဲစွန့်ကာ လှမ်းနှိုက်ယူလိုက်သည်။ ဦးကျင်ဟုတ် အရိုးစုပေါ် ကားယားခွထားသလို ဖြစ်နေသည့် အိုက်ခမ်းအား အရိုးစုကလည်ပင်းညှစ်တော့သည်။

"အား!. . အီး!. . အစ်!. . အစ်!. . "

အိုက်ခမ်း မချိမဆန့် ခံစားနေရတာကို မြင်သော်လည်း အကြောက်လွန်နေသော ရာဂျူး အကူအညီမပေး၊ ဒီအတိုင်းသာ ကြောင်တောင်တောင် ကြည့်နေသည်။ ထိုစဉ် ထင်မှတ်မထားတာတွေ ဖြစ်လာ၏။ အိုက်ခမ်း၏မိတ်ဆွေ ဖုတ်တစ္ဆေပူးနေသော ခုံဖိနပ်က လူ့ပ်ရှားသက်ဝင်လာကာ အရိုးစုလက်နှစ်ဖက်ကို အဆက်မပြတ် ခုံဖိနပ်ဖြင့် ကန်ကျောက်တော့သည်။

အိုက်ခမ်း မိတ်ဆွေဖုတ်တစ္ဆေက ဦးကျင်ဟုတ်သရဲထက် စီနီယာကျ(သက်တမ်းပိုရှည်)၍ပဲလားမသိ၊ ဦးကျင်ဟုတ်အရိုးစု လုံးဝငြိမ်ကျသွားသည်။ ထိုအခါမှ အိုက်ခမ်းလည်း အသက်ရှူခွင့်ရသွားတော့၏။ အားကိုးရှိနေပြီမို့ အိုက်ခမ်းလုံးဝ မကြောက်တော့ဘဲ အရိုးစုအောက်မှ ဓာတ်မီးကို ကောက်ယူသည်။ လက်ကျန်ရွှေသွားတစ်ချောင်းကို ပိုင်ပိုင်နိုင်နိုင် ဖြုတ်ယူလိုက်၏။ ဒီတစ်ခါတော့ ရာဂျူးလည်း ဓာတ်မီးကိုင်ပေးဖော် ရလာသည်။ အိုက်ခမ်း လက်ထဲရောက်လာသော ရွှေသွားသုံးချောင်းကို ချိန်ဆကြည့်နေမိသည်။ ရွှေသွားများက ခေါင်းပွမဟုတ်သဖြင့် သုံးချောင်းပေါင်း ငါးမူးသားလောက်

www.burmeseclassic.com

www.burmeseclassic.com



တော့ ရှိနိုင်သည်။

လက်လုပ်လက်စားတစ်ယောက်အတွက် ဒါဟာ အတော်ပင်များနေ၏။ အိုက်ခမ်း ဝမ်းသာနေကာ. .

"ဟားဟား. . ငါးမူးသားလောက်ဆို ဖဲကြွေးဆပ်ပြီးတဲ့အပြင် ရွာလည်ဖဲရိုက် အရင်းအနှီးပါရဦးမှာ တော်သေးတာပေါ့ကွာ"

"ဟော့ကောင် ငါ့ကို ဝေစုပေးရဦးမှာနော်"

"ဒါတွေ ရောင်းပြီးရင် ပေးမှာပေါ့ ရာဂျူးရာ၊ အခုလိုချင်ရင်တော့ ဒီအရိုးစုသာ ယူသွား"

"ဟာ!. . မနောက်နဲ့အိုက်ခမ်း ငါကြောက်တယ်၊ ပေးမယ်ဆိုရင်ပြီးရော. . ကဲ. . မင်း အလုပ်ပြီးပြီမို့လား ပြန်ရအောင်"

"ပြန်မှာပါကွ သချိုင်းထဲ ဘယ်သူက ညအိပ်မှာလဲ"

ပြောပြောဆိုဆိုနှင့် ပြန်ဖို့ပြင်စဉ်မှာပင် မိုးက သည်းကြီးမည်းကြီး ရွာချလိုက်သည်။ ထီးနှင့်မိုးကာ ဘာမှပါမလာကြသဖြင့် ဒီအတိုင်းပဲ နောက်ကြောင်းပြန်ခဲ့ကြ၏။ မိုးသံလေသံကြားထဲမှပင် တခွပ်ခွပ် အသံကြားနေရသည်မို့ ရာဂျူးနောက်ကြောင်းမလုံစွာ လှည့်ကြည့်မိသည်။

"ဟင်. . အိုက်ခမ်း. . ခုံဖိနပ်. . ခုံဖိနပ်. . မင်းမိတ်ဆွေ ခုံဖိနပ် လိုက်လာတယ်"

"ဟာ. . . ဟုတ်သားပဲ သူ့ကိုပြန်လွှတ်ဖို့မေ့နေတာ ကံကောင်းလို့. ."

အိုက်ခမ်း နောက်ပြန်လှည့်ကာ ခြေတစ်လှမ်းစာ ကွာဟနေသည့် ခုံဖိနပ်နှစ်ဖက်အား ဆွဲယူပြီး နှစ်ဖက်ယှဉ်၍ ညီညာစွာ စီထားလိုက်သည်။ ပြီးမှ. .

www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း. . မိတ်ဆွေကြီး တာဝန်ကျေတယ်၊ ကိစ္စလည်းပြီးပြီ သင်သွားလိုရာသွားတော့၊ နောက်အဆင်ပြေတဲ့နေ့မှာ အရောက် လာပြီး ရှာစာချပါဦးမယ်. . ကျွေးမွေးတင်မြှောက်ပါဦးမယ်၊ သွား တော့. . ပြန်တော့. . သွားပါတော့"

ထိုသို့ပြောပြီး ညောင်ကျပ်ပင်အောက်မှ တံစူးဝါးလေး ချောင်းနှင့် ခြေမန်းကွင်းများ၊ သိမ်ဝင်သပိတ်ကွဲအင်း၊ လက်ဖွဲ့ရိုးနှင့် အရိုးခေါင်းတို့ကို ပြန်လည်သိမ်းဆည်းလိုက်သည်။ ရာဂျူးက လက် ကျန် အရက်ပုလင်းကို မမေ့မလျော့ကောက်ယူခဲ့၏။ သူတို့ပြန်လှည့် လာသောအခါ ခုံဖိနပ်က နှစ်ဖက်ယှဉ်လျက် မှောက်ရက်ဖြစ်နေ သည်။ အိုက်ခမ်း ခုံဖိနပ်ကို ကောက်ယူပြီး လွယ်အိတ်ထဲထိုးထည့် လိုက်၏။

"ကဲ. . ရာဂျူး ဒီထဲမှာ ငါတို့ရဲ့လွတ်မြောက်နယ်မြေ မရှိ တော့ဘူးနော်. အမြန်ဆုံးသာပြေးပေတော့"

ဒါကိုတော့ သိပ်တိုက်တွန်းစရာမလို၊ အိုက်ခမ်းစကား မဆုံး ခင်မှာပင် ရာဂျူး သုတ်ခနဲပြေးတော့သည်။ ဓာတ်မီးက သူ့လက်ထဲ မှာမို့ မီးထိုးပြီး အားသွန်ပြေး၏။ အိုက်ခမ်းကိုတောင်မစောင့်. . .

"ဟေ့ကောင် မီးပြဦး စွတ်ပြေးမနေနဲ့"

အိုက်ခမ်း လှမ်းအော်မှ ရပ်စောင့်ပြီး မီးထိုးပြပေါ်ရတော့ သည်။ လေရောမိုးပါ သည်းထန်စွာ ရွာနေသည့်အတွက် ချက်ချင်း ဆိုသလိုပင် နှစ်ယောက်လုံး ခိုက်ခိုက်တုန်အောင် ချမ်းလာ၏။ အိုက် ခမ်း အနားရောက်လာမှ လက်ကျန်အရက်ကို နှစ်ယောက်မော့ပြီး ချိုးထဲလေထဲ ဆက်လျှောက်ခဲ့ကြသည်။

သုသာန်ဝင်းအပြင်ရောက်မှ ရာဂျူးစိတ်တွေ ပေါ့ပါးသွား



www.burmeseclassic.com

www.burmeseclassic.com



၏။ မိုးကမစဲသေးသလို အပြန်ခရီးကလည်း အလှမ်းဝေးနေဆဲဖြစ်သည်။ ကိုက်သုံးရာလောက် လျှောက်လာပြီးချိန်တွင် မခံနိုင်အောင် ချမ်းတုန်လာကြ၏။

"မဖြစ်တော့ဘူး ရာဂျူး အရက်လည်းကုန်ပြီ ဟိုအပင်ကြီးအောက်မှာ ခဏမိုးခိုမှဖြစ်မယ်"

"အေး. . ခဏတဖြုတ်လောက် နားကြတာပေါ့"

အမှောင်ထုက တစ်လောကလုံးကို ပိုင်ပိုင်နိုင်နိုင် လွှမ်းခြုံထားပြီးမို့ လက်တစ်ကမ်းအကွာအဝေးလောက်သာ မြင်ကြရတော့၏။ အပင်အောက်ဝင်၍ မိုးခိုရင်း လက်ပိုက်၍ နှစ်ယောက်သားအချမ်းဒဏ်ကို အံတုနေကြရသည်။ တစ်ချက်တစ်ချက် ဝင်းလက်ပြိုးပြက်လာသော လျှပ်စီးရောင်ကြောင့်သာ တစ်ယောက်ကိုတစ်ယောက် ထင်ရှားစွာမြင်တွေ့ခွင့်ရသည်။

"အင်း. . ဒီလို မိုးအေးတဲ့ညမျိုးမှာ နန်းနောင့်နောင့် တစ်ယောက်တော့ မင်းရဲ့ဝမ်းကွဲအစ်ကို ခွန်မှိုင်းရင်ခွင်ထဲမှာ ကျော့ပေးပြီးကွေးနေမှာပဲနော်"

"ဟေ့ကောင်. . မပြောနဲ့၊ အဲဒီအကြောင်း မပြောနဲ့တော့"

"မပြောလို့ရမလားကွာ နန်းနောင့်နောင့်ဆိုတာ တို့လူငယ်တွေအားလုံးရဲ့ အသည်းကျော်လေးလေ၊ စပ်ခွန်မှိုင်း ကံထူးရှင်ဖြစ်သွားလို့ တို့တွေနောက်ကောက်ကျခဲ့တာ"

"မပြောနဲ့ဆို. . . "

"မိုးထဲလေထဲ အကြောက်ပြေ အချမ်းပြေအောင် ရာဂျူးကစကားမရှိ စကားရှာပြောနေခြင်းဖြစ်၏။ လွန်ခဲ့သည့် သုံးနှစ်အထိကလောက ကာလသားတိုင်း၏ရင်ထဲမှာ နန်းနောင့်နောင့်ရှိခဲ့ဖူး

www.burmeseclassic.com

www.burmeseclassic.com



သည်။ အိုက်ခမ်းရော ရာဂျူးပါ နန်းနောင့်နောင့်အား အသေအလဲ ပိုးပန်းခဲ့ဖူးသည်။ သို့သော် အိုက်ခမ်း၏ အစ်ကိုဝမ်းကွဲ စပ်ခွန်မှိုင်း သိုသိုသိပ်သိပ်နှင့် လက်အသွက်ဆုံးဖြစ်ပြီး နန်းနောင့်နောင့်ကို အရ သိမ်းပိုက်နိုင်ခဲ့၏။ ခုဆို သူတို့စုံတွဲမှာ စပ်တီမြတ်ဟု အမည်ပေးထား သော နှစ်နှစ်ခွဲအရွယ် သားလေးတစ်ယောက်ပင် ရနေခဲ့ပြီ။

"တကယ်တော့ မိန်းမတွေရဲ့ရင်ထဲမှာ အချစ်မရှိပါဘူးကွာ သူတို့နှလုံးသားထဲမှာ ပိုက်ဆံတွေပဲရှိတာကွ၊ ဒါကြောင့်လည်း ခြံတွေအများကြီးပိုင်တဲ့ မင်းအစ်ကိုကို ရွေးလိုက်တာပေါ့"

"ဟေ့ကောင်. . တော်တော့ဆိုကွာ"

အိုက်ခမ်း လေသံမာမာထန်ထန်နှင့် ခပ်ဆတ်ဆတ်ပြော လိုက်မှ ရာဂျူး ပါးစပ်ပိတ်သွား၏။ ရာဂျူးပြောတာလည်းမမှား၊ အိုက် ခမ်းလည်း နန်းနောင့်နောင့်ကို အမှန်တကယ် စွဲလန်းမြတ်နိုးခဲ့ပါ သည်။ လွန်လွန်ကဲကဲပြောရလျှင် ကလေးတစ်ယောက်ရသည့် ခုချိန် ထိ သူ့ရင်ထဲမှာ ရှိနေဆဲပင်ဖြစ်သည်။ မဆိုစကောင်း ဆိုစကောင်း ယခုထိပင် စိတ်ကူးယဉ်နေသူလည်း ဖြစ်၏။

"ဟင်. . ဟို. . ဟိုမှာ လူတစ်ယောက် မိုးကာကြီးခြုံလို့"

ရာဂျူး အစဖေါ်သဖြင့် အတိတ်လွင်ပြင်ဆီ အလည်ပြန် ရောက်သွားသော အိုက်ခမ်း နောက်ဘက်ဆီသို့ လှမ်းမျှော်ကြည့် လိုက်၏။ ပြိုးခနဲပြက်ခနဲ ဝင်းလက်သွားသည့် လျှပ်ရောင်အောက် တွင် ရာဂျူးပြောသည့်အတိုင်း မိုးကာစကြီး ဖြန့်ခြုံလာသော လူတစ် ယောက် လျှောက်လာတာကို မြင်ရ၏။

"အတော်ပဲ အဖေါ်ရပြီ"

"သူ့ မိုးကာစက အကြီးကြီးကွ သုံးယောက်လောက်တော့

www.burmeseclassic.com

www.burmeseclassic.com



အသာလေးပဲ”

အိုက်ခမ်းတို့ မျှော်လင့်တကြီး စောင့်စားနေချိန်မှာပင် ထိုလူသူတို့မိုးခိုနေသည့် အပင်နားသို့ ရောက်လာ၏။

“ဗျို့. . နောင်ကြီး ဘယ်တုန်း”

“ကလောကို”

“ကျုပ်တို့လည်း ကလောကို ပြန်ကြမှာ၊ ခဏခိုပါဦးလားဗျာ မိုးစဲမှ အတူတူသွားကြတာပေါ့”

အကြံသမား ရာဂျူးက ချိုချိုသာသာပြောရင်း မိုးခိုဖို့ ဖိတ်ခေါ်လိုက်၏။ ထိုလူခဏရပ်ပြီး စဉ်းစားနေဟန်ရှိ၏။

“လာပါဗျ. . မိုးက တအားသည်းနေတာ အဖေါ်ရတာပေါ့ လာပါဗျာ”

အိုက်ခမ်းကပါ လိုလိုလားလား ဖိတ်ခေါ်လိုက်မှ ထိုလူလည်း စိတ်ပိုင်းဖြတ်လိုက်ဟန်နှင့် အပင်အောက်သို့ဝင်လာသည်။

“မိုးကလည်း ကောင်းလိုက်တာဗျာ ဆိုင်းမဆင့် ဗုံမဆင့်နဲ့”

“ဟုတ်ပ့ါဗျာ. . . ”

ထိုလူက ထောက်ခံစကားပြောရင်း ခြုံထားသော မိုးကာစကြီးကို ဖယ်ရှားလိုက်၏။

“ဂျိမ်း!. . ဒလိန်း!. . ဒိန်း!. . ”

ထိုစဉ်မှာပင် လျှပ်ရောင်ဝင်းလက်ပြီး မိုးကြိုးပစ်ချလိုက်ပြန်သည်။ ထိုလျှပ်ရောင်အောက်တွင် သူတို့ဖိတ်ခေါ်ခဲ့သည့် မိုးခိုဧည့်သည်ကြီးကို ထင်ရှားပြတ်သားစွာ မြင်တွေ့လိုက်ကြရသည်။

“အောင်မလေး. . သရဲ. . သရဲ”

“ဟာ. . အရိုးခြောက်ကြီး”



www.burmeseclassic.com

www.burmeseclassic.com



လျှပ်စီးရောင်အောက်တွင် သူတို့မြင်တွေ့လိုက်ကြရသည်က အရိုးစုကြီးဖြစ်နေ၏။ မေးရိုးကြီး ဟစိဟစိ လုပ်ပြနေသော သူ့ပါးစပ်မှာ သွားတွေက အပြည့်မရှိ သုံးချောင်းစာလောက် ဟောင်းလောင်းပေါက် ဖြစ်နေသည်။ ဒါ သူတို့နောက် လိုက်လာသည့် ဦးကျင်ဟုတ်၏ အရိုးစုသရဲကြီးပင် ဖြစ်လိမ့်မည်။

"ငါ့ရွှေသွားတွေ ပြန်ပေး"

လေးလေးပင်ပင် အသံသြကြီးနှင့် ပြောလိုက်သံကြားမှ ကြက်သေသေနေသည့် အိုက်ခမ်းနှင့်ရာဂျူး ပြေးဖို့သတိဝင်လာကြသည်။

"အောင်မလေး!. . သရဲ. . သရဲ. . သရဲ . ."

ရာဂျူးက အော်အော်ပြေးပြေးဆိုသလို ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ထွက်ပြေးတော့သည်။ သရဲခေါ်နိုင်သည့် အိုက်ခမ်းလည်း သတ္တိမွေးပြီးရင်ဆိုင်ဖို့ မတွေးဝံ့တော့ဘဲ ရာဂျူးနောက်သို့ အသည်းအသန် ပြေးလိုက်ခဲ့တော့၏။ ဦးကျင်ဟုတ်၏ အရိုးစုသရဲကြီးကလည်း အရိုးသံတဂေါက်ဂေါက်ပေးကာ ပြေးလိုက်လာနေသည်။ အက်ကွဲကွဲ လေးလေးပင်ပင် အသံကြီးနှင့် 'ငါ့ရွှေသွားတွေ ပြန်ပေး'ဟုလည်း အဆက်မပြတ် အော်နေသေးသည်။

အကြောက်လွန် ရာဂျူးကို အိုက်ခမ်းအမီမလိုက်နိုင်အောင်ပင် အမောဖေါက်လို့နေသည်။ ပြေးရင်းလွှားရင်း နောက်ကြောင်းပြန်လှည့်ကြည့်မိရာ လေဖြတ်ထားသူတစ်ယောက်လို မူမမှန်သည့် ခြေလှမ်းများနှင့် ဖွဲနပဲကြီးစွာ ပြေးလိုက်လာနေသော အရိုးစုသရဲကြီးကို လျှပ်စီးရောင်အောက်မှာ မြင်နေရ၏။

သရဲခေါ်တတ်သော်လည်း ကိုယ်မခေါ်ဘဲ လိုက်လာသည့်

www.burmeseclassic.com



သရဲကို မောင်းမထုတ်တတ်သည့် အိုက်ခမ်း၊ မွေးရာပါ ခြေနှစ်ဖက်ကိုသာ အားကိုး၍ ပြေးပြီးရင်းပြေးနေမိသည်။ ပြေးနှုန်းက သရဲထက်မြန်နေ၍သာ တော်တော့သည်။ အရိုးစုသရဲကြီးမှာ ခုမှထပြီး လိုက်လာရ၍လားမပြောတတ် သရဲစဉ်မမီသလိုဖြစ်နေတာ အိုက်ခမ်းတို့ကံကောင်းခြင်းပင် ဖြစ်လိမ့်မည်။

မြို့ဦးစေတီနားအရောက်တွင် အရိုးစုကြီး မျက်ခြေပြတ်သွားသည်လားမသိ လိုက်လာတာ မတွေ့ရတော့။ ထိုအခါမှပဲ အိုက်ခမ်းလမ်းလယ်ခေါင်တွင် ထိုင်ချကာ အမောဖြေရ၏။ အမောဖြေရင်းအိတ်ထဲက ရွှေသွားတွေကို သတိတရ ပြန်စမ်းကြည့်ရသေးသည်။ ဖုတုတု အရာသုံးခုကို စမ်းမိမှ စိတ်အေးသွား၏။ အသက်နှင့်ရင်းပြီးယူလာရသော ဒီရွှေသွားတွေကိုတော့ ဘယ်နည်းနှင့်မှ အဆုံးရှုံးမခံနိုင်. . . ။

ရှေ့ကပြေးသွားသည့် ရာဂျူးကိုမူ အရိပ်အယောင်မျှပင်မတွေ့ရတော့၊ အရိုးစုကြီးထပ်လိုက်မှာစိုးသဖြင့် အမောမပြေတပြေမှာပင် အိုက်ခမ်းဆက်ပြေးခဲ့ရပြန်သည်။ ဒီနေ့ညဖြစ်ရပ်ကိုတော့အိုက်ခမ်း တစ်သက်မမေ့နိုင်မည် မထင်တော့. . ။

အဆက်မပြတ် ပြေးလာသည့်အိုက်ခမ်း မြို့ထဲရောက်မှအရှိန်လျှော့ ဣန္ဒြေဆယ်ကာ ပုံမှန်အတိုင်း လမ်းလျှောက်ဝင်လာခဲ့၏။ စပ်ခွန်မိုင်းတို့ခြံနှင့် အိမ်ကြီးနားအရောက်တွင် သံချောင်းခေါက်သံ ရှစ်ချက်ကို ကြားမိသည်။ ခြံထဲဝင်လာခဲ့ပြီ ဆွေနီးမျိုးစပ် အလုပ်သမားများအတွက် ဆောက်ပေးထားသည့် တန်းလျားကြီးဆီ ဦးတည်လျှောက်လာခဲ့၏။ အထဲရောက်သည်နှင့် ဘယ်သူ့ကိုမှ နှုတ်မဆက်အားဘဲ ရေနှစ်ခွက်ဆင့်သောက်ပြီး မိုးစိုအဝတ်များကို လဲပစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။

ခြောက်ခြောက်သွေ့သွေ့ ဖြစ်သွားသည်နှင့် အိပ်ရာထဲ ဝင်လှဲလိုက်တော့သည်။ သူ့မျက်စိထဲမှာ ဦးကျင်ဟုတ်၏ အရိုးစုကြီးကို ဖျောက်ဖျက်မရအောင်ဖြစ်နေ၏။ သို့သော် တာရှည်တော့မဟုတ်၊ ပင်ပန်းနွမ်းနယ်ကျွန်းလှသဖြင့် ခဏအတွင်းမှာပင် အိပ်ပျော်ခြင်းသို့ ရောက်သွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂)

ကျွတ်ကျွတ်စီ ဆူဆူညံညံ အသံများကြောင့် အိုက်ခမ်း လန့်နိုးသွားသည်။ မျက်လုံးအတင်းဖွင့်ကြည့်ရာ မိုးစင်စင်လင်းနေပြီ ဖြစ်ကြောင်း သိရ၏။ တန်းလျားထဲ အိပ်နေသူဆို၍ သူတစ်ယောက် သာ ကျန်တော့သည်။ အိုက်ခမ်း လူးလဲထကာ ကမန်းကတန်း မျက်နှာသစ်ပြီး ခြံထဲဆင်းခဲ့သည်။ ညီအစ်ကိုဝမ်းကွဲ တော်သော သူ့ ခြံအလုပ်သမားတွေ အကုန်စုရုံးနေကြ၏။ စပ်ခွန်မှိုင်းနှင့် ခုန်းနောင့် နောင့်တို့လည်း ရှိနေကြသည်။ ဘာတွေဖြစ်ကြသည်မသိ။ သူတို့နား

www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားသည်နှင့် စပ်ခွန်မှိုင်းက. . .

"တစ်ညလုံး အိပ်လို့ကိုမရဘူး အိမ်ခေါင်မိုးကို ခဲနဲ့ပေါက်တာကွာ. . ."

"ဟုတ်တယ် ခဲအကြီးကြီးတွေလည်း မဟုတ်ဘူး ကျောက်စရစ်ခဲ သေးသေးလေးတွေ ကျဲပက်လိုက်သလိုမျိုး မိုးရွာချသလိုမျိုး ကျလာတာ"

"ကျွန်တော်တို့ တန်းလျားပေါ်ကိုလည်း ကျတာပဲ"

"အဲဒါဘာဖြစ်တာလဲ"

"သရဲခြောက်တာ ဖြစ်မှာပေါ့"

"ဟုတ်မလားကွ ဒါမျိုး ငါကြားဖူးတယ် ပုဏ္ဏကတိုက်တာ"

"ကဲကဲ. . မသေချာဘဲ လျှောက်ပြောမနေကြနဲ့ နားလည်တဲ့သူ ခေါ်မေးမှဖြစ်မှာ"

ကြားရသည့်စကားတွေအရ အခြောက်အလှန့်တွေရှိခဲ့သည်ဟု နားလည်လိုက်ရ၏။ အိုက်ခမ်းမှာ မိုးလင်းမှ တရေးနိုးသူမို့ ဘာမှမသိလိုက်ခြင်း ဖြစ်သည်။

"ဟာ!. . ဒီမှာ ခြေရာတွေ. . ခြေရာတွေ လာကြည့်ပါဦး ကိုခွန်မှိုင်း"

အငယ်ဆုံး အလုပ်သမား ခမ်းလိတ်က မြေကြီးတစ်နေရာကို လက်ညှိုးညွှန်ပြရင်း အလန့်တကြားအော်ဟစ် ပြောဆိုလိုက်သဖြင့် သူတို့အားလုံး ထိုနေရာသို့ ရောက်သွားကြ၏။

"ဟင်!. ."

"ရိုးရိုးခြေရာလည်း မဟုတ်ဘူး"

"အရိုးပုံစံမျိုးကွ ခြေရာတော့ ခြေရာပဲ"



www.burmeseclassic.com

www.burmeseclassic.com



အိုက်ခမ်းလည်း တိုးဝင်ငုံ့ကြည့်လိုက်တော့ ခြေရာကိုမြင်ပြီး ခေါင်းနပန်းကြီးသွားရသည်။ ခြေရာက လူခြေရာဆိုသော်လည်း အရိုးခြောက်ခြေရာမျိုး ဖြစ်နေ၏။ မိုးရွာထားသဖြင့် ပျော့နေသော မြေပေါ်တွင် အရိုးခြေရာတွေက ထင်ထင်ရှားရှား။ သေချာပြီ ဒါ ဦးတျင်ဟုတ် အရိုးစုကြီး အိမ်အထိလိုက်လာကြောင်း ခိုင်မာသည့် သက်သေပင် ဖြစ်၏။

"ဟာ ခြေရာတွေက အများကြီးပဲ အိမ်ကိုပတ်ပြီး လျှောက်နေတဲ့ ပုံစံမျိုး"

အိုက်ခမ်း ပါးစပ်မဟာရဲတော့။ ဒီလိုတွေ ဖြစ်လာရတာ ဘာကြောင့်လဲဆိုတာ သူအသိဆုံး မဟုတ်လား။

"ဟွန်း. . သရဲဖြစ်တာတောင် ပစ္စည်းကို စွဲလန်းတုန်း၊ ဘယ်တော့မှ ကျွတ်မှာမဟုတ်ဘူး"

စိတ်ထဲက တီးတိုးပြောဆိုရင်း အိုက်ခမ်း ဘာဆက်လုပ်ရမလဲဆိုတာ တွေးသည်။ အိတ်ထဲက ရွှေသွားသုံးချောင်းကိုလည်း မသိမသာ စမ်းကြည့်ရသေး၏။ အရင်ဆုံးလုပ်ရမည့်ကိစ္စက ဒါတွေ သွားရောင်းဖို့ပဲ ဖြစ်၏။ ပေဒင်မေးနေစရာ မလိုတော့. . . ကြွေးက ပူလှပြီလေ။

"ခက်တော့တာပဲ လိမ္မော်တွေခူးဖို့ကလည်း ရက်ရွှေ့လို့ မရဘူး ဒီကိစ္စဘယ်လိုလုပ်ကြမလဲ အရိုးခြောက်ခြေရာဆိုတော့ မကောင်းတာတော့ အမှန်ပဲ"

"အလုပ်က အရေးကြီးပါတယ် ကိုမှိုင်းရယ်၊ ဒီကိစ္စ နန်းတာဝန်ထား၊ ကလေးသိပ်ပြီးတာနဲ့ ဆရာတော်ဆီ သွားလျှောက်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ် နန်း၊ ကြာမုံကို ခေါ်သွားနော်. . ကိုမှိုင်းတို့ ခြံထဲပဲ သွားတော့မယ်၊ လာပါဦး အားတီလေးရယ်"

စပ်ခွန်မှိုင်းက နန်းနောင့်နောင့်လက်မှ သားလေးစပ်တီမြွတ်ကို ပွေ့ချီခေါ်ယူကာ ချော့မြူနမ်းရှုံ့နေ၏။ ထိုအဖြစ်ကိုကြည့်ရင်း အိုက်ခမ်းရင်ထဲမှာ အမျိုးအမည်မသိ ဝေဒနာတစ်ရပ် ဖြစ်ပေါ်လာသည်။ မရီးဖြစ်သူ နန်းနောင့်နောင့်ကို သူ ခိုးကြည့်မိ၏။

နန်းနောင့်နောင့်က ခုထိ အလှသွေးကြွယ်နေဆဲ၊ အားတီလေးဟု ချစ်စနိုးခေါ်ကြသည့် စပ်တီမြွတ်၏ အမေဆိုတာ ယုံချင်စရာမရှိ။ အိုက်ခမ်း မနောဖြင့် ပြစ်မှားနေစဉ်မှာပင် ခြံထဲသွားကြဖို့ စပ်ခွန်မှိုင်း ဦးဆောင်ကာ ထွက်သွားကြသဖြင့် အိုက်ခမ်းလည်း လစ်ထွက်ဖို့ အခွင့်မသာတော့ဘဲ အတူလိုက်သွားရသည်။

အားတီလေးနှင့် နန်းနောင့်နောင့်က စပ်ခွန်မှိုင်းအား လက်ပြနှုတ်ဆက်နေသည်။ သူ့ကိုရည်ရွယ်၍ နှုတ်ဆက်နေသလိုပင် ခံစားရ၍ အိုက်ခမ်းပြန်ပြီး လက်ပြနှုတ်ဆက်မိသည်။ မြင်ကွင်းထဲမှ ပျောက်သွားသည်အထိ ပြန်လက်ပြနေမိရင်းဖြင့် လိမ္မော်တွေခူးဆွတ်ဖို့ တောင်ယာခြံရှိရာသို့ အိုက်ခမ်း လိုက်ပါသွားရတော့၏။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



"လူလေးရဲ့ ငို့ . . ခိုဖမ်းလို့ပေး . . ခိုဖြူ ခိုပြာနက်ရယ် . . ဖမ်းခက်လှသေး . . အေ . . အေး . . အေ့ . . အို"

နီစွမ္မဝ အလေ့အထအတိုင်း စပ်ခွန်မှိုင်း သားချော့တေးဆိုကာ ကလေးသိပ်နေ၏။ နန်းနောင့်နောင့်က လင်သားဖြစ်သူ သီချင်းဆိုပြီး ကလေးသိပ်နေတာကို ကြည်နူးကျေနပ်စွာ ကြည့်နေသည်။ ညတိုင်း ဖအေသိပ်မှအိပ်တတ်သော ကလေးကြောင့် သူတို့မိသားစု သံယောဇဉ်က ပိုခိုင်မာနေခြင်းလည်း ဖြစ်သည်။ ကလေးအိပ်သွားတော့ ခွန်မှိုင်း နန်းနောင့်ထံ ရောက်လာသည်။

"နန်း ဆရာတော်က ဘာပြောသလဲ"

"အနှောင့်အယှက်နည်းနည်း ရှိတာပါတဲ့၊ လပြည့်ကျော်တင်ရက်နေ့မှာ သံဃာသုံးပါးနဲ့အတူ ကြွလာပြီး ပရိတ်ရွတ်ပေးမယ်တဲ့"

"ဟုတ်လား . . ကောင်းတာပေ့ါ၊ ကိုမှိုင်းတို့ အလှူမလုပ်ဖြစ်တာလဲ ကြာပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ကိုမှိုင်းကြည့်ရတာ မရွှင်မလန်းနဲ့၊ ဘာလဲ အလုပ်အဆင်မပြေဘူးလား"

နန်းနောင့်နောင့်မေးမှ စပ်ခွန်မှိုင်း သက်ပြင်းရှိုက်လိုက်သည်။ နန်း၏လက်လေးကို တယုတယ ဆွဲယူဆုပ်ကိုင်ရင်း. . .

"အင်း. . လိမ္မော်တွေ ပိုးတအားကျတာပဲ နန်းရယ်၊ ပြီးတော့. . မက်မန်းဖိုင်လုပ်တာလည်း သိပ်တာရှည်မခံဘူး၊ အရသာဖျက်ပျက်သွားတယ်၊ တာရှည်ခံမယ့် နည်းတစ်ခုခုတော့ လိုနေတာသေချာတယ် နန်း"

"အားမလျှော့ပါနဲ့ ကိုမှိုင်းရယ် တဖြည်းဖြည်းတော့ အောင်မြင်မှာပေါ့"

ဇနီးမောင်နှံအချင်းချင်း အားပေးရင်း စိတ်ဓာတ်တွေမြှင့်တင့်ပေးနေကြ၏။ အချိန်ကလည်း မနည်းတော့သဖြင့် အိပ်ပျော်နေသော သားငယ်ကိုပါပွေ့ချီပြီး အိပ်ခန်းတွင်း ဝင်ခဲ့ကြ၏။ ဇနီးကိုရင်ခွင်ထဲထည့်ရင်း ခွန်မှိုင်း ရှေ့လုပ်ငန်းစဉ်ကို တွေးတောစဉ်းစားနေတော့သည်။

သီးနှံတွေ ပိုးကျတာ၊ အသီးဖျင်းတာ၊ ခူးဆွတ်ချိန်မှာ ဈေးကျတာတွေကို ရင်ဆိုင်လာရတာ သုံးနှစ်ဆက်တိုက်ရှိပြီမို့ တောင်ယာအလုပ် ခြံအလုပ်ကို ခွန်မှိုင်း စိတ်ကုန်နေပြီ ဖြစ်သည်။ တစ်ရွာပြောင်း သူကောင်းမဖြစ်ဆိုသလို ရန်ကုန်မြို့တော်သို့ဆင်း၍ စီးပွားရှာချင်စိတ်သာ ပြင်းပြနေ၏။ သို့သော် သူ့စိတ်ကူးကို နန်းက အကြိမ်ကြိမ်တားနေသည့်အတွက် ဇွတ်တရွတ်ထွက်သွားဖို့ နောက်ဆုတ်နေခြင်းလည်း ဖြစ်သည်။

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ထွေးပွေ့ရင်း



www.burmeseclassic.com

www.burmeseclassic.com



အိပ်ဖို့ကြိုးစားနေချိန်တွင် တန်းလျားထဲမှာ အိုက်ခမ်းနှင့်ဆွေမျိုး ညီအစ်ကိုတစ်စု ဝိုင်းဖွဲ့၍ အရက်သောက်နေကြ၏။ သူတို့အားလုံး အရိုးစုခြေရာအကြောင်း ဝေဖန်ပိုင်းဆစ်နေကြခြင်း ဖြစ်သည်။

အိုက်ခမ်းက ထိုကိစ္စနှင့်ပတ်သက်ပြီး ဘာမှဝင်မပြော. .။

ထိုအချိန်မှာပင် 'ဖျောက်. . ဖျောက်. . ဖျော'ခနဲ မြည်ဟီး လာသည့် အသံကိုကြားလိုက်ကြရခြင်း ဖြစ်သည်။ တန်းလျားအမိုး ပေါ် ခဲလုံးလေးနှင့် ကျဲပတ်သည့် အသံမျိုးဖြစ်၍ အားလုံးအထိတ် တလန့်နှင့် မော့ကြည့်မိကြသည်။ ထိုအသံက တစ်မိနစ်ခြားတစ်ခါ လောက် ထွက်ပေါ်နေ၏။

"ဟော. . ခြောက်. . ခြောက်ပြန်ပြီ"

"အပြင်ထွက်ကြည့်ရအောင်"

"ဟာ!. . ကြောက်စရာကြီးကွာ"

"လူဒီလောက်များတာ ကြောက်စရာလား၊ ထွက်ကြည့်မှ ဘာလဲဆိုတာ အသေအချာသိရမှာပေ့ါ. . လာ. . လာကြ"

သူတို့ထဲမှ အသက်အကြီးဆုံးဖြစ်သော အိုက်မောင်း၏ ဦး ဆောင်လှုပ်ရှားမှုနောက်သို့ အိုက်လွယ်၊ စိုင်းမောက်နှင့် ခမ်းလိတ် တို့ လိုက်သွားကြသည်။ ထို့အတွက် အိုက်ခမ်းလည်း မနေသာတော့ ဘဲ ထွက်လိုက်လာခဲ့ရ၏။

အပြင်သို့ရောက်လာပြီးနောက် ခြံတွင်းအရပ်လေးမျက်နှာ ကို ဓာတ်မီးနှင့်ထိုးကာ ကျိုးကန်းတောင်းမှောက် ရှာကြည့်ကြသည်။ မသင်္ကာစရာ လူသူလှုပ်ရှားမှုကို မတွေ့သော်လည်း တဲအမိုးပေါ်သို့ ကျနေသည့် အသံကတော့ ရပ်မသွား . .

"ဟော့!. . မင်းတို့တန်းလျားပေါ်ကိုရော ကျသလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျတယ်ကိုခွန်မှိုင်း ဒါကြောင့်ထွက်ကြည့်နေတာ"

ဓာတ်မီးတစ်လက်နှင့် အပြေးအလွှားရောက်လာသော စပ် ခွန်မှိုင်းတို့ လင်မယားက အထိတ်တလန့်နှင့်မေး၍ ခမ်းလိတ်က ဒရောသောပါး ဖြေလိုက်ခြင်းဖြစ်သည်။

"ငါတို့အိမ်ပေါ် ကိုလည်း ကျတယ်၊ ဒါကြောင့် ထွက်လာတာ"

အိုက်ခမ်းတို့နေသည့် တန်းလျားမှာ တစ်ထပ်မြေစိုက် တဲ ရှည်ကြီးဖြစ်သော်လည်း ခွန်မှိုင်းနေသည်က တိုက်ခံပျဉ်ထောင်အိမ် နှစ်ထပ်ဖြစ်သည်။ ခေါင်မိုးထိဆိုလျှင် (၂၅)ပေခန့် မြင့်၏။ ထို့ပြင် သွပ်မိုးထားသဖြင့် အိမ်မကြီး အမိုးပေါ် မှ ထွက်လာသောအသံက ပိုကျယ်နေသည်။ နန်းနောင့်မှာ ကြောက်လွန်း၍ ခွန်မှိုင်းကို ဖက် တွယ်ရင်း မကွဲမကွာလိုက်လာ၏။

အိုက်ခမ်းလည်း သူ့ကို ကျင်ဟုတ်အရိုးစုသရဲကြီး တွေ့သွား မှာစိုးကာ အားလုံး၏နောက်တွင် ပုကာ ပုန်းနေရှာသည်။ ခဲကျသံ ရပ်မသွားသေးသည့်အတွက် ခွန်မှိုင်းတို့လူစု ဓာတ်မီးနှင့် ဟိုထိုးဒီထိုး ထိုးကာ လက်သည်ကိုရှာနေကြ၏။ အိုက်လွယ်က အိမ်မကြီးအမိုးဆီ မှ ပြုတ်ကျလာသော ခဲလုံးလေးများကို ကောက်ယူကြည့်သည်။

ဆန်စေ့၊ ကုလားပဲစေ့ခန့် ကျောက်စရစ်ခဲ သေးသေးလေး များ ဖြစ်နေတာတွေ့ကြရသည်။ အိုက်လွယ် ပြတာကို လူစေ့တက် ကာ ကြည့်ပြီးနောက် ခွန်မှိုင်းက. . .

"ဒီခဲလုံးလေးတွေ တို့အိမ်နားမှာမှမရှိတာ"

"ဟုတ်တယ် ခွန်မှိုင်း. . တော်တော်တော့ ဆန်းတယ်"

ဘယ်က ဘယ်လိုယူလာပြီး ဘယ်သူက ပေါက်နေမှန်း မသိ ရခြင်းအတွက် သူတို့အုပ်စု ထိတ်လန့်ချောက်ချားလာကြသည်။ ဟိုတိုး

www.burmeseclassic.com



ဒီရွှေလုပ်ရင်း လူအုပ်စုက ကျောချင်းကပ်မိသွားကာ စက်ဝိုင်းပုံလူစု ဖြစ်သွား၏။ စိုင်းမောက်လည်း ခြေရာများကို သတိရသွားပြီး မြေကြီးပေါ် ဓာတ်မီးနှင့်ထိုးကြည့်လိုက်သည်။ ဓာတ်မီးကိုင်သူ မှန်သမျှ ဝိုင်းထိုးပြီး ရှာဖွေကြည့်ကြရာ ခြေရာတစ်ခုကို စတွေ့လိုက်ကြရသည်။

"ဟို . . ဟိုမှာ . . ခြေရာ . . အရိုးစုခြေရာ"

"အေး . . ဟုတ်သဟ"

ဓာတ်မီးရောင်အောက်တွင် ခြေရာများက တစ်ခုပြီးတစ်ခု ထင်ရှားစွာပေါ်လာတာကိုကြည့်ရင်း အားလုံးအလန့်တကြားနှင့် နောက်ဆုတ်ခဲ့ကြ၏။ ခြေရာများက အိမ်ကိုဝိုင်းပတ်နေတာဖြစ်ကြောင်း သိကြရသလို ခြေရာရောက်နေသည့်နေရာနှင့် အနီးဆုံးအမိုးပေါ် ခဲကျသံ ထွက်လာခြင်းဖြစ်ကြောင်းလည်း သဘောပေါက်သွား၏။

ဒါဆို ဒီကိစ္စကို သရဲကလုပ်ဆောင်တာဖြစ်ကြောင်း ခိုင်မာစွာ သိသွားကြသဖြင့် အားလုံး၏ကြောက်စိတ်က ပိုတိုးလာတော့၏။

"ကိုမှိုင်း . . နန်း . . နန်း ကြောက်တယ်၊ အခု ဘယ်လိုလုပ်ကြမလဲ"

ဇနီး၏မေးခွန်းအတွက် ပေးရမည့်အဖြေ ခွန်မှိုင်းထံမှာ အဆင်သင့်ရှိမနေ။ ထို့အတွက် ဘာလုပ်သင့်သလဲဆိုတာ ခွန်မှိုင်း အပြေးအလွှား စဉ်းစားရ၏။ ခဏကြာမှ . . .

"မေတ္တာ . . မေတ္တာပို့ရင် ကောင်းမယ်ထင်တယ်နော် . . အားလုံးလိုက်ဆိုကြဟေ့"

ခွန်မှိုင်း၏ ဆော်ဩမှုအောက်မှာ ဆွေမျိုးတစ်စု ညီညွတ်

www.burmeseclassic.com

www.burmeseclassic.com



သွားကြသည်။ ခွန်မှိုင်းက လည်ချောင်းရှင်းပြီး ဦးဆောင်ကာ တိုင်ပေးလိုက်သဖြင့် အားလုံးလိုက်ဆိုကြသည်။

“မြင်အပ် မမြင်အပ် နှစ်ရပ်များစွာ သတ္တဝါ ကျွန်းမာကြပါစေ၊ ဥပုဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ၊ မေတ္တာလွှမ်းခြုံ သိဒ္ဓိစုံ လုံခြုံနိုင်ပါစေ”

ထိုသို့ ညီညွှာစွာဖြင့် အခေါက်ခေါက်အခါခါ မေတ္တာပို့လိုက်သောအခါ အရိုးစုခြေလှမ်း ရပ်တန့်သွားတာ မြင်ကြရသည်။ သို့နှင့် ခွန်မှိုင်းတို့ အားတက်လာပြီး မေတ္တာကို နာနာပို့ကြတော့၏။ နာရီဝက်ခန့်အကြာမှာ မောပြီးအာခြောက်လာသဖြင့် ခေတ္တနားလိုက်ကြသည်။

ထိုအချိန်တွင် “အီး. . အား. . အဟီး. . ဟီးဟီး” ဆိုသည့် ငြီးသံကြီးကို ကြားလိုက်ကြရခြင်း ဖြစ်သည်။ ထိုငြီးသံကြောင့် ကြောက်အားပိုပြီး ငိုမလို ရယ်မလိုပင် ဖြစ်ကုန်ကြ၏။ ချက်ချင်းဆိုသလိုပင် ခြံထောင့်မှ စိန်ပန်းပင်ကြီး လေမတိုက် မိုးမရွာဘဲ သိမ့်သိမ့်ညှန့် ခါရမ်းလာပြန်သည်။ အုပ်ဆိုင်းဖြာဝေနေသော အပင်ကြီးမှ အညွှန့်တွေ အရွက်တွေ အများကြီးကြွေကျလာသည်။ မျက်တောင်မခတ် ငေးကြည့်နေကြစဉ်မှာပင် စိန်ပန်းပင်ကြီး တဖြည်းဖြည်းနှင့် ပြန်လည်ငြိမ်သက်သွားသလို အသံဗလံအားလုံးလည်း တိတ်ဆိတ်သွားလေ၏။

“ငြိမ်. . ငြိမ်သွားပြီ”

“သေချာအောင် ခဏစောင့်ကြည့်ပါဦး”

“ခြေရာတွေလည်း ထပ်ပေါ်မလာတော့ဘူး”

သူတို့ ဆယ်မိနစ်လောက် စုရုံးပြီး ဆက်လက်စောင့်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ခေါင်မိုးပေါ် သို့ ခဲလုံးလေးတွေ ကျမလာတော့သလို၊ ငြီးသံကိုလည်း မကြားကြရတော့။ အရိုးစုခြေရာလည်း ထပ်ပေါ်မလာတော့သလို စိန်ပန်းပင်ကြီးလည်း လေတိုက်မှသာ လှုပ်ခတ်နေတော့၏။ အခြေအနေက လုံးဝအေးဆေးတည်ငြိမ်သွားပြီ ဖြစ်သည်။

"ကဲ. . ဒီလောက်ဆိုရင်တော့ စိတ်ချရလောက်ပါပြီ"

"ဟုတ်မယ် ခွန်မှိုင်း. . လုံးဝငြိမ်သွားပြီ ထင်ပါတယ်"

"အဲဒါ မေတ္တာလက်နက်ရဲ့ အစွမ်းပဲ၊ ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်နဲ့. . ဘုရားတရား မမေ့ကြနဲ့"

"ဟုတ်ကဲ့. . ဟုတ်ကဲ့"

"ကဲ. . နားကြစို့"

ရင်မသည်းဖို့ အထိတ်တလန့် ဖြစ်စဉ်မှ လွတ်မြောက်လာကြသည့် ခွန်မှိုင်းတို့တစ်စု လူစုခွဲကာ ကိုယ့်အခန်းကိုယ်ပြန်ကြသည်။ အသီးသီး အိပ်ရာဝင်ခဲ့ကြသော်လည်း ထပ်မံခြောက်လှန့်လိမ့်နိုးနိုးစိုးရွံ့စိတ်တွေနှင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ကြ။

သို့သော် ထိုညက မည်သည့်သရဲခြောက်မှုမျိုးကိုမှ ထပ်မကြုံကြရတော့. . .။

www.burmeseclassic.com

www.burmeseclassic.com



ရုံထဲမှ ညနေ(၅)နာရီလောက် ထွက်ခွင့်ရ၍ အလုပ်သိမ်းကာ အိုက်ခမ်း မြို့ထဲသို့ သုတ်ခြေတင် ထွက်လာခဲ့သည်။ နေ့ခင်းက ရာဂျူး လိမ္မော်ခြံထဲလိုက်လာပြီး ငွေတောင်းသေးသည်။ 'ဟိုဟာတွေ မရောင်းရသေးဘူး' ပြောသော်လည်း မယုံသဖြင့် ရွှေသွားတွေ ထုတ်ပြလိုက်မှပဲ စိတ်ချလက်ချ ပြန်သွား၏။

ပေးစရာတွေရှိနေသည်မို့ အိုက်ခမ်းလည်း မြန်မြန်ပင် ထုခွဲလိုက်ချင်သည်။ သို့သော် လိမ္မော်ခူးချိန်မှာ ဘယ်သူမှ အပါးခို၍မရသဖြင့် အလုပ်သိမ်းမှသာ အပြင်ထွက်ခွင့်ရ၏။ မျှော်လင့်ချက်များနှင့် ထွက်လာခဲ့သော်လည်း မြို့မဈေးထဲရောက်တော့ နာလီရွှေထည်ဖျက် ဝယ်သည့်ဆိုင်တွေက ပိတ်ကုန်လေပြီ။ အပေါင်ဆိုင်တွေလည်း သိမ်းကုန်ကြပြီမို့ ဘာမှလုပ်မရတော့။

ဈေးဝန်းကျင်မှာ တဝဲလည်လည်ဖြစ်နေစဉ် ချိန်းထားသည့်အတိုင်း ရာဂျူးရောက်လာသည်။ ဆိုင်တွေပိတ်ကုန်တာ သိရတော့

www.burmeseclassic.com



စိတ်ဓာတ်ကျသွားပြီး အရက်သောက်ဖို့ စကားစတော့၏။ ညစ်လုံးလုံးချင်နေသော အိုက်ခမ်းလည်း မငြင်းတော့ဘဲ အရက်ဖြူဆိုင်ထဲဝင်ခဲ့ကြသည်။ လိမ္မော်ခူးဖို့ နှစ်ရက်စာအလုပ်ကျန်သေးကြောင်း ရာဂျူးကို ကျေနပ်အောင် အတော်ရှင်းပြလိုက်ရ၏။

ခပ်ထွေထွေနှင့် အိုက်ခမ်းပြန်လာတော့ ည(၇)နာရီကျော်နေပြီ။ အေးစိမ့်စိမ့် ကလောည၏ အချမ်းဒဏ်ကို အရသာခံရင်း ခတ်သွက်သွက် လျှောက်လာခဲ့ရာ ရုတ်တရက်ဆိုသလို ခွေးဟောင်သံများ ဆွဲဆွဲငင်ငင် အူသံများကြားလိုက်ရ၍ ကြက်သီးထပြီး ဆီးသွားချင်သလိုပင် ဖြစ်လာ၏။

ဒီညရော အရိုးစုသရဲ လာဦးမှာလားတွေးကာ ကြို့ကြောက်နေမိသည်။ ကြောက်ကြောက်နှင့် ခတ်သုတ်သုတ်လျှောက်လာ၍ သိပ်မကြာခင် ခြံနားသို့ရောက်လာ၏။ ဓာတ်မီးရောင် တဝင်းဝင်းတလက်လက်နှင့်အတူ လူအုပ်ကိုပါ လှမ်းမြင်ရသဖြင့် သရဲခြောက်နေပြန်ပြီဟု နားလည်ရ၏။ သို့သော် လူတွေအများကြီးမို့ ကြောက်စိတ်တော့ သိပ်မဖြစ်မိ။ ခတ်သွက်သွက်လျှောက်ပြီး ခြံထဲပြေးဝင်လိုက်စဉ် ဝင်လို့မရဘဲ တစ်ယောက်ယောက်က လှမ်းဆွဲထားသလို ရွှေ့မတိုးနိုင် ဖြစ်နေ၏။

"ဟာ!. . ဘယ်လိုဖြစ်တာလဲ၊ ဘယ်သူဆွဲထားတာလဲဟ. . လွှတ်. . အခုလွှတ်စမ်း"

"ဖြောင်း!!. . "

ကြောက်ကန်ကန်ပြီး ခတ်ထန်ထန် ပြန်ပြောမိခြင်းအတွက် မမြင်ရသည့်အရာ၏ နားရင်းအုပ်တာကို ခံလိုက်ရသည်။ ရှေ့သို့ ငိုက်အကျတွင် မျက်နှာကို တစ်ခုခုနှင့် ဆောင့်တိုက်လိုက်သလို

www.burmeseclassic.com

www.burmeseclassic.com



အသည်းခိုက်ဝေဒနာကို ခံစားလိုက်ရပြန်သည်။

"ခွပ်!. . အား!. . အီး!. . . သေပါပြီဗျ"

သူ့ကို အရိုးစုသရဲ ဦးကျင်ဟုတ် ဆုံးမနေပြီဆိုတာ အိုက်ခမ်း သိလိုက်ပြီ။ ကြောက်စိတ်ကြောင့် အားစိုက်ကာ ခြံထဲခုန်ဝင်လိုက်၏။ အိုက်ခမ်းပြေးသော်လည်း နေရာမရွေ့၊ ဂုတ်ကို သရဲက ဆွဲမထား သဖြင့် လေထဲမှာ ယက်ကန်ယက်ကန် ဖြစ်နေသည်။ သူ့အဖြစ်ကို ခြံထဲမှ ဝိုင်းကြည့်နေကြသည့် ခွန်မှိုင်းတို့လူစုလည်း အံ့ဩကာ အထိတ်တလန့် ဖြစ်နေကြ၏။ သူ့အဖြစ်သူ သိသွားသည့် အိုက်ခမ်း ကြောက်လန့်တကြား အော်ဟစ်တော့သည်။

"ကယ်. . ကယ်ကြပါ. . သရဲဖမ်းထားလို့"

ခွန်မှိုင်းတို့လည်း အပြင်ထွက်မလာရဲ၊ ကူညီဖို့အရေး မတွေး ရဲဘဲ အကြောင်သားငေးကြည့်နေကြ၏။ ကိုယ့်အားကိုယ်ကိုးပြီး အခြေအနေဆိုးမှ ရုန်းထွက်မှဖြစ်တော့မည်ဆိုတာသိပြီး အိုက်ခမ်း ဘုရားကု,ကုဖို့ ကြံစည်သည်။

"ဟိုကောင် အိုက်ခမ်း လေထဲမှာ ပြေးနေတယ်"

"လေထဲမှာ ပြေးနေတာမဟုတ်ဘူး သရဲက ဆွဲမထားလို့ ယက်ကန်ယက်ကန် ဖြစ်နေတာ"

အိုက်မောင်းနှင့် ခမ်းလိတ်တို့ ဝေဖန်သံတွေကို အိုက်ခမ်း အာရုံစိုက်မနေနိုင်တော့. . ၊ မနေ့က အတွေ့အကြုံကို အားကိုးပြီး မေတ္တာပို့တော့သည်။

"ဦးကျင်ဟုတ် မလိမ္မာတစ်ခါမိုက်မိတဲ့ ကျုပ်ကို ခွင့်လွှတ် ပါဗျာ နောက်မလုပ်တော့ပါဘူး၊ ဦးကျင်ဟုတ် ကောင်းရာမွန်ရာ ရောက်အောင် မေတ္တာပို့ပေးပါ့မယ်၊ ဦးကျင်ဟုတ်ထံပိညာဉ် ကျွန်း



www.burmeseclassic.com

www.burmeseclassic.com



မာပါစေ ချမ်းသာပါစေ၊ နာနာလောကထက် တစ်ဆင့်မြင့်သည့်ဘုံသို့ တက်လှမ်းနိုင်ပါစေ. . မေတ္တာပို့သ အပ်ပါတယ်ဗျာ”

သရဲက ခြောက်လှန့်ဖို့ စိတ်ကုန်သွားတာလား. . မေတ္တာ အစွမ်းလားတော့ မပြောတတ်၊ လွှတ်ချလိုက်၍ အိုက်ခမ်း ဖုတ်ခနဲ ပြုတ်ကျသွားသည်။ ရသည့်အခွင့်အရေးကို လက်လွှတ်မခံဘဲ အသုံးချတာ ထပြေးဖို့ပင် မတွေးတော့ဘဲ မြေကြီးပေါ် နှစ်ပါတ်သုံးပါတ် လှိမ့်ပြီး ဒိုက်ဗင်ထိုးကာ ခြံထဲခုန်ဝင်လိုက်၏။

ထိုအခါမှ အိုက်လွယ်တို့ ပြေးလာပြီး အိုက်ခမ်းအား ဆွဲထူ ခေါ်သွားကြသည်။ အိုက်ခမ်းမှာ ကြောက်လွန်း၍ စကားမေးမရ၊ ဖုတ်လှိုက်ဖုတ်လှိုက်နှင့် အသက်ကို မနည်းရှူနေရ၏။

“ပြန်ပေး. . ငါ့ဥစ္စာတွေပြန်ပေး. . ငါ့ဟာပြန်ပေး”

အိုက်ခမ်းအား ဝိုင်းပြုစုနေချိန်မှာပင် အသံနက်ကြီးနှင့် အော်ပြောသံကို အားလုံးကြားလိုက်ကြရ၏။ အကောင်အထည် မမြင်ရဘဲ အသံကိုသာကြားရသဖြင့် ကြောက်လိုက်ကြသည်မှာ ဆို ဖွယ်ရာမရှိတော့။ အဖြစ်အပျက်ကို သဘောပေါက်လိုက်သည့် အိုက် လွယ်က. .

“အိုက်ခမ်း မှန်မှန်ပြောစမ်း မင်းဘာတွေလုပ်လာသလဲ၊ သရဲက ဘာကိုပြန်တောင်းနေတာလဲ”

အိုက်ခမ်း မဖြေနိုင်၊ အမောပြေပြီး အသက်ရှူမှန်အောင် မနည်းကြိုးစားနေရ၏။ အနီးအနားဝန်းကျင်မှ လူတွေလည်း ညင်ညို ဆက်ဆိုသလို ဆူညံပြီး အဖြစ်ဆန်းတွေ ကြုံနေရသည့် ခွန်နိုင်းတို့ အိမ်ကြီးကို အဝေးမှသာ လှမ်းအကဲခတ်နေကြ၏။

“ဟုတ်တယ် အိုက်ခမ်း. . ဒီနေ့ သရဲက ခဲ့ုမပေါက်သလို

www.burmeseclassic.com



ခြေရာတွေလည်း မပြဘူး၊ ခြံထဲလည်းမဝင်ဘူး အပြင်ကနေ ပြန်ပေး ပြန်ပေးနဲ့ ခဏခဏ အော်နေတာ၊ မင်း ဘယ်သူ့ဆီက ဘာယူလာခဲ့ သလဲ. . ပြောစမ်း"

သူတို့ထဲမှာ ဩဇာအာဏာအရှိဆုံးနှင့် အလုပ်ရှင်ဆိုလည်း မမှားသည့် စပ်နွှန်မှိုင်းကိုယ်တိုင် မေးလာပြီမို့ အိုက်ခမ်း မဖြေလို့ မရတော့။

"ရွှေ. . ရွှေသွား. . ယူလာခဲ့လို့ပါ"

"ရွှေသွား ဟုတ်လား၊ ဘယ်သူ့ဆီကဟာကို ဘယ်လိုယူလာ ခဲ့တာလဲ"

"သူ့သချိုင်းကိုသွား အလောင်းဖော်ပြီး အရိုးစုက သွားတွေ ဖြုတ်ယူခဲ့တာပါ"

"ဟင်!. ."

"မိုက်လိုက်တဲ့ကောင်ကွာ"

"တို့တွေ အခြောက်အလှန့် ခံနေရတာ မဟုတ်တရုတ်တွေ လျှောက်လုပ်ခဲ့တဲ့ မင်းကြောင့်ကိုး၊ ပြန်ပေးလိုက် သူ့ရွှေသွားတွေ ပြန်ပေးပြီး ကျေနပ်အောင် တောင်းပန်လိုက်"

အသက်စွန့်ယူခဲ့ရသည့် ရွှေသွား။ သူ့အခက်အခဲတွေ ပြေ လည်စေမည့် ရွှေသွားတွေမို့ အိုက်ခမ်းက ပြန်မပေးချင်။ သရဲ ခြောက်သည့် မိသားစုကလည်း ဝိုင်းပြီးတိုက်တွန်းကြသလို သရဲကြီး ကလည်း 'ပြန်ပေးပြန်ပေး ငါ့ဟာတွေပြန်ပေး'နှင့် မကြာခဏ အော် တစ်တောင်းနေလေသည်။

"အိုက်ခမ်း ပြန်ပေးလိုက်လို့ ငါပြောနေတယ်ကွလား"

မတတ်သာတော့၍ အိတ်ကပ်ထဲမှ ရွှေသွားသုံးချောင်းကို

www.burmeseclassic.com



ထုတ်ပေးလိုက်ရ၏။ ခွန်မှိုင်းက သွားများကို သေချာစစ်ဆေးကြည့်ရှုပြီး. . .

"မင်းကွာ မကြောက်မရွံ့ မလုပ်ကောင်းတာတွေ လုပ်လာတယ်၊ မင်းကြောင့် ငါတို့အားလုံး ကြားထဲက မဆီမဆိုင် အခြောက်အလှန့်ခံကြရတာ၊ အားတီလေးဆို ကောင်းကောင်းတောင် မအိပ်နိုင်ဘူး ခဏခဏလန့်နေတာ သိရဲ့လားအိုက်ခမ်း၊ မင်းစခဲ့တဲ့ဇာတ်လမ်း မင်းပဲအဆုံးသတ်တော့"

"သူ့ကို. . ဘယ်. . ဘယ်လိုပြန်ပေးရမှာလဲ"

"သိမလားကွ ဒါမျိုးတစ်ခါမှ မကြုံဘူးတဲ့ဟာ"

တစ်ယောက်တစ်မျိုး စဉ်းစားအဖြေရှာနေကြသဖြင့် စကားသံများ တိတ်ဆိတ်သွား၏။ သို့သော် သရဲကြီး၏ ငါ့ဥစ္စာပြန်ပေးဟု တောင်းဆိုသံက တိတ်မသွား။ နောက်ဆုံးတော့ အသက်အကြီးဆုံး အိုက်မောင်းက. . .

"တစ်ခုခုကွာ. . လက်ကိုင်ပုဝါနဲ့ဖြစ်ဖြစ် ထုပ်ပြီး ခြံပြင်ပြန်ပစ်ပေးလိုက်"

"အေး. . ဟုတ်တယ်၊ သူ ယူလို့မရဘူးဆိုရင်လည်း ပြန်ကောက်ပြီး နောက်တစ်နည်း စဉ်းစားကြတာပေါ့"

သူတို့ဆွေမျိုးတသိုက် ဘယ်လောက်တောင် ကြောက်နေကြသည်မသိ၊ လက်ကိုင်ပုဝါတွေ တစ်ယောက်ပြီးတစ်ယောက် ထုတ်ပေးကြ၏။ အိုက်ခမ်းလည်း လက်ကိုင်ပုဝါတစ်ထည် ဆွဲယူရင်း ရွှေသွားများကို နှမြောတသစွာနှင့်ထည့်ကာ ထုပ်ပိုးလိုက်ရတော့သည်။ ထိုအထုပ်လေးကို လက်ထဲမှ ဆ၍ဆ၍ ကိုင်ရင်း ခြံဝသို့ လျှောက်သွား၏။ ခြံပြင်မထွက်ဘဲ ခြံပေါက်ဝတွင်ရပ်ရင်း လောဘ



www.burmeseclassic.com

www.burmeseclassic.com



စိတ်နှင့် ပြန်ပေးဖို့ကို ချီတုံချတုံ ဖြစ်နေသည်။

"အိုက်ခမ်း ပြန်ပေးလိုက်. . ပေးလိုက်တော့"

ခွန်မှိုင်း လှမ်းအော်တိုက်တွန်းတော့မှ အိုက်ခမ်း မပစ်ချင် ပစ်ချင်နှင့် ခြံပြင်သို့ လှမ်းပစ်လိုက်၏။ ဖုတ်ခနဲကျသွားသည့် ထို အထုပ်လေးကို မျက်တောင်မခတ် စိုက်ကြည့်နေကြသည်။ ချက်ချင်း ဆိုသလိုပင် ထိုအထုပ်လေး တစ်ပေခန့် ရွေ့သွား၏။

"ဟော. . ဆွဲတယ်. . ဆွဲတယ်ကွ"

ထို့နောက် ဆတ်ခနဲ ဆတ်ခနဲ ထပ်ရွေ့သွားကာ နောက်ဆုံး မှာ လုံးဝပျောက်ကွယ်သွားတော့၏။ ထိုအခါမှပဲ အားလုံး ဟင်းချနိုင် တော့သည်။ ငါ့ဟာပြန်ပေးဟု တောင်းသံကြီးလည်း ရပ်သွားတော့ ၏။

"တောင်းပန်ပါတယ် ဦးကျင်ဟုတ်၊ ခင်ဗျား ရွှေသွားတွေ ပြန်ပေးပြီးပြီနော် ကျေနပ်ပါတော့ဗျာ ဒီမှာထပ်ပြီး ခြောက်တာလှန့် တာတွေ မလုပ်ပါနဲ့တော့"

အိုက်ခမ်းက နှုတ်ဆက်တောင်းပန်စကားပြောပြီး ခြံတံခါး ကို ပိတ်လိုက်၏။ သူ့လုပ်ရပ်ကို အားပေးထောက်ခံကြသည့် ညီအစ်ကိုများက လက်ခုပ်တီးပြီး အားပေးကြသည်။ အိုက်ခမ်းကတော့ ကြွေးတွေ ဘယ်လိုဆပ်ရမှန်း မသိတော့၍ ခေါင်းငိုက်စိုက်ကျနေ၏။

"အိုက်ခမ်း မင်း ဘာကြောင့် ဒီလိုလုပ်လိုက်တာလဲ"

"ကြွေးတွေပေးစရာရှိလို့ပါ"

"ဘာကြောင့် ကြွေးတင်တာလဲ"

စပ်ခွန်မှိုင်း မေးမြန်းတာတွေကို အိုက်ခမ်း မကျေမနပ် ပြောနေရသည်။ ကြွေးတင်ရသည့် အကြောင်းရင်းကို ပြောဖို့ကျတော့



www.burmeseclassic.com

www.burmeseclassic.com



အခက်တွေ့နေ၏။

"ဟော့ကောင် ငါ မေးနေတယ်လေကွာ"

"ဖဲ. . ဖဲကြွေးပါ ကိုခွန်မှိုင်း"

"ဘာ!. . "

အမှန်အတိုင်း ဝန်ခံလိုက်တော့ ပို၍နားပူသည်။ မပြီးနိုင်မစီးနိုင်အောင် ဆူပူကြိမ်းမောင်း၏။ အကြွေးတွေကို ခွန်မှိုင်းက စိုက်ဆပ်ပေးမည်ဟု တာဝန်ခံသည်။ ထို့အတွက် အိုက်ခမ်းရမည့် လုပ်အားခထဲမှ ဖြတ်မည်ဟုလည်း ပြော၏။ နောက်နောင် ဖဲရိုက်သည်ဟုကြားလျှင် ခြံထဲက မောင်းထုတ်မည်ဟုလည်း ကြိမ်းသည်။

ဒီလိုကြိမ်းမောင်းခံရတာ လိမ္မော်ခြံထဲမှာဆိုလျှင်တော့ အိုက်ခမ်း မကျေမနပ်ဖြစ်မိမည်မဟုတ်. . .။

ခုတော့ သူချစ်ခဲ့ရသည့် နန်းနောင့်နောင့်ရှေ့မှာ ကျစရာ သိက္ခာမရှိတော့လောက်အောင် ပြောဆိုခံရတာဖြစ်၍ အိုက်ခမ်း ရှက်စိတ်နှင့် နာကျည်းသွားသည်။ သူ့အား မတန်မဆပြောဆိုအရှက်ခွဲသည်ဟုလည်း ထင်မိ၏။ ထို့အတွက် ခွန်မှိုင်းအပေါ် အငြိုးအတေးဖွဲ့သိုတော့သည်။ သို့သော် အဆိုးထဲက အကောင်းကတော့ ထိုညမှစ၍ ဘယ်လိုခြောက်လှန့်မှုမျိုးကိုမှ သူတို့မကြုံကြရတော့ခြင်းပင် ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃)

ထုံးစံအတိုင်းပင် အဖေတေးဆိုသိပ်မှ အားတီလေး အိပ်ပျော်သွား၏။ ကလေးအိပ်မှ နန်းကိုလှည့်ကြည့်သည်။ နန်းက သိုးမွှေးရှည်နှင့် ကလေးအတွက် အနွေးထည်ထိုးနေ၏။ ဒီညတော့ စီစဉ်ထားသည့်ကိစ္စတွေ နန်းအား မဖြစ်မနေ ဖွင့်ပြောရတော့မည်။

"နန်း ကိုမှိုင်း ခြင်္သေ့ ခွဲပြီးရောင်းလိုက်တယ်"

"ဟင်!. . ဘာ. . ဘာပြောလိုက်တယ် ကိုမှိုင်း"



www.burmeseclassic.com

www.burmeseclassic.com



စပ်ခွန်မှိုင်းက သူပိုင်လိမ္မော်နှင့်မက်မန်းခြံ ဧက(၅၀)ထဲမှ ငါးဧက ခွဲရောင်းလိုက်ရုံနှင့် ဘာမှပြဿနာမရှိကြောင်း၊ ကျန်စိုက်ခင်းများကိုလည်း နှစ်ချုပ်နှင့်ငှားလိုက်ပြီမို့ နန်းတို့သားအမိ ဆွေမျိုးတစ်စု စားရေးသောက်ရေးအတွက် ပူပင်စရာမလိုကြောင်း၊ သူ့အနေနှင့် အကျိုးမဖြစ်သည့်လုပ်ငန်းကို ဆက်မလုပ်လိုတော့ကြောင်း၊ ရန်ကုန်ကိုဆင်းပြီး တိုးတက်ရာတိုးတက်ကြောင်း နည်းလမ်းရှာတော့မည့် အကြောင်း နားဝင်အောင် ပြော၏။

"ကိုမှိုင်းရယ် တကယ်ပဲ သွားတော့မှာလား"

"နန်းနဲ့ အားတီလေး ငွေ့ရေးအတွက်ပါ နန်းရယ်"

"ဟိုမှာ ဘာလုပ်မှာလဲဟင်"

"ကိုကြီးစိုင်းသီဟ ရန်ကုန်မှာ ကြီးပွားနေတယ်လေ၊ သူနဲ့ အဆက်အသွယ်ရတယ်၊ သူက အစစကူညီပေးမယ် ပြောတာပဲ"

"မသေချာ မရေရာဘဲနဲ့ စွန့်စားတော့မလို့လားဟင်"

"ဒီမှာ ရာသီဥတုကမကောင်း၊ ပိုးကဖျက်၊ သီးနှံက အထွက်ကျ၊ ပေါ်ချိန်မှာ ဈေးကောင်းမရနဲ့ တွက်ခြေမကိုက်တာ သုံးနှစ်ရှိပြီလေ၊ တစ်ခုမကောင်းရင် တစ်ခုပြောင်းမှ ဖြစ်မှာပေါ့၊ ဝါးလုံးခေါင်းထဲကနေ သာနေတဲ့လကို ငေးနေလို့ ဘာမှဖြစ်လာမှာ မဟုတ်ဘူးလေ၊ လမင်းကြီးရှိရာသို့ ထွက်လိုက်သွားမှ အလင်းရောင်နဲ့ အေးချမ်းမှုကို ပိုပြီးရနိုင်မှာပေါ့"

"နန်း. . စိတ်မချဘူး ကိုမှိုင်းရယ်"

"စိတ်မချစရာ မရှိပါဘူး နန်းရဲ့၊ ဒီက ညီအစ်ကိုတွေအားလုံးကို ခေါ်သွားမှာပဲဟာ၊ တိုင်ပင်ဖေါ်ရတဲ့အတွက် စိုးရိမ်စရာ မရှိပါဘူး နန်း"

www.burmeseclassic.com



အားတက်သရော ပြောနေသော ခွန်မိုင်း၏ ထက်သန်မှုကို နန်းနောင့်မတားချင်တော့။ ဒီကိစ္စ ဖွင့်ပြောတိုင်ပင်ခဲ့တာပင် တစ်နှစ်စွန်းစွန်း ရှိတော့မည်။ ဒီကလုပ်ငန်းတွေ မအောင်မြင်တာလည်း သူအသိပဲမို့ တားရန်ခက်နေ၏။

"အဆိုးဆုံးကို ဝိုင်ချက်တာ မအောင်မြင်တဲ့ကိစ္စပဲ၊ ကိုမိုင်းအအား စိတ်ဓာတ်ကျသွားတယ်၊ လိမ္မော်တွေကို အရည်ညှစ်ပြီး စည်သွပ်ဘူးထဲထည့်ဖို့ကလည်း နည်းပညာမရှိတော့ တိရစ္ဆာန်တွေပဲ ကျွေးပစ်နေရတာ မဟုတ်လား"

"တားမရတော့ရင်လည်း သွားပေါ့ ကိုမိုင်းရယ်"

"(၂)နှစ် (၃)နှစ်လောက် အနာခံလိုက်ရင် အသာစံနိုင်မှာ သေချာပါတယ် နန်းရယ်"

နန်းနောင့်နောင့် မျက်နှာမကောင်းသော်လည်း ကြိုးစားပြုံးပြရင်း လင်တော်မောင်၏ စွန့်စားခန်းခရီးကို ခွင့်ပြုလိုက်ရှာသည်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com

# ၁၂ ဒေဝတာ

ရင်ကုန်ရောက် ရှမ်းတစ်ယောက်ဘ၀က ရွှေဘုံရွှေနန်း မဟုတ်၊ ခရောင်းလမ်းဖြစ်နေတာ လက်တွေ့သိလိုက်ရ၏။ အဆင် ပြေနေသည်ဆိုသော စိုင်းသီဟကလည်း ငါးကို စားဖို့လောက်သာ ပေးပြီး ကွန်ချက်ပြချင်သူမဟုတ်မှန်း သိလာရသည်။ ထို့အတွက် ရေရှည်ရပ်တည်နိုင်ဖို့ စပ်ခွန်မိုင်း အကြီးအကျယ် စဉ်းစားလာရ သည်။

ဦးစွာ လုပ်ငန်းအတွက် အကွက်အကွင်းကောင်းပြီး သူတို့ အုပ်စု ကျောချနိုင်မည့် နေရာထိုင်ခင်းကို ရှာရ၏။ နေရာကောင်း မှန်သမျှ ဈေးကြီးနေ၍ ထိုကိစ္စအတွက် အတော်ပင် ခေါင်းခြောက် ရသည်။ ရပ်ဆွေရပ်မျိုး ဘုန်းကြီးကျောင်းမှာ တည်းရတာ ရက်တို လကူးလာချိန်မှာ ဈေးနှုန်းသင့်တင့်သော တိုက်တစ်လုံးကိုတွေ့၏။ သို့သော် ဝန်းကျင်ကိုစုံစမ်းကြည့်တော့ အခြောက်အလန့်ရှိလို့ ဘယ် သူမှ မငှားကြတာဟု သိလိုက်ကြရသည်။ သို့သော် ခွန်မိုင်းတို့အ

www.burmeseclassic.com



တွက် အရိုးများသော ချေးခါးသော ရွှေနေရမည့်အချိန် မဟုတ်။

ဆရာတော်ကိုလည်း အားနာလှပြီမို့ အရဲစွန့် ဌားရမ်းကာ ပြောင်းရွှေ့လာခဲ့ကြ၏။ လွတ်လပ်ရေးမရမီ အင်္ဂလိပ်ခေတ်က ဆောက်လုပ်ထားသော ကုန်စျေးတန်းလမ်းမှ တိုက်အိုကြီးတစ်လုံး ဖြစ်သည်။

ဒီနေရာမှာ အားကိုးရတာက အိုက်ခမ်းပဲ ဖြစ်သည်။ အိုက်ခမ်းက ဆိုက်ကားသမားများနှင့် အကျွမ်းတဝင်ပေါင်းသလို၊ စျေးထဲမှ ဘယဆေးဆိုင်, ဆိုးဆေးဆိုင်, အိန္ဒိယဟင်းချက်အမွှေးအကြိုင် မဆလာစုံရောင်းသည့် ဆိုင်ပိုင်ရှင်များနှင့်လည်း အလွမ်းသင့်၏။ ထိုမျှသာမက ပန်းဘဲတန်းရဲစခန်းမှ အကြပ်တပ်သားများနှင့်ပါ ခင်မင်လိုက်သေးသည်။ အရင်ဆုံး ရန်ကုန်မြို့လယ်ကို အကျွမ်းတဝင်ရှိအောင် ဆိုက်ကားနင်းပြီး လေ့လာကွင်းဆင်းသည်။

အိုက်ခမ်းဝင်ငွေကမဆိုး စျေးနီးကျောင်းနီး ရန်ကုန်ဆေးရုံကြီးနှင့်လည်း မလှမ်းမကမ်းမှာရှိ၍ ပါစင်ဂျာတွေက ပေါလှ၏။ ဒါကလည်း လွယ်သည်တော့မဟုတ်၊ ဒီလိုဝင်ငွေရဖို့ အိုက်ခမ်း မနက်လေးနာရီလောက်ကတည်းကထပြီး စျေးကြိုစျေးပို့ ပါစင်ဂျာရအောင် တပင်တပန်း လုပ်ခဲ့ရခြင်းဖြစ်သည်။

ထိုရက်များအတောအတွင်း စပ်ခွန်မှိုင်းကလည်း နီးစပ်ရာအလုပ်အကိုင်များကို လိုက်လံလေ့လာနေရသည်။ ခွင်ကောင်းတောင်းက မတွေ့သေး။ လောလောဆယ်မှာ အိုက်ခမ်းကိုသာ အားကိုးနေကြရလေ၏။

ညပိုင်း လူစုံချိန် ညစာထမင်းဝိုင်းကတော့ နွေးထွေးဖော်ရွေမှုများနှင့် စည်ကားပြီး ပျော်စရာကောင်းနေသည့် ကြိုက်တတ်



www.burmeseclassic.com

www.burmeseclassic.com



တာနှင့် ပင်ပန်းတာကို အကြောင်းပြပြီး အရက်သောက်ခြင်းအတွက်တော့ အိုက်ခမ်းအား ခွင့်လွှတ်ထားကြ၏။

"ငါလည်း ဆိုက်ကားနင်းမယ် အိုက်ခမ်းရာ၊ တစ်စီးလောက်ရှာပေး"

"နေပါကွာ. . . မလုပ်ပါနဲ့"

"ဟုတ်တယ် အိုက်လွယ်၊ တို့ ရန်ကုန်ကို ဆိုက်ကားနင်းဖို့ထွက်လာတာမဟုတ်ဘူး ကြီးပွားချမ်းသာချင်လို့လာတာ. .၊ အိုက်ခမ်းကိုကျေးဇူးတင်ပေမယ့် လတ်တလောငွေရတာကိုပဲ မကြည့်နဲ့၊ ဂုဏ်ရှိတဲ့လုပ်ငန်းနဲ့ ကြီးပွားဖို့ကိုပဲ အာရုံပြုထားကြ. ."

အိုက်ခမ်းကိုဝင်ကူချင်သော သွေးချင်းများကို စိတ်ဓာတ်မြှင့်တင်ပေးကာ သူဌေးစိတ်သွင်းပေးတာက စပ်ခွန်မှိုင်းပင် ဖြစ်သည်။ လေ့လာဆန်းစစ်မှုတွေပြီးသည်နှင့် လုပ်ငန်းစတင်တော့မည်ဖြစ်ကြောင်း အသိပေးသည်။ ထိုအာမခံစကားအတွက် သားချင်းတစ်စုအားတက်ဝမ်းသာသွားပြီး ပေါ့ပေါ့ပါးပါးစကားတွေကိုသာ ရယ်ရယ်မောမော ပြောဆိုကြတော့၏။

"ဒါနဲ့ အိုက်လွယ်. . တို့ဒီတိုက်မှာ အခြောက်အလှန့်တွေရှိတယ်လို့ပြောတယ်နော်၊ ဒီမှာနေတာ နှစ်ပတ်ပြည့်တော့မယ်. . ဘာမှလည်း ထူးထူးခြားခြား မကြုံရပါလား"

"ဟာ. . ခမ်းလိတ်ရာ၊ မင်းမို့လို့ သရဲကိုများ တမ်းတမ်းတတ သတိရနေသေးတယ်၊ ဘာမှမဖြစ်တော့ ပိုမကောင်းဘူးလား"

"ခြောက်မှာစိုးလို့ ကြောက်ကြောက်နဲ့ သတိရတဲ့ သဘောပါကွာ"

ထွေထွေမူးမူးနှင့် အိုက်ခမ်းက အာလေးလျှာလေးနှင့် ဝင်



www.burmeseclassic.com

www.burmeseclassic.com



ပြောသည်။

"ဒီမယ် ခမ်းလိတ်၊ ငါ သရဲခေါ်တတ်တယ်နော်. . မင်း အတွေ့အကြုံရချင်တယ်ဆိုရင် ခေါ်ပေးလို့ရတယ်"

"ဗျာ!. . ဟာ. . မခေါ်နဲ့. . မခေါ်နဲ့၊ ဒါမျိုး အတွေ့အကြုံတော့ မလိုချင်ဘူး. . မလုပ်နဲ့"

ပြူးပြူးပြာပြာနှင့် အလန့်တကြား ခြေကန်တားမြစ်နေသည့် ခမ်းလိတ်အမူအရာကြောင့် ရယ်ပွဲဖွဲ့ဖြစ်ကြ၏။ ခွန်မှိုင်းက. . .

"အိုက်ခမ်း အပြောင်အပျက်ပြောတာပဲ ဖြစ်ပစေနော်. . မဟုတ်တရုတ်တွေ မလုပ်နဲ့"

"ဟာ. . ကိုခွန်မှိုင်းရာ လုပ်စရာလားဗျ၊ ကလောက အရိုးစုသရဲနဲ့တင် နောင်တတွေ တပုံကြီး ရထားတဲ့ဟာ"

အိုက်ခမ်းစကားကြောင့် အကြောင်းသိတွေ သဘောတကျ ရယ်ကြ၏။ စားရင်းသောက်ရင်း ပြောသည့်စကားဝိုင်းက ဆယ်နာရီ ထောက်မှ တစ်ခန်းရပ်သွားပြီး အိပ်ယာဝင်ခဲ့ကြသည်။ မသောက် မစားတတ်သည့် ခွန်မှိုင်းတစ်ယောက် မျက်စိကြောင်ပြီး အိပ်မပျော် ဘဲ ချစ်ဇနီးနန်းနှင့် သားငယ် အားတီလေးကို သတိရကာ တလူးလူး တလိမ့်လိမ့် ဖြစ်နေ၏။

ဖောင်ဖျက်ပြီး စကားအကြီးကြီးတွေပြော၍ ဇွတ်ထွက်လာခဲ့ပြီးမှ ရန်ကုန်မှာ မအောင်မြင်ခဲ့လျှင်ဟူသည့် စိုးရိမ်စိတ်များနှင့် ခွန်မှိုင်း ချွေးစို့နေသည်။ အိပ်မပျော်သည့်အတူတူ နန်းထံ စာရေးဖို့ အကြံရကာ အိပ်ယာမှထ၍ လွမ်းဆွတ်သတိရမှုတွေကို စာအားလုံး အသွင် ပြောင်းပစ်လိုက်၏။

အောက်ထပ်တွင်အိပ်ကြသည့် ညီအစ်ကိုတစ်စုထံမှ. .


www.burmeseclassic.com

www.burmeseclassic.com



ဟောက်သံတွေ ထွက်နေပြီဖြစ်သည်။ ရန်ကုန်မြို့လယ်ခေါင်မို့ လျှပ်စစ်မီးရသော်လည်း မီးအားက မပြည့်သဖြင့် သဘော်သားမီးလုံးတွေ တပ်ထားရသည်။ ခွန်မှိုင်း စာရေးနေပြီး. . ကျန်လူတွေ အိပ်နေကြသည့် ထိုကာလတွင် အိမ်ကြီးအတွင်း ထူးခြားမှုတွေ စတင်ဖြစ်ပေါ်လာလေပြီ. . ။

တံခါးတွေ အကုန်ပိတ်ထား၍ လေမတိုးသည့် တိုက်ခန်းအတွင်း ချိတ်ထားသည့် အင်္ကျီတွေ ပုဆိုးတွေ ထူးထူးဆန်းဆန်း လှုပ်ရမ်းလာသည်။

ထိုသို့လှုပ်ရမ်းရခြင်း အကြောင်းရင်းမှာ တိုက်အောက်ထပ်နောက်ဘက်နံရံပေါ်မှာ ရေပြင်ထက် ခဲကျသလို လွင်ဖြာလာသည့် လှိုင်းဂယက်များကြောင့်ပင် ဖြစ်သည်။ လှုပ်ရှားနိုင်စွမ်း မရှိသည့် နံရံမှ လှိုင်းဂယက်များ ထလာခြင်းမှာ လွန်စွာထူးဆန်းလှ၏။

လှိုင်းဂယက်တွေလို ပွက်ပွက်ထလာသည့် နံရံအတွင်းမှ လူသဏ္ဌာန် အရာတစ်ခု တိုးထွက်လာသည်။ ထိုသဏ္ဌာန် နံရံတွင်းမှ လွတ်မြောက်သွားသည်နှင့် ပျောက်ကွယ်သွားသလို. . လှုပ်ရှားနေသော နံရံကြီးလည်း ပကတိအနေအထားအတိုင်း ပြန်လည်ငြိမ်သက်သွားတော့သည်။

နံရံထဲမှ ထွက်လာသည့် အသွင်သဏ္ဌာန်ကို မမြင်ရတော့သော်လည်း ထိုအရာ ဖြတ်သန်းသွားသည့် နေရာများရှိ ပေ့ါပါးသော သက်မဲ့ပစ္စည်းများမှာ လေတိုက်သလို လှုပ်ယမ်းသွား၏။ နောက်ဆုံးမှာ အိုက်ခမ်းတို့အုပ်စု အိပ်နေသည့် အခန်းတွင်းမှ ခြင်ထောင်များ ယိမ်းနွဲ့လှုပ်ရှားသွားပြန်သည်။

ပန်ကာဖွင့်လိုက်သလို တလွင့်လွင့် ခါယမ်းနေသော ဇာခြင်



www.burmeseclassic.com

www.burmeseclassic.com



ထောင်များ လှုပ်ရှားနေမှု ငြိမ်သွားသောအခါ ခြင်ထောင်ချည်ထားသည့်ကြိုးများ ပြုတ်ကျသွား၏။ ခြေရင်းဘက်မှ သွယ်တန်းထားသည့် ကြိုးများအားလုံး ပြုတ်ကျသွား၍ ခြင်ထောင်ထဲမှလူများ လှုပ်ရှားလူးလိမ့်လာကြသည်။ သို့သော် တစ်ဦးတစ်ယောက်မှ နိုးထလာခြင်းတော့ မရှိသေး။

ထိုအချိန်တွင် ခြင်ထောင်တစ်လုံးကို တစ်ယောက်ယောက်က ဆွဲလှန်လိုက်သလို လန်ထွက်သွား၏။ ထိုခြင်ထောင်အတွင်း အိပ်နေကြသူများမှာ အိုက်မောင်းနှင့် ခမ်းလိတ်တို့ ဖြစ်သည်။ အိုက်မောင်းက အိပ်နေရင်းနှင့်ပင် လန်တက်နေသည့် ပုဆိုးစကို ဆွဲဖုံးလိုက်သလို ခမ်းလိတ်ကလည်း ခြင်ကိုက်နေသည့် လက်မောင်းအား အခြားလက်တစ်ဖက်နှင့် လှမ်းရိုက်လိုက်သည်။

ဟောက်သံမြိုင်မြိုင်ဆိုင်ဆိုင်နှင့် အအိပ်ပြိုင်ပွဲ ဝင်နေသူများထဲမှ ခမ်းလိတ်၏ ခြေထောက်တစ်ချောင်း တစ်ထွာလောက် မြောက်တက်လာပြီး သူ့ခန္ဓာကိုယ်ပါ လျှောတိုက်ပါလာ၏။ သူ့ခြေနှစ်ဖက်လုံး ဒူးမှ တွဲလောင်းအနေအထားနှင့် ကိုယ်က ကုတင်အောက်ကျအောက်ထိုးကျနေပြီဖြစ်သည်။ ထိုအခါမှ ကသိကအောက် အနေအထားကြောင့် ခမ်းလိတ် အိပ်ချင်မူးတူးနှင့် နိုးလာ၏။ ခမ်းလိတ်မျက်လုံးဖွင့်ကြည့်ရာ ခြင်ထောင်အပြင်ဘက် ရောက်နေမှန်းသိပြီး အထိုင်လိုက်သည်။

မှုန်တိမှုန်ဝါး အလင်းရောင်အောက်တွင် ဘာမှသေချာ တွေ့စွာ မမြင်ရ၊ ခမ်းလိတ် ကုတင်ပေါ်မှဆင်းပြီး မီးခလုတ်ရှိသည့် ခြေရင်းနံရံဆီသို့ လျှောက်လာကာ မီးဖွင့်လိုက်သည်။ ဝပ်(၄၀)အား မီးရောင်အောက်တွင် ခြင်ထောင်သုံးလုံးစလုံး ခြေရင်းဘက်ကြိုးတွေ



www.burmeseclassic.com

www.burmeseclassic.com



ပြုတ်နေတာကိုတွေ့ပြီး ခမ်းလိတ် အံ့ဩသွား၏။

ဘာမှ ထွေထွေထူးထူး မတွေးသေးဘဲ၊ ပြုတ်နေသော ခြင်ထောင်ကြိုးများကို ပြန်ချည်နေမိသည်။ ထိုစဉ် ချောက်ခနဲ အသံမြည်ကာ မီးပိတ်သွား၏။ ခမ်းလိတ် နည်းနည်းတော့ လန့်သွားပြီ။ ခလုတ်ချောင်ပြီး မီးပိတ်သွားတာ ဖြစ်မှာပါလေဟု တွေးပြီး မီးခလုတ်ရှိရာ ပြန်လာခဲ့၏။ မီးဖွင့်ဖို့ ခလုတ်ကို စမ်းနေစဉ်မှာပင် ချောက်ခနဲမြည်ပြီး မီးပြန်လင်းလာသည်။ မီးလင်းသွားချိန်တွင် သူ့လက်က မီးခလုတ်နှင့် တစ်ထွာခန့်အကွာမှာ ရှိနေတာ တွေ့ရပြီး ခမ်းလိတ် ထိတ်လန့်လာသည်။

သွေးရိုးသားရိုးမဟုတ်မှန်း တွေးမိပြီး ကြောက်စိတ်ကြောင့် တုန်တုန်ရီရီ ဖြစ်နေ၏။ တစ်ယောက်ယောက်ကို နှိုးမှဖြစ်တော့မည်ဟု ဆုံးဖြတ်လိုက်ပြီး အိုက်မောင်းခြေအစုံကို ကိုင်လှုပ်၍ နှိုးလိုက်သည်။

"အိုက်မောင်း. . အိုက်မောင်း. . ထ. . ထစမ်းပါဦး၊ ဟော့ကောင်. . အိုက်မောင်း"

"ဟော. . ဟင်. . ဟူး. . "

အိုက်မောင်းက အသံပေးပြီး တစ်ဖက်သို့စောင်းကာ ဆက်အိပ်နေပြန်သည်။ ခမ်းလိတ် စိတ်မရှည်တော့. . ၊ အိုက်မောင်း ခြေသလုံးကို တဖြန်းဖြန်းရိုက်ပြီး ဆက်နှိုးသည်။ အသားနာတော့မှ အိုက်မောင်း လူးလဲထပြီး မျက်ချေးနှိုက်သေးသည်။

"ဟော့ကောင် ဘာဖြစ်တာလဲ"

"မသိဘူး၊ ခြင်ထောင်တွေ ပြုတ်ကျနေတယ်၊ မီးခလုတ်ကလည်း သူ့ဘာသာ ဖွင့်လိုက်ပိတ်လိုက်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!. ."

ခမ်းလိတ်စကားကြောင့် အိုက်မောင်းလည်း ကုတင်ပေါ်မှ ဆင်းပြီး ခမ်းလိတ်နှင့် ကျောချင်းကပ်ကာ အခြေအနေကို စူးစမ်းလေ့လာ၏။ ထိုသို့ ယောင်ဝါးဝါးနှင့် အထိတ်တလန့် ဖြစ်နေစဉ် အခန်းမီးက တစ်ချက်ချက်အသံပေးကာ လင်းလိုက်မှိတ်လိုက် ပြန်လင်းလာလိုက် ပြန်မှိတ်သွားလိုက်နှင့် ဖွင့်ချီမှိတ်ချီ ဖြစ်လာ၏။ ထိုအဖြစ်ကြောင့် နှစ်ယောက်သား မတိုင်ပင်ရဘဲ အလန့်တကြား အော်ဟစ်ကြတော့သည်။

"အောင်မလေး!. . သရဲ. . သရဲ"

"သရဲခြောက်တယ်ဗျို့. . လာကြပါဦး"

ငယ်သံပါအောင် အော်ဟစ်လိုက်သည်မို့ အိပ်နေသူအားလုံး ဝရုန်းသုန်းကားနှင့် ထလာကြ၏။ အိုက်ခမ်း၊ အိုက်လွယ်နှင့် စိုင်းမောက်တို့ ကုတင်အသီးသီးမှ ခုန်ဆင်းလာကာ. .

"ဘာ. . ဘာလဲ ဘာဖြစ်တာလဲ"

"သရဲ. . သရဲခြောက်တယ်"

ထိုအချိန်မှာ မီးက ညိမ်ပြီးလင်းနေ၏။ ခမ်းလိတ်တို့ ဘယ်လိုရှင်းပြရမှန်း မသိတော့။

"ဘယ်လို ခြောက်တာလဲ"

"ခြင်ထောင်တွေ အကုန်ပြုတ်ကျနေတယ်၊ မီးက အလိုလို ဖွင့်လိုက်ပိတ်လိုက် ဖြစ်နေတယ်"

"ဟုတ်လို့လားကွာ၊ အခု မီးက ငြိမ်နေတာပဲဟာ"

သူတို့တွေ မယုံသင်္ကာနှင့် မေးမြန်းစူးစမ်းနေချိန်တွင်. . အပေါ်ထပ်မှ ခွန်မှိုင်းလည်း အပြေးအလွှား ရောက်ရှိလာသည်။



www.burmeseclassic.com

www.burmeseclassic.com


"ဘာတွေဖြစ်နေကြတာလဲ"

"သရဲခြောက်လို့"

"ဟင်!. . "

ခွန်မိုင်း မေးမြန်းစူးစမ်းနေစဉ်မှာပင် မီးက ဖွင့်လိုက်ပွင့်လိုက် အဆက်မပြတ်ဖြစ်လာပြန်သည်။ အားလုံး အထိတ်တလန့် ဖြစ်နေကြ၏။ ထိုမှ့သာမက အိပ်ခန်းတံခါးကလည်း တဝုန်းဝုန်းအသံပေးကာ ဖွင့်လိုက်ပိတ်လိုက် ဖြစ်လာပြန်သည်။ ဒီတစ်ခါတော့ အားလုံး မျက်မြင်မို့ သရဲခြောက်ခံရခြင်းကို ချွင်းချက်မရှိ လက်ခံလိုက်ကြရ၏။

ထိုခြောက်လှန့်မှုဖြစ်စဉ်က ငါးမိနစ်ခန့် ဆက်တိုက်ဖြစ်ပေါ်ပြီးနောက် ပြန်လည်ငြိမ်သက်သွားသည်။ အားကောင်းစွာ ထွန်းလင်းနေပြီဖြစ်သည့် မီးရောင်အောက်တွင် သက်ရှိသက်မဲ့အားလုံး ငြိမ်သက်နေ၏။ စတင်လှုပ်ရှားလာသူက ခွန်မိုင်းဖြစ်သည်။ အခန်းတွင်း ထူးခြားမှုရှိမရှိ ခဏစောင့်ကြည့်ပြီး. . .

"အိုက်ခမ်း. . ဒါ မင်းလက်ချက် မဟုတ်လား"

"ဗျာ!. . ဟာ. . မဟုတ်ဘူး၊ ကျွန်တော် ဘာမှမသိဘူး၊ ဘာမှမလုပ်ဘူး. . ."

"မင်းမလုပ်ရင် ဘယ်သူလုပ်မှာလဲ၊ မင်းပဲ ဒါမျိုးတွေ လုပ်တတ်တာ"

"ကိုခွန်မိုင်း. . ယတိပြတ်ကြီး မတရားမစွပ်စွဲနဲ့၊ ကျွန်တော်မှုးပြီး အိပ်ပျော်နေတာ အော်သံဟစ်သံကြားမှ နိုးလာတာ"

မဟုတ်ဘဲ စွပ်စွဲခံရသည့်အတွက် ဒေါသဖြစ်နေသည့် အိုက်ခမ်းက လေသံမာမာနှင့် ပြန်ပြောသည်။ အချင်းချင်း စကားများကုန်မှာစိုး၍ အိုက်လွယ်က ကြားဝင်သည်။


www.burmeseclassic.com

www.burmeseclassic.com



"အိုက်ခမ်း မလုပ်ဘူးဆိုရင်လည်း ပြီးရော၊ ဒီကိစ္စ ဘယ်သူအရင် စသိလဲ၊ ဘယ်လိုတွေ ဖြစ်သလဲဆိုတာပြော"

"ခြင်ထောင်ကြိုးတွေ ပြတ်ကျနေတာ၊ အဲဒါကို ကျွန်တော် မသိသေးဘူး၊ ကုတင်အောက်ကို ဆွဲချခံရမှ လန့်နိုးလာတာ၊ အဲဒီအထိ ဘာမှမဖြစ်သေးဘူး၊ ကြိုးတွေ ပြန်ချည်ဖို့လုပ်တော့မှ မီးတွေ ငွင့်လိုက်ပိတ်လိုက် စလုပ်တာ"

"ဟုတ်တယ်၊ အဲဒီမှာ ခမ်းလိတ်က ငါ့ကိုနှိုးတယ်၊ ငါလည်း နိုးရော ပွဲကြမ်းတော့တာပဲ"

အိုက်မောင်းကလည်း ဝင်ရောက်ထောက်ခံပြောဆိုသည်။ ခွန်မိုင်း အသံနည်းနည်း ပျော့ပြောင်းသွား၏။

"ဒါဆို အိမ်ဌားတုန်းက ကြားခဲ့ရတဲ့ အခြောက်အလှန့်ရှိတယ်ဆိုတာ တကယ်ဖြစ်နေပြီပေါ့"

"တို့တွေ ဟိုမှာလုပ်ခဲ့သလို မေတ္တာပို့ကြည့်ရင်ကော"

"အေး. . ဟုတ်တယ်၊ အဲဒါကောင်းတယ်"

သူတို့တွေ အိပ်ခန်းထဲမှထွက်ကာ ယာယီဘုရားစင်မှ ပုံတော်ရှေ့တွင် ဝိုင်းထိုင်ကာ မမြင်ရသည့် အမျိုးအမည်မသိ ပုဂ္ဂိုလ်အား ဝိုင်းဝန်းမေတ္တာပို့ကြသည်။ သုံးခေါက်လောက် မေတ္တာပို့အပြီးတွင် ထင်မှတ်မထားတာတွေ ဖြစ်လာ၏။ အခန်းထဲက ပရိဘောဂပစ္စည်းတွေ အလိုလိုရွေ့လျားလာကြသည်။ ကျွန်းဆက်တီတွေ၊ ကုလားထိုင်လေးတွေ ဟိုနေရာရောက်လိုက် ဒီနေရာရောက်လိုက် ဖြစ်လာသည်။

ပြီးတော့ အိုက်ခမ်းတို့ အိပ်ခန်းထဲက ခြင်ထောင်၊ စောင်နှင့် ခေါင်းအုံးတွေ အလိုလို ပျံဝဲလာကာ သူတို့နားသို့ တဖုတ်ဖုတ်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ပြုတ်ကျလာကြ၏။ မေတ္တာပို့ပြီးမှ ဆက်တိုက်ခြောက်လှန့်မှုတွေ ဖြစ်လာသည်မို့ ပိုပြီးထိတ်လန့်တုန်လှုပ်နေကြ၏။

"သူ့. . သူတို့တွေ မေတ္တာပို့တာ မကြိုက်ဘူးထင်တယ်"

အိုက်မောင်းက သတိပေးသဖြင့် ကြောက်ကြောက်နှင့် မရပ်မနားမေတ္တာပို့တာကို ရပ်လိုက်ကြသည်။ အိုက်မောင်း ပြောတာပဲ မှန်သလား၊ တိုက်ဆိုင်တာပဲလားတော့ မပြောတတ်၊ အခန်းထဲ လှုပ်ရှားနေသည့် အရာဝတ္ထုတွေ လုံးဝရပ်တန့်သွားသည်။ အားလုံး ငြိမ်သက်သွားသလို ဘာသံမှလည်း မကြားရတော့။ ငြိမ်သက်သွားမှုကို ခဏလောက် စောင့်ကြည့်ပြီးနောက်. . .

"အိုက်ခမ်း မင်းခေါ်ထားတာဆိုရင် ပြန်ပို့လိုက်ပါကွာ. .၊ ဒီလိုပုံစံကြီးနဲ့တော့ နေလို့ဖြစ်မှာ မဟုတ်ဘူး"

"ကိုခွန်မှိုင်း ခင်ဗျားလွန်နေပြီနော်၊ ကျုပ် မလုပ်ပါဘူးလို့ ဘယ်နှခါပြောရမှာလဲ"

"ဒီနေ့ည ထမင်းဝိုင်းမှာ မင်းပဲ ခေါ်လိုက်ရမလား ဘာညာနဲ့ ပြောခဲ့တာလေ"

"အဲဒါ နောက်တာဗျ၊ ကျုပ်မူးပြီး အိပ်ပျော်သွားတာ အားလုံးသိတယ်"

သရဲကြောင့် အချင်းချင်း စိတ်ဝမ်းကွဲကာ အကျယ်အကျယ် မငြိမ်းဘွယ် ဖြစ်နေကြ၏။

"ကဲပါကွာ သူ မလုပ်တာ ဟုတ်မှာပါ၊ ဒီမှာလည်း အခံသရဲတွေ ရှိနေတယ်လို့ ပတ်ဝန်းကျင်က ပြောကြတယ်မဟုတ်လား၊ မြေနိုင်တာက ခမ်းလိတ်က. . ဒီမှာနေတာ နှစ်ပါတ်ရှိပြီ ခြောက်သည်းမ ခြောက်ဘူးလို့ ပြောတာနဲ့ ကျောင်းမှန်းကန်မှန်းသိအောင် အစွမ်း



www.burmeseclassic.com

www.burmeseclassic.com



ပြတာ ဖြစ်လိမ့်မယ်"

အိုက်လွယ်၏ ဖြောင်းဖြစကားကြောင့် အခြေအတင် ဆက်မဖြစ်တော့သော်လည်း အိုက်ခမ်းရင်ထဲ ခွန်မှိုင်းအပေါ် မကျေနပ်မှုတွေက ပိုတိုးလာသည်။ သူ့နှလုံးသားထဲမှာ အငြိုးအတေး ဆူးတွေ တစ်ချောင်းပြီးတစ်ချောင်း ပေါက်လာသည်။ ဒါကို ခွန်မှိုင်း သတိမပြုမိ။ အခြေအနေ ငြိမ်သက်သွား၍ မရဲတရဲထပြီး ခေါင်းအုံးတွေစောင်တွေ ကောက်သိမ်းကြစဉ် သူတို့အားလုံး တဖြောင်းဖြောင်းနှင့် နရင်းရိုက်တာ ခံလိုက်ကြရ၏။

"ဖောင်း!. . ဖောင်း!. . ဖောင်း!"

"အား!. . အီး!. . အောင်မလေးဗျ!. ."

ကိုယ်ထိလက်ရောက် ရိုက်နှက်ခြောက်လှန့်တာ ခံလိုက်ရ၍ သွေးအေးသွားသော အကြောက်တရားတွေ ပြန်နိုးထလာသည်။ တစ်ယောက်နှင့်တစ်ယောက် ကျောချင်းကပ်ပြီး လက်ချင်းချိတ်ထားရသည်။ သို့သော် ထူးထူးခြားခြား ဘာမှထပ်မဖြစ်ခဲ့။ ထိုညက သူတို့အားလုံး မအိပ်ရဲဘဲ ငုတ်တုပ်မှေးရင်းနှင့်သာ မိုးလင်းခဲ့တော့သည်။

ဌ ဌ ဌ ဌ



www.burmeseclassic.com

www.burmeseclassic.com



**နောက်**ပိုင်းတွင်လည်း ခြောက်လှန့်မှုတွေက ညစဉ်ဆိုသလို ဆက်တိုက်ဖြစ်လာခဲ့သည်။ အမဲသား ချက်စားမိသည့်နေ့က အဆိုးဆုံးဖြစ်၏။ အိုက်ခမ်းက အမဲသားသည်ကို ဈေးသို့ ဆိုက်ကားနှင့် ပို့ပေးရာမှ အမဲအူကြမ်းနှင့် ကလီစာ အနည်းငယ်ရလာသည်။ ဒါကို အိမ်ပြန်ပို့ပေးပြီး အိုက်ခမ်းဆိုက်ကားနင်းဖို့ ပြန်ထွက်သွားသည်။ ၎င်းအမဲသားစိမ်းများကို စိုင်းမောက်နှင့် အိုက်လွယ်တို့ ဆေးကြောသန့်စင်ပြီး ချက်ပြုတ်ဖို့ ပြင်ဆင်ကြသည်။

အမဲသားဆိုတော့ အညှီနံ့နိုင်အောင် မဆလာနှင့် ဟင်းခတ်အမွှေးအကြိုင် စုံလင်အောင်ထည့်ဖို့လိုအပ်၍ ဆေးကြောပြီး ဒန်အိုးထဲထည့်ထားခဲ့ကြ၏။ ပြီးတော့ မဆလာစုံဝယ်ဖို့ ဈေးဝယ်ထွက်သည်။ ပြန်လာတော့ အူကြမ်းတွေသာ တွေ့ရပြီး ကလီစာတွေက ပျောက်ချင်းမလှ ပျောက်နေ၏။ အိမ်အနှံ့ လိုက်ရှာတော့လည်း ဘယ်မှာမှမတွေ့။ ကြွက်ဆွဲတာလား ခွေးဝင်စားသွားတာလား မရေ

www.burmeseclassic.com



မရာတွေးပြီး ကျန်တာကိုပဲ ချက်ပြုတ်ထားလိုက်၏။

ညဘက် လူစုံ၍ ထမင်းဝိုင်းပြင်တော့မှ အိုက်ခမ်းက အရက်နှင့် မြည်းဖို့ အမဲကလီစာတောင်းသည်။ ထိုအခါမှ ကလီစာတွဲပျောက်သည့်ကိစ္စကို အားလုံးသိကြရ၏။ သို့လောသို့လော အငြင်းပွားရင်း ထမင်းစားဖို့ ပြင်သည်။ အမဲအူကြမ်းဟင်းကို ဇလုံကြီးနှင့် ထည့်ပြီး စားပွဲအလယ်မှာ ချထားလေသည်။

ထမင်းခူးပြီး ဟင်းခပ်မည့်အခိုက်မှာမှ ဇလုံထဲ ဘာမှမရှိတော့တာကို သိလိုက်ကြရသည်။ အားလုံးရှေ့မှာ ဟင်းတွေ အလိုလိုပျောက်ဆုံးသွားသည်မို့ ထိတ်ထိတ်ပြာပြာ ဖြစ်ကုန်ကြ၏။ အိုက်လွယ်တ ပွဲကြမ်းသည့်သရဲကို အရွဲ့တိုက်ပြီး အိုးလိုက်မ၍ လက်ကျန်ဟင်းတို ထမင်းပန်းကန်တွေထဲ ခပ်ထည့်ဖို့ ပြင်ဆင်သည်။ ထိုအချိန်မှာပင် အိုက်လွယ်လက်ထဲမှ ဟင်းအိုးလုယူခံလိုက်ရသည်။

"ဟာ!. ."

ဘယ်သူလုယူသလဲဆိုတာ အကောင်အထည် မမြင်ရသော်လည်း အိုးကြီး လေထဲလွင့်နေတာတော့ အားလုံးမြင်တွေ့နေရ၍ အကြောက်လွန်နေကြ၏။ အထဲက အမဲဟင်းလျာတွေ ကုန်သွားမှ ခန်အိုးကြီး ပြုတ်ကျလာသည်။

"ဂလုံ!. . ဝွမ်!. ."

"သောက်ပလုတ်တုတ်!. ."

ထိုအဖြစ်ကြောင့် ညစာကို ဟင်းဝယ်စားလိုက်ကြရသည်။ အသားဟင်းကိုစားဖို့ အားလုံး လက်တွန့်ကုန်ကြ၏။ ၎င်းအဖြစ်နှင့်ဆက်သက်ပြီး အိမ်ခံသရဲအကြောင်း ပတ်ဝန်းကျင်မှာ စုံမေးမြန်းကြရာ. . . ထိုကိစ္စကို သိမှီခဲ့သူများက အိန္ဒိယနွယ်ဖွား ခရစ်ယာန်

www.burmeseclassic.com



များ နေထိုင်သွားကြကြောင်းနှင့် အိမ်ရှင် မစ္စတာအေဂျေဂုပ္ပတား မှာ စိတ်ဖောက်ပြန်ပြီး ကြိုးဆွဲချ သတ်သေသွားကြောင်းတို့ကို သိလာရသည်။

ခရစ်ယာန်သရဲမို့ မေတ္တာပို့တာကို မနှစ်သက်ဘဲ ပွဲကြမ်းခြင်း ဖြစ်နိုင်ကြောင်းလည်း သိခဲ့ရ၏။ ခွန်မှိုင်းမှာ သရဲကိစ္စ ဖြေရှင်းဖို့ ကြံစည်ရ၊ အလုပ်အကိုင် အခွင့်အလမ်း ရှာဖွေရနှင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေရှာသည်။

အိုက်ခမ်းလည်း သရဲခြောက်တာကို အကြောင်းပြပြီး ည ဘက် အိမ်မကပ်တော့၊ ညဘက်ပါ ဆိုက်ကားနင်းမည်ဆိုပြီး ထွက် ထွက်သွားသည်။ တကယ်တော့ ခွေးမြီးကောက် ကျည်တောက်စွပ် ဆိုသလို လောင်းကစားဝါသနာ ခေါင်းထောင်လာခြင်းသာ ဖြစ်၏။ ဆိုက်ကားလေးနင်းလိုက်၊ အရင်းရလာလျှင် မသာအိမ်လှည့် ဖဲရိုက် လိုက်နှင့် ဖြစ်ချင်တိုင်းဖြစ်နေတော့သည်။

ထိုအတောအတွင်းမှာ ခွန်မှိုင်း စင်သီယာနှင့် ဆုံတွေ့ခဲ့ခြင်း ဖြစ်သည်။ စင်သီယာက ကုန်စျေးတန်းလမ်းတွင် ဘယဆေးကုန် ကြမ်း အမယ်စုံကို အင်နှင့်အားနှင့် ဒိုင်ဖွင့်ရောင်းချနေသူ ဖြစ်သည်။ မဂိုသွေးစပ်သဖြင့် အသားဖြူဖြူ ကိုယ်လုံးကိုယ်ပေါက်တောင့် တောင့် အလှပိုင်ရှင်တစ်ယောက် ဖြစ်သည်။

တစ်လမ်းထဲနေကြသူများ ဖြစ်သော်လည်း မြင်ဖူးတွေ့ဖူး၊ မျက်မှန်းတန်းရုံလောက်သာ ရှိကြသည့်အနေအထားမှ တစ်ဆင့် တက်ရန် အကြောင်းဖန်လာ၏။ ထိုနေ့က စင်သီယာ ဘယဆေး ဆိုင်သို့အလာ ဗိုက်ပူဘတ်စ်ကားပေါ်မှအဆင်းတွင် ကျော်ထဲက လက်ပွေ့အိတ်ကို အလစ်သုတ်သမားက ဆွဲယူထွက်ပြေးလေရာ. .

www.burmeseclassic.com

www.burmeseclassic.com



အပြင်ထွက်လာသော ခွန်မှိုင်းနှင့် အလစ်သမားတို့ ပက်ပင်းဆုံလေသည်။

စင်သီယာနှင့်တကွ ထိုအဖြစ်ကိုမြင်လိုက်သူများက လှမ်းအော်သတိပေးမှုကြောင့် ခွန်မှိုင်းက အလစ်သမားကို တားဆီးရာ အလစ်သမားက ဓါးမောင်းချထုတ်ပြီး အကြမ်းဖက်၏။ ခွန်မှိုင်းညာလက်မောင်းတွင် ဓားဒဏ်ရာရသွားသော်လည်း အလျှော့မပေးဘဲ လုံးထွေးသတ်ပုတ်ပြီး လက်ပွေ့အိတ်ကို အမိအရ ပြန်လုယူခဲ့သည်။ အထိနာသွားသော အလစ်သမားအား လမ်းသားများက ဝိုင်းဖမ်းလိုက်ကြ၏။ လက်မောင်းဒဏ်ရာမှသွေးတွေ စို့ရွှဲလျက်နှင့် ခွန်မှိုင်းက စင်သီယာ့ထံ လက်ပွေ့အိတ်ကို ပြန်အပ်နိုင်ခဲ့သည်။

ထို့အတွက် ကျေးဇူးတင်မဆုံးဖြစ်နေသည့် စင်သီယာမှာ ခွန်မှိုင်းထံသို့ ရွှေလမ်းငွေလမ်းဖောက်ထားသလို ရောက်လာတော့၏။ ဆရာဝန်ပင့်ပြီး လက်မှဒဏ်ရာသက်သာသည်အထိ အကုန်အကျခံ တာဝန်ယူ ပြုစုပေးသည်။ ထိုသို့စတင်ခဲ့သည့် ရင်းနှီးခင်မင်မှုက . . ခွန်မှိုင်းကောင်းစားမည့် လမ်းမပေါ်သို့ ရောက်ရှိခဲ့ခြင်းဆိုလျှင်လည်း မမှား။ လက်ဒဏ်ရာ လုံးဝပျောက်ကင်းသွားချိန်မှာ သူတို့ခင်မင်မှုက နက်နက်ရှိုင်းရှိုင်း ဖြစ်နေခဲ့ပြီ။

"ကိုခွန်မှိုင်းတို့အခန်းက သရဲခြောက်တယ်လို့ နာမည်ကြီးထယ်နော် အဲဒါဟုတ်တ်လား"

"ဟုတ်တယ် စင်သီယာ တကယ်ခြောက်တာ၊ ဒါပေမယ့်ဒူတိုဒုက္ခမပေးဘူး. . ကြာလာတော့လည်း ရိုးတောင်ရိုးသွားပြီ၊ ပြီးတော့ သရဲက ခရစ်ယာန်သရဲတဲ့"

"ဟယ်. . ဒါဆို ဗမာလို ပရိတ်ရွတ် မေတ္တာပို့လို့ အဆင်ပြေ


www.burmeseclassic.com

www.burmeseclassic.com



ရဲ့လား"

"သေချာတော့မသိဘူး၊ ကျုပ်တို့တွေ မေတ္တာပို့ရင် ပိုကြမ်းပြတယ်"

ခွန်မှိုင်းနှင့်သာမက ထိုအိမ်မှ ရှမ်းခြောက်ယောက်လုံးနှင့် စင်သီယာ ရင်းနှီးခင်မင်နေပြီ ဖြစ်သည်။ အိုက်လွယ်၊ စိုင်းမောက်နှင့် ခမ်းလိတ်တို့ပြောပြသည့် သရဲခြောက်သည့် အတွေ့အကြုံကို စင်သီယာ အံ့ဩတုန်လှုပ်စွာ နားထောင်သည်။

"ဟယ်. . ဟုတ်လား၊ စင်သီယာသာဆို နေရာမှာတင် အသက်ထွက်သွားမှာ ဒီလို သရဲရှိတဲ့နေရာမှာ မနေရဲပေါင်၊ အင်း. . ဒီလိုလုပ်ပါလား၊ စင်သီယာ့မိဘတွေရဲ့မိတ်ဆွေ သိက္ခာတော်ရ ခရစ်ယာန် ဘုန်းတော်တစ်ပါးရှိတယ်. . စိန်ပေါလ်ချပ်က. .၊ သူ့ကို ခေါ်ပြကြည့်ရင် ကောင်းမလား. ."

"အင်း. . အဲဒီအကြံ မဆိုးဘူး၊ သူ့ဘာသာ သူ့ဘုန်းကြီးနဲ့ ဆိုတော့ ပိုအဆင်ပြေတာပေါ့. . လုပ်ကြည့်ချင်တယ်"

စင်သီယာက သရဲမှုရေးရာတွင်သာမက လူမှုရေးရာ စီးပွားရေးရာတို့ကိုပါ ကူညီစောင်မလာသည်။ တိုင်းရင်းဆေး၊ ဘယဆေးအမယ်များ လက်လီရောင်းချဖို့ အကြံပေးပြီး ခေါက်ပြန်ကြေးနှင့် လုပ်ငန်းစလို့ရအောင် ကူညီမည်ဟု ဆိုလာ၏။ စီးပွားရှာလိုသော ခွန်မှိုင်းအတွက်တော့ ရေငတ်တုန်း ရေတွင်းထဲကျသည့်ကိန်း ဆိုက်ခြင်းပင် ဖြစ်တော့၏။

ခေါက်ပြန်ကြေး အခွင့်အရေးထိယူဖို့ အားနာလှ၍ဖြင့် ငွေကြိုပေးကာ လုပ်ငန်းစခဲ့သည်။ တောင်နံ့ကြီး၊ နံ့သာဖြူ၊ နံ့သာနီ၊ ဇာဒိဖိုလ်၊ နွယ်ချို၊ သိန္ဓော၊ ဇဝက်သာ၊ ဆားပုပ်၊ စမုံနက်၊ ဖာလာ၊

www.burmeseclassic.com

www.burmeseclassic.com



ပိတ်ချင်းသီး၊ လေးညှင်း၊ တောရှောက်မြစ်၊ ဘုမ္မရာဇာကအစ
ယောက်သွား၊ ခရုခွံ စသည့် တိုင်းရင်းဘယဆေး အမယ်စုံကို ဆိုင်
ဖွင့်ရောင်းချနိုင်သည်အထိ အကူအညီပေး၏။

နေရာကလည်း ဘယဈေးတန်းလို ဖြစ်နေ၍ တစ်လအ
တွင်းမှာပင် ဖောက်သည်များရပြီး အလုပ်ဖြစ်လာသည်။ သားချင်း
တစ်စုလည်း မနားရအောင် အလုပ်ရသွား၏။ အိုက်ခမ်းကိုလည်း
ဆိုက်ကားမနင်းခိုင်းတော့ဘဲ အရောင်းအဝယ်ကိုသာ အာရုံစိုက်
စေခဲ့သည်။

အိုက်ခမ်းက သွက်လက်သလို ဉာဏ်ကောင်း၏။ ခွန်မှိုင်း
ကလွဲလျှင် ဘယဆေးအကြောင်း အကျွမ်းကျင်ဆုံး အသိဆုံးလူ
ဖြစ်လာသည်။ ရည်မှန်းချက်ကြီးသော ခွန်မှိုင်းက အခွင့်အရေးရခိုက်
စမိသည့်အလုပ်နှင့် ဆက်နွယ်သည့် တိုင်းရင်းဆေးကျမ်းများကို
ထဲထဲဝင်ဝင် လေ့လာရုံမကပဲ၊ အဘိဓမ္မာတောင်သာ တိုင်းရင်းဆေး
ဆရာဖြစ်သင်တန်းကိုပါ တက်လိုက်သေးသည်။

ဆိုင်ဖွင့်ပြီး နှစ်လခန့်အကြာတွင် တစ်လ အမြတ်ငွေ စဝင်
လာ၏။ ထိုအချိန်တွင် စင်သီယာက မမေ့မလျော့ဘဲ သိက္ခာတော်ရ
ဆရာတော် ဖာသာလမုန်ကို ပင့်လာသည်။ ဒီတိုက်အိုကြီးတွင် အ
ခြေချပြီး သုံးလေးလကာလအတွင်း ဆိုးဆိုးဝါးဝါး ခြောက်လှန့်မှုတွေ
မရှိခဲ့သော်လည်း ပစ္စည်းတွေရွေ့၊ တံခါးတွေ,မီးတွေ အဖွင့်အပိတ်
လုပ်၊ ခြေသံ,ညည်းသံ ပေးတာလောက်ကတော့ အမြဲလို ကြားရ၏။

အခန့်မသင့်သည့် အခါများတွင် ဖုန်းခနဲ,အုန်းခနဲ ပိတ်
ရိုက်တာလောက်က အကြမ်းတမ်းဆုံး ဖြစ်သည်။ လုပ်ငန်းတည်မြဲပြီ
အမြတ်အစွန်း ရလာချိန်မှာ ဒီနေရာကခွာဖို့ဆိုတာ ဘယ်လိုမှ မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်၍ အောင့်အည်းသည်းခံ သတ္တိမွေးပြီး ဆက်လက်နေထိုင်ခဲ့ရခြင်း ဖြစ်သည်။

ဖာသာလမုန် ကြွလာတော့ တရိုတသေ နေရာပေးပြီး ဧည့်ခံကျွေးမွေးသည်။ ဖာသာက အနေအထားသိရအောင် တစ်အိမ်လုံး လှည့်ပတ်လေ့လာ စူးစမ်း၏။ ဘာသာတိုင်းမှာ ပရလောက ရှိသည်ဟု ယုံကြည်ကြသည့်အတိုင်း ခရစ်ယာန်ဘာသာမှာလည်း သူ့ဓလေ့နှင့်သူ သရဲနှင်ခြင်း ကောင်းချီးပေးခြင်း စသည့်လုပ်ဆောင်ချက်များ ရှိနေကြ၏။ ကျေနပ်လောက်အောင် အကဲခတ်ပြီးနောက်. . .

"ဟုတ်တယ်. . မကောင်းဆိုးဝါး ရှိနေတာတော့ သေချာတယ်"

"ဒါဆိုရင်တော့ ကယ်တင်ပေးပါ ဖာသာ"

ဖာသာနှင့် တပည့်တစ်ဦးက သမ္မာကျမ်းစာအုပ်ကိုဖွင့်ကာ သက်ဆိုင်ရာ အခန်းကို ဖတ်ကြားကာ အမိန့်ပြန်သည်။ သရဲခေါ်တာ နှင်တာတွေကို အလွန်စိတ်ဝင်စားသည့် အိုက်ခမ်းအတွက်တော့ ပွဲကြီးပွဲကောင်းပင်ဖြစ်၏။ သူ့နည်းနှင့်သူတော့ အသုံးတည့်သည်သာ ဖြစ်သည်။

ဖာသာတို့ ရွတ်ဖတ်နေစဉ်မှာပင် မခံရပ်နိုင်သလို နာနာကျင်ကျင် အော်ဟစ်ညည်းညူသံတွေ ထွက်ပေါ်လာ၏။ မျက်နှာမှာ သွေးမရှိတော့လောက်အောင် ကြောက်လန့်နေရှာသည့် စင်သီယာမှာ ခွန်မှိုင်းလက်မောင်းကို အားကိုးတကြီး ဆုပ်ကိုင်ထားရှာသည်။

ဖာသာတို့က သမ္မာကျမ်းစာ ဖတ်ကြားအမိန့်ပြန်ပြီးနောက် ထူးထူးဆန်းဆန်း ပုလင်းလေးနှင့်ထည့်ထားသည့် အရည်များနှင့် အိမ်အနှံ့ လိုက်ဖြန်းပက်ကြသည်။ ဒါကို စင်သီယာက ခရစ်ယာန်



www.burmeseclassic.com

www.burmeseclassic.com



ဘာသာဝင်တို့ အသုံးပြုသည့် ပရိတ်ရေတစ်မျိုး ဖြစ်သည်ဟု အနီးစပ်ဆုံး ဘာသာပြန်ပြ၏။ ညည်းညူသံကြီး ပိုမိုကျယ်လောင်လာတာက ထိုပရိတ်ရေ၏အစွမ်းပင် ဖြစ်လိမ့်မည်ထင်သည်။

ဖာသာများ ပရိတ်ရေ ဖြန်းသူဖြန်း လက်ဝတ်ကပ်တိုင် ဆွဲကြိုးပြနှင့် ပြုလုပ်နေခိုက် အခန်းတွင်းရှိ ပစ္စည်းများ လျှောင်လှုပ်သလို လှုပ်လာတာ မြင်တွေ့ရသည်။ ဘာသာခြားသရဲက သူ့ဘာသာဝင် ဘုန်းတော်ကြီးများ၏ အစွမ်းကိုတော့ လေးစားကြောက်ရွံ့ပုံရ၏။

ထိုစဉ် ဖာသာတို့နောက်မှ ကပ်လိုက်သွားသည့် အိုက်ခမ်းထံမှ 'အောင်မလေး သေပါပြီဗျ'ဟု အော်ဟစ်သံ ထွက်လာကာ ဗိုင်းခနဲ မှောက်လျက်လဲကျသွား၏။ ဖာသာတို့မှာ အရေးကြီးအဆင့် ရောက်နေပြီဖြစ်၍ အိုက်ခမ်းအား လှည့်မကြည့်နိုင်အား၊ သူတို့အလုပ်သူတို့ အာရုံစိုက် ဆက်လုပ်ဆောင်နေကြ၏။

အိုက်ခမ်းအား စိုင်းမောက်နှင့် အိုက်လွယ်တို့ ဖေးမပြုစုနေ၍ ခွန်မှိုင်းလည်း ဖာသာတို့ နောက်သို့သာ ဆက်လိုက်လာခဲ့၏။

တိုက်အောက်ထပ် နောက်ဖက်နံရံအရောက်တွင် အထူးအဆန်းဖြစ်ရပ်ကို ပက်ပင်းမြင်တွေ့လိုက်ရတော့သည်။

နံရံပေါင်းတွင် စီထားသည့် အုတ်ချပ်များမှာ မီးပြင်းတိုက်ခံရသလို နီရဲလာကာ အငွေ့တထောင်းထောင်း ထနေ၏။ နီရဲပြီး အငွေ့ထွက်နေသည့် နေရာက လူသဏ္ဍာန် ဖြစ်ပေါ်နေတာက ပို၍ ထူးဆန်း၏။ စင်သီယာလည်း ကြည့်ရင်း ကြောက်လွန်းလှသဖြင့် ခွန်မှိုင်းရင်ခွင်ထဲ အတင်းတိုးဝင်နေ၍ ခွန်မှိုင်းလည်း မရဲတရဲနှင့် ပြန်ဖက်ထားရသည်။

သရဲကြောင့် ရင်တုန်ရသလို စင်သီယာ့ကြောင့် ရင်ခုန်ရ



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ခွန်မှိုင်းအာရုံတွေ လွင့်ပျံလို့နေ၏။ ရေစင်ဖြန်းခြင်း လက်ဝါးကပ်တိုင်ပြ၍ အမိန့်ပြန်ခြင်းတို့ကို ခံနိုင်ရည်မရှိတော့ဟန်နှင့် ကျယ်လောင်စွာ အော်ဟစ်ပြီးနောက် အုတ်နံရံမှ လူသဏ္ဍာန်အရိပ် ပျောက်ကွယ်သွားတော့သည်။

ထိုအရိပ် ပျောက်သွားသည်နှင့် ငလျင်လှုပ်သလို တုန်ခါနေသော ပစ္စည်းများလည်း ငြိမ်သက်သွားတာကို အံ့အားသင့်ဖွယ်ရာ မြင်တွေ့ကြရသည်။ ဖာသာနှစ်ပါးလည်း ခြေကုန်လက်ပန်းကျသွားသလို ခြေပစ်လက်ပစ် ထိုင်ချလိုက်ကြ၏။ ထိုအဖြစ်ကြောင့် ခွန်မှိုင်းလည်း ဖာသာတို့ကို ထိုင်ရှိခိုးရတော့မလိုလို ခါးညွတ်ဂါရဝပြုရတော့မလိုလို ဝေခွဲမရ ဖြစ်နေရှာသည်။ ထိုစဉ် အိုက်ခမ်းအွား တွဲခေါ်လာကြ၍ ခွန်မှိုင်း အာရုံပြောင်းသွား၏။

"ဒီ. . ဒီမှာ ကြည့်ကြပါဦးဗျာ"

အိုက်လွယ်က အိုက်ခမ်းအင်္ကျီကိုလှန်၍ ကျောကုန်းမှ ဒဏ်ရာကို ပြသည်။ ဖာသာများနှင့်တကွ ထိုဒဏ်ရာကို မြင်ရသူအပေါင်း ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။ အိုက်ခမ်း၏ ညာဘက်လက်ပြင်အောက်တွင် အနီရောင် လက်ဝါးရာကြီးတစ်ခု အထင်းသားပေါ်နေသောကြောင့်ပင် ဖြစ်၏။

"ကဲ. . ကိုယ်တော် မကောင်းဆိုးဝါးရဲ့ အဆိပ်ကို ထုတ်ပစ်လိုက်ပါဦး"

ဖာသာလမုန် ခိုင်းစေ၍ လက်ထောက်ကိုယ်တော်က အိုက်ခမ်း၏ ကျောပြင်မှ သရဲလက်ဝါးရာကြီးကို လက်ဝတ်ကပ်တိုင်နှင့် ထိကပ်ထားလိုက်သည်။ အိုက်ခမ်းမှာ မခံစားနိုင်တော့၍လား မပြောတတ်၊ မေ့မျောလဲကျမလို ဖြစ်သွားသည်မို့ ဘေးကလူတွေ အချိန်မီ



www.burmeseclassic.com

www.burmeseclassic.com



တွဲထားလိုက်ကြရသည်။

နီညိုရောင် လက်ဝါးရာကြီးမှာ အရောင်အမျိုးမျိုး ပြော
သွားရင်း တဖြည်းဖြည်း ဖျော့တော့မှေးမှိန်ကာ ပျောက်ကွယ်သွ
တော့၏။ ထိုအခါမှ အိုက်ခမ်းလည်း ခေါင်းထောင်နိုင်တော့သည
ပယောဂအားလုံးကို နှိမ်နင်းဖယ်ရှားပေး၍ ကျေးဇူးတင်လွန်း
သဖြင့် ခွန်မှိုင်းက နှစ်ခြင်းအသင်းတော် ပရဟိတလုပ်ငန်းများ
တွက် အလှူငွေ လှူဒါန်းလိုက်သည်။

ရက်ရောသော အလှူဒါနအတွက် ဖာသာ ကောင်းချီး
ပြီး ပြန်ကြွသွား၏။ ထိုနေ့မှစပြီး ခွန်မှိုင်းတို့လည်း အနှောင့်အယှ
အခြောက်အလှန့် ကင်းစွာဖြင့် နေထိုင်ခွင့် ရသွားခဲ့ကြလေသည



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

အခြေအနေ အေးဆေးတည်ငြိမ်ကာ စီးပွားဖြစ်လာသည့်နောက်တွင် တိုင်းရင်းဆေးဆရာဖြစ် လက်မှတ်ရခဲ့သော ခွန်မှိုင်းလည်း အမြင်ကျယ်လာကာ ဆေးသုံးမျိုးလောက် ကိုယ်ပိုင်ထုတ်လုပ်ရောင်းချဖို့ အကောင်အထည် ဖော်လေတော့၏။ ဆေးနမူနာဖော်ခြင်း၊ ပုလင်းပုံစံ၊ တံဆိပ်နာမည်နှင့် မှတ်ပုံတင်ခြင်း၊ ဈေးကွက်လေ့လာခြင်းတို့ကို နေ့ရောညပါ အာရုံစိုက် လုပ်ဆောင်နေချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဘယဆေးကုန်ကြမ်းအရောင်းဆိုင်ကို အိုက်ခမ်းနှင့်သာ လွှဲထားခဲ့၏။

စီးပွားရေးလုပ်ငန်းတစ်ခုလုံး သူ့ခြေသူ့လက် ဖြစ်လာချိန်မှာ အိုက်ခမ်း ဗွေဖောက်လာသည်။ ပိုက်ဆံကိုလည်း တသက်လုံး မမြင်ဘူးသည့် အတိုင်းအတာ ပမာဏအထိ မြင်တွေ့နေရသောအခါ လောင်းကစားဖက် အာရုံပြန်ရောက်သွားသည်။ ညနေ ဆိုင်ပိတ်သည်နှင့် အိုက်ခမ်းပျောက်သွားတော့သည်။

အပျော်အပါးအသင်းစုံ၍ အမြင်ကျယ်ပြီး ငွေပေါ်နေသည့် အိုက်ခမ်းမှာ ဖဲလောက်နှင့် မတင်းတိမ်တော့၊ လေးကောင်ဂျင်ဘက် ပါ ရောက်သွားလေတော့၏။ လောင်းကစားသမားဘဝ ပိန်လိုက် ဖောင်းလိုက်နှင့် ခွန်မှိုင်း၏ငွေတွေ စာရင်းကိုက်အောင် မနည်းကြိုး စားနေရသည်။ ခွန်မှိုင်းကတော့ မအားရှာ၊ ဆေးတွေဖော်စပ်, ထုတ် လုပ်ဖြန့်ချိ, ငွေသိမ်းနှင့် အပြင်အလုပ်တွေက များနေ၏။

ကလောသို့လည်း တစ်လ စာတစ်စောင်လောက်သာ ရေး နိုင်သည်။ နန်းတို့သားအမိကို ရန်ကုန်လိုက်ခဲ့ဖို့ ခေါ်သော်လည်း မလာတတ်ကြောင်း နေလို့လည်း တတ်မှာမဟုတ်ကြောင်းသာ စာ ပြန်၏။ သို့နှင့် ခွန်မှိုင်းက သူဌေးဖြစ်ပြီး တိုက်နှင့်ကားနှင့် နေနိုင် တော့မှပဲ သွားခေါ်တော့မည်ဟုသာ ဆုံးဖြတ်ထားလိုက်တော့သည်။

နောက်ပိုင်းတွင် အိုက်ခမ်းကိုသာ မင်းမရှိးဆီ စာရေးလိုက် ပါဦးဟု လွှဲထားခဲ့၏။ ဒီကြားထဲတွင် လုပ်ငန်းချင်း ဆက်နွယ်နေသ ဖြင့် စင်သီယာနှင့် နေ့တိုင်းလို ဆုံတွေ့ကာ ရင်နှီးကျွမ်းဝင်မှုတ ပို၍နက်ရှိုင်းလာ၏။ သို့သော် ခွန်မှိုင်းစိတ်က နန်းနှင့် အာအုံလေး ထံမှာသာ စွဲနစ်စွာ ရှိနေသည်။ စီးပွားရေးအရ ကျေးဇူးရှင်ဖြစ်နေ၍ စင်သီယာ့အား အလေးပေး ဆက်ဆံသော်လည်း စင်သီယာ့အနေ



www.burmeseclassic.com

www.burmeseclassic.com



အထိုင်နှင့် လူမှုရေးကို သဘောမကျ၊ အားနာ၍ မမေးသော်လည်း ဝန်းကျင်မှာ ပြန့်နေသော စကားများအရ၊ စင်သီယာမှာ တစ်ခုလပ် လိုလို . . ကုလားသူဌေးကြီးတစ်ယောက်၏ မယားငယ်လိုလို ဖြစ်နေကြောင်း ကြားသိနေရသည်။

ထိုသို့နေလာရင်း တစ်ရက်တွင် ဝင်ငွေထွက်ငွေ စာရင်းစစ်ရာမှ အိုက်ခမ်း၏ အလွဲသုံးစားလုပ်မှုကို သိရပြီး ပြဿနာတက်ကြသည်။ နင်ပဲငဆ ပြောဆိုကြိမ်းမောင်းပြီး ပြင်းထန်စွာ သတိပေးခဲ့၏။ ထိုမှုမှမက ငွေကိုင်အဖြစ် အိုက်လွယ်နှင့် စိုင်းမောက်ကို ပြောင်းလဲတာဝန်ပေးလိုက်သောအခါ အိုက်ခမ်း စားပေါက်ပိတ်သွားသည်။

သို့သော် လုပ်ငန်းကျွမ်းကျင်မှုအပိုင်းတွင် အိုက်ခမ်းကိုဘယ်သူမှ မယှဉ်နိုင်သဖြင့် မြွေပွေးခါးပိုက်ပိုက်ထားသလိုမျိုး ကြီးကြပ်ရေးမှူးအဖြစ် ဆက်ခန့်ထားရသည်။ ငွေမကိုင်ရတော့သဖြင့် အခက်အခဲမျိုးစုံ ကြုံလာရသော အိုက်ခမ်းအတွက်တော့ ခွန်မှိုင်းအပေါ် အငြိုးအတေး ပိုကြီးသွားကာ အမုန်းဆုံးတစ်ချောင်း ထပ်တိုးလာတော့၏။ ဂျင်ကို မကစားရမနေနိုင်ဖြစ်နေသော အိုက်ခမ်း ရှုံးပွဲများလာပြီး ကြွေးတင်ကာ ပြဿနာတက်လာသည်။

ကြံရာမရဖြစ်ပြီး မရိုးဖြစ်သူထံ ကိုခွန်မှိုင်း လုပ်ငန်းချဲ့ထွင်ရင်းနှီးဖို့ ငွေအနည်းငယ်လိုအပ်သဖြင့် ခြံလေးတစ်ကွက်လောက်ခွဲရောင်းပြီး ပိုက်ဆံပို့ပေးပါဟု လိမ်လည်စာရေး၏။ ဆွေနီးမျိုးစပ်များဖြစ်၍ နန်းနောင့်ကလည်း ယုံကြည်ပြီး ထုခွဲရောင်းချကာ ငွေလှမ်းပို့သည်။ အရေးကြီးအကြောင်းအရာများ ပါဝင်သည့် နန်းနောင့်ရေးသော စာများကိုတော့ ခွန်မှိုင်းမဖတ်ရအောင် ဖျောက်ဖျက်ပစ်သည်။ မယုံသင်္ကာဖြစ်နေသည့် ခွန်မှိုင်းကလည်း ငွေစာရင်း



www.burmeseclassic.com

www.burmeseclassic.com



သာမက ဆေးပစ္စည်း၊ ကုန်စာရင်းကိုပါ မကြာခဏစစ်ဆေးရာ အိုက်ခမ်း ပို၍အကြပ်တွေ့လာသည်။

မကျေနပ်ချက်တွေ စုပေါင်းပြီး လောဘတက်တက် မိုက်တွင်းနက်နက် စိတ်နှင့် ခွန်မှိုင်းကို အပြတ်ရှင်း၍ လုပ်ငန်းနှင့် မရီးကိုပါ အပိုင်သိမ်းရန် အိုက်ခမ်း အကြံထုတ်နေတော့သည်။

ဤသို့နှင့် ရန်ကုန်ရောက်ပြီး နှစ်နှစ်ကျော် သုံးနှစ်ပြည့်ခါနီး အချိန်တွင် စီးပွားအတော်ဖြစ်နေသည့် ခွန်မှိုင်းက ကလောပြန်ပြီး မိသားစုကိုခေါ်ဖို့ အစီအစဉ် ဆွဲလာသည်။

မဟုတ်တရုတ် အကြောင်းပြပြီး သုံးကြိမ်တိတိ ခြံရောင်းခိုင်းကာ ငွေလိမ်တောင်းခဲ့သော အိုက်ခမ်းအတွက် ကံဆိုးမိုးမှောင်ကျသည့်ကာလ ဖြစ်လာ၏။ ခွန်မှိုင်းသာ ကလောပြန်ရောက်ပြီး မရီးနှင့် မျက်နှာချင်းဆိုင်လိုက်လျှင် သူ့ဘဝပျက်ဖို့ အချိန်ရောက်သွားမည် ဖြစ်သည်။

ခွန်မှိုင်း အမြန်ပြန်ချင်နေတာက နေမကောင်း၍ ပြန်လာခဲ့ပါဟု ရေးလိုက်သော မရီး၏ စာကြောင့်ပင် ဖြစ်သည်။ ခွန်မှိုင်း ကလောမပြန်ခင် အပျောက်ရှင်းမှ ဖြစ်တော့မည်မို့ အိုက်ခမ်း ဗျာများနေ၏။ လက်သည်မပေါ်အောင် ဘယ်လိုသတ်ရမှန်း စဉ်းစား မရအောင် ဖြစ်နေသည်။

အိုက်ခမ်း နန်းနောင့်ကို လက်လွှတ်မခံချင်သလို ခွန်မှိုင်းကို အသက်ရှင်ခွင့်ပေးလို့ မဖြစ်သည့်အတွက် အကောင်းဆုံးအကြံကို မနေမနား စဉ်းစားရတော့သည်။

နောက်ဆုံးမှာ ဇကောလောက်မှ ဇောက်မှုက်သည့်အိုက်ခမ်း အကြံကောင်းတစ်ခုကို ရသွားသည်။ ဆေးဆိုင်တိုက်ခန်းကို

www.burmeseclassic.com



မီးရှို့ပစ်ရန် စိတ်ကူးမိခြင်းဖြစ်သည်။ မီးရှို့လျှင် ခွန်မှိုင်းသာမက သားချင်းအားလုံး အသက်ဆုံးနိုင်သော်လည်း ကမ္ဘာမီးလောင် သားတောင်ချွန်းဆိုသလို လောဘမောဟ အမှောင်တိုက်ထဲ ရောက်နေပြီဖြစ်သော အိုက်ခမ်း ထိုကိစ္စကို အကောင်အထည်ဖော်ရန် အစီအစဉ်ဆွဲတော့၏။

ꩤ ꩤ ꩤ ꩤ



www.burmeseclassic.com

www.burmeseclassic.com



**ဖောက်**သည်တစ်ယောက်၏အိမ်တွင် အိုက်ခမ်းက ဘယဆေးလုပ်ငန်းရှင်များအား ခေါ်ယူကာ ပြုစုညှော့ခံနေသည်။ ခွန်မှိုင်း စီးပွားတက်လာခြင်း အထိမ်းအမှတ် ကျွေးမွေးညှော့ခံပွဲဟု ခေါင်းစဉ်တပ်ကာ ထင်တိုင်းကျဲနေကြခြင်းဖြစ်သည်။ သို့သော်. . . ထိုခေါင်းစဉ်က အိုက်ခမ်းအတွက် အလီဘိုင်တစ်ခုသာ ဖြစ်သည်။ စိတ် လွတ်ကိုယ်လွတ် မူးရူးသောက်စားနေကြသူများအားလုံး ဆယ် နာရီလောက်မှာ မှောက်သွားကြ၏။

အိုက်ခမ်း ထိုအချိန်ကို စောင့်နေခြင်း ဖြစ်သည်။ အိုက်ခမ်း အရက်ထဲမှာ ဆေးခတ်ထားခဲ့၏။ သူတို့ နှစ်နာရီလောက်တော့ သတိ လစ်နေလိမ့်မည်။ အိုက်ခမ်း အချိန်မဆိုင်းဘဲ ဆေးဆိုင်သို့ ပြန်လာ ခဲ့သည်။ ဆိုင်မှာ အားလုံးအိပ်ပျော်နေကြပြီဖြစ်၏။ အစစအရာရာ ကြိုတင်စီစဉ်ထားသည့်အတိုင်း ဓာတ်ဆီပုံးယူကာ တိုက်ခန်းနေရာ အနှံ့ လိုက်ဖြန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် စင်သီယာတစ်ယောက် ခွန်မှိုင်းဆေးဆိုင်သို့ ရောက်လာနေ၏။ ခွန်မှိုင်းကို စသိချိန်မှာပင် အိမ်ထောင်သည်မှန်း ရှင်းရှင်းလင်းလင်း သိခဲ့ရသော်လည်း စင်သီယာ သူ့စိတ်သူ မထိန်းနိုင်ခဲ့။ ခွန်မှိုင်း မလွတ်လပ်မှန်း သိသိကြီးနှင့်ပင် စွဲလန်းမြတ်နိုးမိခဲ့၏။ ထို့ကြောင့်လည်း စီးပွားရေးအရ မလုပ်သင့်သည့် အလုပ်ဖြစ်သည့် စင်ပြိုင်အရောင်းဆိုင်ကို ကုန်ကြမ်းတွေ ပံ့အောပေးပြီး ထူထောင်ပေးခဲ့ခြင်း ဖြစ်သည်။

အရမ်းရင်းနှီးလာချိန်မှာလည်း ခွန်မှိုင်း အနေတည်ကြည်တာကြောင့် အလွယ်တကူ ဖြားယောင်း၍မရမှန်း သိလာခဲ့၏။ ဒီအခြေအနေရောက်မှ ကလောပြန်ကာ ဇနီးနှင့်သားကို ခေါ်ယူမည်ဆိုတော့ စင်သီယာ မခံစားနိုင်တော့။ ဒီညတော့ မာယာကုန်သုံးကာ အပြီးအပိုင်သိမ်းပိုက်ပြီး ကလောမပြန်နိုင်အောင်လုပ်မည်ဟု ဆုံးဖြတ်ကာ ထွက်လာခဲ့ခြင်း ဖြစ်၏။

ဆိုင်ရှေ့အရောက်တွင် အထဲဘယ်လိုဝင်ရမှန်းမသိဖြစ်ပြီး ခဏရပ်နေမိသေးသည်။ ဖြစ်ချင်တာဖြစ် အထဲရောက်အောင် ဝင်မည်ဟု ဆုံးဖြတ်ပြီး တံခါးကိုဖွင့်ဖို့ ကြိုးစားလိုက်၏။

"ဟင်!. ."

တံခါးက တွန်းမိသည်နှင့် ပွင့်သွား၍ အံ့သြမိသော်လည်း အထဲသို့ အလွယ်တကူ ဝင်ရောက်နိုင်ခဲ့၍ ဝမ်းသာသွားသည်။ ဒီညတော့ ခွန်မှိုင်းဘေးမှာ ဝင်အိပ်၍ လင်မယားဘဝကို အရောက်လှမ်းတော့မည်ဟုလည်း ဆုံးဖြတ်ချက်ချထား၏။ စင်သီယာ တိုက်ခန်းထဲ အရဲစွန့် ဆက်ဝင်လာစဉ်မှာပင် ထူးထူးခြားခြား အနံ့တစ်ခုကိုရ၏။

"ဟင်!. . ဓါတ်ဆီနံ့ကလည်း မွှန်ထူနေတာပါပဲလား"



www.burmeseclassic.com

www.burmeseclassic.com



ဆေးဆိုင်နှင့် ခါတ်ဆီနံ့ မအပ်စပ်သဖြင့် မသက်သာဖြစ်လာပြီး ထိုအနံ့နောက်သို့ စင်သီယာ လိုက်လာခဲ့သည်။ အိမ်နောက်ဖေး တစ်နေရာအရောက်တွင် ဂါလံပုံးတစ်ပုံး ကိုင်ထားသော လူတစ်ယောက် အထဲကအရည်တွေ ဖြန်းပက်ရင်း နောက်ဆုတ်နောက်ဆုတ်နှင့် ထွက်လာတာ ပက်ပင်းဆုံရ၏။

"ဒါဘာလုပ်နေတာလဲ၊ ရှင်ဘယ်သူလဲ. ."

ရုတ်တရက် အမေးစကားကို ကြားလိုက်ရသဖြင့် အိုက်ခမ်း လက်ထဲမှပုံး လွတ်ကျသွားအောင်ပင် ထိတ်လန့်သွား၏။ မကောင်းမှုတွေလွန်ဖို့ ကြံစည်တာကို မြင်တွေ့သွားတာ ဘယ်သူလဲဆိုတာ သိရအောင် လှည့်ကြည့်လိုက်သည်။

"ဟင်. . စင်. . စင်သီယာ"

"အိုက်ခမ်း. ."

စင်သီယာ အော်ဟစ်အချက်ပေးဖို့ ဟန်ပြင်လိုက်၏။ 'ဟောဒီမှာ. .' ဟု စအော်လိုက်ချိန်မှာပင် အိုက်ခမ်းက ခုန်အုပ်ဖမ်းချုပ်လိုက်၍ နှစ်ယောက်သား လုံးထွေးပြီး လဲကျသွားသည်။ အိုက်ခမ်းက အပေါ်မှ ခွစီးထားသလို ဖြစ်နေခြင်းက စင်သီယာအတွက် ကံဆိုးခြင်းပင် ဖြစ်သည်။

"မအော်နဲ့. . မအော်နဲ့ ကျွန်တော် ဘာမှမလုပ်ဘူး"

"ဝူး. . ဝူး. . အူး. . အား. . ဟော. . ဟော"

စင်သီယာက အတင်းရုန်းကန်ရင်း အော်ဟစ်ဖို့ ကြိုးစားနေသဖြင့် အိုက်ခမ်းလည်း ကြောက်ကန်ကန်ပြီး စင်သီယာ့ လည်ပင်းကို အားကုန်ညှစ်လိုက်မိ၏။ သူ့လုပ်ရပ် လူသိမှာစိုး၍ ထိလန့်တကြား ညှစ်နေမိတာ ဘယ်လောက်ကြာသွားသည်မသိ၊ ရုန်းကန်



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားမှု လုံးဝမရှိတော့မှ ကြောက်ကြောက်နှင့် လက်များကို ဖယ်ရှားလိုက်သည်။

"စင်သီယာ. . စင်သီယာ. ."

လေသံအုပ်အုပ်နှင့် ခေါ်ပြီး စင်သီယာ့အား လှုပ်နှိုးကြည့်၏။ မရတော့. . .။ အိုက်ခမ်း အလန့်တကြားဖြစ်သွားပြီး စင်သီယာ အသက်ရှုမရှု နှလုံးခုန်မခုန် သိရအောင် အသေအချာ စမ်းသပ်စစ်ဆေးကြည့်လိုက်သည်။

"ဟာ!. . သွား. . သွားပါပြီ၊ စင်သီယာ အသက်မရှိတော့ဘူး. . ပြဿနာပဲ"

ထင်မှတ်မထားဘဲ လူသတ်မှု ကျူးလွန်မိ၍ အိုက်ခမ်း ဆောက်တည်ရာမရ ဖြစ်သွား၏။ ဘာဆက်လုပ်ရင် ကောင်းမလဲဆိုတာ အိုက်ခမ်း အပူတပြင်း စဉ်းစားကြည့်သည်။ ဒီအခြေအနေရောက်မှတော့ ဆက်မိုက်ဖို့သာ တွေးလို့ရ၏။ လောလောလတ်လတ် လူတစ်ယောက် သတ်ထားပြီးပြီမို့ လက်ရဲဇက်ရဲဖြစ်နေသည့် အိုက်ခမ်း၏ အတွေးများမှာလည်း မိုက်မိုက်ကမ်းကမ်းပင် ဖြစ်သည်။

စင်သီယာ့အလောင်းကို မနိုင်မနင်း ထမ်းပိုးပြီး ဆေးတွေသိုလှောင်သည့် ရာဝင်အိုးအလွတ်တစ်ခုထဲ ထည့်သည်။ ခွေခေါက်ထိုးကြိတ်ထည့်လိုက်တော့လည်း ရာဝင်အိုးနှင့် ကွက်တိဖြစ်နေ၏။ ပြီးမှ ဆေးကြိတ်သည့် ကျောက်ပြားကြီးနှင့် ဖုံးအုပ်ထားလိုက်သည်။

ဖတ်ဖတ်မောသွားသော အိုက်ခမ်း မနားအားသေး၊ ဆီပုံးကိုကောက်ယူပြီး ကျန်နေသည့် ခါတ်ဆီများအား နေရာအနှံ့ ပက်ဖြန်းသည်။ နောက်ဆုံးအနေနှင့် ယမ်းမီးခြစ်ထုတ်၍ မီးခြစ်ဆံတစ်ချောင်း ထုတ်ယူကာ ခြစ်တော့မှ ခြေတုန်လက်တုန်ဖြစ်ပြီး မီးမ



www.burmeseclassic.com

www.burmeseclassic.com



တောက်ဘဲ ဖြစ်နေ၏။

စိတ်ကို တည်ငြိမ်အောင် စုစည်းရင်း မီးခြစ်ဆံ အသစ်တစ်ချောင်း ထပ်ယူ၍ အသေအချာ ခြစ်လိုက်၏။ ယမ်းမျက်နှာပြင်နှစ်ခု ပွတ်တိုက်မှုကြောင့် ဖြခနဲ အသံမြည်လာ၍ အိုက်ခမ်း တုန်တက်အောင် လန့်သွားသေးသည်။ မီးစွဲနေပြီဖြစ်သည့် မီးခြစ်ဆံလေးကို မာတ်ဆီလောင်းထားသော ကြမ်းပြင်ပေါ်သို့ တောက်၍ လှမ်းပစ်လိုက်ပြီး အားသွန်ပြေးထွက်လာခဲ့၏။ သူ့နောက်မှာ ဝုန်းခနဲ တောက်လောင်နေသည့် မီးတောက်ကြီး ကျန်နေခဲ့သည်။

သူ အပြင်ရောက်တော့လည်း ကံကောင်းထောက်မပြီး လမ်းပေါ်မှာ လူတစ်ယောက်မှ မရှိ၊ အိုက်ခမ်း မှောင်ရိပ်ခိုပြီး တိုက်လှေခါးရင်းတစ်ခုတွင် ပုန်းခိုနေလိုက်သည်။ ဆယ့်ငါးမိနစ်လောက်အကြာမှာ ရုတ်ရုတ်သည်းသည်းအသံတွေ ကြားရ၏။ သူ ထွက်ကြည့်လိုက်တော့ သူ့အသိ ဆိုက်ကားသမားနှစ်ယောက် ပြာပြာသလဲ ဖြစ်နေတာ လှမ်းမြင်ရသည်။ အချိန်ကောင်းဖြစ်၍ အိုက်ခမ်း ဆေးဆိုင်သို့ ပြေးထွက်ခဲ့၏။

"ဟာ!. . အိုက်ခမ်း မင်းတို့ဆိုင် မီးလောင်နေပြီ"

"အေး. . ငါလည်း ဧည့်ခံပွဲက ခုမှပြန်လာတာ ဒုက္ခပါပဲ၊ ဒူန်းရှိတဲ့အိမ် တက်နိုးပြီး မီးသတ်ကို ဖုန်းဆက်ပေးကြပါဦး"

သက်သေရအောင် ချည်ပြီးတုပ်ပြီး စကားတွေပြောကာ ဆိုင်တံခါးကို ဆောင့်ကန်၍ ခုန်ဝင်လိုက်၏။ တိုက်ခန်းထဲမှာ မီးက အတော်အရှိန်ကောင်းနေပြီ ဖြစ်သည်။ ခွန်မှိုင်းနှင့် သူ့ညီအစ်ကိုတွေ ကြီးစားပြီး မီးညှိမ်းသတ်နေတာ တွေ့ရ၏။ သူတို့ မီးကိုနိုင်တော့ မိုးလင်းခါနီးပြီး ဖရိုဖရဲ ပြိုလဲကျနေ၍ အချင်းချင်း မေးမြန်းနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မီးဒဏ်ကို မခံနိုင်တော့သလို မီးခိုးလည်း မွန်လာသဖြင့် အိုက်ခမ်း ပြန်ထွက်လာ၏။

အပြင်မှာ လူဆယ်ယောက်လောက် စုမိပြီး ဝရုန်းသုန်းကား ဖြစ်နေကြပြီ။ တချို့ကလည်း ရရာရေနှင့် လှမ်းပက်နေကြ၏။ ဆိုက်ကားသမားနှစ်ယောက်က. . .

“အထဲမှာ အခြေအနေဘယ်လိုလဲ”

“မလွယ်ဘူး၊ မီးအားအရမ်းကောင်းနေပြီ၊ မသက်စရာတော့ တွေ့တယ်၊ ကိုခွန်မှိုင်း မီးရှို့နေတာဗျ၊ ဒီလူ ရှုးသွားပြီလားမသိဘူး”

သက်သေပေါ် သက်သေဆင့်လို့ရအောင် လီဆယ်စကားတွေ လုပ်ကြံပြောဆိုပြီး ဇာတ်လမ်းထွင်နေစဉ်မှာပင် မီးသတ်ကားတွေ ရောက်လာသည်။ မီးသတ်နှင့် အရပ်သားတွေ ရဲတပ်ဖွဲ့ဝင်တွေ စုပေါင်းပြီး မီးငြိမ်းသတ်ကြ၏။ တိုက်ထဲဝင်ပြီး စွန့်စွန့်စားစား ကယ်ထုတ်ချိန်မှာ ခွန်မှိုင်းတစ်ယောက်သာ အသက်ရှင်လျက် ကယ်နိုင်ခဲ့သည်။ လူနိုင်သောကြောင့် ဘေးအိမ်တွေ မီးမကူးခင် မီးညွန့်ချိုးနိုင်ခဲ့၏။ မနက်လင်းအားကြီးလောက်တွင် မီးကြွင်းမီးကျန်ပါ မကျန်အောင် အပြတ်ရှင်းနိုင်ခဲ့ကြသည်။

ဥပဒေအရ လောလောဆယ် အိမ်ပိုင်ရှင်ဖြစ်နေသော စပ်ခွန်မှိုင်းအား မီးပေါ့ဆမှုနှင့် အရေးယူရန် ဖမ်းဆီးသွားကြ၏။

ရဲနှင့် မီးသတ်ပေါင်းပြီး မီးလောင်မှုအကြောင်းရင်းကို စုံစမ်းစစ်ဆေးသည်။ စတင်သိရှိသူ ဆိုက်ကားသမားနှစ်ယောက်က အဓိက သက်သေတွေဖြစ်၏။ သူတို့နှစ်ယောက် အပြောနှင့်ပင် မီးလောင်ပြီးမှ အိုက်ခမ်းဧည့်ခံပွဲက ပြန်လာတာက အဟာသည်ဖြစ်သွား

www.burmeseclassic.com



သည်။ ရဲတွေက အိုက်ခမ်းအား ထပ်စစ်၏။

"ကျွန်တော် သူတို့ကို မီးသတ်ကို ဖုန်းဆက်ဖို့ပြောပြီး အထဲကို ဝင်သွားပါတယ်၊ အထဲရောက်တော့ ကိုခွန်မှိုင်းက မီးမလောင်သေးတဲ့ နေရာတွေကို ပုံးနဲ့ မာတ်ဆီလိုက်ဖြန်းတာ တွေ့ပါတယ်"

အယုတ်မာဆုံးစကားကို တည်တည်ငြိမ်ငြိမ် ပြောထွက်သည့်အတွက် အိုက်ခမ်း သူ့ကိုယ်သူပင် အံ့ဩမိ၏။

"ဒီလိုလုပ်စရာ အကြောင်းရှိလို့လား"

"အင်း . . သူက ကလောမှာ ကျန်ခဲ့တဲ့မိန်းမကို ကွာရှင်းချင်နေတာ၊ ဒီက ဆေးဆိုင်ပိုင်ရှင် စင်သီယာနဲ့ ငြိနေတာလေ၊ ဒါကို ကျွန်တော်တို့ ညီအစ်ကိုတွေက တားတယ်၊ အဲဒါကို မကျေနပ်တာတော့ ရှိတယ်"

ထိုစကားကလည်း စပ်ခွန်မှိုင်းအတွက် ပိုဆိုးသွားစေသည်။ ထိုစဉ် မီးလောင်ပြင်၌ ရှာဖွေနေသော မီးသတ်သမားတစ်ယောက်က ပိန်ချိုင့်နေသော ဂါလံပုံးတစ်ခုကို ယူလာပြီး . . .

"ဒီမှာ ဓါတ်ဆီပုံးတစ်ခု တွေ့တယ်၊ ရှို့မီးဖြစ်နိုင်တယ် ဆရာ"

ထိုစကားက လတ်တလော စုံစမ်းစစ်ဆေးမှုကို ပြီးပြည့်စုံသွားစေ၏။ အချုပ်ထဲရောက်သွားပြီဖြစ်သည့် ခွန်မှိုင်းသာ အိုက်ခမ်းစကားတွေကိုကြားလျှင် ထသတ်မည်လားမသိ။ အိုက်ခမ်းမှာ ဆေးစစ္စည်းများနှင့် ပရိဘောဂများသာ လောင်ကျွမ်းပြီး အဆောက်အဦးသာ ပုံမပျက်ကျန်ရှိနေသည့် တိုက်အိုကြီးကိုကြည့်ရင်း ရင်ခုန်သံမြန်နေခဲ့၏။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



**စပ**ခွန်မှိုင်းတစ်ယောက်. . မီးရှို့မှု၊ လူလေးယောက် မီးလောင်သေဆုံးစေမှုတို့နှင့် အမှုဖွင့်တရားစွဲဆိုခြင်း ခံနေရသည်။ ထို့အတွက် မချိမခံသာနှင့် ယူကြုံးမရ ဖြစ်နေရှာသည်။ ပိုဆိုးတာက နောက်ထပ် အသက်ရှင်ကျန်ရစ်သည့် အိုက်ခမ်းက သူ့ကို လုံးဝလာမတွေ့ခြင်းပင်ဖြစ်၏။ အပြင်လူ အထောက်အပံ့မရဘဲ နေရသည့် အချုပ်သားတစ်ယောက်ဘဝမှာ ရှေ့နေငှားခွင့်တောင်မရဘဲ အခွင့်အရေးတွေအားလုံး ဆုံးရှုံးနေတော့၏။

အိုက်ခမ်း ခွန်မှိုင်းကို ရင်မဆိုင်ရဲ၍ သွားမတွေ့ခြင်းသာဖြစ်၏။ ထိုမီးလောင်မှုကိစ္စက သတင်းစာများတွင်ပါ ပါလာပြီး ဟိုးလေးတကျော်ဖြစ်သွား၏။ အိုက်ခမ်း နန်းနောင့်ထံ ထိုအဖြစ်ကို စာရေးအကြောင်းကြားခဲ့သည်။ မီးလောင်ဆုံးရှုံးသွား၍ ဘာမှမရှိတော့ကြောင်း ကိုခွန်မှိုင်းအတွက် အမှုစားရိတ် ရှေ့နေစားရိတ်လိုကြောင်း အကြောင်းပြပြီး ပိုက်ဆံပို့ပေးရန်နှင့် ဖြစ်ခဲ့သမျှအားလုံး ခွန်မှိုင်း



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဖောက်ပြန်သွားလို့သာ လုပ်တာဖြစ်ကြောင်း ချဲ့ကားအပြစ်တင် ရေးသားခဲ့သည်။ ခွန်မှိုင်းအတွက် အစစအရာရာ သူလုပ်ပေးမှာ ဖြစ်တဲ့အတွက် ငွေသာလိုအပ်ကြောင်း၊ နေစရာလည်း အဆင်မပြေ တဲ့အတွက် လိုက်လာစရာမလိုကြောင်း လိမ်ညာရေးသားလေသည်။

ကဖော့မှ နန်းနောင့်မှာလည်း အားကိုးစရာ လင်သားထံမှ အထောက်အပံ့မရသည့်အပြင် စိုက်ခင်းတွေ ခွဲခြမ်းစိတ်ဖြာပြီး အလီ လီရောင်းကာ ငွေပို့ပေးနေရသလို. . စိတ်ဆင်းရဲပြီး ကျန်းမာရေး လည်း ဆိုးရွားလာသဖြင့် အရူးမီးဝိုင်းသလို ဖြစ်နေရှာသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၅)

ဘူယဆေးဆိုင် ရှို့မီးသတင်းကို ရန်ကုန်လူထုကလည်း အတော်စိတ်ဝင်စားကြ၏။ ထိုအထဲတွင် L.L.B ဘွဲ့ရပြီးခါစ ရှေ့နေ ပေါက်စမလေး မေဇွန်နိုင်းလည်း တစ်ယောက်အပါအဝင် ဖြစ်သည်။

သတင်းစာထဲတွင် တရားခံ၏ဓါတ်ပုံ မပါသဖြင့်. . ထိုမျှ လောက် ရက်စက်ရဲသောလူမှာ ဘယ်လိုရုပ်ရည်မျိုး ဘယ်လိုစိတ် ဓါတ်မျိုး ရှိသလဲဆိုတာပါ အရမ်းသိချင်နေ၏။ သို့သော် ဖြစ်ချင် တော့ ခွန်မှိုင်းကို ရုံးထုတ်သည့်နေ့က မေဇွန့်အဘိုး အသုဘချမည့်



www.burmeseclassic.com

www.burmeseclassic.com



နေ့ ဖြစ်နေ၍ မီးရှို့လူသတ်သူ စပ်ခွန်မှိုင်းကိုစွအား ခေါင်းထဲတ
ထုတ်ထားလိုက်ရ၏။

ရန်ကုန်ဆေးရုံကြီး ရင်ခွဲရုံမှ ကြံတောသုသာန်သို့ ပို့ဆောင်
သင်္ဂြိုဟ်မည်မို့ မနက်ကတည်းက အလုပ်များနေကြသည်။ ဖခင်ဖြစ်
သူ ဦးအောင်နိုင်း မြို့မခင် စက္ကူယပ်တောင် ငါးဆယ်စည်းသုံးစည်
လာချပေးသည်။ ညီညီညာညာဖြတ်ထားသည့် လက်တစ်ဝါးသာသာ
စက္ကူတစ်ထပ်ကိုလည်း ဖောင်တိန်နှင့်အတူ ချပေးသည်။ ဦးဘိုးနိုင်
အသက်(၇၃)နှစ် ကောင်းမှုဆိုသည့် စာတန်းကိုရေးပြီး ယပ်တောင်
များတွင် ကပ်ရမှာဖြစ်သည်။

သူငယ်ချင်းတစ်စုလည်း လာအားပေးကြသဖြင့်သာ တော်
တော့၏။ သုံးယောက်လောက် ဝိုင်းရေးပြီး နှစ်ယောက်လောက်
ကော်ကပ်လိုက်ကြသဖြင့် တစ်နာရီလောက်နှင့် ပြီးသွား၏။ ဘတ်(စ်)
ကားများနှင့် ဘီအမ်ဟီးနိုးကားငါးစီးတွင် ကပ်ရမည့် စာရွက်များကို
တော့ မင်နှင့်စုတ်တံသုံးပြီး ပန်းချီဝါသနာပါသူ ယောက်ျားလေးတစ်
ယောက်က ဒိုင်ခံရေးပေးသည်။

နေ့ခင်း(၁)နာရီတွင် သင်္ဂြိုဟ်မှာဖြစ်သော်လည်း အိမ်က
(၁၁)နာရီအတိတွင် ဘတ်(စ်)ကားများထွက်မည်။ (၁၀:၄၅)တွင်
ကြေးစည်ရိုက်သံ ပေါ်ထွက်လာ၏။ အဘိုးသေလျှင် မြေးပျော်သည်
ဆိုစကားရှိသော်လည်း မေဇွန်မပျော်ပါ။ နံရံထက်မှ အဘိုး၏ ဓါတ်ပုံ
ကြီးကိုကြည့်ရင်း မျက်ရည်ပင် စို့လာသည်။

"သမီး. . ရက်လည်တရားနာဖို့ အဘိုးရဲ့ဝိညာဉ်ကို သမီး
ပြန်ခေါ်လာရမှာနော်"

"ရှင်!. . ဝိညာဉ်ခေါ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မခက်ပါဘူးသမီးရယ်၊ ကြံတောရောက်ရင် အဘိုးအခေါင်း ပေါ်က ပန်းတစ်ပွင့်ကို ကောင်းကောင်းကိုင်ပြီး အိမ်ကို ယူလာရုံပဲ၊ တစ်ခုတော့ရှိတယ် လမ်းမှာ ဘယ်သူနဲ့မှ စကားမပြောရဘူး"

"ရှင်!. . ဖြစ်. . ဖြစ်ပါ့မလား ဖေဖေရယ်၊ သမီး မလုပ်ရဲဘူး"

"မလုပ်လို့မရဘူးသမီး၊ ဆွေမျိုးရင်းချာဆိုလို့ ဒါပဲရှိတာလေ"

ဟုတ်တော့လည်း ဟုတ်သည်။ အဖေက မုဆိုးဖိုဖြစ်၍ မေဌွန်းမှာ အမေမရှိသလို မွေးချင်းလည်းမရှိ၊ သူငယ်ချင်းနှင့် အရပ်ထဲက လူငယ်တွေသာ လာ၍ကူညီနေကြခြင်း ဖြစ်၏။ ဘာပဲပြော ပြော အဘိုး၏ဝိညာဉ်ကို ပြန်ခေါ်ခဲ့ရမည့်ကိစ္စကို ဆောင်ရွက်ဖို့ မေဌွန်း မဝံ့မရဲဖြစ်နေတာ အမှန်ပင် ဖြစ်သည်။

ဒီလိုနှင့် အသုဘပို့ယာဉ်တန်း ရပ်ကွက်ထဲမှ စထွက်လာ၏။ လပဘာပြင် ဗိုလ်ချုပ်ဈေးရှေ့တည့်တည့်မှာ ဆေးရုံကြီး၏ ရေခဲတိုက် ရှိသည်။ ထိုနေရာသို့ အရင်လာကြရ၏။ အဘိုး၏ အလောင်းကို ထုတ်ပြီး ကျောက်ကုတင်ပေါ်မှာ ပြင်ဆင်ပေးထားသည်။ အလောင်း တိုကြည့် အခေါင်းထဲထည့်ပြီး ဦးပန်းချာ၏ အခပေး နိဗ္ဗာန်ယာဉ်နှင့် ကြံတောသင်္ချိုင်းသို့ ခရီးဆက်ကြရသည်။

ကြံတောရောက်မှ သရဏဂုံတင်ပြီး မီးသဂြိုဟ်ဖို့ ဆောင် ရွက်ကြရသည်။ သဂြိုဟ်စက် ပို့ခါနီးမှာ အခေါင်းပေါ်တင်ထားသည့် ပန်းအိုးထဲမှ နှင်းဆီတစ်ပွင့် မေဌွန်းလက်ထဲ ရောက်လာ၏။ မေဌွန်း ထိုပန်းကို မျက်စိမျက်နှာပျက်စွာနှင့် ကိုင်ပြီး တစ်ကိုယ်လုံး တုန်နေ အောင်ပင် ကြက်သီးထလာသည်။

"အဖေ ရက်လည်တရားနာဖို့. . အိမ်ကို ခဏပြန်လိုက်ခဲ့ဦး နော်"



www.burmeseclassic.com

www.burmeseclassic.com



အဖေက ထိုစကားပြောပြီး အဘိုး၏ဝိညာဉ် ခိုနားနေသည့် နှင်းဆီပန်းအား သူ့လက်ထဲ ထည့်ခဲ့ခြင်းမို့ မေဇွန်မကြောက်ဘဲ မနေ နိုင်အောင် ဖြစ်နေ၏။ သံတံခါးပိတ်ထားသည့် မီးစက်ခန်းထဲ အဘိုး ရောက်သွားသောအခါ လူသားတစ်ယောက်၏ဇာတ်လမ်းက နိဂုံး ကမ္ဘာတ် အဆုံးသတ်သွားတော့သည်။

မေဇွန် နှင်းဆီပန်းကိုကိုင်ကာ ကားပေါ်ပြန်တက်ခဲ့၏၊ အသုဘလိုက်ပါပို့ဆောင်ကြသူတွေလည်း တဖွဲဖွဲနှင့် ကားပေါ်ပြန် ရောက်လာကြသည်။ မေဇွန့်သူငယ်ချင်းတစ်ယောက် ကားပေါ်တက် လာရင်း ပန်းတစ်ပွင့်ကိုင်ပြီး မျက်နှာငယ်လေး ဖြစ်နေသည့် မေဇွန် ကိုတွေ့တော့ မနေနိုင်မထိုင်နိုင် စကားစ့သည်။

"ဟယ် . . မေဇွန်၊ ပန်းလေးလှလိုက်တာ ဘာလုပ်ဖို့လဲ"

မေးလျှင်ဖြေရသည့် လူမှုဆက်ဆံရေး အလေ့အထကြောင့် မေဇွန် လွတ်ခနဲ ပြန်ဖြေလိုက်သည်။

"ဒါ အဘိုးကို တရားနာဖို့ ပြန်ခေါ်လာတာဟ့"

ထိုအချိန်ထိ မေဇွန် သတိမပြုမိသေး။ ရှေ့ခုံတွင် ထိုင်နေ သည့် အဖေက လှည့်ကြည့်ပြီး သူ့ကို မျက်လုံးပြူးပြသည်။ မျက်နှာ ကလည်း ဒေါသကြောင့် သုန်မှုန်နေ၏။

"အဖေကလည်း ဘာလို့ သမီးကို မျက်လုံးပြူးပြနေတာလဲ"

ထိုအခါ အဖေက လုံးဝသည်းမခံနိုင်တော့ဟန်နှင့် ထရပ်ပြီး မေဇွန့်ခေါင်းကို နှစ်ချက်ဆင့်ခေါက်ရင်း. .

"နင့်ကို စကားမပြောနဲ့လို့ မှာထားတယ် မဟုတ်လား၊ ဟဲ ဟာ. . ကဲဟာ"

"ဟယ် . . ကန်တော့. . ကန်တော့၊ သမီးယောင်သွားလို့"



www.burmeseclassic.com

www.burmeseclassic.com



မေဇွန် အရိုက်ခံရတော့မှ သူ့တာဝန်သူ သတိရကာ လွှတ်ခနဲ ပြန်ပြောမိပြန်သည်။ အဖေ ပို၍ဒေါပွသွားပြီး သူ့လက်ထဲက လက်ကိုင်ပုဝါကို မေဇွန့်ပါးစပ်ထဲ အတင်းထိုးထည့်တော့၏။

"တိုက်ထား. . လုံးဝစကားမပြောနဲ့"

ထိုသို့ ဒေါနှင့်မောနှင့် ပြောဆိုနေစဉ်မှာပင် ဦးအောင်နိုင်း ပုဆိုးက လျှောခနဲ ကျွတ်ကျသွားသည်။ ဇင်ပိတ်သား ဘောင်းဘီတို အပြာရောင် ပေါ်လာအောင် ကျွတ်ကျသွားတာဖြစ်၍ မြင်တွေ့သူ အပေါင်း မအောင့်နိုင်ဘဲ ဟားတိုက်ရယ်လိုက်ကြသည်။ တကယ် တော့ ကျွတ်ကျသွားတာမဟုတ်၊ ချွတ်ချခံလိုက်ရခြင်းသာ ဖြစ်သည်။

"ဟော့. . ငါ့ပုဆိုး ဘယ်သူဆွဲချွတ်တာလဲကွ"

ဦးအောင်နိုင်း အပြောကြောင့် ရယ်သံတွေ ထပ်ထွက်လာ၏။ ဦးအောင်နိုင်း ရှက်ရှက်နှင့် ဘာမှမပြောတော့ဘဲ ပုဆိုးပြန်ဝတ်ပြီး ထိုင်ချလိုက်သည်။ စိတ်ထဲမှာတော့ စနောင့်စနင်း။ ဆောင့်ဆွဲချွတ် ချခံလိုက်ရတာကို သိသူဆို၍ သူတစ်ယောက်ထဲသာရှိ၏။

"ဘယ်သူဆွဲချွတ်တာလဲ အဖေများလား"

ဇဝေဇဝါ အတွေးများနှင့်ပင် အိမ်ပြန်ခရီး စခဲ့သည်။ မေဇွန် လည်း အဖေ့လက်ကိုင်ပုဝါကို လျှာနှင့်ထိုးထုတ်ပြီး စကားမပြော ဖြစ်အောင် ထိန်းနေလေ၏။ ကိုယ့်လက်ပူမှ ပူမှန်းသိတတ်ကြသည့် လူ့သဘာဝအရ အသုဘရှင်များကလွဲ၍ ကျန်ပုဂ္ဂိုလ်များမှာ ပျော်ပွဲ စား ထွက်လာသလိုလို ဘုရားဖူးက ပြန်လာတာလိုလိုနှင့် ပျော်ရွှင်ဆူ ညံစွာ တစ်ယောက်တစ်ပေါက် ပြောဆိုလာကြသည်။

စကားမပြောရဟု ကန့်သတ်ခံထားရ၍လား မသိ၊ စကား ပြောချင်စိတ်က ကလိကလိ ဖြစ်နေရှာသည့် မေဇွန်မှာ အိုးမြန်မြန်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောက်ပါစေဟုသာ ဆုတောင်းနေရတော့၏။

ဒီလိုနှင့် ကားတွေ ရပ်ကွက်ထဲပြန်ဝင်လာခဲ့ပြီ။ အသုဘတို
လိုက်ပါလာသူ တစ်ယောက်က. . .

"ဟဲ့!. . ဟဲ့!. . မေဇွန်၊ ငါ ဒီမှာပဲ ဆင်းတော့မယ်၊ ကားရပ်
ခိုင်းလို့ ရမလား"

"အဲဒါ ဒရိုင်ဘာကို ပြောလေ"

အမှတ်တမဲ့ ပြန်ဖြေပြီးမှ မေဇွန် သတိရပြီး ပါးစပ်ကို လက်
နှင့်အုပ်ထားလိုက်ရသည်။ အဖေကလည်း လှည့်ကြည့်သည်မို့ မေဇွန်
ခေါင်းငုံ့ထားလိုက်၏။ စိတ်ကျဉ်းကြပ် ထိတ်လန့်လွန်းသဖြင့် လက်
ထဲကပန်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားမိသည်။ နောက်ထပ်
ဆယ်မိနစ်လောက်ကြာမှ အိမ်ပြန်ရောက်၏။

ဘာမှမဟုတ်ဘဲနှင့် လူတွေ ကားပေါ်က ဝရုန်းသုန်ကား
ထိုးဆင်းကြသည်။ မေဇွန်လည်း တိုးတိုးခွေ့ခွေ့နှင့်ပင် ကားပေါ်မှ
ဆင်းခဲ့၏။ အဖေက သူ့ကိုဆွဲခေါ်သွားကာ အိမ်ထဲတန်းဝင်သည်။
အသုဘ မပို့ခင်ကတည်းက ပြင်ဆင်ထားသည့် စားပွဲပုလေးပေါ်တွင်
အဘိုးဓာတ်ပုံတစ်ပုံနှင့် ဖန်ခွက်တစ်ခွက် ရှိနေသည်။ ထိုဖန်ခွက်ထဲ
တွင် ရေရှိ၏. . ။

"ပန်းကို ဒီဖန်ခွက်ထဲ ထည့်လိုက်သမီး"

"ဟုတ်ကဲ့. . ဟင်!. . "

ဖန်ခွက်ထဲ စိုက်လိုက်တော့မှ ရိုးတံသာကျန်ပြီး ပန်းပွင့်ပါ
မလာတော့တာ သိလိုက်ရ၏။

"ဟင်!. . နင်. . နင် ဘယ်လိုလုပ်လိုက်တာလဲ၊ ဘယ်မလဲ
ပန်း"

www.burmeseclassic.com



"မ. . မသိ. . မသိဘူး ဖေဖေ၊ သမီးလည်း သေချာကိုင်ကြည့်လာတာပဲဟာ"

"သေချာကိုင်လာရင် ပါလာရမှာပေါ့၊ နင်ဟာလေ ဘာလုပ်လုပ် နမော်နမဲ့နဲ့၊ အသုံးကို မကျဘူး၊ ဘယ်ကိစ္စမှ စိတ်မချရဘူး"

"သမီး သေချာကိုင်လာတာပါ၊ ပန်းက သူ့ဟာသူ ကြွေကျသွားတာ ဖြစ်မှာပေါ့"

"တောက်!. . ဒီကိစ္စက မှားသွားလို့ဆိုပြီး ပြန်လုပ်လို့ရတဲ့ကိစ္စ မဟုတ်ဘူး၊ နင် နမော်နမဲ့နိုင်တာ အကြောင်းမဟုတ်ဘူး၊ အခုနင့်အဖိုး တရားနာဖို့ အိမ်ကိုပါမလာတော့ဘူး၊ အဲဒါ ဘယ်လိုလုပ်မလဲ ဟင်. . နင့်အဘိုး ဘဝမကူးနိုင်ရင် နင်ဘာပြန်လုပ်ပေးမလဲ"

အဖေ့ဒေါသတွေက ယမ်းပုံပေါ် မီးကျသလို ပြင်းထန်စွာပေါက်ကွဲထွက်နေသည်။ မေဇွန်လည်း ကိုယ့်အပြစ်နှင့်ကိုယ်ဆိုတော့ဘာမှပြန်မပြောဝံ့။ ဦးအောင်နိုင်းသာ ဒေါသကျည်ဆံတွေနှင့် တရစပ် ပစ်ခတ်နေ၏။

"မေဇွန်ရေ ဒီပန်းလေးက နင်ယူလာတဲ့ ပန်းလေးမဟုတ်လား၊ ကားပေါ်ကရတာ"

"ဟယ်!. . ဟုတ်တယ်. . ဟုတ်တယ်၊ ပေး. . ပေး. . ဖေဖေ. . ရပြီ၊ ပန်းပြန်ရပြီ"

မေဇွန်က ရိုးတံနှင့် ပြန်ဆက်လို့ မရတော့သည့်ပန်းကို ရိုးတံနှင့် ဖန်ခွက်အနားသားပေါ် မှေးတင်ထားလိုက်သည်။

"တကယ်ဆို မကြွေမလွင့် အကောင်းအတိုင်း ယူလာရမှာ၊ မေဇွန် နင်ဟာလေ ကံကောင်းလို့ ရှေ့နေစာမေးပွဲ အောင်ပေးယံ့ နင့်အဘိုး မျှော်မှန်းသလို အောင်မြင်ကျော်ကြားတဲ့ရှေ့နေတော့



www.burmeseclassic.com

www.burmeseclassic.com



လုံးဝဖြစ်မှာ မဟုတ်ဘူး. . သိလား၊ နမော်နမဲ့ရှေ့နေ ဘယ်သူမှ မငှားတဲ့ ရှေ့နေပဲ ဖြစ်မှာ"

"ဖေဖေ အဲဒါတော့ လွန်နေပြီနော်"

"အပြောမခံချင်ရင် လူအထင်ကြီးအောင်နေပြလေ. . . အောင်မြင်အောင် လုပ်ပြလေ"

အဖေ့ဒေါသတွေက မပြေနိုင် မကျေနိုင်သေး၊ ပေါက်ပေါက်ဖောက်သလို မနားတမ်း ပြောဆိုနေသည်။ ထိုစဉ် ဦးအောင်နိုင်း ဝိုက်စိုက်ဝိုက်စိုက်နှင့် ဟပ်ထိုးလဲမတတ် ဖြစ်သွားသည်။ ဦးအောင်နိုင်းမှာ သူ့ဂုတ်ပိုးသူပွတ်ပြီး နောက်သို့ တအံ့တဩ လှည့်ကြည့်၏။ အခန်းထဲမှာ တခြားလူပိုမရှိ။ သူ့ကို ဘယ်သူရိုက်လို့ ရိုက်မှန်းမသိ။ ဖြစ်နိုင်ခြေရှိတာက အဘိုး၏အသည်းကျော် မေဇွန်နဲ့ကို ဆူပူကြိမ်းမောင်းနေ၍ အဘိုးဖြစ်သူ ဦးဘိုးနိုင်က သတိပေးတာ ဖြစ်မည်။ ထိုသို့တွေးမိပြီး ဦးအောင်နိုင်း ပို၍မကျေမနပ်ဖြစ်သွားသည်။

"ဒီမယ် မေဇွန်၊ နင့်ကို ဖူးဖူးမှုတ်ထားခဲ့တဲ့ နင့်အဘိုးလည်း မရှိတော့ဘူးနော်၊ သူ့မြေးကိုများ အထင်တွေ ကြီးလိုက်ရတာ၊ နင် ဘယ်တော့မှ အောင်မြင်မှာ မဟုတ်ဘူး. . သိလား"

"ဖောင်း!. . ခွပ်!!. ."

"အောင်မလေး!. . သေပါပြီ. . အား!. . ကျွတ်ကျွတ်"

ဦးအောင်နိုင်း စကားအဆုံးမှာပင် မျက်နှာကျက်မှ မီးလုံးတခေါင်းပေါ်ပြုတ်ကျလာကာ ခွပ်ခနဲ ကွဲသွားသည်။ ပြုတ်ကျစရာအကြောင်း လုံးဝမရှိသည့် မီးလုံးပြုတ်ကျလာသည့် ဖြစ်ရပ်ကြောင့် ဦးအောင်နိုင်း အနည်းငယ် ထိတ်လန့်သွား၏။ သိပ်မနာသော်လည်း စပ်ဖျဉ်းဖျဉ်းဖြစ်သွား၍ ဦးအောင်နိုင်း သူ့ခေါင်းသူပွတ်ကာ ဖန်ကွဲစ


www.burmeseclassic.com

www.burmeseclassic.com

များကို ဖယ်ရှားရ၏။

"ဖေဖေသတိထားနော် သမီးကိုဆူရင် အဘိုးကမကြိုက်ဘူး"

ဖြစ်လာသမျှ ဆက်စပ်တွေးကြည့်တော့မှ ကားပေါ်မှာ ပုဆိုးဆွဲချွတ်တာလည်း အဖေပဲဖြစ်လိမ့်မည်ဟု ဦးအောင်နိုင်း သဘောပေါက်သွား၏။ တမလွန်ရောက် အဘိုးက ကိုယ့်သမီးကိုယ် ဆုံးမတာကို ဝင်ရောက်စွက်ဖက်နေ၍ ဦးအောင်နိုင်းမှာ ကြောက်လည်းကြောက် မကျေမနပ်လည်းဖြစ်နှင့် ဆက်လက်ကြိမ်းမောင်း လိုက်သည်။

"နင့်အဘိုးအားကိုးနဲ့ ကလန်ကဆန် လာမလုပ်နဲ့နော်. . မဖွန်၊ ငါပြောတာ မခံနိုင်ရင် အောင်မြင်အောင် လက်တွေ့လုပ်ပြလေ. . ကဲ"

"လုပ်မယ်လုပ်မယ် အားလုံးအံ့အားသွားအောင်ကို လုပ်ပြမယ်၊ ဘယ်သူမှ မလိုက်ချင်တဲ့ မီးရှို့လူသတ်တဲ့အမှုမှာ တရားခံ ရှာနေလုပ်ပြီး အမှုနိုင်အောင်ကို လုပ်ပြလိုက်မယ်"

"လုပ်. . လုပ်. . အဖြစ်ရှိအောင်လုပ်"

ထိုသို့ အပြန်အလှန် ပြောနေကြစဉ်မှာပင် စားပွဲပုလေး ပေါ်မှ ဦးဘိုးနိုင်၏ဓါတ်ပုံက အလိုလို ပြုတ်ကျသွားသည်။ မဖွန့်ကို ဆူပူတာ ဘယ်လိုမှလက်မခံကြောင်း လှုပ်ရှားမှုအမျိုးမျိုး လုပ်ဆောင် ပြနေသည့်အတွက် ဦးအောင်နိုင်း လုံးဝပါးစပ်ပိတ်သွားတော့သည်။ မဖွန်လည်း အမှုတစ်ခု မဖြစ်မနေလိုက်ပြီး လူရာဝင်ကြောင်း ပြသ ရတော့မည်ဟု ဆုံးဖြတ်ချက် ချလိုက်လေတော့၏။

၅ ၅ ၅ ၅


www.burmeseclassic.com

www.burmeseclassic.com



စပ် ခွန်မှိုင်းတစ်ယောက် ရမန်ကြီးနှင့် ထောင်ကျအချုပ်သား ဖြစ်နေလေပြီ။ ဘဝတွင် အဆင်ပြေချောမွေ့စွာနှင့် အောင်မြင်လမ်းကြောင်းပေါ် ခြေချမိကာမှ မထင်မှတ်ဘဲ ဝင်လာသည့် အကုသိုလ်တွေကြောင့် ဘဝဆုံးရတော့မည့်အဖြစ်ကို တွေးပြီး စိတ်မအေးနိုင် ဖြစ်နေလေ၏။

အိုက်ခမ်းလည်း လုံးဝပေါ်မလာ၍ ခွန်မှိုင်းမှာ ထောင်ထမင်း ထောင်ဟင်းကိုသာ အားကိုးနေရသည့် မျက်နှာအငယ်ဆုံး အချုပ်သား ဖြစ်နေသည်။ ဒီနေ့လည်း ရုံးထုတ်ပြီး အမှုစစ်ကြဦးမည်။ ဒီနေ့ သက်သေစာရင်းတွင် အိုက်ခမ်းပါလိမ့်မည်ဟု မျှော်လင့်ပြီး သူ့ကိုလာတွေ့လိမ့်မည်ဟုလည်း မျှော်လင့်နေမိသည်။

အချုပ်ကျသူအချင်းချင်း ဆွေးနွေးကြည့်ရာမှာ သူ့အတွက် အခြေအနေ မကောင်းကြောင်း လူတိုင်းက ပြောကြသဖြင့် ခွန်မှိုင်း



www.burmeseclassic.com

www.burmeseclassic.com



အကြီးအကျယ် စိတ်ဓါတ်ကျနေသည်။ ဘာပဲဖြစ်ဖြစ် ရှေ့နေငှားသင့်ကြောင်းတော့ အကြံပေးကြ၏။ ထို့အတွက် ဒီနေ့ရုံးချိန်မှာ အိုက်ခမ်းနှင့် တွေ့ရဖို့ကို စိတ်အားထက်သန်နေခြင်း ဖြစ်သည်။

ဒီလိုနှင့် တရားရုံး ယာယီအချုပ်ထဲ ခွန်မှိုင်းရောက်ခဲ့ရပြန်သည်။ အချုပ်ထဲမှ လှမ်းမြင်ရသမျှ လူတွေကို လှမ်းကြည့်၏။ သူတွေ့ချင်သော အိုက်ခမ်းကိုတော့ အရိပ်အယောင်မျှ မတွေ့ရ။

ခွန်မှိုင်း စိတ်ပျက်လက်ပျက်ဖြစ်နေစဉ်မှာပင် ရဲတစ်ယောက်နှင့် ကော်င်မလေးတစ်ယောက် ရောက်လာ၏။ ရဲက သူ့ကိုခေါ်ပြီး ကောင်မလေးနှင့် မိတ်ဆက်ပေးသည်။ သူ့အမှုအတွက် သူ့ဘက်မှ လိုက်ပေးမည့် အစိုးရမှပေးသည့်ရှေ့နေ မေဇွန်နိုင်းဟု သိရတော့ ခွန်မှိုင်း အကြီးအကျယ် စိတ်ပျက်သွားသည်။

ခွန်မှိုင်းအမြင်မှာ ရှေ့နေက နို့နံ့မစင်သေးသည့် ကလေးမတစ်ယောက် ဖြစ်နေသည်။ အတွေ့အကြုံ လုံးဝမရှိသည့် ရှေ့နေမလေးနှင့် စကားပင်မပြောချင်၍ မေးတစ်ခွန်း ဖြေတစ်ခွန်းသာ လုပ်နေလိုက်သည်။ မေဇွန်နီ့အမြင်မှာတော့ စပ်ခွန်မှိုင်းဆိုသူမှာ လူလေးယောက်လောက်ကို မီးရှို့သတ်ခဲ့သူဟု ယုံကြည်၍မရ ဖြစ်နေ၏။

ခွန်မှိုင်းမှာ ဉပမိရုပ်ကောင်းသည် ဆိုတာထက် ပိုသည့် ချောမောခန့်ညားသူတစ်ယောက် ဖြစ်နေသည်။ အချုပ်သားဘဝနှင့် စိတ်ဓါတ်ကျပြီး ညှင်းသိုးသိုးဖြစ်နေသော် နဂိုရုပ်ရည်ခန့်ညားမှုကို ဖုံးကွယ်၍မရအောင် ပေါ်လွင်နေသည်။

ရှမ်းအမျိုးသားတစ်ယောက် ဖြစ်၍လည်း အသားဖြူ နှာတံပေါ်ပေါ်, မျက်လုံးမျက်ဖန်ကောင်းကောင်း, ပါးရိုးသပ်သော နှုတ်ခမ်းအစုံနှင့် လူချောတစ်ယောက်ဟုပင် မေဇွန် သုံးသပ်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုခွန်မိုင်း ဒီအမှုကို တကယ်မကျူးလွန်ခဲ့ဘူးမဟုတ်လား"

"မကျူးလွန်ခဲ့ပါဘူး၊ မီးပိုင်းခံနေရတဲ့ ညီအစ်ကိုတွေကို တယ်ထုတ်ဖို့ ကြိုးစားခဲ့တာပါ"

"ဟုတ်ကဲ့. . ကျွန်မလည်း ဒီလိုပဲ ယူဆပါတယ်၊ ဒါပေမယ့် အဲဒါကို ခိုင်မာစေမယ့် လူ့ပစ္စည်းသက်သေတော့ ရမှဖြစ်မယ်"

"အိုက်ခမ်း ရှိတယ်လေ"

"ရုံးချိန်းမှာ သူထွက်ဆိုခဲ့တာတွေကို ပြန်လေ့လာကြည့်တော့ သူကိုယ်တိုင်က ကိုခွန်မိုင်း ဓာတ်ဆီလောင်းပြီး မီးအားကောင်းအောင် လုပ်ခဲ့တာလို့ ထွက်ချက်မှာ တွေ့ရတယ်၊ သူက ရှင့်ဘက်က မတော်ဘူး"

"ဗျာ!. . ဟုတ်လို့လား၊ ဩော်. . အဲ့ဒါကြောင့် ကျွန်တော့်ဆီရောက်မလာတာကိုး၊ အင်း. . နောက်တစ်ယောက်တော့ ရှိသေးတယ်၊ စန္ဒီဘယဆေးဆိုင်ပိုင်ရှင် မစင်သီယာပါ၊ သူ ကျွန်တော့်အကြောင်း ကောင်းကောင်းသိပါတယ်"

"မစင်သီယာ ဟုတ်လား၊ ကျွန်မ စုံစမ်းပြီး သွားတွေ့လိုက်ပါမယ်"

"ဟုတ်ကဲ့ ကျေးဇူးပါပဲ"

ရွှေနေမလေး၏ အစွမ်းအစကို မယုံကြည်သော်လည်း သောလောဆယ် သူ့ဘက်မှာရှိနေ၍ ကလန်ကဆန် မလုပ်ရဲဘဲ အလိုက်သင့် ဆက်ဆံနေရ၏။ ဒီနေ့ ရုံးထုတ်သော်လည်း တရားသူကြီး ရောက်မလာ၍ အမှုမစစ်ဖြစ်. . ။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



တပ် ဈေးတန်းလမ်းတစ်လျှောက် အစုံအဆန်လျှောက်၍ မေဇွန် စုံစမ်းမှုများ ပြုလုပ်ခဲ့သည်။ ခွန်မှိုင်းပြောလိုက်သော စန္ဒီဘာယ ဆေးဆိုင်ကိုတွေ့သော်လည်း စင်သီယာကို အရိပ်အယောင်မျှပင် မတွေ့ရ။ နောက်ဆုံးမှာ ပန်းဘဲတန်း ရဲစခန်းသို့ဝင်၍ ရှေ့နေကတ် ပြပြီး မိတ်ဆက်ကာ စုံစမ်းရတော့၏။

"ဟုတ်ကဲ့ မနေ့ကမှ သူ့မိဘတွေလာပြီး လူပျောက်တိုင်ချက် ဖွင့်သွားပါတယ်၊ ထူးဆန်းတာက စပ်ခွန်မှိုင်းရဲ့ဆေးဆိုင် မီးလောင်မှု ဖြစ်မယ့်နေ့က နောက်ဆုံးတွေ့ရတာလို့ ပြောကြတာပါပဲ"

"ဒါဆို မီးလောင်တုန်းကများ"

"အဲဒါတော့ မဖြစ်နိုင်ပါဘူး၊ မီးလောင်ပြင်က အလောင်း လေးလောင်ပဲ ရခဲ့တာလေ၊ အားလုံး ယောကျ်ားတွေချည်းပဲ၊ အဲဒီ အိမ်မှာ လူခြောက်ယောက်ပဲ ရှိတာ"

မေဇွန်က မီးလောင်အိမ်ကို ဝင်ရောက်ကြည့်ရှုခွင့်တောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြီး သဲလွန်စအထောက်အထား ရလိုရငြား ရှာဖွေဖို့ ကြိုးစား၏။

"ကျွိ!. . အိ!. . အိ!. . "

မီးလောင်တိုက်ခန်းထဲ ဝင်ကြည့်ဖို့ တံခါးအဖွင့်မှာပင် သံခေးကိုက် ပတ္တာသံကြီးကို အသည်းယားစရာ ကြားလိုက်ရသည်။ မရဲတရဲ ခြေလှမ်းများနှင့် တစ်လှမ်းချင်း ဝင်လာခဲ့ရာ မီးလောင်ပစ္စည်းများ၏ မီးခိုးနံ့ကို ရှူရှိုက်နေရသည်။ တုတ်တစ်ချောင်းရှာပြီး တိုထိုးဒီဖွ လှန်လှောပြီး ရှာကြည့်သည်။

ဘာကိုရှာနေမှန်း သူကိုယ်တိုင် မသိသလို သက်သေပြနိုင်လောက်သည့် ဘာပစ္စည်းမှလည်းမတွေ့။ ထိုအခိုက် မီးလောင်ထားသော သံဘူးခွံတစ်ခု လိမ့်သွားတာကိုတွေ့လိုက်ရပြီး မေ့ဗွန် အထိတ်တလန့် ဖြစ်သွားသည်။ သို့သော် တစ်လံလောက် ဆက်ရွေ့သွားအပြီးတွင် ဘူးခွံလန်သွားပြီး အထဲမှ မြေကြွက်တစ်ကောင် ထွက်လာတာ တွေ့လိုက်မှ သက်ပြင်းချနိုင်တော့သည်။

မီးလောင်ကျွမ်းခြင်းမရှိဘဲ ကျန်ခဲ့သည့် ရာဝင်အိုးကြီးနားအရောက်တွင် ညာဘက်ယွန်းယွန်းအခန်းအတွင်းမှ လျှောခနဲ ဖြတ်သွားသည့် အရိပ်ဖြူတစ်ခုကို တွေ့လိုက်ရသည်။

သေချာအောင် စူးစမ်းကြည့်ဖို့ ရာဝင်အိုးကြီးနားမှ ထွက်လာခဲ့၏။ တစ်ဖက်ခန်းသို့ ရောက်တော့လည်း ထူးထူးခြားခြား ဘာတိုမှမတွေ့ရ။ အခန်းထဲ လှည့်ပတ်ကြည့်ရင်း မီးသင်းသစ်သားနံ့တွေ ရှူရှိုက်ရတာ အသက်ရှူမဝသလိုပင် ဖြစ်လာ၏။ ဘာသက်သေမှ မရသည့်အတူတူ ပြန်တာပဲကောင်းမည်ဟု ဆုံးဖြတ်ပြီး လှည့်အထွက်တွင် အပေါ်ထပ် ဝရန်တာမှ လူတစ်ယောက် ဖြတ်သွားသလို အရိပ်တစ်ခု ရွေ့လျားသွားတာကို တွေ့လိုက်ရပြန်သည်။

www.burmeseclassic.com



အပေါ်ထပ်တက်သည့် သစ်သားလှေကားက မီးကျွမ်းထား၍ အပေါ်ထိတက်ကြည့်ဖို့တော့ မေဇွန် မစဉ်းစားရဲ။ ကြောက်ကြောက်နှင့် ပြန်ထွက်ဖို့ ခြေလှမ်းတွေအစတွင် 'အီး. . ဟီး. . ဟီး အင်း. . ဟင်း. . ဟင်း'နှင့် ညည်းညူသံကြီးကို ကြားလိုက်ရ၏။ မေဇွန်လည်း အလန့်တကြား ထွက်ပြေးခဲ့တော့သည်။

စင်သီယာ ပျောက်သွားသောသတင်းက လမ်းထဲမှာပြန့်နေပြီး ရဲကလည်း လူပျောက်တိုင်တာလက်ခံ၍ စတင်စုံစမ်းနေကြောင်း သိရသဖြင့် အိုက်ခမ်း စိတ်မအေးနိုင်အောင်ဖြစ်ကာ. . လမ်းထဲ တဝဲလည်လည်ဖြစ်နေသည့် အိုက်ခမ်း သူတို့အိမ်ထဲမှ ထွက်လာသော မေဇွန်ကို တွေ့သွားပြီး မသင်္ကာဖြစ်သွားသည်။ နောက်ယောင်ခံလိုက်ကြည့်ရာ ရဲစခန်းထဲ ဝင်သွားတာတွေ့၍ ပိုကြောက်သွား၏။

သူဘာလဲဆိုတာ သိရမှဖြစ်မည်မို့ အသိမိတ်ဆွေ ရဲတွေကို ဝင်တွေ့ပြီး စုံစမ်းကြည့်သည်။ နောက်ဆုံးမှာ ခွန်မှိုင်းဘက်မှ လိုက်ပေးမည့် အစိုးရရှေ့နေမှန်း သိသွား၏။ ရဲကောရှေ့နေပါ ဝင်ရောက်စွက်ဖက်နေပြီမို့ အနေးနှင့်အမြန်ဆိုသလို စင်သီယာ့အလောင်း တွေ့သွားမှာ စိုးရိမ်လာပြန်သည်။

ဒီအတိုင်း နေလို့တော့မဖြစ်၊ တစ်ခုခုလုပ်မှ ဖြစ်မည်ဆိုတာ သဘောပေါက်ပြီး လက်ရှိငှားနေသည့် တိုက်ခန်းသို့ ပြန်လာခဲ့၏။ လောလောဆယ်မှာတော့ ဘာလုပ်ရင်ကောင်းမလဲဆိုတာ အိုက်ခမ်း တွေးလို့မရသေး။

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၆)

ညဆယ့်တစ်နာရီ ကျော်တာတောင် လမ်းထဲမှာ တစ်ယောက်စ နှစ်ယောက်စ ဖြတ်လျှောက်သူတွေ ရှိနေသေးသည်။ အိုက်ခမ်းမှာ လုပ်စရာရှိတာတွေလုပ်ဖို့ အသင့်စီစဉ်ထားသည့် ည်းခြင်းကြီးနှင့် ဂဏ္ဍာမငြိမ် ဖြစ်နေသည်။ (၁၁)နာရီခွဲလောက်မှာ နောက်ဆုံးဆိုက်ကားသမားတစ်ယောက် ပြန်သွားသဖြင့် အိုက်ခမ်း ခြင်းဆွဲပြီး ထွက်လာခဲ့၏။

ငါးတိုက်ကျော် ခြောက်တိုက်ခြားလောက် သရိုးကို အိုက်ခမ်း



www.burmeseclassic.com

www.burmeseclassic.com



အပြေးအလွှား ဖြတ်လာခဲ့သည်။ မီးလောင်တိုက်ခန်းတံခါးကို တွန်းဖွင့်ပြီး ဝင်လာခဲ့၏။ အပြင်မှလှမ်းမမြင်နိုင်သည့် အခန်းတစ်ခန်းတွင်းဝင်ကာ ဖယောင်းတိုင်ကြီးတစ်တိုင် ထွန်းပြီး ယူလာသည့် ပစ္စည်းများကို ခင်းကျင်းလိုက်သည်။ ကြွေရည်သုတ်လင်ပန်းထဲ ငှက်ပျောဖတ်ခင်းကာ သူကျွမ်းကျင်သည့် သရဲခေါ်ခြင်းကိုလုပ်ဖို့ ပြင်ဆင်ပြန်၏။

လူခေါင်းခွံရိုး မပါတာကလွဲပြီး သားစိမ်းငါးစိမ် ထမင်းဆုပ်တွေကတော့ အစုံအလင်ပါသည်။ ဒီတစ်ခါ ခေါ်ရမည့်သရဲကဆွေနီးမျိုးစပ်တွေ ဖြစ်နေ၏။ မီးလောင်ခံရပြီး မချိမဆန့်သေရသည့်အစိမ်းသေ မသာများမို့ မကျွတ်မလွတ်ဘဲ သရဲဖြစ်နေလိမ့်မည်ဟုအိုက်ခမ်းယုံကြည်သည်။

BURMESE CLASSIC .com

တစ်ခုတော့ စိုးရိမ်စရာရှိ၏။ သူတို့ကို မီးရှို့သတ်ခဲ့တာကအိုက်ခမ်းကိုယ်တိုင်ပင် ဖြစ်နေသည်။ မီးရှို့စဉ်က အားလုံးအိပ်ပျော်နေကြသည်မို့ သူ့လုပ်ရပ်ကို သိမှာမဟုတ်ပါဘူးဟု ဖြေတွေးတွေးကာ ညီအစ်ကိုတွေကို ဖိတ်ခေါ်လိုက်၏။

"အိုက်မောင်း၊ အိုက်လွယ်၊ စိုင်းမောက်၊ ခမ်းလိတ်. . မင်းတို့ ရှိတယ်ဆိုရင် တစ်ခုခုလုပ်ပြပါ၊ ပြီးရင် ငါ ကျွေးမွေးပသထားတာတွေကို အားပါးတရ သုံးဆောင်စားသောက်ကြပါ၊ ဒီနေရာကို မင်းတို့နေဖို့ထိုင်ဖို့ ဗိမာန်အဖြစ် အပိုင်စားပေးပါတယ်၊ ဒီနေရာဟာမင်းတို့နေရာဖြစ်လို့ လူစိမ်းအဝင်မခံပါနဲ့၊ ဝင်လာရင် တားဆီးပါနှင်ထုတ်ပါ၊ ကဲ. . ကဲ. . စားကြသောက်ကြပါ"

သိမ်ဝင် သပိတ်ကွဲအင်းကို ရှာလို့ရသည့်အရိုးနှင့်ခေါက်ကာ အိုက်ခမ်း ညီအစ်ကိုတော်များကို ဖိတ်ကြားသည်။ စိတ္တခကာစောင့်ဆိုင်းနေစဉ် ချိုးချိုးချွတ်ချွတ်အသံများ စကြားရသည်။ နောက်

www.burmeseclassic.com

www.burmeseclassic.com



တော့ အပေါ်ထပ်ဆီမှ တစ်ခုခု ပြုတ်ကျသလိုမျိုး ဝုန်းခနဲဒိုင်းခနဲ အသံတွေ မြည်ဟီးလာ၏။

ခဏကြာတော့ အစီအရင်တင်ထားသည့် ခုံဖိနပ်တွေ လှုပ်ရှားလာတာ တွေ့ရတော့၏။ ညီအစ်ကိုတွေ ရောက်လာပြီဆိုတာ သိပြီး အိုက်ခမ်း ခပ်လှမ်းလှမ်းသို့ နောက်ဆုတ်ရှောင်ရှားပေးလိုက်သည်။ ကိုယ်စားပြုသတ္တဝါတွေ ရောက်လာဖို့ နည်းနည်းတော့ စောင့်ရမည် ထင်သည်။ ဒီလို မြို့လယ်ခေါင်မှာ ဘာကောင်တွေ လာမလဲ မျှော်ရင်း စိတ်မောနေ၏။ ခဏအကြာတွင် ကြောင်တွေ တညောင်ညောင် တဝေါင်းဝေါင်း အော်ဟစ်သံကို ကြားလိုက်ရသည်။

အိုက်ခမ်း ငြိမ်ပြီးစောင့်ကြည့်နေခိုက် ဝရုန်းသုန်းကား အသံတွေနှင့်အတူ ဝင်းဝင်းတောက် စိမ်းလဲ့လဲ့ မျက်ဝန်းတစ်စုံကို တွေ့လိုက်ရသည်။ ထိုမျက်ဝန်းက အနေအထားကို အတန်ကြာ စူးစမ်းအကဲခတ်နေသေး၏။ စိတ်ချရပြီဟု ယူဆမှ အသံပြုလိုက်၏။

BURMESE CLASSIC

"မြီးညောင်ညောင်. . ဝေါင်း. . ဝေါင်း. . "

အချက်ပြသံနှင့် မရှေးမနှောင်းမှာပင် ကြောင်တွေ ပြေးဝင်လာတာ တွေ့ရ၏။ အားလုံး လေးကောင်၊ ကြောင်နက်ကြီးလေးကောင်ဖြစ်သည်။ ကြောင်နက်ကြီးတွေက ခေါစာခွက်ကို အလုအယက် ဝင်စားကြ၏။ ဒီလို စားတာသောက်တာမြင်မှပဲ အိုက်ခမ်း စိတ်ချမ်းသာသွားတော့သည်။

ကြောင်တွေစားတာသောက်တာ ဝမ်းပန်းတသာကြည့်ရင်း ရှေ့သို့ တိုးလာခဲ့သည်။ ကြောင်လေးကောင် ဝိုင်းစားလိုက်တာ ခဏအတွင်းမှာပင် ခေါစာခွက် ပြောင်သွားတော့၏။ ထိုအထဲမှ ခေါင်းဆောင်ဖြစ်ဟန်တူသည့် ကြောက်နက်ကြီးက အိုက်ခမ်းခြေထောက်

www.burmeseclassic.com

www.burmeseclassic.com



တို ခေါင်းနှင့်လာခဲ့သည်။ အိုက်ခမ်းဆောင့်ကြောင့်ထိုင်၍ ကြောင်ကြီးကို ပွတ်သပ်ပေးရင်း . .

"ကဲ. . မင်းတို့ပိုင်တဲ့ ဒီနေရာကို မင်းတို့ကောင်းကောင်းစောင့်ရှောက်ကြတော့ လူစိမ်းအဝင်မခံနဲ့ ကြားလား၊ ငါ့အဆင်မပြေရင် ပြေသလို ကျွေးမယ်မွေးမယ်. . ဟုတ်ပီလား"

"ညောင့်. ."

အိုက်ခမ်းပြောတာ နားလည်သလိုလို အသံပေးရင်း ကြောင်အုပ်ကြီး ပြန်ထွက်သွားသည်။ အိုက်ခမ်းလည်း ဝင်စပ်စုသူများအရေးမှ ကာကွယ်နိုင်ပြီဖြစ်၍ စိတ်ချလက်ချ ပြန်လာခဲ့၏။

ညက မှောင်နေဆဲ၊ ထိုညနှင့်အပြိုင် မှောင်မိုက်နေတာကတော့ အိုက်ခမ်း၏စိတ်သာ ဖြစ်တော့သည်လေ။

www.burmeseclassic.com

www.burmeseclassic.com



ပန်းပဲတန်း ရဲစခန်းအတွင်းမှ ရဲအဖွဲ့ဝင်တွေလည်း ခေါင်းရှုပ်အောင် အလုပ်များနေကြသည်။ စင်သီယာ ပျောက်ဆုံးမှုအတွက် စုံစမ်းကြတာ နယ်မြေစုံ ဝန်းကျင်စုံသွားခဲ့ပြီ ဘာသတင်းအစအနမှ မရသေး။ စင်သီယာ့ အသိုင်းအဝိုင်းဝန်းကျင် လုပ်ငန်းခွင်မှ ထိတွေ့ဆက်ဆံသူများအားလုံးကို လိုက်လံစုံစမ်း မေးမြန်းခဲ့ပြီးဖြစ်၏။ ဘယ်သူ့တာမှ အသုံးဝင်သော သဲလွန်စ မပေးနိုင်ကြ။

တူညီစွာထွက်ဆိုကြသည်က စပ်ခွန်မှိုင်းတို့ဆေးဆိုင် မီးလောင်မည့်နေ့က နောက်ဆုံးတွေ့ရသည်ဆိုသည့် အချက်ပင်ဖြစ်၏။ ဒီတော့ အခြေအနေအရပ်ရပ်က စပ်ခွန်မှိုင်းဆိုင်ကို ညွှန်းဆိုသလို ဖြစ်နေသည်။ ခွန်မှိုင်းနှင့် စင်သီယာကလည်း သာမန်အဆင့်ထက် ကျော်လွန်သော ဆက်ဆံမှုမျိုးရှိသည်ဟု အားလုံးကထွက်ဆိုထားကြ၏။

ဆေးဆိုင်မီးလောင်သည့်ကိစ္စက တရားခံမိနေပြီဖြစ်သော

www.burmeseclassic.com



လည်း စင်သီယာ ပျောက်ဆုံးမှုက မရေမရာဖြစ်နေ၏။ ထို့ကြောင့် ရရှိထားသည့် အချက်အလက်များအပေါ် အခြေခံကာ စည်းဝေး ဆွေးနွေးကြသည်။ စုပေါင်းဆွေးနွေးရာမှ ရလာသည့်ဆုံးဖြတ်ချက်က မီးလောင်ထားသည့်တိုက်ခန်းကို ပိုက်စိပ်တိုက်ဝင်ရှာကြမည်ဟု ဖြစ်လာ၏။

သို့နှင့် ရဲအင်အားခြောက်ယောက်ဖြင့် မီးလောင်တိုက်ခန်းအား ဝင်ရှာကြတော့၏။ အပြိုအပျက်တွေ ထောင့်တစ်နေရာမှာ စုပုံရှင်းလင်းပြီး စနစ်တကျ ရှာဖွေကြသည်။ သူတို့မျှော်လင့်ထားသည်က မီးလောင်ကျွမ်းထားသော စင်သီယာ၏အလောင်းဖြစ်သည်။ သို့သော် တစ်နာရီခန့်ကြာသည့်အချိန်ထိ မသင်္ကာစရာ ဘာမှ မတွေ့ကြရ။

ထိုအချိန်တွင် ထူးခြားမှုတွေ စတင်ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ရဲတွေ ရှင်းလင်းစုပုံထားသည့် မီးသင့်အမှိုက်သရိုက်တွေ လေထဲပျံ့ဝဲကာ နေရာအနှံ့ ပြုတ်ကျလာတော့၏။ ခဏအတွင်းမှာ မူလအတိုင်း ရှုပ်ပွသွားသည်။

"ဆရာ အခြေအနေ မကောင်းဘူးထင်တယ်နော် အပုပ်နံ့တွေလည်း ရတယ်"

"ဟုတ်တယ်ဆရာ ဟိုလေးယောက်လုံးက အစိမ်းသေတွေ"

"အားလုံး သရဲဖြစ်နေကြပြီထင်တယ်. . ဆရာ"

ကြောက်တတ်သော တပ်သားသုံးယောက်က အကျိုးအကြောင်းပြောကာ ဆက်မလုပ်ဖို့ တားမြစ်ကြ၏။ ဒါကို အရာရှိဖြစ်ဟန်တူသူက လက်မခံ။

"မလိုချင်ဘူး ငါတို့က တာဝန်ထမ်းဆောင်နေတာ၊ သရဲ

www.burmeseclassic.com

www.burmeseclassic.com



မကလို့ ဘာကြီးဖြစ်နေနေ ဂရုမစိုက်ဘူး လုပ်စရာရှိတာ ဆက်လုပ်၊ မင်းတို့ယောကျ်ားမဟုတ်ဘူးလား နေ့ခင်းကြောင်တောင်ကြီးကို ဒီလောက်ကြောက်ရလား"

ရဲအုပ်က ဟိန်းဟောက်ပြီး အမိန့်ပေးသဖြင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။ သို့သော် ကြောက်တတ်သော ရဲသုံးယောက်က နောက်ချန်နေခဲ့သည်။ ရဲအုပ်နှင့်တပ်ကြပ်နှစ်ယောက်က အပြိုအပျက်တွေရှင်းလင်း၊ မီးကျွမ်းနေသော ဘီရိုတွေဆွဲဖွင့်နှင့် ရှာဖွေရေး ဆက်လုပ်ကြ၏။

ထိုစဉ်. . . လူအုပ်ထဲသို့ မျက်နှာကျက်ပန်ကာကြီး ဝုန်းခနဲ ပြုတ်ကျလာ၏။ ပန်ကာဒလက်နှင့် ရိုက်မိပြီး ရဲတစ်ယောက် ဒဏ်ရာရသွားသည်။ ထိုရဲကိုတွဲခေါ်ပြီး စခန်းသို့ပြန်ပို့လိုက်သည်။ နောက်ထပ်သုံးယောက် ထပ်ခေါ်လာပြီး ရှာဖွေရေးကို ဆက်လုပ်သည်။ ရှာရင်းဖွေရင်း ရဲသုံးယောက် ရာဝင်အိုးကြီးတွေနား ရောက်လာ၏။

ရာဝင်အိုးအဖုံးကြီးတွေကို ဖွင့်ဖို့ဟန်အပြင်မှာ ဘယ်ကဘယ်လိုပေါ်လာမှန်းမသိသည့် ကြောက်နက်ကြီးနှစ်ကောင်က ရဲများကို ခုန်အုပ်ပြီး ကုတ်ခြစ်ကြတော့၏။ ရဲတွေ ကြောင်နှင့် နပန်းလုံးပြီး ဝရုန်းသုန်းကားဖြစ်နေခိုက် အိမ်ပေါ်ထပ်မှ မီးလောင်နေသောလူတစ်ယောက် အော်ဟစ်ပြီး ပြုတ်ကျလာလေ၏။

"အား!. . အား!. . ဝုန်း!. ."

အောက်သို့အရောက်တွင် ကော့လိမ်လန်ပျံကာ စူးစူးဝါးဝါး အော်နေသည့် ထိုလူ့ကိုယ်မှ မီးတောက်များကို ရဲများက မီးငြိမ်းဆေးများ ဂုန်နီအိတ်ခွံများနှင့် ရိုက်ပုတ်ငြိမ်းသတ်ကြသည်။

သို့သော် မီးငြိမ်းသွားသည်နှင့် ထိုမီးလောင်ခံရသည့်လူပါ

www.burmeseclassic.com



မရှိတော့သည့်အဖြစ်ကို ကြုံကြရ၏။ တစ်ကိုယ်လုံး မီးလောင်၍ အော်ဟစ်လူးလှိမ့်နေသူ မျက်စိရှေ့တွင် ပျောက်ကွယ်သွားတာ မြင်ရသည့်ရဲများ ဘယ်သူ့အမိန့်မှ မနာခံတော့ဘဲ ထွက်ပြေးကြတော့၏။

ဒီတစ်ခါတော့ ရဲအုပ်ကြီးလည်း အာဏာပါဝါ မပြနိုင်တော့၊ သူကိုယ်တိုင် ထွက်ပြေးသည့်အထဲ အပါအဝင် ဖြစ်သွားခဲ့သည်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်လို ဖြစ်နေသည့် ရွှေနေမလေး. . ခိုင်မာသည့်သက်သေများ ရှာတွေ့နိုင်ပါစေကြောင်း ဆုတောင်းရင်း အချုပ်ကျနေ့ရက်တွေကို ခွန်မှိုင်းဖြတ်သန်းနေရသည်။ ထောင်သားတစ်ယောက် မဖြစ်သေးသည့်အတွက် အလုပ်အတက်လည်း မဆင်းရဘဲ အိပ်လိုက်စားလိုက်နှင့်သာ နေရသည့်အတွက် အချိန်တွေက ကုန်ဆုံးနိုင်ခဲ့လှသည်။

စိတ်ဆင်းရဲကိုယ်ဆင်းရဲ ကာလများကို အိပ်၍ဖြတ်သန်းနေရသော ခွန်မှိုင်း တစ်ညတွင် ထူးထူးဆန်းဆန်း အိပ်မက်တစ်ခု မြင်မက်လေသည်။

ထိုညက တန်းစီးကို နင်းနှိပ်ပေး၍ ရလာသည့် မုန့်ဖက်ထုပ်တစ်ထုပ်ကို အငမ်းမရစားသောက်ပြီး အိပ်ရာဝင်ခဲ့၏။ သူ့ အသနနှင့် အပြင်လောကသို့ ပြန်ရောက်ဖို့ဆိုတာ မဖြစ်နိုင်တော့မှန်းသိ၍ ခန္ဓာနှင့်အားတီလေးကို သတိရကာ. . လူက အကျဉ်းကျနေသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း စိတ်က ကလောမြေသို့ ပြန်ရောက်သွားကာ မိသားစုပျော်ရွှင်စွာ နေထိုင်ကြပုံများကို စိတ်ကူးယဉ်နေမိ၏။ စိတ်စွဲလွန်း၍လားမသိ၊ မှေးခနဲ အိပ်ပျော်သွားခိုက်တွင် သူထောင်မှလွတ်ပြီး ကလောသို့ ပြန်ခဲ့ပုံကို မြင်မက်၏။

သို့သော် ကလောသို့မရောက်ဘဲ လမ်းမှာတင် စင်သီယာနှင့်ဆုံသည်။ စင်သီယာက သူ့အား ချစ်သူတစ်ယောက်လို ဆက်ဆံ၏။ ထို့အတွက် ခွန်မှိုင်းလည်း သူနှင့်နန်း ကွာရှင်းပြီး စင်သီယာနှင့် ပေါင်းသင်းနေသလားဟုပင် ဇဝေဇဝါ ဖြစ်နေမိသည်။

"စင်သီယာ ကိုယ်အမှုဖြစ်နေချိန်မှာ မင်း ဘယ်ရောက်နေလဲ. . ဘာဖြစ်လို့ ပေါ်မလာတာလဲ"

"လာမလို့ပါဘဲ ကိုခွန်မှိုင်းရယ် ဒါပေမဲ့ အိန္ဒိယက အမျိုးတစ်ယောက် ဆုံးသွားလို့ ဟိုကိုခဏပြန်သွားရတယ်လေ၊ ဒါကြောင့် မလာဖြစ်တာပါ"

"ကိုယ့်မှာ ဒုက္ခတွေရောက်လိုက်တာဆိုတာ"

"မီးရှို့တာကို ရှင်မလုပ်ခဲ့မှန်း ကျွန်မသိတယ်လေ၊ ဒီတော့ လွတ်မယ်ဆိုတာ ယုံလို့ မလာဖြစ်တာလဲ ပါတာပေါ့"

"ကိုယ်မလုပ်ဘူးဆိုတာ စင်သီယာ ဘယ်လိုလုပ်သိလဲ"

"ဘယ်လိုသိလဲဆိုတော့ အဲဒီညက မီးမလောင်ခင်လေးမှာ စင်သီယာ ကိုခွန်မှိုင်းတို့ဆေးဆိုင်ကို ရောက်နေလို့ပေါ့"

"ဟင်!. ."

"ဟုတ်တယ် ကိုခွန်မှိုင်း၊ ဘယ်သူမီးရှို့လဲဆိုတာ စင်သီယာကိုယ်တိုင် မြင်ခဲ့တာ"

"ဟင်!. . တကယ်ပြောတာလား စင်သီယာ၊ အဲဒီလူယုတ်



www.burmeseclassic.com

www.burmeseclassic.com



မာ ဘယ်သူလဲဆိုတာ ကိုယ့်ကိုပြောစမ်းပါ”

“အဲဒီလူက. . ဟင်!. . အား!. . အောင်မလေး”

စင်သီယာ စကားမဆုံးခင်မှာပင် ဝတ်ရုံနက်များခြုံ၍ အရိုးရှည်တပ်လှံများ ကိုယ်စီကိုင်ထားသော သေမင်းတမန်များရောက်လာကာ စင်သီယာကို ဆွဲခေါ်သွားကြတော့၏။

“ဟာ!. . စင်သီယာ!. . စင်သီယာ!. . ”

စင်သီယာမှာ ခွန်မိုင်းအား လှည့်ကြည့်ရင်းနှင့်ပင် မရဏာလောကသားများ ဆွဲခေါ်ရာနောက်သို့ ပါသွားတော့သည်။

“စင်သီယာ ဆိုင်ကိုဘယ်သူမီးရှို့တာလဲ. . ပြော. . ပြောခဲ့ဦး”

ခွန်မိုင်းအသံနက်ကြီးနှင့် လှမ်းအော်ကာ အကြိမ်ကြိမ်မေးနေရာမှ လန့်နိုးလာပြီး အိမ်မက်မှန်းသိသွားသည်။ သူ့ဘေးမှာ စင်သီယာ့အစား တန်းစီးရှိနေသလို မရဏာလောကသားတွေအစားအချပ်သားတွေကိုသာ တွေ့ရ၏။ ဒီတော့မှ စိတ်ပျက်လက်ပျက်သက်ပြင်းချရင်း ပြန်အိပ်ဖို့ ကြိုးစားရသည်။

သို့သော် လုံးဝအိပ်မပျော်တော့. . .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၇)

အိုက်ခမ်းက ကွမ်းအစ်အဖုံးထဲရှိ ကြွေပန်းကန်ပြားပေါ်မှ ဂျင်လည်သံကို ကြမ်းပြင်နှင့်နား ကပ်၍ အာရုံစိုက်နေသည်။ သူ့ရင် အစုံ တဒိန်းဒိန်း ခုန်နေသလို ချွေးတွေလည်းစို့နေသည်။ ဒီနေ့ တစ်နေ့လုံး သူတစ်လှည့်မှ မစားရသေး။ ပါသမျှငွေ ကုန်အောင်ထိုး ထားလို့ ဒီတစ်လှည့်က နောက်ဆုံးဖြစ်နိုင်၏။ သူ ငါးရှဉ့်ကို ပုံအော ထားသည်။ လည်နေသည့်ဂျင်လေး အရှိန်ကုန်ကာ ထောက်ခနဲ လဲကျသွားသံကို သူကြားလိုက်ရပြီ။ ငါးရှဉ့်ဖြစ်ပါစေ ဆုတောင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



စတ်မတ်ပြန်ထိုင်လိုက်၏။

ဒိုင်က အိုက်ခမ်းနှင့် ထိုးသားများကိုကြည့်ပြီး မချိုမချဉ်ပြုံး၍ ကွမ်းအစ်အဖုံးကို လှန်လိုက်၏။ လောင်းကစားနတ်ပူးနေသည့် ထိုးသားများ၏မျက်ဝန်းတွေ လောဘရောင်တလက်လက် တောက်ပနေကြသည်။ ကွမ်းအစ်အဖုံးအောက်မှ ပေါ်လာသည့် ဂျင်ပေါ်မှ အစက်ကျတော့မလို မျက်လုံးများနှင့် ကြည့်လိုက်၏။

"ဟင်!. . ငါးရှဉ့်. . ငါးရှဉ့်ကွ. . ဟုတ်ပြီ"

အိုက်ခမ်း ရင်ကွဲထွက်မတတ် အသံကြီးနှင့် ကျုံးပြီးအော်လိုက်သည်။ သူ၏ကော်ကောင် ထွက်လာပြီ၊ သူ ဆက်ကစားလို့ရပြီ၊ ဒီနေ့ ဈေးဦးပေါက်ပြီ။ အိုက်ခမ်း ဝမ်းသာလိုက်သည်မှာ ဆိုဖွယ်ရာမရှိတော့။

ဒီတစ်ခါမှ ငါးရှဉ့်မပေါ်လျှင် သူ ဒေဝါလီခံရတော့မည်။ ငါးရှဉ့်ထိုးထားသူနှစ်ယောက် လျော်ကြေးငွေတွေ ပိုက်နိုင်ခဲ့ပြီ။ အိုက်ခမ်း ရလာသမျှငွေတွေကို ပုဆိုးထဲ ကျုံးထည့်ပြီး ဆက်ကစားသည်။ ဒီငွေတွေက ခွန်မှိုင်းအမူ ရင်ဆိုင်ရန်အတွက် နန်းနောင့်ခြံတွေ ပိုင်းရောင်းပြီး လှမ်းပို့လိုက်သောငွေတွေ ဖြစ်သည်။ ထိုငွေတွေနှင့် ခွန်မှိုင်းအား လက်ဘက်ရည်တစ်ခွက် ဝယ်ပြီးတော့ပင် သွားမပို့ဖြစ်ခဲ့ လောင်းကစားလောကတွင်သာ ကျင်လည်နေခဲ့သည်။

တစ်ခါလောက် အချီကြီးနိုင်လိုက်လျှင် ကလောပြန်ပြီး နန်းနောင့်ကိုယူဖို့တော့ သူ့စိတ်ကူးထဲမှာ အမြဲရှိသည်။ သို့သော် တစ်ခါမှ အချီကြီးမြက်မြက် မနိုင်သေး. . ပိန်လိုက်ဖေါင်းလိုက် သံသရာမှ မထွက်နိုင်ဘဲ ဖြစ်နေသည်။ ပြီးတော့ သူ ဝိုင်းပြောင်း၍ကစားနေခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



နေရာဟောင်းမှာ ကြွေးတင်ပြီး လှည့်ပတ်ရှောင်နေခြင်းဖြစ်သည်။ ဒီနေ့တော့ မဆိုးဟုပြောရမည်။ ငါးရှဉ့်တစ်ခါပေါ်ပြီးနောက် အိုက်ခမ်း ကံပြန်ထလာသည်။ ဆက်တိုက်ဆိုသလို သူထိုးသည့်အကောင်တွေချည်း ပေါ်နေသည်။ လက်ထဲ ငွေပိုက်မိချိန်မှာတော့ ဆိုင်ရှင်ထံဖုန်းဝင်လာသည်။ ထိုဖုန်းကြောင့် ဒိုင်နှင့်အိမ်ရှင် ပြူးပြူးပြာပြာဖြစ်သွားကာ ဝိုင်းသိမ်းလိုက်တော့သည်။

ကံထသည့်အချိန်ကျမှ ရဲဝင်ဖမ်းမည့် သတင်းဝင်လာ၍ အားလုံး မချင့်မရဲနှင့် လူစုခွဲခဲ့ကြရ၏။ အိုက်ခမ်း ဆိုက်ကားနှင့် ရပ်ကွက်ထဲမှ ထွက်လာခဲ့သည်။ လမ်းမကြီးပေါ် မရောက်ခင်မှာပင် ကားတစ်စီးလိုက်လာပြီး ကျော်တက်ကာ ဆိုက်ကားရှေ့မှ ပိတ်ရပ်လိုက်၏။

အိုက်ခမ်းလည်း ရဲတွေလိုက်လာသည်အထင်နှင့် ဆိုက်ကားပေါ်မှဆင်းကာ ထွက်ပြေးဖို့ကြိုးစားသည်။ သို့သော် ကားပေါ်မှလူတွေက ပိုလျင်၏။ အိုက်ခမ်းအား ဝိုင်းထားလိုက်ကြသည်။

"အိုက်ခမ်း မင်းပြေးနိုင်သလား ပြောစမ်း"

"ဟာ. . ကိုကျားကြီးကလည်းဗျာ ကျွန်တော်မပြေးပါဘူး ကြွေးဆပ်ဖို့ ငွေရှာနေတာပါ"

"ယုံအောင်လည်း ဖြီးပါကွာ၊ တို့မှာ မင်းကိုလိုက်ရှာရတာ ရန်ကုန်တစ်မြို့လုံး နှံ့နေပြီကွ"

"ကျွန်တော် တကယ်ပြောတာပါဗျာ တကယ်ဆပ်မှာပါ"

"ဒါဆို တို့ကလည်း မင်းကို သတင်းကောင်းပြောရမယ် ကမာရွတ်က လက်ပြတ်လှထွန်းအဖွဲ့ သိတယ်မဟုတ်လား"

"သိ. . သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ကိုလည်း ငွေ(၃)သိန်းတောင် ပေးစရာရှိတယ်ဆို"

"ဟုတ်. . ဟုတ်ကဲ့"

"အေး. . ငါတို့နဲ့တွေ့တာ လက်ပြတ် ဒေဝါလီခံသွားရတယ် သူက မင်းဆီကရမယ့် (၃)သိန်းကို တို့အဖွဲ့အတွက် လွှဲထားတယ် ဒီတော့ မင်းကငါ့ကိုပေးရမယ့်ငွေ(၁)သိန်းနဲ့ဆို. . (၄)သိန်းပေး"

"ဗျာ. . (၄)သိန်း ဟုတ်လား၊ အဲဒီလောက်တော့ ဘယ်လို လုပ် ရှိမှာလဲဗျာ"

ကျားကြီးက ခေါင်းတရမ်းရမ်းလုပ်ရင်း သူ့လူတွေကို ဟော့ကောင်တွေဟုအော်၍ အချက်ပေးလိုက်၏။ လူနှစ်ယောက်က အိုက်ခမ်းအား ဖမ်းချုပ်ပြီး တစ်ယောက်က စိမ်းပြေနပြေထိုးကြိတ်သည်။ အားမတန်၍ မာန်လျှော့ရသည့်အိုက်ခမ်း ဒဏ်ရာဗလပွဖြစ်သွား၏။ မေ့မြောတော့မလိုဖြစ်နေသည့် အိုက်ခမ်းမျက်နှာကို ကျားကြီးက ဆွဲမော့ပြီး. . .

"(၄)သိန်း ဘယ်တော့ပေးမလဲ"

"ကျွန်တော်. . ကျွန်တော့် အစ်ကို အမှုဖြစ်နေတာ ခင်ဗျားတို့အသိပါဗျာ၊ သူထောင်ကျမှာလဲ သေချာတယ်၊ သူထောင်ကျသွားရင် ကျွန်တော် ကလောပြန်ပြီး စိုက်ခင်းတွေအကုန်ရောင်းပြီး အဲဒီငွေတွေ ဆပ်ပါ့မယ်"

"ငါတို့က ဘယ်လိုယုံရမှာလဲ"

"ခင်ဗျားတို့ကို ကလောထိ ခေါ်သွားမယ်ဗျာ၊ ခြံရောင်းတာ ပြီးပြီး ယူသွားကြ ဟုတ်ပြီလား"

"အေး. . မင်း စကားတည်ပါစေ"

ကျားကြီးက သတိပေးစကားပြောဆိုပြီး အိုက်ခမ်းအိတ်ကို

www.burmeseclassic.com

www.burmeseclassic.com



နှိုက်ယူစစ်ဆေးကြည့်၏။ ငွေတစ်သိန်းခွဲတွေ့၍ တစ်သိန်းယူပြီး ငါးသောင်းပြန်ပေးခဲ့သည်။

"ဒီရက်ထဲ မင်း အသက်ရှင်ဖို့နဲ့ ဂျင်ထိုးဖို့ ငါးသောင်းချန်ထားတယ်"

ကျားကြီးတို့အဖွဲ့က လူမိုက်တွေပီပီ မိုက်ကြေးခွဲပြီး ကားပေါ်ပြန်တက် ထွက်ခွာသွားကြ၏။ (ထိုခေတ်အခါက ငွေ-သုံးလေးသိန်းသည် ယခုခေတ်ငွေကြေးနှင့်ဆို သိန်းထောင်ဂဏန်း တန်ကြေးရှိပေလိမ့်မည်။)

အိုက်ခမ်းတစ်ယောက်ထဲ လေးဖက်ထောက်၍ အနီးဆုံးဆေးခန်းဝင်ပြရသည်။ ဒဏ်ရာတွေ ကုသပြီးမှ အိမ်ပြန်နိုင်တော့၏။

၆ ၆ ၆ ၆

www.burmeseclassic.com

www.burmeseclassic.com



၁

ပျောက် သောသူ ရှာလျှင်တွေ့ ဆိုသော်လည်း စင်သီယာ ပျောက် ရှာပုံတော်ဖွင့်နေသည့် ရဲများအတွက်တော့ လူမပြောနှင့် သဲလွန်စကိုပါ ရှာမတွေ့ဖြစ်နေကြ၏။ မြန်မာပြည်အနှံ့က စခန်းတွေဆီ ဓာတ်ပုံပို့ပြီး စုံစမ်းသော်လည်း သတင်းအစနမျှမရ။ ဆေးရုံတွေ၊ ရေခဲတိုက်တွေ ဆက်သွယ်တော့လည်း အချည်းနှီး။ ရဲမှူးကလည်း အားပေးလှုပြီဖြစ်၍ ပန်းပဲတန်းစခန်းမှ ရဲများခေါင်းကိုက်နေကြ၏။ သတ်အစည်းဝေးတိုင်းတွင် စင်သီယာအမှုက ပါနေမြဲဖြစ်သည်။

အစည်းဝေးတွင် စခန်းမှူးက. . .

“စင်သီယာ့အမှု ဘာထူးသေးလဲ”

“အဲ. . . ကျွန်တော်ကတော့ စင်သီယာ သေဆုံးခဲ့ပြီလို့ပဲ ကောက်ချက်ချချင်ပါတယ်ဆရာ၊ လူသတ်သမားက အလောင်း ဖျောက်ဖျက်ထားလို့ ဘာမှစုံစမ်းလို့မရတာပါ”

“ဒီလိုနဲ့ အမှုပိတ်လိုက်လို့တော့ မရဘူးလေ”



www.burmeseclassic.com

www.burmeseclassic.com



အမှုလိုက် ဒုရဲအုပ်၏အဖြေကို စခန်းမှူးက လက်မခံ၊ ဒုရဲအုပ် ခေါင်းကုတ်နေချိန်မှာ ရဲတပ်ကြပ်ကြီးတစ်ယောက်က. . .

"ဒီအမှုက စပ်ခွန်မှိုင်းဆေးဆိုင် မီးလောင်မှုနဲ့ ဆက်စပ်နေလိမ့်မယ်လို့တော့ ကျွန်တော်ယူဆပါတယ်ဆရာ၊ ပျောက်ဆုံးသူ စင်သီယာကိုယ်တိုင်ကလည်း လူမှုရေး အရှုပ်အရှင်းတွေရှိပြီး စပ်ခွန်မှိုင်းနဲ့လည်း ဘာလိုလို သတင်းတွေထွက်နေတော့ ခွန်မှိုင်းပဲ စင်သီယာ့ကိုသတ်၊ အလောင်းဖျောက်ပြီးမှ ဆိုင်ကို မီးရှို့ခဲ့တာလား ဆိုတာ သံသယဖြစ်စရာ ရှိပါတယ်၊ တရားခံက ထောင်ထဲရောက်နေလို့ ကွင်းဆက်ပြတ်ပြီး စုံစမ်းလို့မရတာ ဖြစ်နိုင်ပါတယ်"

"အင်း. . ဒီအချက်အလက်က မဆိုးဘူး၊ စပ်ခွန်မှိုင်းက အထဲမှာဆိုတော့ အချိန်မရွေးခေါ်စစ်လို့ရတယ်၊ အရေးကြီးတာက စင်သီယာနဲ့ တွဲခဲ့တဲ့အမျိုးသားတွေနောက် ရှုဒိုးလိုက်ပါ သူတို့တွေလည်း ဖြစ်နိုင်တာပဲ"

"ဟုတ်ကဲ့ပါ ဆရာ"

မီးလောင်တိုက်ခန်း ရှာဖွေစဉ်က ပါခဲ့သည့် ရဲတပ်သားတစ်ယောက်က. . .

"ကျွန်တော်ကတော့ မီးလောင်တဲ့တိုက်ခန်းထဲမှာ အဖြေ အားလုံးရှိမယ်ထင်တယ်ဆရာ၊ အခန်းရဲ့ အိမ်နောက်ဖေးဘက်ဝင် တော့ အပုပ်နံ့ သိသိသာသာ ရခဲ့တယ်ဆရာ၊ ခက်တာက. . သရဲ အရမ်းခြောက်တဲ့ အဖြစ်ပါပဲ"

"ဒါလည်း မခက်ပါဘူး တို့မှာလုပ်ထုံးလုပ်နည်း ရှိတယ်လေ အစိုးရအမိန့်ပြန်တမ်းနဲ့ အဲဒီဟာတွေကို နှင်လိုက်ပေါ့၊ ပြီးတော့. . စိတ်ကြိုက်ရှာ၊ အဲဒါကို ငါစီစဉ်ပေးမယ်. . ဒါဆို ရှင်းပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ဆရာ"

"ရှင်းရင် ဆက်လုပ်"

"ဟုတ်ကဲ့"

အစည်းဝေးဆုံးဖြတ်ချက်အရ ပန်းပဲတန်း ရဲစခန်းကလည်း အလျှော့ပေးမည့်ပုံမပေါ်၊ ရဲနှင့်သရဲ ထိပ်တိုက်တွေ့ကြမည့်ပွဲဖြစ်၍ ထိုသတင်းကြားရသော ကုန်ဈေးတန်းလမ်းမှ ပြည်သူများ အထူးစိတ်ဝင်စားနေကြတော့၏။

စိတ်ဝင်စားလောက်အောင်လည်း မီးလောင်တိုက်ခန်းမှ သရဲက ကြမ်းရမ်းလွန်းနေသည်။ အကြောင်းသိသူများ ညကိုးနာရီ ကျော်ဆို အပြင်မထွက်ကြတော့။ ထိုတိုက်ခန်းရှေ့လည်း ဘယ်သူမှ ဖြတ်မလျှောက်တော့. . ။ လမ်းသွားလမ်းလာတွေကို မီးတစ်တို့ ယောက်ဟုတောင်းပြီး မီးခြစ်ထုတ်ပေးမှ ကိုယ်ယောင်ဖျောက် ခြောက်လှန့်ခံရသူက လေးငါးယောက်မက ရှိခဲ့သည်။

ညနေစောင်း ဈေးဝယ်ပြန်လာသူထံမှ အမဲသားထုပ် လုယူသည်။ အကြောင်းကိစ္စရှိ၍ ညဉ့်နက်ပိုင်း ဖြတ်သွားသူများအား မီးလောင်နေသည့် လူပုံစံအတိုင်း ကိုယ်ထင်ပြ ခြောက်လှန့်သည်ဟု ကြားသိကြနေ၏။ ထို့ကြောင့်လည်း ရဲက ထိုကိစ္စကို အရေးတယူ ဆောင်ရွက်ဖို့ စီစဉ်ခြင်းလည်း ဖြစ်နိုင်သည်။ လက်ရှိအနေအထား မှာတော့ ကုန်ဈေးတန်းလမ်းက နေ့ခင်းပိုင်းသာ လူစည်သောအရပ် ဒေသတစ်ခု ဖြစ်နေလေတော့၏။

၅ ၅ ၅ ၅

www.burmeseclassic.com

www.burmeseclassic.com



အိုက်ခမ်း ညစာ,စားစဉ်ကတည်းက ဝန်းကျင်ကို မပြတ်အကဲခတ်ပြီး သတိထားနေရ၏။ သူလို တစ်ကိုယ်ရေ တစ်ကာယ လောင်းကစားသမားတစ်ဦးအတွက် လမ်းဘေးဆိုင်သာ နတ်သုဒ္ဓါဖြစ်သည်။ ကျားကြီးတို့ရန်ကို ကြောက်ရသဖြင့် ထမင်းတောင် ဖြောင့်ဖြောင့်မစားနိုင်။ ရန်စွယ်အန္တရာယ်တို့ကို ကျီးကန်းတောင်းမှောက် ကြည့်ရှုသတိထားနေရသည်။

အရသာ ဘာမှန်းမသိဘဲ ဗိုက်ပြည့်သွားပြီးနောက် ခတ်သုတ်သုတ် ကုတ်ချောင်းချောင်းနှင့် ထပြန်ခဲ့၏။ မြို့လယ်ခေါင်နှင့် ကုန်ဈေးတန်းလမ်းက သိပ်မဝေးလှသော်လည်း နောက်ယောင်ခံ လိုက်သူရှိမရှိ သေချာစေရန် ကွေ့ပတ်လျှောက်လာခဲ့သည်။

ဒါ လိုအပ်သလားဆိုတာတော့ အိုက်ခမ်း သေချာမသိ။ သူသိတာက ကျားကြီးအဖွဲ့နှင့်တွေ့ပြီး ထပ်မံနှိပ်စက်ခံရမည်ကို စိုးရိမ်နေတာတော့ သေချာ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် . . ခရီးနီးနီးလေးကို ကွေ့ပတ်ရှောင်ရှားပြီ
လျှောက်လာခြင်း ဖြစ်သည်။ မကြာခဏ နောက်သို့လှည့်ကြည့်ပြီ
လိုက်လာသူရှိမရှိ ကြည့်ရတာလည်း မောနေ၏။ စိတ်ကျေနပ်
လောက်အောင် လုံခြုံမှုရပြီဟု ခံစားရမှ လောလောဆယ် ငှားနေ
သည့် တိုက်ခန်းသို့ ပြန်လာခဲ့သည်။

တိုက်လှေကားဝ ရောက်သော်လည်း ချက်ချင်းအပေါ်
မတက်သေး၊ လှေကားထောင့်တွင် မှောင်ရိပ်ခိုရင်း လမ်းပေါ်က
အခြေအနေကို စောင့်ကြည့်သေးသည်။ လုံးဝဥဿုံ စိတ်ချရမှ သူ့
အခန်းသို့ တက်လာခဲ့၏။ လမ်းလျှောက်တာများသွား၍ အိုက်ခမ်
အတော်ပင် ညောင်းညာနေခဲ့ပြီ။ အမြဲဆောင်ထားသည့် အရက်
ပုလင်း၊ ရေချိုင့်နှင့် ဖန်ခွက်တို့ကို အသင့်ပြင်ပြီး ပက်လက်ကုလား
ထိုင်တစ်လုံးနှင့် မင်းစည်းစိမ်ခံစားသည်။ အမြည်းအဖြစ် အမဲကြော်
နှစ်တုံးကို ထမင်းဆိုင်က ပါဆယ်ထုပ်လာ၏။

အိုက်ခမ်းက အရက်ကို အချိန်ပြည့်သောက်သူဖြစ်ပြီး ည
ဘက်ကောင်းကောင်းအိပ်ပျော်ရန် အိပ်ဆေးအဖြစ် မှီဝဲနေခြင်းဖြစ်
သည်။ ဇိမ်ခံသောက်ရင်း ဘဝရှေ့ရေးအတွက် ကြိုတွေးမိသည်။
ခုန်ချိုင်းကတော့ အနိမ့်ဆုံး တစ်သက်တစ်ကျွန်းနှင့် အမြင့်ဆုံး သေ
ဒဏ်သာရှိသဖြင့် ထည့်တွက်စရာ မလိုတော့။ တရားရုံးမှ အမိန့်ချပြီ
သည်နှင့် သူကလောသို့ ပြန်လို့ရပြီဖြစ်သည်။ ကျားကြီးတို့ကို မျက်ခြ
ပြတ်ပြီး ကလောသို့ပြန်မည်။ မရီးကို အနီးကပ် စောင့်ရှောက်လုပ်
ကျွေးရင်း နူးနှပ်ပြီး အပိုင်သိမ်းမည်။ ခြံလုပ်ငန်းက သူငြေးဖြစ်သော်
လည်း ဝမ်းဝခါးလှနိုင်တာကိုတော့ တစ်သက်လုံးလုပ်ခဲ့သူတစ်
ယောက်အနေနှင့်တော့ သူကောင်းကောင်းသိ၏။



www.burmeseclassic.com

www.burmeseclassic.com



လောင်းကစားအလုပ်ကို စွန့်လွှတ်ပြီး တစ်သားမွေး တစ်သွေးလှုနေသည့် မုဆိုးမလက်သစ်လေးနှင့် ဘဝကို အခြေကျအောင် တည်ဆောက်မည်ဟု တွေးကာ စိတ်ကူးဖဲရိုက်ရင်း ပီတိတွေ ဖြစ်နေသည်။ သောက်လိုက်မြည်းလိုက်နှင့် ဇိမ်ကျနေခိုက် နူးနူးညံ့ညံ့ အထိအတွေ့တစ်ခု ခြေထောက်မှာ ခံစားလိုက်ရသည်။ ရုတ်တရက်မို့ လန့်သွားပြီး ငုံ့ကြည့်မိရာ ကြောက်နက်ကြီးတစ်ကောင် လာပြီးပွတ်သပ်နေတာဖြစ်ကြောင်း တွေ့၏။

စိတ်ထဲမသိုးမသန့် ဖြစ်မိသော်လည်း အနီးအနားတိုက်ခန်းများမှ ကြောက်တစ်ကောင် ဖြစ်လိမ့်မည်ဟုတွေးကာ အမဲကြော်အနည်းငယ်ချကျွေးလိုက်သည်။ စားရလေ ငတ်လေဖြစ်နေသည့် ကြောင်က အဆက်မပြတ် ပွတ်သပ်ပြီး ထပ်တောင်းနေ၏။ တောင်းတိုင်းဖွဲ့ကျွေးခဲ့တာ အမဲကြော်တစ်တုံး ကုန်ချိန်မှာ အိုက်ခမ်းစိတ်မရှည်တော့၊ သို့နှင့် သောက်ရေခွက်ထဲက ရေနှင့်ပက်ပြီး မောင်းထုတ်လိုက်သည်။ ကြောင်ကြီးလန့်ပြီး ထွက်ပြေးသွားမှပဲ အေးအေးဆေးဆေး အရက်သောက်ခွင့်ရတော့၏။

တစ်ပိုင်းလောက်အကုန်မှာ အိပ်လို့ရအောင် ရေချိန်ကိုက်လာသည်။ သို့သော် ထရမှာပျင်းနေ၍ ပက်လက်ကုလားထိုင်ပေါ်မှာပင် မှေးနေလိုက်၏။ အရက်ရှိန်တက်လာသဖြင့် ထိုနေရာမှာပင် အိုက်ခမ်း အိပ်ပျော်သွားသည်။ တရှူးရှူးတခူးခူး ဟောက်ပြီး အိပ်ပျော်သွားတာ ဘယ်လောက်ကြာသွားသည်မသိ၊ သူ့တစ်ကိုယ်လုံး မီးဟပ်သလို ပူလောင်လာမှ လန့်နိုးသွား၏။

အိပ်ချင်မူးတူးနှင့် ထအကြည့်တွင် သူ့ဘေးနားမှာ မီးတောက်ကြီးတစ်ခုတွေ့၍ အလွန်အမင်း ထိတ်လန့်တုန်လှုပ်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဝုန်းခနဲ ခုန်ထလိုက်ပြီး ရေချိုင့်ထဲက ရေနှင့်ပက်ဖို့ ဟန်ပြင်စဉ်မှာပင်. . .

"အိုက်ခမ်း မင်း ငါတို့ကိုလာပြီး ကျွေးမွေးဦးမယ်လို့ ကတိပေးထားတယ်လေ ဘာလို့မလာတာလဲ၊ ဟိုကောင်တွေ စိတ်ဆိုးနေကြပြီ"

"ဟင်!. . ."

နှုတ်လေးအာလေး အသံကြီးနှင့် ပြောသံကြားမှ သူမွေးထားသည့် ညီအစ်ကိုတော် သရဲဖြစ်နေကြောင်း သိလိုက်ရ၏။ သောက်ထားတာတွေ ဘယ်ရောက်ကုန်မှန်းမသိအောင် အမူးပြေတာ မျက်လုံးကျယ်သွားသည့် အိုက်ခမ်းက. . .

"ဟော. . အေး. . အေးပါကွာ ငါ အလုပ်တွေများပြီး မအားလို့ မလာဖြစ်တာပါ။ မနက်ဖြန်ည ငါလာခဲ့မယ်လေ၊ ပြီးတော့. . တစ်ပတ်တစ်ခါ မပျက်မကွက် လာကျွေးပါ့မယ် ဟိုကောင်တွေကိုလည်း ထိန်းထားလိုက်ပါကွာ ငါတောင်းပန်ပါတယ်"

အဆက်မပြတ် လောင်ကျွမ်းနေသည့် မီးတောက်များကြားမှ မည်းမည်းသည်းသည်း လူပုံသဏ္ဌာန် သရဲကြီးက. .

"ကတိ မတည်လို့ကတော့ မညာဘူးနော်၊ ဒါ နောက်ဆုံးပဲဖြစ်ပစေ. ."

"အေး. . အေး. . အေးပါကွာ"

မီးတောက်သရဲက အိုက်ခမ်းကတိကို ကျေနပ်သွားဟန်နှင့် အသည့်ထွက်သွားသည်။ အိမ်အဝင် သစ်သားတံခါးကို မဖွင့်ဘဲ မီးဆောင်ကိုယ်လုံးကြီး ဖြတ်ထွက်သွားတာကိုကြည့်ရင်း အိုက်ခမ်းမှာ မီးဒီးကျအောင် ကြောက်လန့်ကျန်ခဲ့သည်။ ကိုယ်မွေးသည့် သရဲ



www.burmeseclassic.com

www.burmeseclassic.com



က ကိုယ့်ပြန်ခြောက်သည်မို့ မခံချိမခံသာ ဖြစ်မိသော်လည်း သရဲမွေးတာ အကျွေးအမွေး မလုပ်လို့မဖြစ်တာကို သိထားသည်မို့ အိုက်ခမ်း သက်ပြင်းချလိုက်ရသည်။

ဒီညအတွက် အလိုအပ်ဆုံးက ချာချာလည်မူးသွားဖို့သာ ဖြစ်သည့်အတွက် လက်ကျန်အရက်ကို ပုလင်းလိုက် ကောက်မော့ခြင်းနှင့်သာ ဖြေရှင်းလိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၈)

ခွန်မှိုင်းအတွက် အသုံးဝင်မည့် အချက်အလက်နှင့် သတ်သေရှာမရသည့်အတွက် မေဇွန် အကြီးအကျယ် စိတ်မာတ်ကျနေသည်။ စိတ်ပျက်နေလို့ ပြီးမည်မဟုတ်သဖြင့် ပန်းပဲတန်း ရဲစခန်းသို့ မေဇွန်ထွက်လာခဲ့၏။

စင်သီယာ့ အမှုကိုင်သူ အမှုလိုက်အရာရှိနှင့် စကားပြောဖြစ်သည်။ စင်သီယာ့အမှုက ထူးခြားမှု မရှိသေးသလို၊ အရေးတကြီး ရှာဖွေစစ်ဆေးရမည့် မီးလောင်တိုက်ခန်းကလည်း အခြောက်အလှန့်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ ကြမ်းနေကြောင်း သိရသဖြင့် ခရီးသွားဟန်လွှဲ ဝင်ကြည့်ရန် စိတ်ကူးကို မေဇွန်ဖျက်ပစ်လိုက်ရသည်။ ခွန်မိုင်းအမှု စကားစ,ကြည့်လိုက်တော့လည်း အသက်ရှင်ကျန်ရစ်သူ နှစ်ယောက်အနက် အိုက်ခမ်းက အခင်းဖြစ်နေချိန်မှာ လုပ်ဖေါ်ကိုင်ဘက် စီးပွားရေးသမားများနှင့် အတူရှိနေကြောင်း ခိုင်မာသည့် အလီဘိုင်ပြနိုင်ခြင်း၊ မီးလောင်မှုကို ပထမဆုံးမြင်တွေ့ခဲ့သည့် ဆိုက်ကားသမားများ၏ ထွက်ဆိုချက်တွင်လည်း အိုက်ခမ်းက မီးလောင်ပြီးမှာ ပြန်ရောက်လာတာ ထင်ရှားနေ၍ တရားခံမှာ ခွန်မိုင်းသာဖြစ်ကြောင်း သုံးသပ်ပြောဆိုသည်။

"အောင်မြင်လာတဲ့ လုပ်ငန်းတစ်ခုကို ကိုယ်တိုင် မီးရှို့ဖျက်ဆီးပစ်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလားရှင်"

"ဖြစ်တော့မဖြစ်နိုင်ဘူးလေ၊ ဒါပေမဲ့ တရားစီရင်ရေး စနစ်မှာ အဓိကကျတာက သက်သေပဲ၊ လုပ်ရင် လုပ်တာကို မြင်တဲ့သိတဲ့ သက်သေ၊ မလုပ်ဘူးဆိုရင် မလုပ်တာကို ခိုင်မာစွာ ငြင်းဆိုနိုင်မယ့် သက်သေ၊ အဲဒါတွေ မရှိဘဲနဲ့တော့ ရင်ဆိုင်ဖို့ မလွယ်ဘူးလေ"

အမှုလိုက်ရဲ၏စကားကို ဥပဒေပညာရှင် မေဇွန် အထွန့်တက်ရန် အကြောင်းမရှိတော့၊ သူ့အတွက် အားကိုးစရာက ကံတရားသာ ရှိတော့သည်။

"အလွတ်သဘောအရ ဦးရဲ့ထင်မြင်ချက်ကို ပြောရရင် ပျောက်နေတဲ့ စင်သီယာက တရားခံဖြစ်တဲ့ ခွန်မိုင်းနဲ့ နက်နဲတဲ့ ဆက်ဆံမှုတွေ ရှိခဲ့တယ်၊ မီးရှို့မှုကို သူတို့နှစ်ယောက်ထဲက တစ်ယောက်ယောက် လုပ်တာပဲ"

ထိုမှတ်ချက်အတွက် မေဇွန့်ခေါင်းထဲ အတွေးစတစ်ချို့ဝင်လာသည်။ နောက်ရုံးချိန်းမတိုင်မီ ထိုအစကို ဆွဲထုတ်၍ အချက်



www.burmeseclassic.com

www.burmeseclassic.com



အလက်ရှာကြည့်လျှင် ကောင်းမည်ဟု တွေးမိ၏။ ရဲတပ်ဖွဲ့ဝင်များ တို ခင်မင်စွာနှုတ်ဆက်၍ ပြန်ထွက်လာခဲ့သည်။ ကုန်ဈေးတန်းလမ်းမှ မီးလောင်အဆောက်အဦးရှေ့ ဖြတ်အလျှောက်တွင် လှည့်မကြည့်ဘဲ မနေနိုင်၍ ကြည့်မိသေးသည်။

မီးလောင်သွား၍ သစ်သားပြတင်းပေါက်များ မရှိတော့သော တိုက်အိုကြီးက ကျိုးတို့ကျဲတဲ သွားဖြီးပြနေသော အဘိုးအိုတစ်ယောက်နှင့် ဆင်တူနေသည်။ ထိုပြတင်းပေါက်များမှတဆင့် တိုက်ကြီးအတွင်းပိုင်းကို တစ်စွန်းတစ်စ လှမ်းမြင်ရသည်။

ကြောက်စိတ်အခံကြောင့်လား စိတ်ထင်တာလားတော့မသိ ယိုးခနဲ ရိတ်ခနဲ ဖြတ်သွားသည့် ပုံရိပ်တွေကို မြင်မိသလိုရှိ၏။ စိတ်ချောက်ချားလာသဖြင့် အကြည့်လွှဲပြီး ဆက်လျှောက်လာခဲ့သည်။ ငါးမိနစ်လောက် လျှောက်လာခဲ့ရာ စန္ဒီဘယဆေးဆိုင်ဟူသော ဆိုင်းဘုတ်ကို တွေ့၏။ ဒါ စင်သီယာ၏ဆိုင်မှန်း မေဇွန်သိသည်။ ရည်ရွယ်ချက်မရှိဘဲ မေဇွန် ထိုဆိုင်ထဲသို့ ဝင်လာခဲ့၏။ မွှန်ထွန်နေသော ဘယဆေးမျိုးစုံ၏ စူးစူးရှရှအနံ့များကို ရှူရှိုက်မိချိန်မှာပင်. . .

"ဘာအလိုရှိလဲ အစ်မ"

"အဲ. . ဟိုဒင်း. . ဟိုလေ တောင်နံ့ကြီးမြစ်ရှိလား"

"ရှိပါတယ်အစ်မ. . ဘယ်နှပိဿာ ယူမလဲ"

"ရှင်. . အဲ့. . ဆေးလိမ်းဖို့ပါ နည်းနည်းပဲ၊ ဟိုလေ. . တစ်ဆယ်သားလောက်ပေါ့"

လက်ကားအရောင်းဆိုင်ထဲဝင်ပြီး လက်လီစိပ်ဝယ်ဖို့ဘာတလည်း အကြောင်းမရှိ အကြောင်းရှာရခြင်းဖြစ်သည်။ အရောင်းစာရေး ကုလားလေးက တောင်နံ့ကြီးအပိုင်းအစများ ရှာဖွေကာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆယ်သားလောက်ရှိမည့်အတုံးကို ရွေးနေ၏။ ထိုအခိုက်အတန့်လေးမှာ ဆိုင်တွင်းအနေအထားကို အကဲခတ်ကြည့်သည်။ တစ်ဆိုင်လုံး ဆေးပစ္စည်းများသာ အပြည့်အသိပ်ရှိနေ၍ ရသမျှနေရာကျဉ်းကျဉ်းလေးမှာ စားပွဲအသေးလေးချပြီး ငွေရှင်းကောင်တာအဖြစ် သုံးသည်။ ထိုခုံတွင် ဥပမိရုပ်ကောင်းကောင်းနှင့် ကုလားအဘိုးကြီးတစ်ယောက် ထိုင်နေ၏။ သူ့နောက်ကနံရံမှာ သျှိဝတို့ စန္ဒီတို့ဟု ယူဆရသည့် ပုံတော်များနှင့် အမျိုးသမီးတစ်ယောက်ပုံ ချိတ်ထား၏။

မယ်တော်ပုံအောက်မှ ခပ်ချောချောပုံမှာ စင်သီယာဖြစ်မည်ဟု မေဇွန်ယူဆသည်။ အနေတော် တောင်နှံ့ကြီးတစ်တုံးကို သတင်းစာစက္ကူနှင့်ပတ်ပြီး ကုလားလေးက လာပေး၏။ မေဇွန်ကောင်တာနားသွားပြီး ပိုက်ဆံရှင်း၏။ ထိုသို့ရှင်းရင်း စင်သီယာ့ပုံကို အသေအချာကြည့်သည်။ စင်သီယာက မိန်းမချောတစ်ယောက်ဆိုတာ ချက်ချင်းပင်ဆုံးဖြတ်မိ၏။ ငွေရှင်းပြီးတော့ မေဇွန် မဖြစ်မနေပြန်ထွက်လာခဲ့ရသည်။

အိမ်ထောင်သည်တစ်ယောက်မှန်း သိထားသော်လည်း မဆီမဆိုင်ပင် ကိုခွန်မှိုင်းနှင့် စင်သီယာတို့ လိုက်ဖက်သည်ဟု တွေးမိသေးသည်။ တစ်မနက်လုံး စကားပြောလာရ၍ အာခြောက်နေသလို လျှောက်ရတာလည်း ညောင်းလာကာ အအေးဆိုင်တစ်ဆိုင် ဝင်ပြီး ချိုချိုချဉ်ချဉ် သံပုရည်တစ်ခွက် မှာသောက်လိုက်၏။

ဒီလောက်ချောမောလှပသော မိန်းမတစ်ယောက် ပျောက်ချင်းမလှ ပျောက်သွားတာ ဘာကြောင့်လဲဆိုတာ စဉ်းစားမရ ဖြစ်နေသည်။ သံပုရာရည်အေးအေးလေး သောက်နေခိုက် သူ့စားပွဲလွတ်နေသည့်ခုံနား လူတစ်ယောက်လာရပ်သည်။ မော့ကြည့်တော့ ဦးထုပ်



www.burmeseclassic.com

www.burmeseclassic.com



အဝိုင်းကြီးနှင့် နေကာမျက်မှန် တပ်ထားသော အမျိုးသမီးတစ်ဦးကို တွေ့ရသည်။

"ထိုင်မယ်နော်"

"ဟုတ်ကဲ့. . ရပါတယ်"

ထိုအမျိုးသမီး ဝင်ထိုင်ပြီး ဘာမှမမှာဘဲ မေဇွန်အား စေ့စေ့ကြည့်နေသည်။ သူမျက်လုံးကို မမြင်ရသော်လည်း အကြည့်ချင်းဆုံခိုက်မှာ မေဇွန်ကြက်သီးထသွား၏။

"ညီမက ရှေ့နေ မေဇွန်နိုင်းနော်"

"ရှင်!. . ဟုတ်. . ဟုတ်ပါတယ်"

"ဟိုလေ. . ဆေးဆိုင်မီးရှို့တာ ကိုခွန်မှိုင်း မဟုတ်ဘူး"

"ရှင်!. . ."

သူ,မသိသည့် အမျိုးသမီးတစ်ယောက်က သူလိုက်နေသည့် အမှုအကြောင်း စကားစလာ၍ မေဇွန်အံ့ဩမှင်သက်မိသွား၏။ ဆိုင်ထဲအကဲခတ်ကြည့်တော့လည်း စားပွဲထိုးက မေဇွန်အား ကွက်ကြည့်ကွက်ကြည့်လုပ်နေတာ သတိပြုမိသည်။

မေဇွန်အံ့ဩစိတ်ကို မျိုသိပ်ရင်း. .

"အစ်မက ဘယ်သူလဲဟင်"

"အစ်မလား. . အင်း. . ကိုခွန်မှိုင်းနဲ့ သိပ်ရင်းနှီးခဲ့တဲ့သူပေါ့"

ပြောပြောဆိုဆိုပင် ဦးထုပ်နှင့်မျက်မှန်ကို ချွတ်လိုက်သည်။ သူ့ရှေ့က အမျိုးသမီး၏ရုပ်သွင်ကို အသေအချာ မြင်မိချိန်မှာ မေဇွန်တအားပင် အံ့ဩသွားရသည်။

"ဟင်!. . မ. . မ. . မစင်သီယာ ဟုတ်တယ်မို့လား"

အမျိုးသမီးက ခေါင်းညိတ်ပြုံးပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်မ ဘယ်ပျောက်နေတာလဲ၊ အားလုံးက လိုက်ရှာနေကြတာ"

"ကိစ္စတစ်ခုရှိလို့ပါကွယ် အမိကပြောချင်တာက မီးရှို့တာကို ကိုခွန်မှိုင်း မလုပ်ခဲ့ဘူးဆိုတာပဲ"

"ဟင်. . ဟုတ်လား၊ ဒါ. . ဒါဆို ဘယ်သူရှို့တာလဲ ရှို့တဲ့လူကို အစ်မသိလား"

"သိတယ်. . ခုတော့ ပြောလို့မဖြစ်ဘူး အန္တရာယ်ရှိတယ်"

အမိက မျက်မြင်သက်သေတစ်ယောက် သူ့ရှေ့ရောက်လာမှတော့ ဒီအခွင့်အရေးကို အလွတ်ပေး၍မရ. .

"အစ်မ အဲဒီအမှုက အမိန့်ချတော့မှာ၊ (၁၅)ရက်နေ့ ရုံးချိန်းရှိတယ်၊ အဲဒီမှာ အစ်မသိထားတာကို လာပြီး သက်သေထွက်ပေးမလား ကျွန်မစီစဉ်လိုက်မယ်၊ အန္တရာယ်လည်းမရှိပါဘူး လုံခြုံတယ်လေ"

"အစ်မ သက်သေလုပ်ရင် ကိုခွန်မှိုင်း လွတ်မှာလား"

"သေချာပေါက် ကွင်းလုံးကျွတ် လွတ်သွားမှာ"

"ဒါဆိုရင်တော့ လာခဲ့မယ်လေ ပန်းပဲတန်းမြို့နယ် တရားရုံးမှာပဲလား"

"ဟုတ်ပါတယ်အစ်မ မနက်(၁၀)နာရီ အရောက်လာခဲ့ပါနော်"

"ကိုခွန်မှိုင်း လွတ်မြောက်ဖို့အတွက် အစ်မရောက်အောင်လာခဲ့ပါ့မယ်၊ ကဲ. . သွားမယ်နော်"

စကားဆုံးသည်နှင့် ဦးထုပ်၊ မျက်မှန်တို့ကို ဆွဲယူကာ ဆိုင်ထဲမှ ထွက်သွား၏။ မေဇွန် သေချာအောင် စကားပြောအများကြီး



www.burmeseclassic.com

www.burmeseclassic.com



ပြောချင်သေးသည်။ ဘယ်မှာနေလဲ မေးရမည်။ ဘာကြောင့် လူမြင်ကွင်းကို ထွက်မလာတာလဲ စုံစမ်းရဦးမည်။ ထို့ကြောင့် မေဇွန် အအေးဖိုးငွေ ချပေးကာ အမြန်ထွက်လိုက်လာခဲ့၏။

"ရုပ်လေး သနားကမားနဲ့ ရှူးနေလားမသိဘူး တစ်ယောက်တည်း စကားပြောနေတယ်၊ တော်သေးတာပေါ့ အအေးဖိုး ပေးသွားလို့ . ."

စားပွဲထိုး၏မှတ်ချက်ကို မကြားရတော့သည့် မေဇွန်မှာ လမ်းမပေါ် တောင်ကြည့်မြောက်ကြည့်လုပ်ကာ စင်သီယာ့ကိုရှာသည်။ သို့သော် ဦးထုပ်ဆောင်းပြီး မျက်မှန်တပ်ထားသည့် ကြည်ပြာရောင်ဝတ်စုံနှင့် စင်သီယာ့ကို အရိပ်အယောင်မျှ မတွေ့ရတော့။ ထူးထူးဆန်းဆန်း ရောက်လာပြီး အရိပ်လိုပြန်ပျောက်သွားသည့် စင်သီယာ့အား မေဇွန်နားမလည်နိုင်တော့။ အခုလို အမှတ်မထင် စင်သီယာနှင့်တွေ့ဆုံခဲ့ရခြင်းအား ရဲစခန်းသို့ သတင်းပေးရန် လိုအပ်ကြောင်း မေဇွန်သိသည်။

သို့သော် အတ္တလွန်ကဲပြီး. . ကိုယ့်အမှုသည် သေဒဏ်မှ လွတ်မည့် အခွင့်အရေးဖြစ်နေ၍ တစ်ကိုယ်ကောင်းဆန်စွာပင် ထိန်ချန်ထားဖို့ ဆုံးဖြတ်လိုက်၏။ ပထမဆုံးအမှုကို သက်သေခိုင်ခိုင်လုံလုံနှင့် ထုချေခွင့်ရတော့မည်မို့ အတိုင်းမသိ ဝမ်းသာပီတိဖြစ်နေသည်။ အဘိုးမျှော်လင့်ခဲ့သည့် အောင်မြင်သောရှေ့နေဘဝကို ရတော့မှာဖြစ်သလို၊ သူ့အပေါ် အထင်မြင်သေးလှသည့် အဖေ့ခံယူချက်အား ပြောင်းလဲပစ်နိုင်တော့မှာမို့ လွန်စွာအားတက် ပျော်ရွှင်နေတော့၏။

၅ ၅ ၅ ၅

www.burmeseclassic.com

www.burmeseclassic.com



ညက မှောင်မိုက်အေးစက် တိတ်ဆိတ်နေသည်။ လကွယ်ည ဖြစ်သလို မိုးအားကျသော ညလည်းဖြစ်၍ နေရာအတော်များများကို အမိုက်တိုက်က လွှမ်းခြုံနေ၏။ ကုန်ဈေးတန်းလမ်းမှာလည်း လူသူကင်းရှင်းနေသလို၊ မီးလောင်တိုက်ခန်းအနီးတွင်တော့ ခွေးတစ်ကောင် ကြောင်တစ်မြီးတောင် မရှိတာကို တွေ့ရသည်။

မီးလောင်တိုက်ကြီးအတွင်းမှာတော့ ကြောင်တွေအော်မြည်သောင်းကျန်းနေကြတာကို အဝေးမှပင် ကြားနေရ၏။ ထိုသို့ကြောက်မက်ဖွယ်ညချမ်း လမွန်းတည့်ချိန်တွင် တိုက်လှေကားတစ်ခုအတွင်းမှ အထုပ်ပိုက်ထားသော လူတစ်ယောက် ခတ်သုတ်သုတ်ထွက်လာနေ၏။

ထိုလူက လမ်းဘေးဝဲယာရှေ့နောက်ကို ပတ်ချာလည်အောင်ကြည့်ရင်း မပြေးရုံတမယ် လျှောက်လာနေ၏။ ထိုလူ. . မီး

www.burmeseclassic.com

www.burmeseclassic.com



လောင်တိုက်ခန်းရှေ့အရောက်မှာ ရပ်သွားကာ အခြေအနေကို အကဲခတ်နေသည်။ လမ်းသွားလမ်းလာနှင့် စောင့်ကြည့်သူတွေ မရှိတာသေချာမှ တိုက်ထဲသို့ လှစ်ခနဲဝင်သွားလေ၏။ တိုက်ခန်းထဲရောက်သည်နှင့် လုပ်စရာရှိတာတွေ ဆက်တိုက်လုပ်တော့သည်။ ဆယ်မိနစ်လောက် အကြာမှာတော့ ခေါ်စာခွက်တစ်ခွက် ရုပ်လုံးပေါ်လာ၏။

အစဉ်အလာရှိသည့်အတိုင်း သက်ဆိုင်ရာပုဂ္ဂိုလ်တွေကို ဖိတ်ခေါ်အပြီးမှာ ထိုလူ ခပ်လှမ်းလှမ်းသို့ ထွက်သွားပြီး စိတ်ရှည်လက်ရှည် ထိုင်စောင့်နေသည်။ ခဏအကြာတွင် ကြောင်နက်ကြီးလေးကောင် ရုတ်တရက်ရောက်လာကာ ခေါ်စာခွက်အား အငမ်းမရစားသောက်ကြသည်။

"အင်း. . အင်း. . စားတာလဲစားကြ ကိုယ့်ပိုင်နက်ကိုလည်းတာကွယ်စောင့်ရှောက်ကြ. . ကြားလား၊ ငါလည်းတစ်ပါတ်တစ်ခါပဲတွေးနိုင်မွေးနိုင်မှာနော်"

"ညောင်. . ဝေါင်း. . "

ကြောင်တွေကို စီးနေသည့် ဝိညာဉ်များက နားလည်သဘောပေါက်သလို အသံပေးကြသည်။ ထိုအချိန်တွင် တိုက်ခန်းထဲအပြာရောင်အရိပ်တစ်ခု မြောလွင့်ဖြတ်သန်းသွားကာ မြင်လိုက်ရ၏။ အိုက်ခမ်း ကြောက်စိတ်ဖြစ်လာသလို ကြောင်နက်ကြီးတွေလည်း ဒေါသမငြိမ်ဖြစ်လာကြသည်။ နောက်တစ်ကြိမ် ထိုအရိပ် ဖြတ်သွားချိန်မှာတော့ ကြောင်လေးကောင်စလုံး ပြေးလိုက်ပြီး ခုန်အုပ်ကိုက်ဖွဲ့ကြတာကို တွေ့ရသည်။

သို့သော် အရိပ်အငွေ့လိုဖြစ်နေ၍ ကြောင်တွေကိုက်တာ

www.burmeseclassic.com



အရာမထင်၊ ထိရောက်မှုမရှိ၊ အိုက်ခမ်းလည်း ထိုအပြာရောင် အရိပ်ပိုင်ရှင်မှာ စင်သီယာဖြစ်နိုင်သည်ဟုတွေးပြီး ကြောက်လန့်သွားသဖြင့် ထွက်ပြေးလာခဲ့တော့၏။

"ဘုရား. . ဘုရား စင်သီယာလည်း မကျွတ်ဘူးကိုး၊ တော်သေးတယ် သူ့ကိုထည့်ထားတဲ့ ရာဝင်အိုးထဲမှာ ဇဝက်သာနဲ့ဆားပုပ်တွေထည့်ထားလို့ အနံ့သိပ်မထွက်တာ၊ အလောင်းက အထဲနစ်နေလို့ တော်သေးတယ်၊ ဆေးကြိတ်တဲ့ ကျောက်ပြားကြီးကလည်း လေးလေးပင်ပင်နဲ့ အကြီးကြီး ဖြစ်နေလို့သာပေါ့"

အိုက်ခမ်းတစ်ယောက် အခြေအနေကို သုံးသပ်တွေးရင်း သူ့တိုက်ခန်းဆီသို့ အမြန်ပြန်လာခဲ့၏။ အိုက်ခမ်းလှေကားထဲ ဝင်ရောက်ပျောက်ကွယ်သွားစဉ်မှာပင် စက်ဘီးစီးပတ္တရောင်ရဲအဖွဲ့လမ်းထဲသို့ ဝင်လာကြသည်။

အခြေအနေစောင့်ကြည့်နေသည့် အိုက်ခမ်း ရင်ခုန်သံမြန်လျက် ချွေးသီးကျနေလေ၏။ လက်မတင်လေးလွတ်ခဲ့ရသည့် အဖြစ်အတွက် နောက်တစ်ကြိမ် ခေါ်စာကျွေးဖို့တောင် ဖြစ်နိုင်ပါဦးမလား တွေးကာ ရင်လေးရှာနေတော့၏။

ၛ ၛ ၛ ၛ

www.burmeseclassic.com

www.burmeseclassic.com



၂

ရဲတပ်ဖွဲ့ဝင်ရှစ်ယောက် လက်နက်အပြည့်အစုံနှင့် မီးလောင်တိုက်ခန်းထဲ ဝင်လာကြသည်။ လက်နက်ဆိုသော်လည်း သေနတ်တွေ လက်ပစ်ဗုံးတွေမဟုတ်၊ ပေါက်ချွန်း, ဂေါ်ပြားနှင့် ဓူးဆိန်များသာဖြစ်၏။ သူတို့က အဆောက်အဦးကို ဖြိုဖျက်ရှင်းလင်းတာ သဲလွန်စတွေ သက်သေတွေရှာဖို့ပဲ ဖြစ်သည်။ အထဲသို့ရောက်သည်နှင့် လက်နက်ကိုင်အဖွဲ့အစည်း ပုံစံအတိုင်း တန်းစီကြသည်။ ရဲအုပ်အဆင့်ရှိသူက တပ်ဖွဲ့နှင့် ရင်ဘောင်တန်းရပ်ရင်း ဖိုင်ထဲမှ စာရွက်တစ်ရွက်ကို ထုတ်လိုက်သည်။

"အဟမ်း. . ဤအဆောက်အအုံအတွင်း မှီတင်းနေထိုင်ခဲ့သည့် သက်ရှိသက်မဲ့နှင့် မြင်အပ်မမြင်အပ်သော ဝိညာဉ် နာနာလောကသားအပေါင်းတို့ သင်တို့နာခံရမည့် အမိန့်ပြန်တမ်းအား နိုင်ငံတော်အစိုးရကိုယ်စား ဖတ်ကြားပြမည်၊ အားလုံးကောင်းမွန်စွာ

www.burmeseclassic.com

www.burmeseclassic.com



အမိန့်သစ် ထပ်ရသဖြင့် ရဲတပ်ဖွဲ့ဝင်တွေ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြပြန်သည်။ အားလုံးကိုယ့်တာဝန်ကိုယ် ဆောင်ရွက်ကြ၏။ တဝက်တပျက် မီးလောင်ထားတာတွေကို ရိုက်ချိုးဖျက်ဆီးသူ၊ အမှိုက်တွေစု၍ ရှင်းလင်းသူ၊ မပျက်စီးသေးသည့် ဘီရိုသေတ္တာများ ဖွင့်ဖို့ ကြိုးစားသူတို့နှင့် တက်ညီလက်ညီ လုပ်ဆောင်နေကြသည်။ ပိန်လိမ်နေသည့် တိုင်ကီမှအဖုံးကို ကလန့်ပြီး တစ်ယောက်က ဖွင့်လိုက်၏။ အပုပ်နံ့ကြီး ထောင်းခနဲထွက်လာသည်။

အားလုံး နှာခေါင်းပိတ်သူပိတ်၊ လက်ကိုင်ပုဝါနှင့် စည်းသူစည်း ဖြစ်ကုန်ကြ၏။ တိုင်ကီထဲငုံ့ကြည့်လိုက်တော့ လောက်တဖွားဖွားနှင့် ဖေါင်းကားယောင်ကိုင်းနေသည့် ကြောင်သေတစ်ကောင်ကို တွေ့ရသည်။ မခံနိုင်တော့သည့် ရဲတစ်ယောက်က မီးလောင်ပြာမှုန့်တွေကို ဂေါ်ပြားနှင့်ထိုးကော်ပြီး တိုင်ကီထဲထည့်သည်။ ကြောင်သေ မြှုပ်အောင်ထည့်ပြီးမှ အဖုံးကိုပြန်ပိတ်လိုက်၏။ အပုပ်နံ့ အတော်သက်သာသွားသည်။

အောက်လမ်းအစီအရင်တွေတွေ့ပြီး အပုပ်နံ့ရသဖြင့် သို့လောသို့လော တွေးကာ ကြောက်နေသူတွေလည်း ပြုံးနိုင်ရယ်နိုင် စကားပြောနိုင်ကြတော့သည်။ တက်တက်ကြွကြွနှင့် လုပ်စရာရှိတာတွေ ဆက်လုပ်ကြသည်။ တစ်ယောက်က သံချေးကိုက် ပတ္တာတွေ မျောက်လက်တွေကို တူရွင်းနှင့်ကလန့်၍ ဖျက်ပြီး ဘီရိုတံခါးကို ဆွဲဖွင့်၏။

"ဝုန်း!. . ."

"အောင်မလေးဗျ!. . ."

ဘီရိုအဖွင့်တွင် အထဲမှထွက်ကျလာသည်က မီးလောင်ထား



www.burmeseclassic.com

www.burmeseclassic.com



၍ တစ်ကိုယ်လုံးမည်းနက်နေသော လူသေအလောင်းကြီးဖြစ်သည်။ အော်သံနေရာတွင် လူအုံသွားပြန်သည်။ အလောင်းကောင်ကြီးက တကယ့်ကို မသတီစရာ။ ထို့ပြင် အခုမှ မီးသေသွားသလိုမျိုး မီးခိုးတွေ တငွေ့ငွေ့ထွက်နေသေးသည်။

"ဒါ. . ဒါ. . တို့ကို ခြောက်နေတာပဲ"

အမိန့်ပြန်ပြီးလုပ်တာတောင် အနှောင့်အယှက်တွေ ပေးလာသည့်အတွက် ရဲအုပ်ကြီး ဒေါသထွက်သွားသည်။

"ဘယ်လိုပဲ အနှောင့်အယှက်ပေးပေး မကြောက်နဲ့၊ အမိန့်ပြန်ထားပြီးပြီ လုပ်စရာရှိတာ ဆက်လုပ်"

အမိန့်ပေးလိုက်သော်လည်း ဘယ်သူမှ မလှုပ်ကြ။

ထို့အတွက် ပိုပြီးဒေါသကန်သွားသည့် ရဲအုပ်ကြီး ပေါက်ချွန်းတစ်လက်ကို ကောက်ယူကာ အနီးရှိ မီးသင့်လှေကားကြီးအား အဆက်မပြတ် ထုနှက်ပြလိုက်သည်။

"ဒုန်း!. . ဒုန်း!. . ဒုန်း!. ."

သို့သော် တဝုန်းဝုန်း တဒုန်းဒုန်း အသံတွေကြားမှ ညည်းညူသံကြီး ထွက်ပေါ်လာပြန်၏။ အထိတ်တလန့်နှင့် စောင့်ကြည့်နေစဉ်မှာပင် တစ်ဝက်တပျက်လောက်သာ ကျန်တော့သည့် သစ်သားလှေကားမှတဆင့် မီးကျွမ်းအလောင်းတွေ လိမ့်ဆင်းလာလေသည်။

"ဝုန်း!. . ဝုန်း!. . ဝုန်း!. ."

အငွေ့တထောင်းထောင်းထနေသော မီးသင့်အလောင်းက အလောင်းတိတိ ဖြစ်သွားသည်။ ရဲတပ်ဖွဲ့ဝင်အားလုံး နောက်ဆုတ်ဆုတ်နှင့် ထွက်ပြေးဖို့ တာစူနေစဉ်မှာပင် မီးသင့်အလောင်း



www.burmeseclassic.com

www.burmeseclassic.com



တောင်တစ်ကောင် ထလာကာ အုံ့ဆြစွာငေးကြည့်နေသည့် ရဲအုပ်ကြီးကိုယ်ထဲ ပူးဝင်သွားတာ တွေ့လိုက်ကြရသည်။

သရဲပူးခံရသည့် ရဲအုပ်ကြီးက မာန်ပါပါနှင့် ခါးထောက်လိုက်ပြီး သူ့တပ်ဖွဲ့ဝင်များဘက်လှည့်ကာ. . .

"မင်းတို့ကို ငါ အပြတ်ပြောလိုက်မယ် ဘာအမိန့်ပြန်ပြန် လုံးဝဂရုမစိုက်ဘူး၊ ငါတို့ပိုင်နက်ထဲ ကျူးကျော်လာရင် ဘယ်သူ့မှ ချမ်းသာမပေးဘူးဆိုတာ မှတ်ထားလိုက်"

ထိုစကားပြောအပြီးမှာ ရဲအုပ်ကြီးကိုယ်ထဲမှ သရဲပြန်ထွက်သွားတာ မြင်လိုက်ကြရ၏။ ရဲအုပ်ကြီး မျက်လုံးများပြူးထွက်ကာ သတိလစ် လဲကျသွားသည်။ တပ်ဖွဲ့ဝင်များလည်း သူတို့ဆရာကို ဝိုင်းဝန်းဖေးမတွဲခေါ်ကာ ထိုအိမ်ကြီးထဲမှ အောင်မြင်စွာ ပြန်လည်ဆုတ်ခွာလာခဲ့ရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၉)

မြို့နယ်တရားရုံးဝင်းအတွင်း လူတွေရှုပ်ထွေးဆူညံနေသည်။ မစည်ကားအပ်သော အရပ်ဒေသတစ်ခုတွင် စည်ကားနေခြင်းက ခေတ်ပေါ်လူနေမှုပုံစံဟု ဆိုရတော့မည်လားမသိ။ အပေါ်ရုံ အကျႌအနက်ဝတ်ဆင်ထားသော မေဇွန်တစ်ယောက် လက်မှနာရီကိုကြည့်လိုက် တရားရုံးဝင်း တံခါးဝကိုကြည့်လိုက်နှင့် ဗျာများကာ သောကရောက်နေလေ၏။

ဒီနေ့ ရုံးချိန်းတွင် စင်သီယာ သက်သေလာထွက်ပေးမည်



www.burmeseclassic.com

www.burmeseclassic.com



ဆို၍ မေဇွန် ကိုးနာရီလောက်ကတည်းက ဝီရိယကောင်းစွာ ရောက်နေခြင်းဖြစ်သည်။ သို့သော်. . ယခု ဆယ်နာရီထိုးလုလု အချိန်ထိ စင်သီယာ ရောက်မလာသေး၊ ဒါတွေဖြစ်မှာစိုး၍ ပက်ပင်းဆုံသည့်နေ့က စင်သီယာအားလိုက်ရှာကာ အိမ်လိပ်စာမေးဖို့ ကြိုးစားခဲ့ခြင်းဖြစ်သည်။ ခုတော့ ခွန်မှိုင်းအတွက်သာမက သူ့လျှောက်လဲချက်အတွက်ပါ သောကရောက်နေရပြီ ဖြစ်သည်။ အချိန်အခါ မသင့်သေးချိန်မှာ မာဇဒါဂျစ်ကားစိမ်းတစ်စီး ဝင်လာ၏။

"ဟယ်. . ဒုက္ခပါပဲ တရားသူကြီးမင်းတောင် လာနေပြီ"

တရားသူကြီး ရောက်လာပြီဆိုတော့ မေဇွန် ပို၍ပျာလောင်ခတ်သွားသည်။ ဆယ်နာရီ ငါးမိနစ်တောင်ရှိပြီ စင်သီယာက ခုထိမလာသေး။ သို့သော်လည်း အမှုစစ်ဆေးချိန် ရောက်နေပြီမို့ တရားခွင်သို့ မတက်မဖြစ် တက်ခဲ့ရတော့၏။ မေဇွန် စိတ်ပျက်လက်ပျက်နှင့် ရင်ခုန်မြန်နေစဉ်မှာပင် တရားသူကြီး ဝင်လာသည်။

ထုံးစံအတိုင်း အရိုအသေပေးကြ၊ ကျမ်းကျိန်ကြတာတွေ ပြုလုပ်ပြီးနောက် ဦးစွာ ဆွဲချက်အပြီးသတ်လျှောက်လဲချက်ပေးသည်။ ထိုသို့လျှောက်လဲနေတာကို မေဇွန် အာရုံစိုက်၍မရ တရားရုံးအပြင်သို့သာ လှမ်းငေးပြီး မျှော်နေမိ၏။ အချိန်တွေက တရွေ့ရွေ့ကုန်ဆုံးကာ တစ်ဖက်ရှေ့နေ၏ လျှောက်လဲချက်သာ ပြီးသွား၏ စင်သီယာတစ်ယောက်ကား ရောက်မလာခဲ့။

"အဟမ်း. . တရားခံရှေ့နေ ဒေါ်မေဇွန်နိုင်"

"ဟုတ်ကဲ့ပါ တရားသူကြီးမင်းရှင့်"

"တရားခံအတွက် အစိက သက်သေတင်သွင်းမယ်ဆိုတာ ဟုတ်ပါသလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် တရားသူကြီးမင်းရှင့်"

"အဲဒီသက်သေက လူပျောက်မှုနဲ့ တိုင်ချက်ဖွင့်ထားတဲ့ ဒေါ်စင်သီယာမောင်လို့ ဖော်ပြထားတယ်၊ အဲဒါကော အမှန်ပဲလား"

"အမှန်ပါပဲ တရားသူကြီးမင်းရှင့်"

"သူ ဘယ်အချိန်ဘယ်လိုပေါ်လာတာလဲ"

"အမှတ်မထင် လမ်းမှာဆုံခဲ့ကြတာပါ . . သူ့ပုံစံက ခြိမ်းခြောက်အကြပ်ကိုင်ခံနေရပုံပါပဲ၊ ဒီနေ့ တရားရုံးမှာ သက်သေလာထွက်ဆိုမယ်လို့ ကတိပေးသွားပါတယ်ရှင့် အဲဒါကြောင့် သူ့ကို ဆယ့်တစ်နာရီလောက်ထိတော့ စောင့်ပေးပါ တရားသူကြီးမင်းရှင့်"

"အင်း . . သူရောက်လာမယ်ဆိုရင်တော့ အမှုက ပိုပြီးစိတ်ဝင်စားစရာကောင်းလာမှာပါ၊ ကဲ . . နောက်ဆုံးလျှောက်လဲချက်အရင်တင်ပါ"

"ဟုတ်ကဲ့ပါရှင့် . . ကျွန်မတို့ ရိုးရိုးလေးပဲ စဉ်းစားကြည့်ရအောင်ပါ လူတစ်ယောက်ဟာ အပတ်တကုတ်ကြိုးစား အောင်မြင်လာခဲ့ပြီးမှ အကျိုးစီးပွားအားလုံးကို ကိုယ်တိုင်မီးရှို့ဖျက်ဆီးပစ်တယ်ဆိုတာ လုံးဝ သဘာဝမကျပါဘူးရှင်"

ထိုသို့ အစချီကာ စပ်ခွန်မှိုင်းအတွက် အသက်ကယ်ဆေးကို အပတ်တကုတ် တိုက်ကျွေးတော့၏။ သို့သော် သူ၏လျှောက်လဲချက်များအတွက် ခိုင်လုံသော သက်သေကမရှိ၊ ဒီလိုနှင့်တင်ပြအသနားခံစရာ စကားတွေကုန်သွားသည်။ အချိန်က ဆယ့်တစ်နာရီထိုးချင်ပြီ၊ သက်သေထွက်ဆိုမည့်သူက ရောက်မလာ။

တရားသူကြီးက လူတစ်ယောက် အသက်ကယ်ခွင့်နိုင်ဖို့အထူးအခွင့်အရေးပေးသည့်အနေနှင့် ကြားနာမှုကို ရွှေ့ဆိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပြီး နေ့ခင်းတစ်နာရီတွင် ဆက်စစ်မည်ဟု မိန့်ကြားသွား၏။ မေဇွန် အသက်ရှုခွင့်ရသွားသည်။ စင်သီယာ ရောက်လာပါစေဟု ဆု တောင်းရင်း ထမင်းစားနားလိုက်ရတော့၏။ ထိုအချိန်တွင် တရားရုံး အချုပ်ထဲ ပြန်ရောက်သွားသည့် ခွန်မှိုင်းထံ အထူးဧည့်သည်တစ် ယောက် ရောက်လာသည်။

"ဟင်! . . အိုက်. . အိုက်ခမ်း. . မင်း. . မင်းကွာ"

အမှုရင်ဆိုင်နေရသည့် ကာလတစ်လျှောက်လုံး ပေါ်မလာ ဘဲ စီရင်ချက်ချမည့်နေ့မှ မျက်နှာမြင်ခွင့်ရသည့်အတွက် စိတ်မ ကောင်းဖြစ်လွန်းလှသဖြင့် ခွန်မှိုင်း ဘာစကားမှ ဆက်မပြောနိုင် တော့. . .။

"ကိုခွန်မှိုင်း ခေါက်ဆွဲကြော်စားပြီး လက်ဘက်ရည်သောက် လိုက်ပါဦး"

ဘယ်သူမှ လာမတွေ့၍ ကောင်းကောင်းမွန်မွန် ဘာမှမစား ရ မသောက်ရဘဲ ပိန်ချုံးနေသည့်ခွန်မှိုင်း ခေါက်ဆွဲကြော်စားရင်း မျက်ရည်ကျနေရှာသည်။

"ဘယ်လိုမှ လာဖို့အဆင်မပြေဘူးဗျာ၊ ကျွန်တော်စားဖို့ သောက်ဖို့ နေဖို့ထိုင်ဖို့တောင် အနိုင်နိုင်ရယ်၊ ခု ဆိုက်ကားပြန်နင်း နေရတာ"

ခွန်မှိုင်းကို အိုက်ခမ်းက အဆင်မပြေတာတွေချည်း လုပ်ကြံ ပြောဆိုနေသည်။ မရီးလည်း နေမကောင်းဖြစ်နေကြောင်း စာရေး လိုက်ပုံ၊ အားတီလေး ခြောက်နှစ်ပြည့်ပြီဟု သိရပုံတွေပြောပြတော့ ခွန်မှိုင်း မျက်ရည်မဆည်နိုင် ဖြစ်သွား၏။ စိတ်တင်းပြီး စားတာ သောက်တာကို လက်စသတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာဖြစ်လို့ ငါမီးရှို့နေတာ မြင်တယ်လို့ ထွက်ဆိုရ တာလဲ"

ခွန်မှိုင်းက တီးတိုးလေသံနှင့် မေးလိုက်ခြင်းဖြစ်သော်လည်း အိုက်ခမ်းအတွက် အနီးကပ် ဗုံးခွဲခံလိုက်ရသလို ဖြစ်သွားသည်။ အဖြေရခက်နေစဉ် အိုက်ခမ်းအတွက် ကံကောင်းခြင်းလက်ဆောင် ရောက်လာသည်။ ရဲတွေက တရားခံများကို ရုံးထဲပြန်ခေါ်ဖို့ ရောက် လာခြင်းပင် ဖြစ်သည်။ နာမည်ခေါ် လူစစ်တာတွေ လုပ်နေကြစဉ် အိုက်ခမ်း ကိုယ်ယောင်ဖျောက်ပြီး လစ်ထွက်လာခဲ့၏။

တစ်နာရီ ထိုးခါနီးအထိ စင်သီယာပေါ် မလာသဖြင့် မေဇွန် စိတ်ကိုလျှော့ချပစ်လိုက်တော့သည်။ သက်သေရောက်မလာသဖြင့် တရားသူကြီးကလည်း စီရင်ချက်ချဖို့သာ ပြင်ဆင်တော့သည်။ စီရင် ချက်ကို ဖတ်ပြနေချိန်မှာ မေဇွန်ခေါင်းငိုက်စိုက် ကျနေပြီဖြစ်သည်။

အမိကအချက်ကတော့ လူသက်သေ ပစ္စည်းသက်သေ စုံလင်ကာ အမှုက ခိုင်မာသဖြင့် ခွန်မှိုင်းအား သေစားသေစေရန် ဖြစ်ဒဏ်ချမှတ်ခြင်းပင် ဖြစ်သည်။ မေဇွန်ကြေကွဲစွာဖြင့် ခွန်မှိုင်းကို လှည့်ကြည့်မိ၏။ ခွန်မှိုင်းပုံစံက အသိကင်းလွတ်သွားသလိုမျိုး ဖြစ် နေသည်။ မျက်လုံးသေကြီးများနှင့် မျက်နှာကျက်ကို မော့ကြည့်နေ သည့် ခွန်မှိုင်းပုံစံကို မေဇွန်မမြင်ရက် မကြည့်ရက်တော့။

နောက်ဆုံးမှာတော့ သေဒဏ်ချမှတ်ခံရသည့် ခွန်မှိုင်းအား ရဲတွေဆွဲခေါ်ကာ အချုပ်ကားဆီ ခေါ်ဆောင်သွားကြလေတော့၏။

အချုပ်သားစုံအောင် စောင့်နေစဉ် ခွန်မှိုင်းအား မေဇွန် သွားတွေ့လိုက်သည်။ ခွန်မှိုင်းပုံစံက စိတ်နှင့်လူနှင့်မကပ် ဖြစ်နေ၏။ မေဇွန် အားပေးစကားကို ဘယ်လိုစပြောရမှန်းမသိ ဖြစ်နေရသည်။

www.burmeseclassic.com



"တစ်လအတွင်း အလှူခံဝင်လို့ ရပါသေးတယ် ကိုခွန်မှိုင်း ရယ် အားမလျှော့ပါနဲ့၊ အလှူခံလွှာကို ကျွန်မအကောင်းဆုံး ပြင်ဆင် ရေးသားပေးပါ့မယ်"

"မလုပ်ပါနဲ့တော့ဗျာ ပင်ပန်းပါတယ်"

"မဟုတ်တာဘဲရှင်. . ဒါ တရားခံတစ်ယောက်အတွက် ရပိုင်ခွင့်ပါ၊ ဒါကို အသုံးချရမှာပေါ့"

"ကျုပ်သေသွားတဲ့အခါ ကျုပ်ရဲ့အရိုးပြာကို ကလောက ဇနီးဆီ ပို့ပေးပါဗျာ"

"ကိုခွန်မှိုင်း စိတ်ချမ်းသာမယ်ဆိုရင် ကျွန်မသွားပို့ပေးပါ့မယ်၊ ဒါပေမဲ့ ဒီလိုမဦးမချွတ်စကားတွေ မပြောပါနဲ့၊ ကိုခွန်မှိုင်း သေဒဏ်က လွတ်ကိုလွတ်ရမယ်"

ခွန်မှိုင်း စကားမပြန်တော့၊ ပြုံးယောင်သမ်းသော မျက်နှာနှင့်သာ မေဇွန်အား စိုက်ကြည့်နေတော့၏။ ပြောစရာစကား မကုန် သေးသော်လည်း အချုပ်ကား ထွက်သွားပြီမို့ မေဇွန်လက်လှမ်းပြရင်း ငေးကြည့်ရင်းနှင့်သာ ကျန်ခဲ့ရှာသည်။ ထိုမြင်ကွင်းကို မလှမ်းမကမ်း တစ်နေရာမှ စောင့်ကြည့်နေသူက အိုက်ခမ်းပင်ဖြစ်၏။ လူမမြင် အောင် ပုန်းကွယ်ပြီး စီရင်ချက်ချတာကို သူနားထောင်ခဲ့သေးသည်။ သေဒဏ်ကျသွားတာ သေချာတော့မှ ပြန်ထွက်လာခဲ့ခြင်းဖြစ်၏။ နန်းနောင့်နောင့်နှင့် သူ့ကြားမှာ ခလုတ်ကန်းသင်း ဖြစ်နေသည့် ခွန်မှိုင်းကို ဖယ်ရှားနိုင်ခဲ့ပြီမို့ သူ့ရင်အပူတွေ ငြိမ်းခဲ့ပြီဖြစ်သည်။

သူ့မယားလိုချင် သူ့လင်လုံနဲ့ထိုးဟု ဆိုးရိုးစကားရှိသော် လည်း အိုက်ခမ်းက တစ်မူဆန်းပြီး သူ့မယားလိုချင်၍ သူ့လင်ကို အမှုဆင် ထောင်ချပြီး သေဒဏ်ပါပေးနိုင်ခဲ့သည့်အတွက် သူ့လုပ်ရပ်



www.burmeseclassic.com

www.burmeseclassic.com



သူ ဂုဏ်ယူနေလေ၏။ ကိစ္စကြီးတစ်ခု ပြီးသွားပြီမို့ အောင်ပွဲခံရန် အရက်ဆိုင်သို့ ချီတက်လာခဲ့သည်။

အမြည်းကောင်းကောင်းနှင့် အရက်ကို ခုံမင်နှစ်သက်ရာ ဇိမ်ခံသောက်နေစဉ် သူစားပွဲသို့ လူတချို့ရောက်လာကာ ဝင်ထိုင်လိုက်ကြသည်။ ကျားကြီးနှင့်အဖွဲ့ ဖြစ်မှန်းသိတော့ ခံစားနေရသည့် ပျော်ရွှင်မှုတွေ ပျောက်ဆုံးသွားတော့၏။ ကျားကြီးတို့က အိုက်ခမ်း မှာထားသမျှတွေ မြန်မြန်ကုန်အောင် ဝိုင်း၍စားသောက်ပေးကြသည်။

"ဒီနေ့ စီရင်ချက်ချမယ်ဆိုတာသိလို့ လာစောင့်နေတာ အိုက်ခမ်းရ၊ အဟင်းဟင်း . . ကဲပြော ကလောကိုဘယ်နေ့သွားမလဲ"

"ဟာဗျာ . . ခင်ဗျားတို့ကလည်း လောလိုက်တာဗျာ၊ ကျုပ် အစ်ကို ခွန်မှိုင်းကို ကြိုးပေးပြီးရင် သူ့ကို သင်္ဂြိုလ်ပေးရဦးမှာလေ၊ အဲဒါတော့ လုပ်ပေးရဦးမှာပေါ့ . . သူ့အလောင်း မြေကျပြီးတာနဲ့ ဟလောကိုဖြန်မှာ စိတ်ချ"

"မင်း တော်တော်ပေရှည်တဲ့ကောင်ပဲ၊ အဲဒါက ဘယ် လောက်ကြာဦးမှာလဲ"

"သိပ်မကြာပါဘူး တစ်လ . . တစ်လခွဲလောက်ပါပဲဗျာ"

"ငါ သိပ်စိတ်မရှည်တော့ဘူး အိုက်ခမ်း"

"ဒါ ကျွန်တော့်အစ်ကိုရဲ့ နောက်ဆုံးခရီးလေ၊ ပြီးတော့ . . သူက သက်တမ်းစေ့လို့ သေမှာမဟုတ်ဘူး ကြိုးပေးခံရမှာ ဒီလောက် တော့ နားလည်ပေးမှပေါ့"

"လေသံမာတယ် အိုက်ခမ်း"

"အဲဒါဆိုလည်း ဆောရီးပဲ၊ ခင်ဗျားတို့ ကျုပ်နေရာကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဝင်စဉ်းစားကြည့်ကြဦးလေ”

အိုက်ခမ်းပြောတာ မှန်နေ၍ ကျားကြီး ခဏငြိမ်သွားသည်။

နောက်မှ. .

“အေးလေ နာရေးကိစ္စပြီးရင် ထပ်အချိန်မဆွဲနဲ့တော့နော်၊ ဒါနဲ့ အခုမင်းဘယ်မှာနေလဲဆိုတာ ပိုအရေးကြီးတယ်၊ အဲဒီအချိန်မှာ မင်း ထွက်ပြေးသွားရင် ဘယ်လိုလုပ်မလဲ”

ကျားကြီးက အကွက်မြင်စွာ ပါးနပ်စွာနှင့်ပြော၏။ အိုက်ခမ်းက ပါးနပ်စွာနှင့် ဖြေသည်။

“အခု ကျောက်မြောင်းမှာ အိမ်ငှားနေတယ် မဂ္ဂင်လမ်း အိမ်နံပါတ်(--)”

“ဟော့ကောင်တွေ သူ့လိပ်စာ ရေးမှတ်ထားလိုက်”

သူ အမှန်အတိုင်း မပြောတာကို ကျားကြီးမတွေးမိဘဲ လိပ်စာရေးမှတ်ခိုင်းနေ၍ အိုက်ခမ်းပျော်သွားပြီး ဝမ်းထဲက ကြိတ်ပြုံးနေလေ၏။

“ကဲ. . သွားမယ် တစ်လပြည့်ရင် တစ်ခေါက်လာခဲ့ဦးမယ် ကြားလား”

“လာခဲ့ပါ အချိန်မရွေး အိမ်မှာရှိပါတယ်”

ကျားကြီးတို့သုံးယောက် ထရပ်လိုက်သည်။ အိုက်ခမ်းက ထိုင်နေဆဲ . .

“ဟော့ကောင်. . ထလေကွာ”

သူ့ကိုပါခေါ်နေ၍ အိုက်ခမ်း နားမလည်နိုင်အောင် ဖြစ်သွားသည်။

“ဟာ. . ကျုပ် လစ်မစ် မပြည့်သေးဘူး”

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် အူကြောင်ကြောင် လုပ်မနေနဲ့ မင်းပြောတိုင်း ယုံမယ်ထင်နေလား၊ မင်းနေတဲ့အိမ်ကို မင်းကိုယ်တိုင်ပြ ငါတို့လိုက်ခဲ့မယ်. . ဒါပဲ"

ကျားကြီးကို ငတုံးဟု ထင်မိတာ မှားသွားကြောင်း သိလိုက်ပြီး အိုက်ခမ်း စိတ်ညစ်သွား၏။ ကျားကြီးက သူ့ကိုခတ်ကြမ်းကြမ်းဆွဲထူသည်။ မတတ်သာတော့သဖြင့် အိုက်ခမ်း ပေကတ်ကတ်နှင့်လိုက်သွားရ၏။ သူတို့ကားနားအရောက်. .

"မဂ္ဂင်လမ်းကို မောင်းရမှာလား မင်းတကယ်နေတဲ့လိပ်စာ အမှန်ကိုပြောမလား"

အိုက်ခမ်း ဉာဏ်မများရဲတော့၊ ကုန်ဈေးတန်းလမ်းမှ သူငှားနေသည့် အိမ်လိပ်စာအမှန်ကို ပြောပြလိုက်ရတော့၏။ ကျားကြီးတို့အဖွဲ့ ဟားတိုက်ရယ်မောရင်း မောင်းထွက်လာခဲ့ကြသည်။ သို့သော် အိုက်ခမ်း လွယ်လွယ်နှင့်အလျှော့ပေးမည့် လူစားမဟုတ်။ ကျားကြီးတို့ကလည်း ဂျင်ပေါက ထုံးဆိုတော့ ပွဲကြည့်ကောင်းမည့် အနေအထားပင် ဖြစ်သည်။

အချိန်တန်တော့ အိမ်ပြန်ရောက်လာတာ ဓမ္မတာပဲ ဖြစ်၏။ အိုက်ခမ်းဦးဆောင်ပြီး သုံးလွှာမှ အခန်းသို့တက်လာခဲ့၏။ ကျားကြီးတို့လည်း ကပ်ပြီးလိုက်လာကြသည်။

အခန်းတံခါးသော့ ဖွင့်ဝင်ခဲ့ပြီးမှ. .

"အဟင်း. . ဒါကမှ မင်းရဲ့နေရာ အစစ်အမှန်၊ ဒီမယ် အိုက်ခမ်း မင်းက လူလိမ်အဆင့်ပဲ ရှိသေးတယ် ငါတို့က သူ့မိုက်ကွလာမယှဉ်နဲ့၊ မင်းကို မှတ်လောက်သားလောက်အောင် ဆုံးမသွားမှဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် သူ့အခြေအနေ မကောင်းနိုင်ကြောင်း အိုက်ခမ်း ရိပ်မိသွားသည်။ သူ ဝှက်ဖဲထုတ်သုံးမှ ဖြစ်တော့မည်။ သို့သော် ဝှက်ဖဲက သိပ်အားမကောင်း. . .။

"ကျုပ်မလိမ်ဘူး ကိုကျားကြီး၊ ဒီအခန်းက သရဲသိပ်ခြောက်တာဗျ ကျုပ်မနေရဲတော့ဘူး၊ ဒါကြောင့် ကျောက်မြောင်းကိုပြောင်းဖို့ စဉ်းစားထားတာ၊ ကျုပ်ကိုရှာမတွေ့လည်း ကလောကို လိုက်ခဲ့ပေါ့ဗျာ မြန်မာပြည်က ကျဉ်းကျဉ်းလေးပါဗျ"

"ဟင်း. . ဟင်း. . . မင်းတကယ်နေတာက သီပေါဖြစ်ပြီး ကလောလို့ လိမ်ပြောတာဆိုရင်ကော၊ ကြာတယ်ကွာ ဟော့ကောင်တွေ. . ဒီကောင် ထပ်မလိမ်ရဲအောင် ဆုံးမလိုက်"

အိုက်ခမ်း ပြင်ဆင်ချိန်ပင် မရလိုက်၊ လက်သီးတွေ လက်ဝါးစောင်းတွေ ခြေကန်ချက်တွေ သူ့ဆီ တရစပ်ဝင်လာ၏။ တောင့်မခံနိုင်၍ လဲကျသွားတော့ မညှာမတာ ဆက်ကန်ကြသည်။ အိုက်ခမ်း မခံစားနိုင်တော့သဖြင့် ညီအစ်ကိုတော် သရဲလေးကောင်ကို စိတ်ထဲက တမ်းတပြီး လှမ်း၍ဖိတ်ခေါ်လိုက်သည်။ ခေါ်စာကျွေးဖို့ ဒီအထိလာပြီးခေါ်နိုင်တာကို သတိရပြီး အရဲစွန့်ကြိုးပမ်းလိုက်ခြင်းလည်း ဖြစ်သည်။

မျက်နှာမထိအောင် လက်နှင့်ကာထားရင်း နာကျင်မှုဝေဒနာကို အောင့်အည်းသည်းခံနေစဉ်မှာပင် စူးစူးဝါးဝါး ကြောင်အော်သံကို ကြားလိုက်ရသည်။ မျှော်လင့်ချက်ကြောင့် အိုက်ခမ်းအားတက်လာ၏။

သို့သော် ကြောင်တော့ဝင်မလာ၊ လှုပ်ရှားမှု တစ်စုံတစ်ရာ မမြင်ရဘဲ အိုက်ခမ်းကို ထိုးကြိတ်နေသူနှစ်ယောက် တော့ထိ

www.burmeseclassic.com

www.burmeseclassic.com



လန်ပျံပြီး အော်ဟစ်ညည်းညူကာ ခန္ဓာကိုယ်အနှံ့အပြားကို ပွတ်သပ် နှိပ်နယ်နေတာ တွေ့ရ၏။

ထိုအဖြစ်ကြောင့် အိုက်ခမ်းသက်သာရာ ရသွားသလို ကျား ကြီးလည်း အံ့ဩလွန်း၍ မျက်လုံးများပြူးထွက်ကာ ပါးစပ်ကြီး ပြဲနေ တော့သည်။ အိုက်ခမ်းက စိတ်ထဲက ကြိတ်ပြီးတိုက်တွန်းနေသေး၏။

"အိုက်မောင်းလား အိုက်လွယ်လား စိုင်းမောက်လား ဘယ် သူပဲဖြစ်ဖြစ် ဒီကောင်တွေကို မှတ်သွားအောင် ဗျင်းလိုက်စမ်းကွာ"

ထိုစကားကို ကျားကြီးတို့ကြားမှာမဟုတ် သူ့ညီအစ်ကိုတွေ သာ ကြားရလိမ့်မည် ဖြစ်သည်။

ထိုစဉ်မှာပင် ကျားကြီးခါးကုန်းပြီး တအီးအီးတအားအား အော်ဟစ်နေသည်။ တဆက်ထဲမှာပင် နောက်သို့လန်သွားပြန်ကာ မျက်နှာကိုအုပ်၍ ညည်းညူရှာ၏။ လူမိုက်ဆိုသူ သုံးယောက်စလုံး မမြင်ရသည့် ပုဂ္ဂိုလ်တို့၏ ပယ်ပယ်နယ်နယ်ဆုံးမမှုကို ပက်ပက်စက် စက် ခံနေကြရ၏။

"ကျုပ် မပြောဘူးလား ဒီတိုက်ခန်းက သရဲခြောက်ပါတယ် လို့. . ."

လူလူချင်း အုပ်စုဖွဲ့ကာ အနိုင်ကျင့်တတ်သည့် လူမိုက်ကြီး များ ဘာမှမပြောနိုင်တော့ဘဲ အသက်လုကာ အူယားဖားယား ဆင်း ပြေးကြတော့၏။ အိုက်ခမ်းမှာ အောင်နိုင်သူအဖြစ်နှင့် ခေါင်းမော့ ရင်ကော့ပြီး ဟက်ဟက်ပက်ပက် ရယ်နေလိုက်တော့သည်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



မေဇွန်နိုင်း တရားရုံးသွားလိုက်၊ တရားသူကြီးများထံ ဝင်တွေ့လိုက်၊ ဆရာဖြစ်ခဲ့ဖူးသည့် ဗဟိုတရားရုံးရှေ့နေကြီးထံ ဆည်းကပ်လိုက်နှင့် မနေမနားအလုပ်များနေသည်။ နောက်ဆုံး ဆောင်ရွက်ချက်အဖြစ် ခွန်မှိုင်းအတွက် အယူခံလွှာကို အကောင်းဆုံး ရေးသားတင်သွင်းဖို့ မေဇွန် လှုပ်ရှားနေခြင်းဖြစ်၏။

ခွန်မှိုင်းက ပြစ်ဒဏ်သက်သာခွင့်ရလျှင်လည်း ထောင်တစ်သက် လွတ်ရက်မရှိ ဒုက္ခခံရမှာ ကျိန်းသေသည်မို့ တစ်ခါထဲ ကိစ္စပြတ်သေသွားတာက ပိုကောင်းသည်ဟုပြော၏။ စီးပွားပျက်ရုံမက မိသားစုဘဝပါ ပျက်ခဲ့သူတစ်ယောက်အနေနှင့် ထိုသို့ခံယူထားတာ နားလည်ပေးလို့ရသော်လည်း မေဇွန့်အတွက်တော့ နာမည်နှင့် သိက္ခာအတွက် ထိုအယူခံလွှာက အရေးပါနေသည်။ ထို့အတွက် အားတက်သရော ကြိုးပမ်းနေခြင်း ဖြစ်သည်။

အခုလည်း အယူခံလွှာအကြမ်းကို ဆရာများလမ်းညွှန်မှု



www.burmeseclassic.com

www.burmeseclassic.com



နှင့်ရေးသားပြီး ပြန်လာခဲ့ခြင်းဖြစ်သည်။ မနားမနေ အားထုတ်ခဲ့သည်မို့ မေဇွန်အတော်ပင်ပန်းနေပြီ ဖြစ်သည်။ အိမ်ပြန်ခရီးအတွက် ဘတ်(စ)ကားစီးဖို့ မေဇွန်လမ်းတစ်ဖက်သို့ ဖြတ်ကူးလိုက်၏။ အာရုံထွေပြားစွာနှင့် လမ်းဖြတ်ကူးမိသည့်အတွက် ဝုန်းခနဲအသံကြီးနှင့်အတူ မေဇွန် လွင့်စင်မြောက်တက်ပြီး ပြန်ပြုတ်ကျလာတာကိုသာ နောက်ဆုံးမှတ်မိလိုက်တော့၏။

ကံကောင်းတာလား ကံဆိုးတာလားတော့ မသိ၊ သွေးထွက်သံယိုဒဏ်ရာမရသော်လည်း လုံးဝသတိမရ။ ကားပိုင်ရှင်က ဘေးလူများ အကူအညီနှင့် ဆေးရုံပို့ပေးမည်ဆိုကာ မေဇွန့်အားကားပေါ်ပွေ့တင်ခေါ်သွားသည်။ တကယ်လည်း ဆေးရုံပို့ပေးခဲ့၏။ သို့သော်လူနာရှင်အမည်နှင့်လိပ်စာကို လိမ်လည်ပေးပြီး ကားပိုင်ရှင် ပျောက်သွားသည်။

မေဇွန့် လက်ပွေ့အိတ်ထဲမှ စာရွက်စာတမ်း အထောက်အထားများကိုကြည့်ကာ ဆေးရုံမှ အိမ်သို့ဆက်သွယ်ပေးသည်။ ထို့အတွက် ကားတိုက်ခံရပြီး ခြောက်နာရီလောက်ကြာမှ ဦးအောင်နိုင်း ဆေးရုံသို့ရောက်လာ၏။ ပွန်းပဲ့ဒဏ်ရာ အနည်းအကျဉ်းသာရထားသော်လည်း လုံးဝသတိပြန်လည်လာခြင်းမရှိသည့် သမီးမှာ အတွင်းဒဏ်ရပြီး ဦးနှောက်ထိခိုက်မှုရှိသည်ဟု ဆရာဝန်များကပြော၍ ဦးအောင်နိုင်း ကြံရာမရဖြစ်ပြီး ကျောကွဲမဆုံး ဖြစ်နေရှာသည်။

သေဆုံးသွားတာလည်း မဟုတ်သည့်အတွက် ဂလူးကိုနှင့် အစာရည်များကို ပိုက်နှင့်သွင်းပြီး မေဇွန့်အသက်အား ဆွဲဆန့်ထားကြသည်။ တစ်ရက် နှစ်ရက် သုံးလေးရက်. . ရက်ပေါင်းကြာညောင်း အချိန်တွေပြောင်းခဲ့သော်လည်း မေဇွန့်အခြေအနေက မပြောင်း။



www.burmeseclassic.com

www.burmeseclassic.com



အသက်နှင့်ခန္ဓာ တွဲဆက်နေသေးသော်လည်း အသိကင်းမဲ့လျက်။

ဤသို့ဖြင့် ရက်ကြာပြီး ပွဲပန်းလာသော တစ်နေ့တွင် ဦးအောင်နိုင်း အိမ်သို့ခဏပြန်သွားသည်။ ဆေးရုံအထူးကြပ်မတ် ကုသဆောင်ထဲ မေဇွန်တစ်ယောက်ထဲသာ ကျန်ခဲ့၏။ ထိုအချိန်တွင် အဝင်အထွက် တံခါးအောက်မှ သွေးလွန်တုပ်ကွေး ကာကွယ်ရေးအတွက် ခြင်ဆေးဖြန်းသလိုမျိုး အခိုးအငွေ့တွေ အခန်းထဲ လို့မ့်ဝင်လာ၏။ ထိုအခိုးအငွေ့များ အခန်းလယ်တစ်နေရာတွင် စုစည်းသွားကာ ရှည်ရှည်လုံးလုံးသဏ္ဌာန် ဖြစ်ပေါ်လာသည်။

တဖြည်းဖြည်းနှင့် အခိုးအငွေ့များ လွင့်ပါးသွားကာ လူတစ်ယောက်သဏ္ဌာန် ဖြစ်လာသည်။ ထိုလူသားက မေဇွန်လှဲနေသည့် ကုတင်အနီးသို့ လမ်းမလျှောက်ဘဲ ရောက်လာ၏။

"မေဇွန်. . မေဇွန် ထပါဦး"

ထိုသူက မေဇွန်အား လှုပ်ရမ်းကာ တီးတိုးခေါ်၍နိုးသည်။ ဟင်းလင်းပြင်အတွင်း မျောလွင့်နေသလို ခံစားနေရသော မေဇွန် ထိုခေါ်သံကို ကြားမိသလိုရှိ၏။ သို့သော်. . ဘယ်သူ ဘယ်နေရာမှ ခေါ်နေမှန်း မသိ။ တဖြည်းဖြည်းနှင့် ခေါ်သံကျယ်လောင်လာတော့မှ ခန္ဓာနှင့်ဝိညာဉ်ပေါင်းစပ်ပြီး အသိဝင်လာသည်။ မျက်တောင် ဖျတ်ခနဲဖွင့်ကာ စူးစမ်းသလို ကြည့်လိုက်၏။ သူ့အပေါ် စီးမိုးထားသော အသွင်သဏ္ဌာန်တစ်ခုကို တွေ့သည်။ သူ့မှတ်ဉာဏ်တွေကို စုစည်းပြီး ဘယ်သူလဲဆိုတာ မှတ်မိအောင် ကြိုးစားကြည့်လိုက်၏။

"ဟင်!. . စင်သီယာ. . မစင်သီယာ"

"ဟုတ်တယ် မေဇွန်. . အစ်မ စင်သီယာပါ"

"မစင်သီယာရယ် ဟိုနေ့ကရုံးချိန်းကို ဘာလို့မလာတာလဲ



www.burmeseclassic.com

www.burmeseclassic.com



အစ်မလာပြီး သက်သေမထွက်လို့ ကိုခွန်မှိုင်း သေဒဏ်ကျသွားပြီ သိရဲ့လား”

“သိပါတယ်ကွယ် အစ်မလည်း ဘယ်လိုမှ လာလို့မရလို့ပါ၊ အခြေအနေ မကောင်းဘူး မေဇွန် မနက်ဖြန်ဆို ကိုခွန်မှိုင်းကို ကြိုး ပေးကြတော့မှာ တစ်ခုခုလုပ်ပါဦး မေဇွန်ရယ်”

“မနက်ဖြန် ကြိုးပေးမှာ၊ ဟာ. . မဖြစ်နိုင်တာ အစ်မရယ် ကျွန်မတောင် သူ့အတွက် အယူခံလွှာရေးတုန်းရှိသေးတယ် ရုံးတော် တိုတောင် မတင်ရသေးဘူး”

“မနက်ဖြန်ကြိုးပေးမှာတော့ သေချာတယ် အဲဒါလာပြော တာ၊ သူ့ကို ကယ်နိုင်ရင် ကယ်ပါဦး မေဇွန်ရယ်၊ ကဲ. . သွားမယ်နော်”

ကြည်ပြာရောင်ဝတ်စုံကို မလဲသေးသည့် စင်သီယာက အလောတကြီး ပြန်ထွက်သွားသည်။ တံခါးဖွင့်ပိတ်ခြင်းမရှိဘဲ ဖျတ် ခနဲ ပျောက်ကွယ်သွားသည့် စင်သီယာ့ကို မေဇွန် တကြော်ကြော် လှမ်းခေါ်မိသည်။ စင်သီယာက လုံးဝပေါ်မလာတော့။ စင်သီယာ ပေးသည့်သတင်း ဟုတ်မဟုတ် သူသိရမှ ဖြစ်မည်။ ထို့အတွက် နှာခေါင်းမှပိုက်များကိုဖြုတ်ပြီး ဆေးရုံမှ တိတ်တဆိတ်ထွက်လာခဲ့၏။

သူ ဦးတည်ရာက အင်းစိန်အကျဉ်းထောင် ဖြစ်သည်။ ဇော ကပ်နေသဖြင့် မေဇွန် စိတ်သွားတိုင်း ကိုယ်ပါနေသည်။ တွေ့စရာ ရှိသူတွေကိုတွေ့၊ ဆွေးနွေးစရာရှိတာတွေ ဆွေးနွေးပြီး ခွန်မှိုင်းကို ကယ်တင်နိုင်ဖို့ ကြိုးစားဆောင်ရွက်၏။ တစ်နေကုန်သွားချိန်မှာ မေဇွန် ဖတ်ဖတ်မောလျက် အားကုန်ပျော့ဖတ်သွားပြီ ဖြစ်သည်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ လူပြည့်မှာ သူနောက်ဆုံးနေရမည့်နေ့ ဖြစ်သည်။ သေရမည့်နေ့ကို ကြိုသိနေခဲ့သော်လည်း ထူးထူးခြားခြား ကြောက်လန့်တုန်လှုပ်မနေ၍ ခွန်မှိုင်း သူ့ကိုယ်သူ အံ့ဩနေမိသည်။ ဒါကလည်း လုံးဝစိတ်လျှော့ထားလိုက်၍သာ ဖြစ်လိမ့်မည်။

ခုဆို သရဏဂုံလည်း တင်ပြီးပြီမို့ သေဒဏ်ကို ခံယူဖို့ ခွန်မှိုင်း အသင့်ဖြစ်နေခဲ့ပြီ။ ချစ်ဇနီး နန်းနောင့်နောင့်နှင့် အားတီလေးကို သတိရခြင်းမှလွဲပြီး တခြားပူပင်သောကတွေ မရှိတော့။ နောက်ဘဝအတိုးချပြီး မိသားစုကို စောင့်ရှောက်ပါရစေဟု ခွင့်ပန်ပြီးနောက် ဘုရားတရားကိုသာ အာရုံပြု၍ သရဏဂုံဆောက်တည်နေလိုက်၏။

ဇာတိမှ ဇရာနှင့် ဗျာဓိကို ခုန်ပျံကျော်လွှားကာ မရဏအရပ်သို့ ဖြတ်လမ်းမှသွားမည့်သူတစ်ယောက်အနေနှင့် ဒုက္ခစောစောငြိမ်းသည်ဟုသာ နှလုံးသွင်းထားလိုက်သည်။ သို့နှင့် အချိန်



www.burmeseclassic.com

www.burmeseclassic.com



တန်တော့ အစောင့်တွေ ခွန်မှိုင်းအား လာခေါ်ကြသည်။

ကြိုးတိုက်မှ ကြိုးစင်ရှိရာသို့ လျှောက်အလာတွင် ထောင်ကျ အကျဉ်းသားများက လက်ခုပ်တီး အားပေးကြသည်။ ထို့အတွက် စိတ်မကောင်းစရာမရှိသလို ဝမ်းသာစရာလည်း အကြောင်းမရှိ။ ဗုဒ္ဓသ ဓမ္မေဟိ စိတ္တံ့ရသ နကမ္မတိ ဆိုစကားအတိုင်း တုန်လှုပ်ခြင်း ကင်းစွာ ခွန်မှိုင်း ခြေလှမ်းလှမ်းနေသည်။ ရင်ထဲစိတ်ထဲ ဦးနှောက် ထဲမှာ ရတနာသုံးပါးသာ ရှိတော့၏။ ဒီလိုနှင့် ကြိုးစင်ရှိရာသို့ ရောက် လာသည်။ ခွန်မှိုင်းအား လက်နောက်ပြန်ကြိုးချည်ပြီး ခေါင်းကို အိတ် အနက် စွပ်လိုက်ကြသည်။

ထောင်မှူးကြီးက ပြစ်မှုပြစ်ဒဏ်နှင့် ခွန်မှိုင်းကို ကိုယ်ရေး အကျဉ်း ဖတ်ပြသည်။ တာဝန်အရ ပြစ်ဒဏ်ပေးရတာဖြစ်၍ အဖွဲ့ ဝင်အားလုံးအပေါ် အာဃာတ မထားဖို့နှစ်သိမ့်သည်။ သေစားသေ စေဖို့ အပြစ်ဒဏ်ဖြစ်၍ သေပြီးသည်နှင့် လွတ်လွတ်လပ်လပ် သွား လိုရာသွားနိုင်ကြောင်း ဝိညာဉ်ကိုချုပ်နှောင်ပြီး အကျဉ်းချထားဖို့ အစီ အစဉ်မရှိကြောင်းတွေ ရှင်းပြပြီး အမိန့်ပြန်သည်။

ထိုအခိုက်မှာပင် ဝုန်းခနဲအသံကြီး ကြားလိုက်ရပြီး ခွန်မှိုင်း တွဲလောင်းကြီး ဖြစ်သွားတော့သည်။ ဒေါက်ဖြုတ်သူက မောင်းတံ အဆွဲမှာ ခွန်မှိုင်းခြေထောက်အောက်မှ အံဝှက်တံခါးပွင့်သွားကာ ပြုတ်ကျသွားခြင်း ဖြစ်သည်။

ထုံးစံရှိသည့်အတိုင်း အဆင့်ဆင့်ဆောင်ရွက်ပြီး ခွန်မှိုင်း၏ ခန္ဓာကိုယ်ကြီးကို ဖြုတ်ချကြသည်။ ဆရာဝန်က အလောင်းကို စစ် ဆေး၏။ တရားဝင်ခွင့်ပြုချက်ယူပြီး အလောင်းသယ်ဖို့ ရောက်နေ သည့် မေဇွန်နှင့်ဆရာဝန်တို့ အကြည့်ချင်းဆုံသည်။ ဆရာဝန်က



www.burmeseclassic.com

www.burmeseclassic.com



မသိမသာ ခေါင်းညိတ်ပြ၏။ မေဇွန်ပြုံးလိုက်ပြီး ထောင်တာဝန်ခံများ အကူအညီနှင့် အလောင်းကို ကားပေါ်တင်ကာ သယ်ထုတ်လာခဲ့သည်။

လုံခြုံစိတ်ချရသော အိမ်ခြံဝင်းတစ်ခုအတွင်းရောက်မှ ခွန်မှိုင်းအား အိမ်ထဲသွင်း၍ ကားကိုပြန်လွှတ်လိုက်၏။ မေဇွန်တစ်ယောက်ထဲ အလုပ်တွေ ရှုပ်နေသည်။ ခွန်မှိုင်း၏ လက်ကောက်ဝတ်သွေးကြောကို စမ်းလိုက် နှလုံးခုန်သံ နားထောင်လိုက်နှင့် စိတ်စောစွာ အချိန်ကိုစောင့်သည်။ ရေပတ်ဝတ်နှင့် မျက်နှာကို သန့်ရှင်းပေးသည်။

ခဏအကြာမှာခွန်မှိုင်း လက်ချောင်းလေးတွေ စတင်လှုပ်ရှားလာသည်။ တဖြည်းဖြည်းနှင့် တစ်ကိုယ်လုံးလှုပ်ရှားပြီး မျက်လုံးများပါ ပွင့်လာ၏။ မေဇွန်က ခွန်မှိုင်းအား တွဲထူကာ ထိုင်ခိုင်းလိုက်သည်။ လည်ပင်းက အတော်နာနေ၍ ခွန်မှိုင်း သူလည်ပင်းသူ ပွတ်သပ်နှိပ်နယ်နေ၏။ သူ ဘယ်ရောက်နေသလဲဆိုတာ စူးစမ်းလေ့လာရင်း မေဇွန့်ကို တွေ့သွားသည်။

"ဟင်. . မင်း. . မင်း ဒီမှာ ဘာလုပ်နေတာလဲ၊ ငါ့ဆီကိုမင်းလာသေးတယ်နော် မင်းက တော်တော်တာဝန်မဲ့တဲ့ ရှေ့နေတစ်ယောက်ပဲ၊ ငါဘာကိုမှ မတောင့်တတော့ပေမယ့် မင်းက အယူခံမဖြစ်ဖြစ်အောင် တင်ပေးမယ်ဆိုလို့ ဟုတ်မလားလို့ စောင့်ကြည့်ခဲ့တာ အလကားပဲ၊ ဘာမှသုံးစားလို့မရတဲ့ ရှေ့နေ"

"ပြောလို့ပြီးပြီလား ကိုခွန်မှိုင်း၊ ရှင်ဟာ ကိုယ့်အကျိုးပဲ ကိုယ်သိတဲ့ လူတစ်ယောက်ပဲ၊ ကျွန်မရှင့်အတွက် လိုက်လုပ်ရင်း ကားတိုက်ခံရပြီး သတိလစ်နေခဲ့တာ သိရဲ့လား၊ အခုလည်း ကြိုးစစ်



www.burmeseclassic.com

www.burmeseclassic.com



ဆေးတဲ့လူ ဒေါက်ဖြတ်မယ့်သူနဲ့ စစ်ဆေးမယ့် ဆရာဝန်ကို ကျေနပ်လောက် အောင်ငွေပုံပေးပြီး မလိုမ့်တပတ်နဲ့ ကယ်ထုတ်လာခဲ့ရတာ သိရဲ့လား"

"ဟင်. . ဟုတ်လား အဲဒါတကယ်လား၊ ဒါဆို. . ငါ. . ငါ မသေဘူးပေါ့"

"မသေလို့ဘဲ ရှင်စကားပြောနိုင်တာလေ၊ ကျွန်မမှာ အဖေကို အတိုက်အခံလုပ်ပြီး ရှင့်ကို ကူညီခဲ့ရတာ"

"ဪ. . အဖြစ်က ဒီလိုကိုး၊ ဒါဆိုရင်တော့ တောင်းပန်ပါတယ် မေဇွန်ရယ် ကိုယ်မသိလို့ ပြောမိတာပါ"

မျက်နှာငယ်လေးနှင့် တောင်းပန်တော့လည်း ခွန်မှိုင်းအား မေဇွန် စိတ်မဆိုးရက်တော့၊ သူ မသေတာကို အံ့ဩဝမ်းသာဖြစ်နေသည့် ခွန်မှိုင်း၏ အပျော်တွေက မေဇွန့်ထံသို့ပါ ကူးစက်လာသဖြင့် သဘောကျစွာ ရယ်လိုက်ကြ၏။

"ကဲ. . အခုလွတ်ပြီ ကျွတ်ပြီဆိုတော့ ကိုခွန်မှိုင်း ဘာလုပ်ချင်သလဲ ကျွန်မ ဘာကူညီရမလဲ"

မေဇွန့်အမေးကိုဖြေဖို့ ခွန်မှိုင်း တွေတွေငေးငေးစဉ်းစားသည်။ လေးလေးနက်နက် တွေးနေသည်။ ရင်ထဲက ဆန္ဒတွေကို ရှင်းပြုစုနေသည်။ သူအလုပ်ချင်ဆုံး ဆန္ဒကို စဉ်းစားမိမှ. . .

"ကိုယ့်ကို ချောက်တွန်းတဲ့ အိုက်ခမ်းကို လက်စားချေချင်တယ်"

"ကိုခွန်မှိုင်းရယ် ခုမှ သေတွင်းက လွတ်လာတာလေ ဘာလို့ အဲဒါကို ချိုးဖေါက်ချင်ရတာလဲ ထောင်ထဲပြန်ဝင်ရမှာ မကြောက်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



မေဓွန်၏ တားမြစ်မှုကြောင့် ခွန်မိုင်းလေသံပြောင်းသွား၏။

"သူ့ကိုတွေ့အောင်ရှာပြီး မှတ်လောက်အောင် ဆုံးမချင်တာပါ. . ကိုယ် လူမသတ်ရဲပါဘူး"

"ကောင်းပြီ. . ဒါဆိုရင်တော့ ကူညီမယ်"



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၀)

ပနက်လင်းသည်နှင့် ခွန်မှိုင်းနှင့်မေဇွန်တို့ မြို့ထဲသို့ ထွက်ခဲ့ကြ၏။ အိုက်ခမ်းက ဆိုက်ကား ပြန်နင်းနေတယ်လို့ ပြောသွားသည်မို့ တန်စျေးတန်းတစ်ဝိုက်မှာပဲ ရှိရမည်ဟုတွက်ပြီး ထွက်လာခဲ့ခြင်း ဖြစ်၏။

မြို့ထဲအရောက်တွင် ယောင်လည်လည်ဖြစ်နေကြသေးသည်။ ဆိုက်ကားဂိတ်တွေ ဆိုက်ကားသမားတွေကို မျက်ခြေမပြတ် စောင့်ကြည့်ကြသည်။ တစ်နာရီလောက် အချိန်ကုန်သွားမှ အထုပ်



www.burmeseclassic.com

www.burmeseclassic.com



လေးဆွဲကာ လမ်းလျှောက်လာသော အိုက်ခမ်းကို တွေ့ကြသည်။ နောက်ယောင်ခံလိုက်ခဲ့ရာမှ အိုက်ခမ်း၏ တိုက်ခန်းထဲသို့ရောက်ခဲ့သည်။

ခွန်မှိုင်း ဒေါသဖြစ်ဖြစ်နှင့် အိုက်ခမ်းထံပြေးဝင်သွား၏။ သို့သော် အနားရောက်သည်နှင့် လွင့်ထွက်သွားသည်။ ဘယ်လိုမှ အနားကပ်လို့မရ၍ ခွန်မှိုင်းအံ့ဩနေသည်။ ခွန်မှိုင်း ထိုးကြိတ်ဖို့ ကြိုးစားတာကို အိုက်ခမ်းမမြင်တာကလည်း ထူးဆန်းနေ၏။

သို့သော် လေအရှိန်ဟပ်တာလောက်ကိုတော့ အိုက်ခမ်း ခံစားရသည်။ ထို့ပြင် စိတ်ထဲ မသိုးမသန့်ခံစားရပြီး ကြက်သီးတွေ ထထနေသဖြင့် တစ်ခုခုတော့ ထူးခြားပြီဆိုတာ အိုက်ခမ်း ရိပ်မိနေသည်။ မနေ့ကပဲ ခွန်မှိုင်းကို ကြိုးပေးသတ်လိုက်ကြပြီဆိုတာ သတိရပြီး အိုက်ခမ်း သဘောပေါက်သွား၏။ ထို့အတွက် ညီအစ်ကိုတော်သရဲတွေကို တမ်းတလိုက်သည်။

အိုက်ခမ်းတမ်းတပြီး မကြာခင်မှာပင် အခန်းထဲပြိုးပျက်ဝင်းလက်သည့် ရောင်စဉ်တန်းတွေဝင်လာပြီး ခွန်မှိုင်းမခံမရပ်နိုင်အောင် ပူလောင်လာသည်။ အမျိုးအမည်မသိ စွမ်းအားတစ်ခုကလည်း သူ့ကိုတွန်းထုတ်နေ၏။ ထိုတွန်းအားကို မခံစားနိုင်တော့သဖြင့် ခွန်မှိုင်း အခန်းထဲမှ ထွက်လာခဲ့ရ၏။ အပြင်ရောက်တော့ သူ့တစ်ကိုယ်လုံး ချွေးပြိုက်ပြိုက်ကျနေ၏။

"ဒါ. . မရိုးဘူး ကိုခွန်မှိုင်း၊ အဲဒီအိုက်ခမ်းဆိုတဲ့လူကြီးက အောက်လမ်းတတ်တယ် ထင်တယ်၊ အခုလည်း သရဲတွေနဲ့ တိုက်လွှတ်လိုက်တာ"

"ဟင်!. . ဟုတ်လား အဲဒါဖြစ်နိုင်တယ်၊ ဒီကောင် ကလော

www.burmeseclassic.com

www.burmeseclassic.com



မှာတုန်းက သရဲခေါ်လာလို့ ပြဿနာတက်ဖူးတယ်”

“အန္တရာယ်ရှိတာ မလုပ်ပါနဲ့ ကိုခွန်မှိုင်းရယ်၊ လွှတ်ထား လိုက်ပါ သူ့အကုသိုလ်နဲ့ သူသွားပါလိမ့်မယ်၊ အခု ကိုခွန်မှိုင်း ဘာ ဆက်လုပ်မလဲ”

ထိုမေးခွန်းအတွက်တော့ အဖြေက ခွန်မှိုင်းထံမှာ အဆင် သင့်ရှိသည်။

“ကိုယ် ကလောကိုပြန်မယ် မေဇွန်၊ ဟိုမှာပဲ မိသားစုနဲ့အတူ အခြေချတော့မယ်”

“အဲဒါ ကောင်းပါတယ်. . ကျွန်မလိုက်ပို့မယ်လေ”

မေဇွန်၏ ဝင်ရောက်စွက်ဖက်မှုအား ခွန်မှိုင်းမတားမိ၊ အသက်သခင် ကျေးဇူးရှင်မလေးကို ခေါ်သွားပြီး ဇနီးနှင့်အတူ ကျေးဇူးတုန့်ပြန် ပြုစုခွင့်ရသည်ဟုပဲ သဘောထားလိုက်၏။ သို့နှင့် သူတို့နှစ်ယောက် ကလောကို ပြန်ဖို့စီစဉ်ကြတော့သည်။

ရထားတတန် ကားတတန်နှင့် ပြန်ခဲ့ရာ လမ်းတစ်လျှောက် ခွန်မှိုင်းပျော်မဆုံး ဖြစ်နေသလို မေဇွန်လည်း မရောက်ဖူးသည့်ဒေသ သို့ ခရီးထွက်ခဲ့ရသဖြင့် ကြည်နူးရွှင်ပျနေ၏။ ကလောမြေကို နင်းမိ တော့ ခွန်မှိုင်းရင်ထဲ အင်အားတွေ စီးဝင်လာသလို ခံစားရသည်။ မေဇွန့်အား ကလောမြို့၏ အလှအပများပြရင်း မြို့ထဲသို့ လမ်း လျှောက်၍ ဝင်ခဲ့၏။ ကိုယ့်မြို့ကိုယ်ပြန်လာသည့်ခွန်မှိုင်း အသိ မိတ်ဆွေ တစ်ယောက်မှမတွေ့တာကို နားမလည်နိုင်အောင် ဖြစ်နေ သည်။

(၃)နှစ်ကျော်ကာလအတွင်း လူစိမ်းတွေ ဝင်လာတာများလို့ ဖြစ်မည်ဟုပင် တွေးမိ၏။ မေဇွန် မေးမြန်းစပ်စုသည့်မြေရင်း လျှောက်

www.burmeseclassic.com



လာခဲ့ကြရာ နာရီဝက်ကျော်ကြာမှ မြို့စွန်မှခွန်မှိုင်း၏ ခြံနှင့်အိမ်ကြီးသို့ ရောက်လာသည်။ ကိုယ့်အိမ်ကိုယ်မြင်ရတာ ဘယ်လိုမှ မယုံနိုင်အောင် ဖြစ်နေ၏။ အိမ်ကြီးက လူမနေတာ ကြာသည့်ပုံစံမျိုး ဖြစ်နေသည်။ ခြံနွယ်ပိတ်ပေါင်းတွေ ရှုပ်ထွေးပြီး အမှိုက်သရိုက်တွေနှင့် ဖုံးလွှမ်းနေ၏။ ကိုယ့်အိမ်ကိုယ် သူစိမ်းတစ်ယောက်လို ဝင်လာသည့် ခွန်မှိုင်းက. .

"နန်းရေ. . နန်း. . အားတီလေး. . ကိုမှိုင်းပြန်လာပြီ. . ဖေဖေပြန်လာပြီ သားရေ" ဟု တကြော်ကြော်အော်လာ၏။ သို့သော် တုန့်ပြန်ထူးသံကို မကြားရ။ နောက်မှကပ်ပါလာသည့် မေဇွန်မှာလည်း ကြိုဆိုသူမရှိ၍ မျက်စိသူငယ် နားသူငယ်ဖြစ်နေရှာ၏။

"တစ်နေရာရာများ သွားကြလားဟင်"

"မဖြစ်နိုင်ပါဘူးကွာ၊ နန်း နေမကောင်းဘူးလို့ နောက်ဆုံးရုံးချိန်းတုန်းက အိုက်ခမ်းပြောတယ်"

သူတို့ အိမ်တံခါးကိုတွန်းဖွင့်ကာ အထဲသို့ဝင်လာကြ၏။ အိမ်ထဲမှာလည်း ဖုန်တွေထူထပ်ပြီး ပိုးမျှင်တွေ ကျပ်ခိုးတွေနှင့် မြင်မကောင်း ရှုမကောင်းဖြစ်နေသည်။ မေဇွန် ဧည့်ခန်းအလယ်မှာ ကြောင်တောင်တောင် ရပ်နေ၏။ ခွန်မှိုင်းလည်း မြင်ရသမျှကို မယုံနိုင်သလိုကြည့်ရင်း အတိတ်ကို သတိရသွားသည်။

ဟိုးအရင် လေးနှစ်ခန့် သူရှိခဲ့စဉ်က သူတို့အိမ်သည် ဆွေမျိုးသားချင်းများနှင့် စည်ကားသိုက်မြိုက်စွာ ပျော်စရာကောင်းခဲ့တဲ့ အမှန်ပင်ဖြစ်သည်။

လိမ္မော်မက်မန်းဆူးချိန်ဆိုလျှင် ခြံထဲမှာ ခြေချစရာမရှိအောင် သီးနှံများနှင့်အပြည့် ဖြစ်နေတာပြန်မြင်ယောင်လာ၏။ ခြံပိုင်ရှင်



www.burmeseclassic.com

www.burmeseclassic.com



ခွန်မှိုင်းက ဆွေနီးမျိုးစပ်များအားလုံးကို အလုပ်ပေးထားသဖြင့် အုပ်စုခေါင်းဆောင်ဖြစ်ခဲ့ပြီး အများကလေးစား၍ ဩဇာအာဏာလည်း ရှိခဲ့သည်။ အခုတော့ ထိုအရာတွေ ဘယ်ရောက်ကုန်ပြီမသိ။

သူ ရန်ကုန်ရောက်နေချိန်အတွင်း အရာအားလုံး မျက်လှည့်ပြလိုက်သလို ပြောင်းလဲသွား၍ စိတ်ပျက်လက်ပျက် ဖြစ်သွား၏။ နန်းရေ သားရေဲဟု တစ်လှည့်စီခေါ်ရင်း အောက်ထပ်အခန်းတွေထဲ လိုက်ရှာသည်။ လူရိပ်လူယောင်ပင် မတွေ့ရ။ ဒါကို မကျေနပ်သေးဘဲ အိမ်ပေါ်ထပ်တက်ပြီး ဆက်ရှာသည်။ အော်ခေါ်သည်။ ထူးသံမကြားရသလို ဘယ်သူ့ကိုမှလည်းမတွေ့. . .။

ကြာတော့ ညှော်သည်တစ်ယောက်ထဲ ထားခဲ့ရတာ အားနာလာ၍ ပြန်ဆင်းလာခဲ့ရသည်။ မေဇွန်အား တောင်းပန်စကားပြောရင်း လောလောဆယ် နေလို့ထိုင်လို့ရအောင် ဖုန်ခါ၊ တံမြက်လှဲတာတွေလုပ်ပြီး အိမ်ကိုသန့်ရှင်းအောင် ပြင်ဆင်၏။ နေသာထိုင်သာရှိတော့မှ မေဇွန်အား နားခိုင်းရသည်။ ခွန်မှိုင်းအလုပ်တွေက မပြီးသေး၊ ပြတင်းပေါက်တွေ တံခါးတွေဖွင့်ပြီး လေဝင်လေထွက် ကောင်းအောင် အလင်းရောင်ရအောင် ပြင်ဆင်သည်။

ရေနွေးအိုးတည်ကာ လက်ဘက်ခြောက်ရှာ၍ ခပ်ပြီး မေဇွန်အား ညှော်ခံသည်။ ခေါပုပ်နှင့်ကောက်ညှင်းပြားတွေတွေ့၍ ကြော်လှော်ပြီး ကျွေးမွေး၏။ ထိုအခါမှပဲ မေဇွန်လည်း မဝံ့မရဲ အမူအရာတွေ ပျောက်သွားကာ အသားကျသွားသည်။ ခွန်မှိုင်းက မကျေနပ်သေး၊ ခြံထဲဆင်းပြီးနေရာအနှံ့ လိုက်ရှာနေသည်။

မေဇွန် တစ်ယောက်ထဲကျန်ခဲ့ချိန်မှာ အိမ်ကြီးထဲ လှည့်လည်စပ်စုကြည့်သည်။ တိုက်ခံပျဉ်ထောင်အိမ်ကြီးက ခိုင်မာတောင့်တင်း



www.burmeseclassic.com

www.burmeseclassic.com



သလို အပေါ်ထပ် ပျဉ်တွေကလည်း ရေနံဝပြီး တောင်ပြောင်နေ၏။ ချိတ်ဆွဲထားသည့် ဓာတ်ပုံများမှ ပိုးမျှင်များကို ဖယ်ရှားရင်း မိသားစုဝင်ပုံများကို လေ့လာကြည့်နေသည်။ ထိုသို့စပ်စုနေစဉ် အိမ်ပေါ်ထပ်မှ လမ်းလျှောက်သည့်ခြေသံကို ကြားလိုက်မိသည်။ မေဇွန် လန့်သွားပြီး အသေအချာ နားစွင့်ကြည့်၏။

ထိုအခါကျတော့လည်း အသံက ထပ်ထွက်မလာတော့၊ မေဇွန့် စိတ်ထဲမသင်္ကာဖြစ်လာ၍ အပေါ်တက်သည့်လှေကားအနီးသို့ လျှောက်လာခဲ့၏။ လှေကားခြေရင်းမှ အပေါ်သို့ စောင်းငဲ့လှမ်းကြည့်သည်။ ဘာထူးခြားမှုမှ မတွေ့ရသလို ဘာသံမှလည်း မကြားရ၍ ကြောက်စိတ်ပျောက်သွားပြီး ပြန်အလှည့်တွင် တစ်ယောက်ယောက် ဖြတ်ပြေးသွားသလို လှုပ်ရှားမှုကို မျက်လုံးထောင့်စွန်းမှ ဖျတ်ခနဲ မြင်မိ၏။

မေဇွန်လန့်ပြီး လှည့်ကြည့်သည်။ ရိပ်ခနဲသာ မြင်ရတော့၏။ လူပုလေးလား ကလေးတစ်ယောက်လား မသဲကွဲ။ ထို့ပြင် သရဲခြောက်ခံရသည်ထင်၍ မေဇွန်အိမ်ထဲမှ အလန့်တကြားထွက်ပြေးလာခဲ့သည်။ အိမ်တံခါးဝတွင် အထဲဝင်လာသော ခွန်မှိုင်းနှင့်တိုက်မိတော့၏။

"အင့်!. . အမေ့"

"ဆော. . ဆော့ရီး မေဇွန်"

"ရှင်. . အဲ. . ကိစ္စမရှိပါဘူး ကျွန်မက နောက်လှည့်ကြည့်ပြီး ပြေးလာမိလို့ပါ"

"ဘာဖြစ်လို့လဲ မေဇွန်"

"ဟို. . ဟိုလေ အပေါ်ထပ်မှာ လမ်းလျှောက်နေတဲ့ခြေသံ

www.burmeseclassic.com



ကြားရတယ်၊ ပြီးတော့ လူလားဘာလား မသိဘူး ဖြတ်ပြေးတာ မြင်မိသလားလို့"

"ဟင်!. . ဟုတ်လား"

မျှော်လင့်ခြင်း အရောင်လက်သွားသော မျက်ဝန်းများနှင့် ခွန်မှိုင်းအိမ်ထဲ ဝင်ကာ အပေါ်ထပ်သို့ ပြေးတက်သွားသည်။ ထုံး အတိုင်း 'နန်းရေ. . အားတီလေးရေ'နှင့် အော်ခေါ်သည်။ သို့သော် သူ့မျှော်လင့်ချက်တွေ မပြည့်၊ မျက်နှာမသာမယာနှင့် အောက်ပြန် ဆင်းလာခဲ့၏။

"ဘယ်သူ့ကိုမှ မတွေ့ပါဘူး မေဇွန်ရယ်"

"ကျွန်မ တကယ်မြင်လိုက်တာပါ"

ခွန်မှိုင်း ငြင်းခုန်မနေတော့။ တဖြည်းဖြည်း မှောင်လာတော့ မည်ဖြစ်၍ မီးအိမ်များရေနံဖြည့်ကာ အဆင်သင့်လုပ်ထားသည် ပြီးတော့ ညစာကို ကမန်းကတန်းစီစဉ်၏။ မီးဖိုဆောင် ကြောင်အိမ် ထဲမှ ရသည့်ဆတ်သားခြောက်ဖုတ်၊ ခြံထဲကခူးလာသော မုန်ညှင်းဖူး ဟင်းချိုအပြင် ရှမ်းချဉ်လေးနှင့်မို့ ညစာက စားကောင်းနေ၏။ ညစာ စားအပြီးမှာ မှန်အိမ်နှစ်လုံးထွန်း၍ ရေနွေးကြမ်းသောက်ရင်း စကား ပြောကြသည်။

မေဇွန်ကတော့ နားထောင်သမားသက်သက် ဖြစ်၏။ ခွန် မှိုင်းက ငယ်ဘဝအကြောင်း လိမ္မော်ခြံအကြောင်းနှင့် ရှမ်းရိုးရာ မလေ့တွေ မမောမပန်းပြောပြတာ နားထောင်ရသည်။ နောက်ဆုံး တော့ နန်းတို့သားအမိအကြောင်းပဲ ရောက်လာသည်။

"နန်းနဲ့သားလေး ဘယ်သွားကြလဲမသိဘူး မေဇွန်နဲ့ မိတ် ဆက်ပေးမလို့ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်မှာကို မရှိကြတာနဲ့ တူပါတယ်"

"အင်း. . မနက်ကျမှ ဆွေမျိုးတွေအိမ် လိုက်မေးရမှာပဲ"

ညကိုးနာရီလောက်မှာ အိပ်ရာဝင်၏။ မေဇွန်ကို အခန်းထဲမှာ သိပ်ပြီး ခွန်မှိုင်းကအခန်းအပြင်က ကွပ်ပျစ်မှာ အိပ်သည်။ ခွန်မှိုင်းတော့ မပြောတတ်၊ ခရီးပန်းလာသည့်မေဇွန် နှစ်ခြိုက်စွာ အိပ်ပျော်သွားသည်။ ခွန်မှိုင်းလည်း နာရီဝက်လောက်လူးလှိမ့်ပြီးနောက် အိပ်ပျော်သွားသည်။ ကလောလို သာမန်မြို့ငယ်လေးမှာ ညဉ့်မနက်ခင်းမှာပင် တစ်မြို့လုံး မှောင်မိုက်တိတ်ဆိတ် ငြိမ်သက်သွားသည်။

ညအမှောင်မှာ သက်ဝင်လှုပ်ရှားနေတာဆို၍ လင်းနို့၊ ဇီးကွက်၊ လင်းဝက်နှင့် ခွေးတို့သာ ရှိလိမ့်မည်ထင်၏။ ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည့် ညနက်ကာလတွင် ချိုချိုအေးအေး သီချင်းသံလေး လွင့်ပျံ့လာသည်။ ညဉ့်နက်သန်းခေါင်မှာ ဘယ်သူကများ သီချင်းဆိုနေသည်မသိ။

*"လူကလေးရဲ့ ငို့. . ခို ဖမ်းလို့ပေး. . ခိုဖြူ ခိုပြာနက်ရယ် ဖမ်းခက်လှသေး"*

သားချော့တေးကို အခါခါကြော့၍ သီဆိုနေတာ အခြေအနေနှင့် အချိန်အခါက လွဲမှားနေ၏။ လေနာထ၍ ညဘက်ငိုတတ်သော ကလေးကို တေးဆိုသိပ်နေသည်များလား။ ဒါလည်း မဖြစ်နိုင်၊ အသံက ကလေးတစ်ယောက်အသံမျိုး ဖြစ်နေသည်။ အဆက်မပြတ် သီဆိုနေသည့် သီချင်းသံကြောင့် ခွန်မှိုင်း မျက်လုံးပွင့်လာသည်။ ပြီးတော့ ဇဝေဇဝါနှင့် နားစွင့်၏။

သေချာသည် ဒါကလေးတစ်ယောက် သီဆိုနေသော သီချင်းသံဖြစ်သည်။ ထို့ထက်ပို၍ ရှင်းရှင်းလင်းလင်းပြောရလျှင်



www.burmeseclassic.com

www.burmeseclassic.com



အားတီလေးကိုသိပ်ဖို့ ခွန်မှိုင်းအမြဲဆိုခဲ့သော သီချင်းဖြစ်၏။ ခွန်မှိုင်
လူးလဲထကာ ကုတင်ပေါ်မှဆင်းသည်။ မှိန်ထားသည့် မှန်အိမ်ကို
အလင်းရောင်တင်ပြီး အိမ်ထဲမှာ လိုက်ရှာကြည့်သည်။

"ကျွိ. . အီ. . အီ. ."

ရုတ်တရက်ပေါ်လာသော သံချေးကိုက်ပတ္တာသံကြောင့်
ခွန်မှိုင်းလန့်ပြီး လှည့်ကြည့်မိ၏။ အခန်းထဲမှ မေဇွန် မှန်အိမ်ကိုင်ပြီ
ထွက်လာတာတွေ့မှ အလန့်ပြေသွားသည်။

"သီချင်းသံ ကြားလို့လား မေဇွန်"

"ဟုတ်တယ် ကိုခွန်မှိုင်း"

"ကိုယ်လည်း အဲဒါကြောင့် လန့်နိုးလာတာ ဒီသီချင်းက
အားတီလေးကို ကိုယ်အမြဲချော့သိပ်တဲ့ အိပ်ရာဝင်သီချင်းလေ"

"ဩော်. . ဟုတ်လား အသံက အပေါ်ထပ်က လာတာထင်
တယ်နော်"

ခွန်မှိုင်း ခေါင်းညိတ်ပြပြီး မီးအိမ်ကို မြှောက်ကိုင်၍ အိမ်
ပေါ်သို့ တက်လာခဲ့ကြ၏။ ခြေသံမကြားအောင်ထိန်း၍ တစ်လှမ်း
ချင်း တက်လာခဲ့ကြရာ လှေကားထိပ်ရောက်လုနီးတွင် ယိမ်းနွဲ့လူ
ရှားနေသော မီးအလင်းရောင်ကို တွေ့ကြရသည်။ သီချင်းသံတ
လည်း ပို၍ကျယ်လာ၏။

"လူလေးရဲ့ ငို. . နိုဖမ်းလို့ပေး. . နိုဖြူ နိုပြာနက်ရယ် ဖမ်
ခက်လှသေး. . ဖေဖေရေ လာပါတော့ သားလေးတမော့မော့. .
ချစ်ဖေဖေရေ. . လာပါတော့ သားလေးမျှော်လှပေါ့"

သနားစရာအသံလေးနှင့် ဆွဲဆွဲငင်ငင် သီဆိုနေတာ. .
ကလေးတစ်ယောက် ဖြစ်နေမှန်း ခွန်မှိုင်းရော မေဇွန် ပါသိနေသည်၊

www.burmeseclassic.com



ဒါသူ့သားပဲဆိုတာ သိသွားသည့် ခွန်မှိုင်းမှာ မျက်ရည်တွေ ဝေ့လာပြီး ကလေးနှင့်အတူ သီချင်းကို သံပြိုင်လိုက်ဆိုတော့၏။

"လူလေးရဲ့ ငို့. . ခို ဖမ်းလို့ပေး. . ခိုဖြူ ခိုပြာနက်ရယ် ဖမ်းခက်လှသေး"

ဝရန်တာအနီး ပုဏ္ဏားကွယ်ကိုမှီ၍ ဖယောင်းတိုင်ကိုင်ရင်း ထိုင်နေသောကလေးက သူတို့အသံကြားသွားကာ လန့်သွားပြီး လှည့်ကြည့်လေသည်။ ပုံဆိုးပန်းဆိုးမဟုတ်သော်လည်း မဲညစ်ပေတူးနေသော ထိုကလေးကြောက်သွားကာ ထွက်ပြေးဖို့ဟန်ပြင်သည်။ ခွန်မှိုင်းက ထုပ်ဆီးတိုးသလို ရှေ့မှကာဆီးထားလိုက်၏။

"အားတီလေး. . အားတီ ဖေဖေလေ သားရဲ့ ဖေဖေလေ မမှတ်မိဘူးလားဟင်၊ သားငယ်ငယ်က အဲဒီသီချင်းဆိုပြီး ဖေဖေ ညတိုင်း သိပ်ခဲ့ရတာလေ"

ကလေးက အဖေကို မမှတ်မိသော်လည်း သီချင်းနှင့်ချော့သိပ်ခဲ့သည့် အကြောင်းအရာကို မှတ်မိသွားပုံရ၏။ ခွန်မှိုင်းအား မျက်လုံးလေးပြူးပြီး စိုက်ကြည့်ရင်း. . .

"ဖေ. . ဖေဖေ. . တကယ် ဖေဖေလား"

"တကယ်ပေါ့ သားရယ် ဖေဖေက သားရဲ့ ဖေဖေအစစ်ပါ"

အပြန်အလှန် အသိအမှတ်ပြုလိုက်ကြဟန်နှင့် သားအဖနှစ်ယောက် ပွေ့ဖက်ထားလိုက်ကြသည်။ ထိုအဖြစ်ကိုကြည့်ရင်း မေဇွန်မျက်ရည်ဝဲနေ၏။

"သားရယ် ဒီအရွယ်တောင်ရောက်နေပြီနော် နေ့ရှိသ၍ ဖေဖေသတိရနေတာပါကွာ၊ ပြန်လာလို့မရလို့ တို့တွေဆွေ့ရတာ"

"သားလည်း အိပ်ခါနီးတိုင်း ဖေဖေ့ကို သတိရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



စကားတွေအမျှင်မပြတ်ပြောရင်း ဖက်တွယ်ထားကြသည့် သားအဖနှစ်ယောက်လုံး မျက်ရည်ဖြိုင်ဖြိုင် ကျနေကြ၏။ အလွမ်းသယ်လို့အားရတော့မှ . .

"မေမေကော သား. . မေမေကောဟင်"

"ရှိတယ် ဖေဖေ"

"အခု သူဘယ်မှာလဲ ဖေဖေ့ကို မေမေရှိတဲ့နေရာ လိုက်ပြ"

အားတီလေး ခေါင်းညိတ်ပြီး ဖယောင်းတိုင်မီးအလင်းရောင်နှင့် ဦးဆောင်ပြီး ထွက်သွား၏။ နောက်နားတွင် ရပ်နေသည့် မေဇွန်ကို တွေ့သော်အခါ ဂျစ်ကန်ကန်အမူအရာ မှုန်တေတေအကြည့်တို့နှင့် မိတ်ဖွဲ့သည်။ မေဇွန် ပြုံးပြသော်လည်း အားတီက အရေးမလုပ်၊ အိမ်ပေါ်ထပ်မှ ဆင်းလာပြီး အောက်ထပ်သို့ရောက်လာသော်လည်း အားတီလေးက လျှောက်နေမြဲ၊ အိမ်ထဲမှ ထွက်ပြီး မြေပြင်ရောက်လာသည်တွင် ခွန်မှိုင်း မအောင့်နိုင်တော့. . .

"ဘယ်မှာလဲ သား၊ မေမေက ဘယ်မှာလဲ"

"လိုက်ခဲ့ပါ ဖေဖေရယ်"

အားတီက စိတ်မရှည်သလိုပြောသဖြင့် ခွန်မှိုင်း ဘာမှမမေးတော့ဘဲ ငြိမ်ပြီးလိုက်လာခဲ့၏။ အိမ်နောက်ဖေး ဂိုထောင်ဆီ သွားနေတာရိပ်မိပြီး 'ညနေက ဂိုထောင်ထဲ ငါဝင်ရှာသေးတာပဲ မတွေ့ပါဘူး'ဟုပင် တွေးနေမိသေးသည်။ ချစ်ဇနီးကိုတွေ့လိုဇောနှင့် စကားအပိုတွေ ပြောမနေတော့ဘဲ သားနောက်သို့သာ တကောက်ကောက်လိုက်ခဲ့၏။ သူတို့နှစ်ယောက်နောက်တွင် မေဇွန်ကပါလာနေသည်။

သူတို့သုံးယောက် ဂိုထောင်ထဲရောက်လာကြ၏။ ထိုအခါမှ



www.burmeseclassic.com

www.burmeseclassic.com



ပဲ အားတီလေး နောက်သို့လှည့်ကြည့်ဖေါ် ရတော့သည်။ အားတီက ကြမ်းခင်းပေါ်က သစ်သားတံခါးကို ငုံ့ကြည့်သည်။ ခွန်မှိုင်း သဘော ပေါက်သွား၏။ ဒီမြေအောက်ခန်းရှိတာ သူဘာကြောင့်များ မေ့နေပါ လိမ့်။ ဒါ ဝိုင်တွေချက်ပြီး သိုလှောင်ဖို့ ပြုလုပ်ထားသည့် မြေအောက် ခန်းဖြစ်၏။

"ဪ. . သားတို့ကမြေအောက်ခန်းမှာ နေကြတာကိုး ဒါ ကြောင့် ဖေဖေရှာလို့မတွေ့တာ"

ခွန်မှိုင်း တံခါးကိုဆွဲလှန်ပြီး သံချိတ်နှင့်ချိတ်ထားလိုက်၏။ အားတီ သွက်သွက်လက်လက်ပင် ဆင်းသွားသည်။ ခွန်မှိုင်းနှင့် မေဗွန်လည်း ထပ်ချပ်မကွာ လိုက်ခဲ့ကြ၏။ မြေအောက်ရောက်သည် နှင့် အေးစိမ့်ခြင်းနှင့်အတူ ချဉ်စုပ်စုပ်အနံ့ပြင်းပြင်းကို ရှူရှိုက်လိုက်ရ သည်။ နေရာအနှံ့မှာလည်း ဝက်သစ်ချသား သစ်သားစည်ကြီးများ ရှိနေတာ တွေ့ရ၏။ မေဗွန့်အတွက်တော့ အထူးအဆန်းပင်၊ မြင်မြင် သမျှအားလုံး အသစ်ဖြစ်နေသည်။ တစ်နေရာအရောက်တွင် အား တီလေးက ရပ်ပြီး လက်ညှိုးညွှန်ပြ၏။ ဖယောင်းတိုင် မီးဝါကျင့်ကျင့် အောက်မှ ကုလားထိုင်တစ်လုံးပေါ်တွင် အမျိုးသမီးတစ်ယောက် ထိုင်နေ၏။

ခွန်မှိုင်း ထိုအမျိုးသမီးကို မယုံနိုင်သလိုကြည့်နေ၏။ ဒါ သူ၏ချစ်ဇနီး နန်းနောင့်နောင့်တဲ့လား. . လွန်ခဲ့သောရှစ်နှစ်က ကလောမြို့၏ အလှဘုရင်မတဲ့လား၊ ဆံပင်တွေက ဖရိုဖရဲနှင့် ဘုတ် သိုက်ဖြစ်နေသည်။ အဝတ်အစားတွေကလည်း ညစ်ထေနေ၏။ ခွန်မှိုင်း အံ့ဩကျေကွဲစွာဖြင့် ဇနီးသည်ရှိရာသို့ တစ်လှမ်းချင်း လျှောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကုလားထိုင်ဘေးမှာထိုင်ပြီး ဇနီးသည်ကိုသေချာကြည့်၏။ လက်ကလေးကို ဆုပ်ကိုင်သည်။ မေးစေ့လေးကို ဆွဲကိုင်လှုပ်ခါကြည့်၏။

ဝေးကွာနေခဲ့ကြသော ဇနီးမောင်နှံ ပြန်လည်တွေ့ဆုံပွဲကို မလှမ်းမကမ်းမှ ချောင်းကြည့်နေသော မေဇွန်လည်း မနှောင့်ယှက်ချင်သဖြင့် မီးအိမ်တစ်လုံးနှင့် လှည့်ပြန်လာခဲ့သည်။ ကွဲကွာနေသော မိသားစုပြန်လည်တွေ့ဆုံပွဲက ဘာလို့ သိုက်သိုက်မြိုက်မြိုက် မရှိကြတာလဲဟု မေဇွန်တွေးနေမိ၏။ ဘယ်လိုကြောင့် အေးတိအေးစက်ဖြစ်နေသလဲဆိုတာ တွေးရင်းနှင့်ပင် အိပ်ခန်းထဲရောက်တော့ ပြန်အိပ်ပျော်သွားသည်။

ထိုအချိန်တွင် ခွန်မှိုင်းတစ်ယောက် အလုပ်တွေရှုပ်နေ၏။ သစ်သားစည်တစ်လုံးကို ဆေးကြောကာ မြို့ထဲရှိရေတွင်းမှ ရေခပ်ဖြည့်ပြီး ဇနီးသည်အား ရေချိုးခေါင်းလျှော်ပေးသည်။ အဝတ်အစားသန့်သန့်ပြန့်ပြန့် လဲပေးသည်။ သနပ်ခါးလိမ်း၍ ဆံပင်ဖြီး ရှင်းလင်းပေးသည်။ ပြီးတော့ ဇနီးရှေ့မှာ ငုတ်တုပ်ထိုင်ပြီး စကားတွေပြောနေ၏။

"ကိုမှိုင်းလုပ်ငန်းတွေ တအားအောင်မြင်ခဲ့တာ သိလား၊ အလုပ်မအားတဲ့ကြားက ဆေးဆရာသင်တန်းတောင် တက်ခဲ့သေးတာ၊ ဘာမှမပူနဲ့သိလား နန်းရဲ့ရောဂါပျောက်အောင် ကိုမှိုင်းကုပေးမှာပေါ့၊ အနာသိရင် ဆေးရှိပါတယ် နန်းရယ်"

မိဘနှစ်ယောက်ဘေးမှာ အားတီလေးကတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေပြီဖြစ်သည်။ အဖေ ရောက်လာသည့်အတွက် အာဝန်တွေ အဖေ့ကိုလွှဲပြီး စိတ်ချလက်ချ အိပ်နေတာလား မပြော

www.burmeseclassic.com



တတ်. .

"ဒါပေမဲ့ အိုက်ခမ်း သစ္စာဖေါက်တယ် နန်းရယ်၊ နောက်ကျောကို ဓားနဲ့ထိုးတာ၊ ကိုမှိုင်းဆေးဆိုင်ကို ဘယ်သူမီးရှို့မှန်းမသိဘူး အဲဒါကိုမှိုင်း ရှို့ပါတယ်ဆိုပြီး သူသက်သေထွက်လို့ ကိုမှိုင်း သေဒဏ်ကျခဲ့ရတာ"

ခွန်မှိုင်းက ရန်ကုန်က အဖြစ်အပျက်အစုံကို ဇာတ်ကြောင်းပြန်ပြောပြနေသည်။ မိုးလင်းခါနီးမှ ဇနီးသည်ပေါင်ပေါ်မှာ ခေါင်းတင်ပြီး အိပ်ပျော်သွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



၂

မေဇွန် အိပ်ရာနိုးတော့ စားပွဲပေါ်မှာ အငွေ့တထောင်းထောင်း ထနေသော ရှမ်းခေါက်ဆွဲတစ်ပွဲကို တွေ့ရသည်။ ကြိုက်ပုံတို့ဟူးကြော် တစ်ပန်းကန်ကိုလည်း တွေ့ရသဖြင့် စိတ်ပျော်သွားကာ မျက်နှာအမြန်သစ်ပြီး စိတ်ကြိုက်ထိုင်စားနေတော့၏။ ဗိုက်ဝသွားတော့မှ ခြံထဲဆင်းပြီး အိမ်ရှင်တွေကို ရှာသည်။

အိမ်နောက်ဘက်ထောင့် ရေတွင်းအနီးမှာ သားအဖနှစ်ယောက်ကို တွေ့ရ၏။ ခွန်မှိုင်းက ရေငင်ပေးပြီး သားကိုရေချိုးခိုင်းနေ၏။ မေဇွန် သူတို့နားရောက်သွားပြီး အားတီလေးကို ဆပ်ပြာတိုက် ချေးတွန်းတာတွေ ကူလုပ်ပေးသည်။ အားတီက မေဇွန့်အပေါ် အမြင်ကြည်လင်ပုံမရ။

"ဖေဖေ သူကဘယ်သူလဲ"

"သူက အန်တီမေဇွန်တဲ့ ဖေဖေ့အမူကို လိုက်မေးတဲ့ ရှေ့နေပါ သူ့ကြောင့် ဖေဖေက ပြစ်ဒဏ်က လွတ်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ အကြာကြီးနေမှာလား"

"ခဏပါ အားတီလေးရယ် သုံးလေးရက်နေရင် အန်တီပြန်မှာပါ"

မေဇွန်က ကြားဝင်ဖြေပေးလိုက်၏။ ထိုအခါမှ အားတီမျက်နှာရွှင်ရွှင်ပျပျ ဖြစ်လာ၏။

"ကိုခွန်မှိုင်း အစ်မနန်း နေကောင်းရဲ့လား အားတီလေးကိုကျွန်မ ဆက်လုပ်ပေးလိုက်မယ်"

"ဒါဆိုရင်တော့ ကျေးဇူးပဲ၊ ကိုယ် နန်းအတွက် ဆေးဖော်ဖို့မြို့ထဲခဏသွားချင်တယ်"

"ရတယ်. . သွား ကိုခွန်မှိုင်း"

ခွန်မှိုင်းထွက်သွားတော့ အားတီကို သနပ်ခါးလိမ်းကာ အကျီလဲပေး၏။ မေဇွန်ကိုယ်တိုင်လည်း ကလောကို ဘာကြောင့်လိုက်လာမိမှန်း စဉ်းစားမရဖြစ်နေသည်။ အမှုသည်အပေါ် လိုတာထက်ပိုပြီး သံယောဇဉ်ဖြစ်မိနေတာများလား တွေးမိတော့ ရှက်သွေးဖြာသွား၏။

ခွန်မှိုင်းပြန်ရောက်လာတော့ အထုပ်ကြီးအထုပ်ငယ်တွေကို ကူသယ်ခိုင်းပြီး အားတီကိုပါ မြေအောက်ခန်းထဲခေါ်သွား၏။ မေဇွန်လည်း ပျင်းပျင်းရှိသည်နှင့် လိုက်သွားခဲ့သည်။ အားတီရော မေဇွန်ပါ ဆေးဖော်တာကို ဝိုင်းကူညီကြ၏။ မြန်မာဆေးကလည်း ထုရထောင်းရ အမှုန့်ကြိတ်ရနှင့် အတော်လက်ဝင်သည်။

မေဇွန်တို့ ကူလုပ်နေခိုက်မှာ ခွန်မှိုင်းက ဇနီးသည်ကို ချုပ်ကျည်ပွေ့ အသေးလေးနှင့် ခြေထောက်တွေ လက်တွေကို ထိုးဆွနှိပ်နယ်ကာ အကြောတွေ ဖွင့်ပေးနေ၏။ ဆေးဆရာခွန်ပွန်းက ဇနီး



www.burmeseclassic.com

www.burmeseclassic.com



သည်အား တယုတယပြုစု ကုသပေးနေတာကိုကြည့်ရင်း မေဇွန် ကြည်နူးပီတိဖြစ်မိ၏။ ပြီးမှ ခွန်မှိုင်းနှင့် မေဇွန် အတူချက်ပြုတ်ကြပြန်သည်။

"ဆန်းတော့ဆန်းတယ် မေဇွန် ကိုယ်မြို့ထဲသွားတာ အသိနှစ်ယောက်နဲ့တွေ့တယ်၊ ကိုယ့်ကို မမြင်ဘူးသလို ဆက်ဆံကြတယ် လိုက်ခေါ်တာတောင် အဖက်မလုပ်ဘူး"

"အင်း. . အဲဒါက ကိုခွန်မှိုင်းရဲ့ သတင်းတွေကြောင့်ဖြစ်မှာ၊ ဆွေနီးမျိုးစပ်လေးယောက်ကို မီးရှို့သတ်တယ်လို့ သူတို့ကြားထားတာလေ၊ ဘယ်လိုလုပ် အကောင်းမြင်နိုင်ပါ့မလဲ"

မေဇွန်က ဖြစ်နိုင်ချေကို သုံးသပ်ပြ၏။

ခွန်မှိုင်း ခေါင်းတညိတ်ညိတ်လုပ်ရင်း . .

"အဲဒီအမြင်တွေကို ကိုယ်ပြောင်းပစ်ချင်တယ်"

"ကြိုးစားကြည့်ပေါ့ ကိုခွန်မှိုင်းရယ်"

သူ့အပေါ် မြို့ခံတွေ အမြင်မကြည်လင်မှန်းသိ၍ ခွန်မှိုင်း အပြင်မထွက်တော့။ ဇနီးသည်ကိုသာ အတိုးချပြုစုနေသည်။ ထိုအတောအတွင်း ဘဝရှေ့ရေးအတွက် ပိုင်ဆိုင်မှုဘယ်လောက်ရှိသေးသလဲ သိချင်၍ အိမ်ဂရံ မြေဂရံ စာချုပ်တွေရှာကြည့်လိုက်၏။ ထိုအခါ နန်းသိမ်းထားသည့် စာတွေတစ်ထပ်ကြီးကိုသာ တွေ့သည်။ သူ့လက်ရေးနှင့်စာက လေးငါးစောင်လောက်သာရှိပြီး အိုက်ခမ်းလက်ရေးနှင့် စာတွေက ပိုများနေတာတွေ့ရ၏။

အိုက်ခမ်းက နန်းဆီကိုဘာကြောင့် စာတွေအများကြီးပို့ရသလဲဆိုတာ သိချင်၍ တစ်စောင်ပြီးတစ်စောင် ဖတ်ကြည့်မိ၏။ ထိုအခါမှ အိုက်ခမ်း၏ ယုတ်မာပက်စက်သော အကြံအစည်တွေ



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းတွေကိုသိပြီး အသားတဆတ်ဆတ်တုန်အောင်ပင် ဒေါပွရသည်။ ခွန်မိုင်း လက်ဒဏ်ရာရ၍ စာမရေးနိုင်ကြောင်းနှင့် လုပ်ငန်းတွေ အရှုံးပေါ်ပြီး ငွေလိုနေသဖြင့် ခြံရောင်းပြီး ငွေပို့ပေးဖို့မှာတာက လေးစောင်လောက်တွေ့သည်။

မိန်းမတစ်ယောက်နှင့် ဘာလိုလိုဖြစ်ပြီး မရီးအပေါ် သစ္စာဖောက်ချင်၍ ပြန်မလာတာဖြစ်ကြောင်း ချွန်တွန်းလုပ်သော စာကိုလည်း တွေ့သည်။ နောက်ဆုံး ညီအစ်ကိုတွေကို မီးရှို့သတ်တာမှ စ၍ သူသေဒဏ်ပေးခံရမည့်နေ့အထိ ဟုတ်တာရော မဟုတ်တာတွေပါ ရောမွှေရေးသားထားသည့် စာတွေကလည်း အများကြီး . .

ဒါကြောင့် သူ့မိန်းမ သူ့ကိုစကားမပြောခြင်းဖြစ်မည်ဟု သဘောပေါက်သွားကာ ခွန်မိုင်း နန်းကို အကျေအလည်ရှင်းပြ၏။ တစ်ခါမှ လက်ဒဏ်ရာမရဘူးကြောင်း၊ လုပ်ငန်းကလည်း မီးမလောင်ခင်အထိ တစ်ခါမှ မရှုံးဘူးကြောင်း၊ ဘယ်မိန်းမနှင့်မှ မဖောက်ပြန်ဘူးကြောင်းတို့ကို ခရားရေလွှတ် တတွတ်တွတ် ရှင်းပြရှာသည်။

"သူရေးခဲ့တဲ့စာတွေအားလုံး အလိမ်အညာတွေချည်းပဲ . . ကိုမိုင်း နန်းကလွဲပြီး ဘယ်မိန်းမကိုမှ စိတ်မဝင်စားခဲ့ဘူး၊ ဆိုင်ကို မီးရှို့တာ ကိုယ်မဟုတ်ဘူး၊ ညီအစ်ကိုတွေအသက်ကို ကယ်ဖို့တောင် ကြိုးစားခဲ့တာ"

နန်းနောင့်ကတော့ ဘာမှပြန်မပြော . .

"အမှုဖြစ်တော့လည်း ကိုမိုင်းမီးရှို့တာပါဆိုပြီး မဟုတ်မဟုတ် သက်သေထွက်တာလဲ သူပဲ၊ ဒါတွေအားလုံး သူကွင်းဆင်ပြီး လုပ်ခဲ့တာ သူ့လက်ချက်ပဲဖြစ်မှာ"

ဇနီးသည် သူ့ကိုအထင်မှားကာ မယုံကြည်တော့ဘူးလား

www.burmeseclassic.com

www.burmeseclassic.com



မသိ၊ လုံးဝစကားမပြောသဖြင့် စိတ်ညစ်ပြီး အိုက်ခမ်း၏စာများကို ယူ၍ အပေါ်ပြန်တက်လာခဲ့သည်။ ထိုစာများကို မေဇွန်အားပြသည်။ မေဇွန် စာတွေအကုန်လုံး အသေအချာ ဖတ်ပြီးချိန်မှာ. . .

"သေချာပြီ ကိုခွန်မှိုင်း သူက တရားခံအစစ်ပဲ၊ အလီဘိုင် ကောင်းကောင်းနဲ့ အပြစ်တွေအားလုံး ကိုခွန်မှိုင်းအပေါ် လွှဲချခဲ့တာ၊ သူဟာ သရဲတောင်မွေးတယ်ဆိုမှတော့ အတော်အကျင့်ယုတ်တဲ့သူပဲ သူမလုပ်ရဲတာ ဘာမှရှိမှာမဟုတ်ဘူး"

"အဲဒါ ကိုယ်တို့ဘာဆက်လုပ်ကြမလဲ"

"ကျွန်မ ဒီစာတွေ ရုံးတော်ကို သက်သေအဖြစ် တင်သွင်းပြီး အမှုကိုပြန်စစ်ခိုင်းမယ် ကိုခွန်မှိုင်း"

"ဟာ!. . ဟုတ်တယ် အဲလိုလုပ်ရင်ကောင်းမယ်၊ ဒါမှ ကိုယ် အပြစ်ကင်းကြောင်း သက်သေပြလို့ရမှာ"

ထိုညက ခွန်မှိုင်းနှင့်မေဇွန်တို့ ပျော်ရွှင်အားတက်လျက်ရှိပြီး စကားပြောမကုန်အောင် လက်ဆုံကျနေခဲ့၏။ ညအိပ်ချိန်မှာတော့ မေဇွန်က အိမ်ထဲမှာအိပ်ပြီး ခွန်မှိုင်းတို့ သားအဖသုံးယောက်က မြေအောက်ခန်းမှာ အိပ်ကြသည်။

ဒါကလည်း ဇနီးသည်၏ရောဂါကို သက်သာပျောက်ကင်းအောင် ဆေးကုသပေးပြီး သားငယ်ကို သီချင်းဆိုချော့သိပ်ခြင်းဖြင့် ဖျက်ကွက်ခဲ့သော အိမ်ထောင်ဦးစီးတာဝန်များကို ပြန်လည်ပေးဆပ်နေခြင်းသာ ဖြစ်တော့သည်လေ။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



ကလောမြို့ကားဂိတ်သို့ ခွန်မိုင်းနှင့်မေဇွန်တို့ ရောက်လာခဲ့ကြ၏။ မေဇွန် ရန်ကုန်ပြန်မည်မို့ လိုက်ပို့ခြင်းလည်း ဖြစ်သည်။

"ကျွန်မ ကလောကိုလိုက်လာတာ အကျိုးရှိတယ်နော်"

"ဟုတ်တယ် မေဇွန် ဒီစာတွေသာ မတွေ့ခဲ့ရင် ကိုယ်ဟာ လူယုတ်မာကြီးအဖြစ် တစ်သက်လုံး နေသွားရမှာ"

"အဲဒီလို မဖြစ်စေရပါဘူး ကိုခွန်မိုင်း၊ သေချာပြန်စစ်ဆေးပြီး အိုက်ခမ်းကို အပြစ်ပေးနိုင်အောင် ကြိုးစားသွားမှာပါ"

"အရမ်းကျေးဇူးတင်ပါတယ် မေဇွန်၊ အမှုပြီးတော့မှပဲ ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်မှာပါ"

"ဒါတွေမလိုပါဘူး၊ ကဲ. . ကားထွက်တော့မှာ သွားမယ်နော်"

"ကောင်းပါပြီ မေဇွန်"

မေဇွန် ပါသွားသည့်ကား မျက်စိအောက်မှ ပျောက်သွားသည်အထိ ခွန်မိုင်းစောင့်ကြည့်နေမိ၏။ ပိုက်ဆံတစ်ပြားတစ်ချပ်

www.burmeseclassic.com

www.burmeseclassic.com



မရဘဲ အမှုလိုက်ပေးခဲ့သလို သေဒဏ်မှလွတ်အောင် နည်းလမ်းစုံ သုံးပြီး ကူညီခဲ့ခြင်းများအပေါ် ခွန်မှိုင်းအမှန်တကယ်ပင် ကျေးဇူးတင် နေမိသည်။ ထိုကားနှင့် မရှေးမနှောင်းဆိုသလိုပင် ခရီးသည်တင် ကားတစ်စီး ထိုးဆိုက်လာသည်။ ဘာရယ်မဟုတ်ဘဲ ခွန်မှိုင်း ထိုကား ကို ဆက်ငေးကြည့်နေမိ၏။

ကားပေါ်မှ ခရီးသည်တွေ တပြုံတခေါင်းကြီး ဆင်းလာ ကြသည်။ ခွန်မှိုင်းလည်း ဇနီးသည်မျှော်နေမှာစိုး၍ ပြန်ဖို့ဟန်ပြင် လိုက်စဉ်မှာပင် ကားပေါ်မှ ဆင်းလာသူတစ်ယောက်ကို သတိပြုမိ လိုက်သည်။

"ဟင်!. . ဟို. . ဟိုကောင် အိုက်ခမ်း"

ကားပေါ်မှဆင်းလာသော အိုက်ခမ်းကိုတွေ့လိုက်၍ ခွန်မှိုင်း ရင်ခုန်စိတ်လှုပ်ရှားသွားသည်။ ဖြစ်နိုင်လျှင် မေဇွန့်ကားနောက် ပြေး လိုက်သွားပြီး ပြန်ခေါ်လိုက်ချင်သည်။ အိုက်ခမ်း ကလောကိုပြန်လာ ပြီး ဘာတွေမဟုတ်တရုတ်လုပ်ဦးမှာလဲဆိုသော အတွေးက ခွန်မှိုင်း ကို အလုပ်ပေးနေခဲ့ပြီ။ အိုက်ခမ်း ပြန်လာတာ တစ်ယောက်ထဲ ဟုတ် ပုံမရ မြို့သားစတိုင်နှင့် လူသုံးယောက်ပါလာသည်။ ထိုလူတွေကို အိုက်ခမ်းက မကြာခဏ လှည့်စကားပြောတာလည်း တွေ့၏။ ဘယ် လိုလူတွေကို ခေါ်လာတာလဲ ဘာလုပ်ကြမလို့လဲဆိုတာ သူ သိရမှ ဖြစ်မည်။ အိုက်ခမ်းတို့လူစုနောက်သို့ ခပ်ခွာခွာ လိုက်လာခဲ့၏။

မြို့လယ်မှ တောင်ပေါ်သား တည်းခိုခန်းထဲသို့ ထိုလူအုပ် ဝင်သွားသည်။ အိုက်ခမ်းနှင့်အတူ ပါလာသူများမှာ ကျားကြီးတို့အုပ်စု ဝင်ဖြစ်သည်။ တည်းခိုခန်းရှေ့မှ အပင်အောက်တွင် ခေါင်းငိုက်စိုက် ချပြီး ခွန်မှိုင်း ထိုင်စောင့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆယ်မိနစ်ခန့်အကြာတွင် အိုက်ခမ်းတစ်ယောက်ထဲ ပြန်ထွက်လာ၏။ အိုက်ခမ်း မြို့ထဲဝင်သွား၍ ခွန်မှိုင်း ဆက်လိုက်လာခဲ့သည်။ သူဘယ်သွားနေသလဲဆိုတာ ခွန်မှိုင်း သိသွားသည်။ သူက အမျိုးတွေရှိသည့် ရပ်ကွက်ကို သွားနေခြင်းပင် ဖြစ်၏။ ထင်သည့်အတိုင်းပင် အဒေါ်တော်စပ်သူ ဒေါ်နန်းမော်အိမ်သို့ ဝင်သွားတာတွေ့၏။ ခွန်မှိုင်း ဆက်လိုက်သွားရမလား ရပ်စောင့်နေရမလား ဝေခွဲမရဖြစ်နေစဉ် အနီးအနားမှ ဆွေမျိုးသားချင်းတွေ ဒေါ်နန်းမော်အိမ်သို့ စုရုံးလာကြတာတွေ့ရ၏။

အမျိုးတွေကို အိုက်ခမ်း ဘာတွေလုပ်ကြံပြောဆိုဦးမလဲဆိုတာ ခွန်မှိုင်း သိချင်လာသဖြင့် ဘာကိုမှ ဂရုမစိုက်တော့ဘဲ ဒေါ်နန်းမော်အိမ်ထဲ စွတ်ရွတ်ဝင်လာခဲ့၏။ အထဲရောက်သည်နှင့် အိုက်ခမ်း၏ ဟောင်ဖွာဟောင်ဖွာ အသံကိုကြားရသည်။

"တကယ်ပါဗျာ ကျွန်တော် လုံးဝမထင်ခဲ့ဘူး သူက ဆိုင်ကိုဓာတ်ဆီလောင်းမီးရှို့ပြီး ညီအစ်ကိုတွေအားလုံးကို မီးလောင်တိုက်သွင်းခဲ့တာဗျ ကျွန်တော်တောင် ကိစ္စတစ်ခုနဲ့ အပြင်ထွက်နေလို့ လွတ်လာတာ"

"အီးဟီးဟီး. . ရက်စက်လိုက်တာ စပ်ခွန်မှိုင်းရယ် နင့်ကို ငါတို့အားလုံးက အားကိုးခဲ့ကြတာလေ၊ ဘာလို့ ဒီလိုလုပ်ရတာလဲ ဟီးဟီး. . "

အိုက်လွယ်၊ အိုက်မောင်း၊ စိုင်းမောက်နှင့် ခမ်းလိတ်တို့၏ အမေများ အစ်မညီမများ အော်ဟစ်ငိုယိုကာ ခွန်မှိုင်းအား ပြစ်တင် ကျိန်ဆဲနေကြပြီ။ ဒါကို ခွန်မှိုင်း မဖြေရှင်းလျှင် ရူယုတ်မာ အောင်ပွဲခံသွားလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး. . မဟုတ်ဘူး အဲဒီအလိမ်အညာတွေအားလုံး သူလုပ်ခဲ့ပြီး ကျွန်တော့်အပေါ် လွှဲချတာ သူကမှ တကယ့်လူယုတ်မာ"

ခွန်မှိုင်း အသံကုန်အော်ဟစ်ပြောဆိုပြီး အိမ်ထဲဆက်ဝင်လာခဲ့၏။ သို့သော် သူ့ကို ဘယ်သူမှ ဂရုမစိုက်ကြ၊ ကွယ်လွန်သွားသူတွေကို တမင်တကာ ကြွက်ကြွက်ညံ ငိုနေကြ၍ ဖြစ်၏။

"ဟော့ကောင်. . ကြိုးပေးခံရပေမယ့် ငါမသေဘူးကွ. . ငါမသေဘူး သိလား"

ခွန်မှိုင်း ဒေါသတကြီး အော်ဟစ်ပြောဆိုရင်း အိုက်ခမ်းပခုံးကို ဆွဲလှည့်ကာ မျက်နှာကိုလက်သီးနှင့် အားကုန်ထိုးပစ်လိုက်သည်။ သို့သော် အိုက်ခမ်းကိုမထိဘဲ သူ့ကိုယ်လုံးကြီးကို ဖြတ်ထွက်ကာ အရှိန်လွန်လဲကျသွား၏။ အိုက်ခမ်းက ထိုအဖြစ်ကို သိပုံပင်မရထို့အတွက် ခွန်မှိုင်း အကြီးအကျယ် အံ့အားသင့်သွားသည်။ သူ့လက်နှစ်ဖက်ကို သေချာငုံ့ကြည့် ကိုင်တွယ်ပြီး စစ်ဆေးကြည့်သည်။ ပုံမှန်ပါပဲဟု သူတွေး၏။

ခွန်မှိုင်းက အိုက်ခမ်းနှင့် အဒေါ်သားချင်းများကို ဝေ့ဝဲကြည့်ကာ အကဲခတ်မိ၏။ သူ့ကိုဘယ်သူမှ မြင်တွေ့ပုံမရ။ ခွန်မှိုင်း အထိတ်တလန့်ဖြစ်ပြီး ထရပ်လိုက်သည်။ သူနှင့်အနီးဆုံးတွင် ဒေါ်နန်းမော်ရှိနေ၏။ ဒေါ်နန်းမော်၏ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လှုပ်ရမ်းရင်း. .

"မဟုတ်ဘူးဒေါ်ကြီး ဒီကောင်လိမ်နေတာ. . သူကမှ လူယုတ်မာဗျ. . ဟင်!"

အော်ဟစ်ပြောဆိုရှင်းပြရင်း သူ့လက်သူပြန်ကြည့်ပြီး ခွန်မှိုင်းပို၍ ထိတ်လန့်သွား၏။ သူ့လက်တွေက ဒေါ်ကြီးကိုယ်ထဲ နစ်ဝင်နေ၍ပင် ဖြစ်၏။ သို့သော် ဒေါ်ကြီး မျက်နှာမှာ ဘယ်လိုခံစားမှု

www.burmeseclassic.com



မျိုးကိုမှ မတွေ့ရ။ ခွန်မှိုင်း နည်းနည်းသဘောပေါက်သလို ရှိသွားသည်။ နောက်ဆုံးအနေနှင့် သူ့ညာလက်ကိုသုံး၍ ဒေါ်ကြီးဆံပင်ကို ပွတ်သပ်ကြည့်လိုက်သည်။ သူ့လက်က ဒေါ်ကြီးခေါင်းထဲ မြုပ်ဝင်သွား၏။

"ငါ. . ငါ. . သေသွားခဲ့ပြီပဲ၊ အခုရှိနေတာ. . ငါ့. . ငါ့ရဲ့ ဝိညာဉ်လား"

ခွန်မှိုင်း ချောက်ချားစွာပြောဆိုရင်း အိမ်ထဲမှထွက်လာခဲ့သည်။ ထိုစဉ် အိမ်ထဲသို့ အိုက်လွယ်၏သားလေး ပြေးဝင်လာသည်။ ရုတ်တရက်မို့ ခွန်မှိုင်း ရှောင်ဖို့အချိန်မရလိုက်၊ သို့သော် ကလေးက သူ့ခန္ဓာကိုယ်ကိုဖြတ်၍ လျင်မြန်စွာပင် ပြေးသွားသည်။ ခွန်မှိုင်း လှည့်ကြည့်ရင်း ယူကြုံးမရဖြစ်သွား၏။ စိတ်မထိန်းနိုင်တော့၍ အဝင်တံခါးအနီးမှ နံရံကို ခေါင်းနှင့်တိုက်ပြီး လက်သီးနှင့်ထုသည်။

သူလုပ်တာ အရာမရောက်၊ သူ့ကိုယ်လုံးကြီးသာ နံရံအပြင်ဘက် ကျွံထွက်လာ၏။ ကိုယ့်ကိုယ်ကို သေမှန်းမသိဘဲ ဝိညာဉ်ဘဝနှင့် လျှောက်သွားနေမိတာ အခုမှပဲ ရှင်းရှင်းလင်းလင်း သိလိုက်ရသဖြင့် ဖြေမဆည်နိုင် ဖြစ်နေရှာသည်။

ဇနီးနှင့်သားကို မစောင့်ရှောက်နိုင်တော့ဘူး ဆိုသည့်အသိက နေတစ်ရာ ရင်ထဲထည့်ထားရသလို ပူလောင်နေသည်။ လူသူရှင်းသည့် မြို့စွန်တစ်နေရာအရောက် ခွန်မှိုင်း စိတ်ဓာတ်ကျစွာနှင့် ထိုင်နေလိုက်၏။ သူ လူမဟုတ်တော့တာတော့ အမှန်ပဲဖြစ်သည်။ ဒါဆို တကယ်သေခဲ့ပြီပေါ့၊ သူသေခဲ့သည်ဆိုလျှင် မေဇွန်က အခြားအဖန်လုပ်ပြီး ကယ်ထုတ်ခဲ့သည်ဟု ဘာကြောင့်ပြောခဲ့တာလဲ၊ သူနားမလည်တာတွေ အများကြီးဖြစ်နေသည်။

www.burmeseclassic.com



ထိုစဉ် ဆွမ်းခံကြွလာသည့် ဆရာတော်တစ်ပါး သူနှင့်မလှမ်းမကမ်းမှာ လာရပ်၏။ သူ့ကို ဘယ်သူမှ မမြင်နိုင်သည့်အတွက် ဆရာတော်ကို ဂါရဝမပြုမိတော့၊ သူ့အပူနှင့်သူ ငိုင်နေမိသည်။

"ဘာတွေကို တပ်မက်တွယ်ငြိနေတာလဲ ဒကာ"

သူ့ကိုဦးတည်ပြောမှန်းသိ၍ ခွန်မှိုင်း အံ့ဩတကြီးနှင့်ဆရာတော်အား လှမ်းကြည့်မိ၏။

"ကိုယ်က လောကသား မဟုတ်တော့ဘူးလေ သွားသင့်တဲ့နေရာကို သွားရမှာပေါ့၊ စွဲလန်းတပ်မက် တွယ်တာခြင်းဆိုတာတွေက အပယ်လားမယ့် အကြောင်းတရားတွေပဲ ဒကာ၊ ဖြစ်ခဲ့သမျှအကြောင်းတရားအားလုံး ဝဋ်ကြွေးရှိလို့ ဆပ်ခဲ့ရတာ၊ အားလုံးကိုဥပေက္ခာပြုပြီး သွားဖို့ပြင်ဆင်တော့၊ ဒကာလေးမှာ အချိန်သိပ်မရှိတော့ဘူး ကြားလား"

"မှန်.. မှန်ပါ့ ဘုရား"

"အိမ်း.. သဗ္ဗေ သတ္တာ ကမ္မသကာ"

ဆရာတော်က ခွန်မှိုင်းအား ဆုံးမစကားပြောပြီး အလိုရှိရာသို့ ကြွသွားတော့၏။ သူ့ကိုမြင်တွေ့ရသည့် ဆရာတော်က အကျိုးအကြောင်းအားလုံးကို သိမြင်ပုံရသည်။ ထို့ကြောင့်လည်း သံယောဇဉ်တွေကို ဖြတ်ပြီး ဘဝကူးဖို့ မှာသွားခြင်း ဖြစ်မည်။ ခွန်မှိုင်းလည်းအမှန်တရားကို သိမြင်သွားပြီမို့ အချိန်ကို အကျိုးရှိစွာ အသုံးချရန် ပြန်လာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၁)

ဦး အောင်နိုင်းမှာ သမီးဖြစ်သူ မေဇွန်၏ လက်လေးကို ကိုင်ရင်း မျက်ရည်ဝေ့နေ၏။ မိတဆိုးသမီးလေးကို သူပင်အမေ သူပင်အဖေလုပ်ပြီး မွေးခဲ့ရတာ (၂၅)နှစ်ရှိပြီ၊ မေဇွန် သုံးနှစ်သမီး အရွယ်မှာပင် သူ့အမေ ကွယ်လွန်ခဲ့၏။ အဘိုးဖြစ်သူ၏ အလိုလိုက်မှု ကြောင့် သမီးက ဆိုးချင်သည်။ ဘွဲ့ရပြီးတာတောင် မရင့်ကျက်သေး။ ခုလို အိပ်ရာထဲ လဲနေတာကို သူလုံးဝမကြည့်ရက်တော့။

ကြည့်နေရင်း နဖူးမှာချွေးတွေစို့နေတာတွေ့ရှိတာယုတာယ



www.burmeseclassic.com

www.burmeseclassic.com



သုတ်ပေးလိုက်၏။ ထိုသို့လုပ်ပေးနေစဉ် မျက်ခွံတွေ တဆတ်ဆတ် လှုပ်လာတာတွေ့ရသဖြင့် အားတက်သရော ဖြစ်သွားသည်။ ဆက်၍ စောင့်ကြည့်နေစဉ် ထပ်ပြီး လှုပ်ရှားမလာတော့၍ စိတ်ဓာတ်ကျ သွားပြန်သည်။ မသေမရှင်ဆိုသည့် စကားလုံး၏အဓိပ္ပာယ်ကို ခုမှပဲ ဦးအောင်နိုင်း ကောင်းကောင်းသဘောပေါက်သွားတော့သည်။

ထိုသို့ မသေမရှင်မြောလွင့်နေသည့် မေဇွန်မှာလည်း သက် သာလှသည်မဟုတ်၊ စိတ်ထဲရှိသမျှတွေ လျှောက်လုပ်ရင်း အမောဖေါက်နေပြီ ဖြစ်သည်။ မေဇွန့်အနီးတစ်ဝိုက်တွင် စင်သီယာက တဝဲ လည်လည် လုပ်လျက်ရှိ၏။

အခုလည်း စင်သီယာ့ကို ဖျတ်ခနဲ လှမ်းမြင်လိုက်သည်မို့ မေဇွန် နောက်မှပြေးလိုက်သွားသည်။ စင်သီယာကလည်း လှစ်ခနဲ လှစ်ခနဲဆိုသလို မြင်ကွင်းမှ ပျောက်ပျောက်သွား၏။ ဒီတစ်ခါတော့ မေဇွန် လုံးဝအလွတ်မပေးတော့၊ မျက်ခြေမပြတ်လိုက်ရင်း အမိအရ ပင် ဖမ်းဆွဲထားလိုက်သည်။ စင်သီယာက မေဇွန့်အား ဆွဲခေါ်ကာ အနီးဆုံး အဆောက်အဦးထဲ ဝင်ခဲ့၏။ ဖြစ်ချင်တော့ ထိုအဆောက် အဦးက မီးလောင်ထားသော ဆေးဆိုင်တိုက်ခန်း ဖြစ်နေသည်။

အထဲသို့ရောက်မှ. . .

"မေဇွန် ကိုခွန်မိုင်းကို ကယ်နိုင်ခဲ့ရဲ့လား၊ သူ သေဒဏ်ကျ သွားပြီလား"

"ကျွန်မ ကယ်နိုင်ခဲ့ပါတယ်၊ အခု သူ ကလောမှာလေ့သွား တွေ့လိုက်ပါလား မစင်သီယာ"

"သူ လွတ်လာတယ်ဆိုရင် ပြီးတာပါပဲ၊ ဝမ်းသာပါတယ် ကွယ်၊ အစ်မ ဘယ်လိုမှ လိုက်မသွားနိုင်ပါဘူး ဒဝတွေက ခြားခဲ့ပြီ



www.burmeseclassic.com

www.burmeseclassic.com



လေ”

“ရှင်. . အစ်မ ဘာတွေပြောနေတာလဲ”

“အစ်မ သေတာကြာပါပြီ၊ ဒီဆေးဆိုင် မီးလောင်တဲ့နေ့ ကပဲလေ. . . ”

“မဟုတ်ဘူး. . မဟုတ်တာတွေ မပြောနဲ့”

“ဒါ အမှန်တွေပါ၊ အိုက်ခမ်း မီးရှို့ဖို့ပြင်ဆင်နေတာ အစ်မ မျက်မြင်တွေ့လို့ အိုက်ခမ်းက အစ်မကိုသတ်ပြီး နှုတ်ပိတ်ခဲ့တာ၊ မီးရှို့တာလဲ သူပဲ”

“ဟုတ်. . ဟုတ်လား အစ်မရယ်”

“လာ. . လိုက်ခဲ့ အစ်မပြမယ်”

စင်သီယာ ဆေးဆိုင်နောက်ဖက်သို့ ဝင်သွား၏။ မေဇွန် လည်း ကပ်ပြီးလိုက်ခဲ့သည်။ ရာဝင်အိုးကြီးများနားရောက်တော့ ဆေးကြိတ်ကျောက်ပြားကြီးနှင့် အုပ်ထားသည့်အိုးကို ညွှန်ပြရင်း. .

“ဒါကို ဖွင့်ကြည့်လိုက်”

မေဇွန် မယုံမရဲနှင့် ကုလားမတွေ မဆလာကြိတ်သည့် ကျောက်ပြားကြီးကို အားစိုက်ဖယ်ပစ်လိုက်သည်။ ပြီးတော့ အိုးထဲ ငုံ့ကြည့်လိုက်၏။

“ဟင်. . ဘုရား. . ဘုရား. . မစင်သီယာ. . မစင်သီယာ့ အလောင်းကြီး”

ထိုအချိန်တွင်ပင် မီးလောင်ထားသည့် အလောင်းလေး လောင်း ရောက်လာကာ ဝိညာဉ်စင်သီယာအား ခြောက်လှန့်မေးငေး ထုတ်ကြသည်။ မေဇွန်လည်း မီးလောင်သရဲတွေနှင့် စင်သီယာ့ ဝိညာဉ်ကိုကြည့်ရင်း အသက်ထွက်လုမတတ် ကြောက်လန့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



မီးလောင်ထားသော ညီအစ်ကိုတော်သရဲတွေ၏ စုပေါင်းစွမ်းအား ကို မခုခံနိုင်တော့သည့် စင်သီယာမှာ နောက်သို့ အရှိန်ပြင်းစွာ လွင့် ထွက်သွားပြီး နံရံကို ဖေါက်ထွက်ပျောက်ကွယ်သွားတော့၏။

စင်သီယာ့ဝိညာဉ်ကို မောင်းထုတ်ပြီးသွားချိန်မှာ သရဲလေး ကောင်က မေဇွန်နဲ့ဘက်သို့ လှည့်လာကြ၏။ စဉ့်အိုးများနှင့် နံရံ ထောင့်ကြား ပိတ်မိနေသည့် မေဇွန်မှာ ပြေးစရာမြေမရှိတော့၊ သရဲ တွေကလည်း တဖြည်းဖြည်းရွေ့တိုးလာကာ မေဇွန်နဲ့အား လှမ်းဆွဲ ကြ၏။

"အား!. . အမလေး!. . ကယ်ပါဦး. . သရဲ. . သရဲ"

မေဇွန်က သရဲများကို လက်နှစ်ဖက်နှင့် ဝေ့ရမ်းကာကွယ် ရင်း အသံကုန်အော်ဟစ် အကူအညီတောင်းလိုက်သည်။

"ဟင်!. . သမီး. . သမီး သတိရလာပြီ၊ ဟား. . ဝမ်းသာ လိုက်တာ သမီးရယ်"

အော်ဟစ်သောင်းကျန်းပြီး ကုတင်ပေါ်လဲနေရာမှ ထထိုင် လာသည့် သမီးမေဇွန်နဲ့ကိုကြည့်ရင်း ဦးအောင်နိုင် ဝမ်းသာအားရ ဖြစ်သွားသည်။ မေဇွန်လည်း သူ့ကိုယ်မှ တို့လို့တန်းလန်း ပိုက်တွေ အတုန်လုံးကို ဆွဲဖြုတ်ပစ်လိုက်သည်။ ကုတင်ပေါ်မှဆင်းပြီး. . .

"ဖေဖေ မစင်သီယာ ပျောက်သွားတာမဟုတ်ဘူး၊ သူ. . သေပြီ"

"ဟင်!. . ဘာပြောတယ်၊ လူပျောက်ကြော်ငြာ ခဏခဏ ကြည့်နေတဲ့ ဆေးဆိုင်ပိုင်ရှင် မိန်းမလား ခပ်ချောချောလေးလေ၊ ဆူသေတာ သမီးဘယ်လိုသိလဲ၊ ရဲတွေတောင် မသိသေးဘူး"

"သမီး သိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သမီးရယ် သမီးကားတိုက်ခံရပြီး ဆေးရုံရောက်နေတာလေ၊ သတိလစ်နေတာ တစ်လပြည့်ပြီ၊ အခုမှ သတိရလာတာပဲ၊ အိပ်မက်ဆိုးတွေ မက်နေတာ ဖြစ်ပါလိမ့်မယ်"

"မဟုတ်ဘူးဖေဖေ အိပ်မက်မဟုတ်ဘူး သမီးတကယ်ပြောတာ၊ ကိုခွန်မှိုင်း အသက်ကိုလည်း ကယ်ခဲ့တယ်၊ မစင်သီယာ့ အလောင်းကိုလည်း မျက်မြင်တွေ့ခဲ့တာ"

ဦးအောင်နိုင်းကတော့ သမီးခေါင်းထိပြီး ပေါက်ကရတွေ ပြောနေသည်ဟုသာ ထင်၏။ မေဇွန်ကလည်း ဇွတ်ဆိုမှဇွတ်၊ ရဲစခန်းသွားမည်။ ရဲတွေနှင့်အတူ အလောင်းသွားရှာမည်ဟု မနေမနားပြောနေ၍ ဦးအောင်နိုင်း မနေနိုင်တော့ဘဲ သမီးစိတ်ချမ်းသာအောင် လိုက်ပို့ရ၏။ ပန်းပဲတန်း စခန်းမှူးအား မေဇွန်ဝင်ရောက်ဆွေးနွေးပြီး ရဲအဖွဲ့ဝင်များနှင့်အတူ အလောင်းရှာဖို့ မီးလောင်တိုက်ခန်းသို့ ရောက်ရှိလာကြပြန်သည်။

ဒီတစ်ခါက မြေစမ်းခရမ်းမျိုး ရှာဖွေဖို့မဟုတ်၊ ရာဝင်အိုးတွေရှိရာ လျှောက်လာပြီး ကျောက်ပြားအုပ်ထားသည့် ရာဝင်အိုးအား မေဇွန်ညွှန်ပြလိုက်သည်။ ရဲတွေလည်း သရဲကြောက်ကြသည်မို့ အချိန်မဆိုင်းပဲ အဖုံးကျောက်ပြားကြီးကို ဖွင့်ကာ စဉ့်အိုးအား တွန်းလှဲလိုက်သည်။ ဆားပုပ်နံ့ ဇဝက်သာနံ့နှင့် အပုပ်နံ့ရောပြွမ်းနေသော အရည်များနှင့်အတူ အနည်းငယ်ပုံပျက်နေသည့် အမျိုးသမီးတစ်ယောက် တစ်ဝက်တစ်ပျက် ထွက်ကျလာ၏။

မေဇွန်ပြောတာတွေ မှန်နေသဖြင့် အားလုံးအံ့သြသွားကြသည်။ အိုးထဲမှအလောင်းအား ခက်ခက်ခဲခဲဆွဲထုတ်ပြီး ရဲတွေ ဆိုပ်စရာရှိတာ ဆက်လုပ်နေခိုက် မေဇွန်တို့သားအဖ နှုတ်ဆက်ပြီး ပြန်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ကြ၏။ ကားပေါ်တွင် မေဇွန်အား အဖေဖြစ်သူက မေးမြန်းသည်။

"စင်သီယာအလောင်း တကယ်ရှာတွေ့လို့ သမီးပြောတာတွေ ဖေဖေယုံပါပြီ၊ ဒါနဲ့ သေဒဏ်ကျတဲ့ ခွန်မိုင်းကို ကယ်ခဲ့တယ်လည်း ပြောတယ်. . သမီး သူ့ကိုဘယ်လိုကယ်ခဲ့တာလဲ"

ထိုဖြစ်စဉ်ကိုလည်း အစအဆုံး ရှင်းပြလိုက်သည်။ ဦးအောင်နိုင်း ဖြစ်စဉ်ကို သေချာစဉ်းစား သုံးသပ်ပြီး. . .

"ခွန်မိုင်းကို ကြိုးပေးလိုက်ကြပြီ၊ ဒါကိုလည်း ရဲအဖွဲ့က သေပြီဆိုတာ အတည်ပြုပြီး သင်္ဂြိုလ်လိုက်ကြပြီသမီး"

"မဖြစ်နိုင်တာ အဖေရယ် သမီးသူ့ကိုကယ်ပြီး ကလောထိ လိုက်ပို့ပေးခဲ့တာ၊ အဖေမယုံဘူးလား ဒီမှာကြည့် ကိုခွန်မိုင်း တပည့် အိုက်ခမ်း လိမ်လည်လုပ်ကြံပြီး ရေးထားတဲ့စာတွေ ကလောက သမီး ယူလာတာ"

စာတွေက အဖြစ်အမှန်ဖြစ်သော်လည်း ဦးအောင်နိုင်း ခေါင်းရမ်းသည်။

"ခွန်မိုင်း ကြိုးဒဏ်ကြောင့် သေသွားပြီ၊ သူသရဲဖြစ်သွားတာ၊ သမီးကတော့ မြော်လွင့်ပြီး ဝိညာဉ်ထွက်သွားတာ၊ သရဲနဲ့ဝိညာဉ်ဆိုတာ အဆင့်သိပ်ကွာတာမှ မဟုတ်ဘဲ ဒါကြောင့်သမီးတို့ဆုံတွေ့ပြီး စကားပြောလို့ရတာ၊ သူသေခဲ့တာ ဒီနေ့ဆို လေးရက်ရှိပြီ"

"ဟင်. . ဟုတ်. . ဟုတ်ပါ့မလား"

"သိပ်ဟုတ်တာပေါ့သမီးရယ်၊ ဒါ သဘာဝလွန်ဖြစ်ရပ်ဆန်းတွေလေ သာမန်လူတွေ တွေးလို့ လိုက်မှီမှာ မဟုတ်ဘူး"

"ကိုခွန်မိုင်းနဲ့ နန်းနောင့်နောင့်မှာ သားလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ် လူမမယ်လေး ဖေဖေရယ်"

"ဘယ်တတ်နိုင်မှာလည်း သမီးရယ် သတ္တဝါတစ်ခု ကံတစ်ခု ပဲပေါ့"

မေဇွန်ကတော့ ထိုသို့သဘောမထားနိုင်၊ ကလောတွင်ရှိနေ စဉ်တစ်လျှောက်လုံး အားတီလေးကို စောင့်ရှောက်ခဲ့ရ၍ သံယော ဇဉ် ဖြစ်နေပြီမို့ ဘယ်လိုလုပ်ရင် ကောင်းမလဲတွေးရင်း စိတ်မအေး နိုင် ဖြစ်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



၁၄

လပြည့်မှာ တွယ်ကပ်နေဖို့ ရက်သိပ်မကျန်တော့သဖြင့် လုပ်စရာရှိတာတွေ တက်သုတ်ရိုက်လုပ်ဆောင်နေသည်။ မနက်-နေ့-ည ဆေးတွေကို အရောင်မတူသည့် စက္ကူများနှင့်ထုပ်ပြီး အားတီလေးကို ပြရသည်။

"အဝါရောင်က မနက်ပိုင်းတိုက်၊ အနီရောင်အထုပ်က နေ့ခင်း၊ အနက်ရောင်အထုပ်က ညဘက်သောက်ရမှာ မှတ်ထားနော်"

အားတီက ဘာမှပြန်မပြော၊ အဖေကို တွေတွေကြီးကြည့်ပြီး ခေါင်းညိတ်ရုံသာ ညိတ်ပြသည်။

"ဖေဖေ မရှိတော့ရင် သားပဲ မေမေ့ကို ပြုစုစောင့်ရှောက်ရမှာ၊ သားက မေမေ့အတွက် မားမားမတ်မတ် ရပ်ပေးရမှာ"

အားတီက ဆေးထုပ်တွေ ကောက်ယူကာ ထိုင်နေရာတွင်

www.burmeseclassic.com



သိမ်းပြီး ဂိုထောင်အပေါ်သို့ ပြန်တက်သွား၏။ ခွန်မှိုင်းလည်း နန်းကို ရေချိုး အဝတ်အစားလဲပေးပြီး သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်း ဖြစ်အောင် လုပ်ပေးသည်။ လေးဘက်နာကြောင့် အောက်ပိုင်းသေမ သွားအောင် နှိပ်နယ်ပြုစုပြန်သည်။

"နန်းရယ် နန်းရဲ့စကားနားထောင်ပြီး ရန်ကုန်ကိုမသွား ဖြစ်ရင် ဒီလိုအဖြစ်ဆိုးတွေ ကြုံရမှာမဟုတ်ဘူးနော်၊ ပြီးတော့ နန်းတို့ သားအမိဘဝအတွက် ခုချိန်ထိ ဘာမှလုပ်မပေးနိုင်ခဲ့သေးဘူး၊ အဲဒီ အတွက် တာဝန်မကျေသလို ကိုမှိုင်းခံစားရတယ်၊ ဒါပေမယ့် ကိုမှိုင်း အားမလျှော့ဘူး. . ဒီဘဝ မတတ်နိုင်ပေမယ့် နောက်ဘဝမှာတော့ ကောင်းမွန်ပြည့်စုံအောင် လုပ်ပေးပါ့မယ် နန်းရယ်၊ ကိုမှိုင်းကို ခွင့် လွှတ်ပါနော်"

ခွန်မှိုင်း ဝမ်းနည်းကျေကွဲစွာဖြင့် တတွတ်တွတ် ပြောဆိုပြုစု နေခိုက် အားတီလေးက ဂိုထောင်ထဲမှာ ထိုင်ပြီး တသိမ့်သိမ့်ရှိုက်ငို နေရှာသည်။

သူတို့မိသားစုကြားမှာ ဝမ်းနည်းကြေကွဲမှုတွေ ပတ်လည် ရိုက်ပြီး စိတ်မကောင်းဖြစ်နေခိုက်မှာ အိုက်ခမ်းနှင့်ကျားကြီးတို့အုပ်စု မှာ လိမ္မော်ခြံထဲတွင် သောက်စားပျော်ပါးနေကြသည်။

ကြက်ကင်တွေ ဆတ်သားခြောက်ဖုတ်တွေ လိမ္မော်သီးတွေ နှင့်မို့ ကျားကြီးတို့အုပ်စုလည်း အကြိုက်တွေ့ကာ သရဲမရဲစီးသလို စားသောက်နေကြသည်။

"ဘယ်လိုလဲ အိုက်ခမ်း ပိုက်ဆံက ဘယ်တော့ရမှာလဲ"

"ခြံဝမှာ အမြန်ရောင်းမည်ဆိုတဲ့ ဆိုင်းဘုတ်ချိတ်ထားတာ ခင်ဗျားတို့ အမြင်ပဲလေ ရောင်းပြီးတာနဲ့ ပေးမှာပေါ့ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . မင်းတို့ အခြေအနေနဲ့ ပိုင်ဆိုင်မှုတွေကို ကြည့်ပြီး ယုံပေးလိုက်မယ်၊ ဒါပေမဲ့ သိပ်ကြာလို့တော့ မဖြစ်ဘူးနော်"

"သီးနှံစိုက်တဲ့ ခြံတွေက ရောင်းရလွယ်ပါတယ်ဗျ၊ ကဲပါဗျာ ပူမနေစမ်းပါနဲ့ ပျော်ပျော်ပါးပါး ချကြစမ်းပါ"

အိုက်ခမ်း၏ အာမခံစကားနှင့် တိုက်တွန်းမှုကြောင့် ကျားကြီးတို့ စိတ်ချလက်ချနှင့် အားပါးတရ သောက်ကြတော့၏။ လူလေးယောက် အရက်နှစ်လုံး ကုန်ချိန်မှာတော့ ကျားကြီးတို့အုပ်စု အော့အန်ကုန်ကြသည်။ ပါးစပ်က အန်ဖတ်တွေအပြင် အမြှုပ်တစီစီထွက်ပြီး ကျွမ်းထိုးမှောက်ခုံ ဖြစ်လာသည်။ ဒါကို အိုက်ခမ်း အရသာခံကြည့်ရင်း စိတ်ထဲမှလည်း. . .

ကျားကြီး. . ကျားကြီး လူမိုက်ဆို ထပြီး မိုက်ပြပါဦးလား၊ ငါက လူလိမ်. . အေး ဒါပေမဲ့ လူမိုက်လောက်တော့ သနားတယ် သိလား၊ ငါက ဘယဆေးလည်း ကျွမ်းတယ်လေကွာ၊ ဘယဆေးက အရက်နဲ့ မတည့်ဘူးဆိုတာ ငါသိတယ်ကွ. . ဟားဟားဟား. . ။

အိုက်ခမ်း၏ လှောင်ပြောင်စကားကို ကျားကြီးတို့ မကြားလိုက်ရဘဲ အသက်ထွက်သွားတော့၏။ စင်သီယာ့ကို လည်ပင်းညှစ်သတ်ပြီးသည့်နောက်ပိုင်း လူသတ်ရတာကို အိုက်ခမ်း နှစ်သက်လာခဲ့သည်။ သူ့ရှေ့မှာ လူသုံးယောက် အသက်ပျောက်သွားတာ ဘာမှမခံစားရသလို အေးအေးဆေးဆေး ကြည့်နေနိုင်သည်။

ကျားကြီးတို့ အလောင်းတွေကို တစ်လောင်းချင်း တရွတ်တိုက်ဆွဲယူပြီးနောက် တူးထားသည့် ကျင်းကြီးထဲ ပစ်ချသည်။ ပြီးတော့ အပေါ်က မြေကြီးတွေ ဖုံးပစ်လိုက်၏။

"ကဲ. . ကျားကြီးနဲ့အဖွဲ့ လိမ္မော်ခြံစောင့်သရဲအဖြစ် ကမ္ဘာ



www.burmeseclassic.com

www.burmeseclassic.com



ပျက်တဲ့အထိ တာဝန်ယူကြပေတော့. . ဟုတ်လား. . ဟားဟားဟား ငါလိုအပ်ရင် ခေါ်လိုက်မယ် လာခဲ့ကြသိလား”

အိုက်ခမ်း အောင်ပွဲခံရယ်မောပြီး လိမ္မော်ခြံထဲမှ သွက်သွက်လက်လက် ပြန်ထွက်သွားလေတော့၏။

卐 卐 卐 卐



www.burmeseclassic.com

www.burmeseclassic.com



ခိုက်မှိုင်း အိပ်ရာအထမှာ လန်းလန်းဆန်းဆန်း မရှိ ထိုင်းမှိုင်းလေးလံနေတာကို သတိပြုမိသည်။ ဆရာတော် ပြောခဲ့သလို နေရမည့်ရက် သိပ်မကျန်တော့ဆိုတာ ဟုတ်မှန်ပုံရ၏။ သွားရမည့်ရက် နီးလာလေလေ အားကုန်သလို ဖြစ်လာလေလေနှင့် တစ်ကိုယ်လုံး နုံးချိနေသည်။ မိုးလင်းသည်နှင့် ဇနီးနှင့်သား၏ ဝေယျာဝစ္စတွေ လုပ်ပေးဖို့သာ သူ့စိတ်ထဲမှာရှိနေ၏။

ရေမိုးချိုးဖို့ မြေအောက်ခန်းသို့ ရေဆွဲထည့်ပေးသည်။ အားတိုလေး စားဖို့သောက်ဖို့ စီစဉ်ပေးသည်။ ပြီးတော့ သူ အနှစ်သက်ဆုံးဖြစ်သည့် နန်းကို သန့်ရှင်းရေးလုပ်ပြီး လှလှပပပြင်ဆင်ပေးခြင်းကို စိတ်ပါလက်ပါ လုပ်ဆောင်သည်။ အားလုံးပြီးတော့ အားတိုလေး ဆေးတိုက်ရဲ့လားဆိုတာ သိရအောင် ဆေးထုပ်တွေရှာပြီး စစ်ဆေးကြည့်ရှု၏။ ထိုအခါမှ ဆေးထုပ်တွေကို လွှင့်ပစ်ထားတာ တွေ့ရသည်



www.burmeseclassic.com

www.burmeseclassic.com



မို့ ခွန်မိုင်း အကြီးအကျယ်ဒေါပွကာ အားတီလေးအား လိုက်ရှာလေတော့သည်။

အိမ်မကြီး မီးဖိုဆောင်မှာ ခေါပုတ်ကို ဆားနှင့်တို့စားနေသော အားတီအားတွေ့ရ၏။ မိခင်ဖြစ်သူ အိမ်ရှင်မ၏ ချက်ပြုတ်ကျွေးမွေးမှုကို မရခဲ့သည့် အားတီလေး အစားအသောက်ဆင်းရဲရှာတာကို ကြည့်ပြီး စိတ်မကောင်းဖြစ်မိသည်။ သို့သော် အမေကို ဆေးမတိုက်သည့်အတွက် ဒေါသဖြစ်တာက ပိုနေ၏။

"အားတီ မင်း မေမေ့ကို ဆေးမတိုက်ဘဲ ဆေးထုပ်တွေဘာလို့ လွှတ်ပစ်ရတာလဲ"

အားတီ မဖြေပါ. . ။

"သားရာ. . မင်းကွာ ဖေဖေ သေချာမှာထားရက်နဲ့ ဒီလိုဂရုမစိုက်တာကို ဖေဖေ မကြိုက်ဘူး၊ မင်းကို ဆုံးမမှဖြစ်တော့မယ်"

ခွန်မိုင်း ဝါးခြမ်းပြားကောက်အကိုင်မှာ အားတီလေး ထွက်ပြေးတော့သည်။ ခွန်မိုင်း နောက်ကလိုက်၏။ ယိုင်နဲ့နဲ့ဖြစ်နေသော ခွန်မိုင်း အားတီကိုလိုက်မမီ၊ ဂိုထောင်ထဲ ဝင်သွားတာတော့ လှမ်းမြင်သည်။ သူ့အမေ အကာအကွယ်ယူတော့မည့် လုပ်ရပ်ဟု ခွန်မိုင်း နားလည်လိုက်၏။ သို့သော် မြေအောက်ခန်းရောက်တော့လည်း အားတီကို မတွေ့၊ နန်းထိုင်နေကျ ခုံပေါ်မှာလည်း နန်းကို မတွေ့ရတော့သဖြင့် ခွန်မိုင်း စိတ်ပူသွားသည်။

"နန်းရေ. . နန်း၊ အားတီ. . အားတီလေး"

အနီးအနားမြင်တွေ့နေရသည့် နေရာစုံမှာ သူတို့သားအမိကို မတွေ့ရ။ ခွန်မိုင်း သစ်သားစည်ကြီးတွေ နောက်မှာရှိမလားဆိုပြီး ဝင်ရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



"သွား. . သွားကြစမ်း ငါ့အမေကို မနှောင့်ယှက်နဲ့ သွားကြ"

ဘာကိုခြိမ်းခြောက်မောင်းထုတ်နေသည် မသိရသည့် အားတီအော်သံကို ကြားရသဖြင့် အသံလာရာ မှန်းဆပြီး ခွန်မှိုင်း ဝင်ကြည့်သည်။ သူအဝင်မှာ အုပ်လိုက်ပြေးထွက်လာသည့် မြေကြွက်များကို တွေ့ရသဖြင့် ခွန်မှိုင်း အလန့်တကြား ခုန်ရှောင်မိ၏။ ကြွက်တွေ ဘယ်ကထွက်လာသလဲ ရှာကြည့်လိုက်ရာ မြင်ရသည့် မြင်ကွင်းကြောင့် ခွန်မှိုင်း ကြက်သေ,သေသွား၏။

အရိုးတွေပင် ပေါ်နေပြီဖြစ်သော အလောင်းတစ်လောင်း ထိုအလောင်းဘေးမှာ တုတ်တစ်ချောင်းနှင့် ကြွက်မောင်းနေသည့် အားတီ၊ ဆက်စပ်တွေးကြည့်လိုက်တော့ နန်း၏ရုပ်အလောင်းကို မြေကြွက်တွေ အုပ်ဖွဲ့စားသောက်နေခြင်းဖြစ်ကြောင်း သိသွားတော့ သည်။

"မေမေ့ကို ဆေးတိုက်စရာ မလိုတော့ဘူးဖေဖေ၊ အဲဒါ ကြောင့် မတိုက်တာ"

ခွန်မှိုင်း ဘာမှပြန်မပြောနိုင်. . .

"ဖေဖေ ပြန်လာမယ့်နေ့ မနက်ကပဲ မေမေ သေသွားတာ သိရဲ့လား၊ ကြိုးပေးတယ်ဆိုတာ ဘာမှန်းမသိပေမယ့် အဲဒီနေ့မှာ ဖေဖေကြိုးပေးခံလို့ သေရမှာတဲ့ မေမေလည်း မနေချင်တော့ဘူးတဲ့၊ မေမေ မကျန်းမမာဖြစ်နေတာကြာပြီ၊ ဘယ်သူမှလည်း လာမကြည့် ကြဘူး"

ခွန်မှိုင်း မတ်မတ်မရပ်နိုင်တော့. . ဒူးထောက်လဲကျသွား သည်။

"ဖေဖေ ရောက်လာတဲ့နေ့က. . သား သင်္ချိုင်းကြောက်တာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ သေနေပြီဆိုတာလဲ သားသိတယ်၊ နေ့ခင်းအလင်းရောင်မှာ မမြင်ရဘူး ညမှောင်မှ မီးအိမ်အလင်းရောင်အောက်မှာပဲ ဖေဖေ့ကို မြင်ရတာ၊ ဒါပေမဲ့ ဖေဖေက အားလုံးကို ကူလုပ်ပေးနေလို့ သား မကြောက်အောင် စိတ်တင်းထားရတာ၊ ဖေဖေ့လည်ပင်းက ကြိုး အရာကြီး သားမြင်နေရတယ်"

သားလေးဒုက္ခ မသေးပါလားဟု ခွန်မှိုင်း စာနာနေမိ၏။

"နေ့ခင်းဘက်ဆို ဖေဖေ ရေငင်နေရင် ရေပုံးနဲ့ကြိုးပဲ မြင်ရတာ၊ ထမင်းကျွေးရင်လည်း ပန်းကန်ကြီးပဲ မြင်နေရတာ၊ မှန်းဆပြီး မြင်နေရသလိုမျိုး ပြောဆိုနေရတာ ဖေဖေရဲ့"

"သားရယ် အားတီလေးရယ် ဖေဖေရင်နာလိုက်တာကွယ်၊ ဖေဖေတို့မိသားစု ဘာလို့ဒီလောက်ကံဆိုးရတာလဲ၊ ဘာလို့ ဒီလောက်အကုသိုလ်ကြီးရတာလဲ"

မိဘနှစ်ပါးလုံး မရှိရှာတော့သည့် အားတီလေး၏ အားငယ်စိတ်ကို ခွန်မှိုင်းဘယ်လိုဖြေသိမ့်ပေးရမှန်း မသိတော့။ လောလောဆယ်မှာတော့ အပေါ်တက်ပြီး နောက်ဖေးခြံထောင့်မှာ မြေကျင်းတူးရသည်။ နန်းနောင့်နောင့်ဟု မှတ်မိရုံလောက်သာ ကျန်တော့သည့် ရုပ်အလောင်းကိုသယ်ပြီး ကောင်းမွန်စွာ မြေမြှုပ်သင်္ဂြိုလ်ပေးလိုက်သည်။ နန်းနောင့်နောင့် အသက်(၂၈)နှစ်ဆိုသော မှတ်တိုင်လေးပါ စိုက်ထား၏။

ထိုညက နန်းအတွက် အလုပ်ပိုတွေလုပ်ပေးစရာ မရှိတော့သဖြင့် အားတီလေးနှင့်သာ အချိန်ဖြုန်းရ၏။ မှန်အိမ်နှင့် ဖယောင်းတိုင် မီးအလင်းရောင် မပြတ်အောင် ထွန်းပေးရင် သားအဖတွေ စကားပြောကြသည်။ သားချော့တေးကို သံပြိုင်ဆိုကြသည်။ သန်း



www.burmeseclassic.com

www.burmeseclassic.com



*ခေါင်ကျော်လို့ ဘယ်လိုအိပ်ပျော်သွားမှန်း မသိလိုက်ကြ။*

မနက်နေမထွက်ခင် (၅)နာရီခန့်မှာ စူးစူးဝါးဝါး ခွေးဟောင်သံကို ကြားလိုက်ရ၏။ ခွေးဟောင်သံက အိမ်နှင့် ပိုပို၍ နီးလာသဖြင့် စိတ်ပူပြီး ထကြည့်မိကြသည်။

အမှောင်ထဲမှာ ရွှေ့လျားနေသော မီးရောင်တစ်ခုကို တွေ့ရသည်။ ဓာတ်မီးကိုင်လူတစ်ယောက် ဝင်လာတာမှန်းသိ၍ အားတီလေး ကြောက်နေသည်။ သူရှိ၍ မကြောက်ရန် အားပေးပြီး မီးများမှိတ်၍ မှောင်ထဲက လှမ်းအကဲခတ်ကြ၏။

ထိုလူ အိမ်ထဲထိဝင်လာပြီး. .

"မရီး. . မစိုး. . အားတီရေ. . အားတီ"

ခပ်အုပ်အုပ်ခေါ်သံကြားရမှ အိုက်ခမ်းဝင်လာတာမှန်း သိသွားကြ၏။ တစ်အိမ်လုံး မီးထိုးလိုက်ရှာပြီး ဘယ်သူမှ မတွေ့သဖြင့် ကြိမ်းမောင်းပြောဆိုနေတာတွေ သားအဖနှစ်ယောက် ကြားနေကြရသည်။

"တောက်!. . တစ်အိမ်လုံး ဘယ်သူမှ မရှိဘူး၊ ဘယ်သွားသေနေကြလဲ မသိဘူး၊ အိမ်ဂရုံနဲ့ခြံဂရုံတွေ ဘယ်မှာထားသွားလဲ မသိဘူး"

အိုက်ခမ်းလာရသည့် အကြောင်းရင်းက အိမ်နှင့်ခြံကို မောင်ပိုင်စီးဖို့ဆိုတာ သိရတော့ ခွန်မိုင်း ပို၍ဒေါပွသွား၏။ အိုက်ခမ်း အိမ်ပေါ်တက်လာသံကြားရသဖြင့် ခွန်မိုင်းက အားတီကို မီးဖိုကာ ထုပ်တန်းပေါ် တင်ပေးထားလိုက်သည်။ လက်မတင်လေးပင် ဆိုရမည်။ အိုက်ခမ်း အိမ်ပေါ်ရောက်လာပြီး ဓာတ်မီးနှင့်ထိုးကာ ရှာတော့၏။ ခွန်မိုင်းလည်း ဓာတ်မီးရောင်ကို ရှောင်ရင်း အိုက်ခမ်းနောက်

www.burmeseclassic.com

www.burmeseclassic.com



သို့ ပြေးဝင်လိုက်ရသည်။

"မရီး. . မရီး. . အားတီလေးရေ. . အားတီလေး"

အိုက်ခမ်းက တကြော်ကြော်ခေါ်ရင်း လိုက်ရှာနေရာ အားတီလေး ရှိနေသည့် ထုပ်တန်းအောက်သို့ ရောက်လာခဲ့ပြီ။ ကံဆိုးချင်တော့ ထုပ်တန်းပေါ်မှ အိမ်မြှောင်က အားတီကိုကြောက်ပြီး ခုန်ချလိုက်ရာ အိုက်ခမ်းဂုတ်ပေါ်ကျသွား၏။ အိုက်ခမ်းလန့်ပြီး အပေါ်ကို မော့ကြည့်တော့ အားတီလေးကို တွေ့သွားတော့သည်။

"ဟင်. . မင်း ဘယ်သူလဲ၊ အားတီ. . အားတီလေးမဟုတ်လား. . လာ. . လာစမ်း ဆင်းခဲ့စမ်း"

အိုက်ခမ်းက ခုံတစ်လုံးရှာ၍ ခုံပေါ်တက်ရပ်ပြီး အားတီကို အတင်းဆွဲခေါ်သည်။ သားအတွက်စိတ်ပူပြီး ခွန်မှိုင်းက အိုက်ခမ်းအား ဟန့်တား၏။ သို့သော် ဘယ်လိုမှ ကိုင်လို့မရ ဖြစ်နေသည်။ အားတီလေးသာ အိုက်ခမ်းလက်ထဲ ရောက်သွားသည်။ ခွန်မှိုင်း အိုက်ခမ်းကို ဘာမှမလုပ်နိုင်သေး။ အိုက်ခမ်းက အားတီကို ချုပ်နှောင်ထားရင်း. . .

"အားတီ. . . သား မေမေရော"

အားတီက မဖြေ. .

"မင်းကွာ အရပ်ကြီးရှည်ပြီး ထွားလာလိုက်တာ၊ အေးလေ ခြောက်နှစ်တောင် ရှိနေပြီကိုး၊ လေးလေးခမ်းကို မှတ်မိတယ်မဟုတ်လား၊ ဟိုလေ သားမေမေက အရေးကြီးတဲ့စာရွက်စာတမ်းတွေဆို ဘယ်မှာသိမ်းလဲ"

ဘာမေးမေး အားတီက မဖြေ၊ ကြာတော့ အိုက်ခမ်း စိတ်တိုလာ၏။ ထို့အတွက် အားတီ၏ကျောကုန်းကို အုန်းခနဲ ပိတ်ထုလိုက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အားတီကြောက်ပြီး ရှုက်ငိုး၏။

"ဟီးအီးအီး. . ဖေဖေရေ သားကိုကယ်ပါဦး"

"ဟော့ကောင်. . မင်း အဖေ သေပြီ. . တမနေနဲ့"

ခွန်မှိုင်းဒေါသပေါက်ကွဲသွားပြီး အိုက်ခမ်းအား ထိုးကြိတ်
ကန်ကျောက်သည်။ ဘယ်လိုမှမထိ။ ကြာတော့ ခွန်မှိုင်း အားကုန်
မောပန်းသွား၏။

"ဒီမယ် အားတီ ငါက လူရှစ်ယောက်တိတိ သတ်လာတာ
နော် ငါမေးတာကောင်းကောင်းဖြေ မင်းအမေ ငါ့မရီး ဘယ်မှာလဲ"

"မေမေ သေပြီ"

"ဘာ!. ."

ထိုစကားကြောင့် အိုက်ခမ်းတွေဝေသွား၏။ မိနစ်ပိုင်း
လောက် ငိုင်တွေသွားပြီးနောက်. . .

"အေးလေ သေသွားတော့လည်း တာဝန်ကင်းတာပေါ့၊ ဇါ
ဟိုစာရွက်တွေ ဘယ်မှာလဲ၊ မင်းနဲ့ငါ သွားရှာရအောင်၊ ဘီရိုထဲတို့
သေတ္တာထဲတို့မှာ ရှိမှာပါ. . ဟုတ်လား. . လာ"

အိုက်ခမ်းက အားတီကို ဆောင့်ဆွဲခေါ်သွား၏။ ခွန်မှိုင်း
လည်း စိတ်မချ၍ တစ်ခါတည်းလိုက်သွားသည်။ အောက်ထပ် ဘီရို
ရှေ့မှာ အိုက်ခမ်းရပ်လိုက်သည်။

"ဘီရိုသော့ကော အားတီ"

"ဒီမှာထားတာမဟုတ်ဘူး မြေအောက်ခန်းမှာ သိမ်းထား
တာ"

"ဘာ. . အေး ဟုတ်ရင်ဟုတ် မဟုတ်ရင်တော့ အသေသာ
ဆိုတာ. . မှတ်ထား"



www.burmeseclassic.com

www.burmeseclassic.com



အားတီ ဂျစ်ကန်ကန်နှင့်ပြန်ကြည့်ပြီး ခွန်မှိုင်းဆွဲခေါ်ရာ နောက်သို့ ပါသွား၏။ မြေအောက်ခန်းမှာ မှန်အိမ်တွေ ဖယောင်းတိုင်တွေ ထွန်းထားသည်မို့ သူ့ကို အိုက်ခမ်းတွေ့ပြီး ကြောက်သွားနိုင်သည်ဟုတွေးကာ ခွန်မှိုင်းအားတက်သွားသည်။

မြေအောက်ခန်းအရောက်တွင် အိုက်ခမ်းက. . .

"ကဲ. . အားတီ ဘယ်နေရာမှာသိမ်းထားလဲ ငါ့ကိုပြ"

"ဖေဖေရေ. . ဖေဖေရေ. . သားကို ကယ်ပါဦး"

အားတီက ခွန်မှိုင်းကို အော်ဟစ်အကူအညီတောင်းသည်။ ခွန်မှိုင်း မီးအိမ်အလင်းရောင်အောက်သို့ ထွက်လိုက်၏။

"ဟင်!. . ကို. . ကိုခွန်မှိုင်း. . ခင်ဗျား. . ခင်ဗျား"

"အေး. . ဟုတ်တယ် မင်းရဲ့ကလိမ်ကကျစ်လုပ်ရပ်တွေကြောင့် သေဒဏ်ကျခဲ့ရတဲ့ ခွန်မှိုင်းလေ၊ ဒီနေ့က မင်းရဲ့သေနေ့လို့ပဲ မှတ်လိုက်"

ခွန်မှိုင်း ဒေါ်နှင့်မောနှင့် ရှေ့တိုးကာ အိုက်ခမ်း လည်ပင်းကို ညှစ်လိုက်သည်။ သို့သော် ထိထိမိမိ ဆုပ်ကိုင်လို့မရသလို ညှစ်သတ်လို့လည်းမရ၊ ဘယ်လောက်အားစိုက်စိုက် အိုက်ခမ်းကို ဘယ်လိုမှ ဒုက္ခပေးလို့ မရဖြစ်နေသည်။ ဒါကို အိုက်ခမ်း သဘောပေါက်သွား၏။

"အဟင်းဟင်းဟင်း ဝိညာဉ်မက သရဲမကျတဲ့ ဘဝနဲ့များ အဆင့်မြင့်တဲ့လူကို ဒုက္ခပေးချင်လို့ရမလား. . ဟားဟားဟား. . ခွန်မှိုင်း. . ခွန်မှိုင်း မင်းအစား ငါသနားလိုက်တာကွာ. . အဟင်းဟင်း"

အိုက်ခမ်းမှာ ခွန်မှိုင်းအား ဂရုမစိုက်တော့ဘဲ အားတီကို ခပ်ကြမ်းကြမ်းကိုင်တွယ်တော့သည်။ အသားနာအောင် ရိုက်နှက်သည်။ ခေါင်းခေါက်သည်။ ဆံပင်ကိုဆောင့်ဆွဲပြီး စာချုပ်ကိုမေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ ခွန်မှိုင်း ဘာမှမလုပ်နိုင်၍ အသာကြည့်နေရ၏။ နောက်ဆုံးမှာ အားတီမခံနိုင်တော့၊ စာချုပ်တွေကို ယွန်းသေတ္တာနှင့်ထည့်ပြီး သစ်သားစည်တစ်ခုထဲမှာ သိမ်းထားကြောင်း ပြောလိုက်ရသည်။ ဘယ်သစ်သားစည်လဲဆိုတာ မမှတ်မိတော့ဆို၍ အရိုက်ခံရသေး၏။ အိုက်ခမ်းက အချိန်မဆွဲ စည်တွေတစ်ခုပြီးတစ်ခု အဖုံးဖွင့်ပြီး ရှာနေပြီ။ ဒီစာချုပ်တွေက သားလေးရွှေ့ရေးအတွက် အသုံးချရမည်မို့ အိုက်ခမ်းလက်ထဲ အပါမခံနိုင်၊ အိုက်ခမ်းကို တားဆီးနိုင်ရန် အကူအညီပေးဖို့ ဆိုင်ရာပိုင်ရာတွေဆီမှာ ဆုတောင်း၏။ သားဇောနှင့်မို့လားမသိ ခွန်မှိုင်း အားအင်တွေ သိသာစွာ ပြည့်ဖြိုးလာလေသည်။

ထို့နောက် စည်တွေထဲ ကုန်းနှိုက်နေသည့် အိုက်ခမ်းအား ဝုတ်ကဆွဲမပြီး ကိုင်မြှောက်လွှင့်ပစ်လိုက်၏။ ဒီတစ်ခါတော့ အောင်မြင်သွားသည်။ အိုက်ခမ်း သစ်သားစည်တွေကြားထဲ ကျွမ်းထိုးမှောက်ခုံ ပြုတ်ကျသွားသည်။

"ဝှန်း!. . . အား!. . ."

အိုက်ခမ်း မယုံနိုင်သလို ခွန်မှိုင်းအား မော့ကြည့်၏။

"ညီအစ်ကိုတွေကို မီးရှို့သတ်တယ်၊ ငါ့ကိုချောက်တွန်းပြီး အသေသတ်တယ်၊ ငါ့မိန်းမဆီ စာတွေလိမ်ရေးပြီး ငွေညှစ်တယ်၊ အဲဒီပြစ်မှုတွေအတွက် ဒီနေ့ မင်းသေရမယ်"

"မလုပ်. . မလုပ်ပါနဲ့ ကျွန်တော်မှားမှန်း သိပါပြီ ချမ်းသာပေးပါဗျာ"

"ချမ်းသာပေးရမယ် ဟုတ်လား"

ခွန်မှိုင်း စိတ်တိုသွားပြီး အိုက်ခမ်းအားဆွဲဆုပ်ကာ ကိုင်ဆောင့်လွှင့်ပစ်လိုက်ပြန်၏။ ခွန်မှိုင်းပုံက တကယ့်ကို အသေလုပ်



www.burmeseclassic.com

www.burmeseclassic.com



တော့မည့်ပုံမျိုးမို့ အိုက်ခမ်း ကြောက်လန့်နေပြီ။ ခွန်မှိုင်းက အိုက်ခမ်းအား ဘယ်ပြန်ညာပြန် လှိမ့်ပြီးထိုးနေ၏။ အိုက်ခမ်း မခံစားနိုင်တော့သဖြင့် ကျားကြီးတို့အုပ်စုကို တိုင်တည်ခေါ်လိုက်သည်။

ခွန်မှိုင်းက မညှာမတာ ဆုံးမနေတုံးပင်။ ဖူးယောင်ပေါက်ပြဲပြီး မတ်တတ်ကလဲတော့မည့်အချိန်မှာ အခြေအနေက တစ်မျိုးပြောင်းသွား၏။ ကျားကြီးတို့အုပ်စု ရောက်လာကြသည်။ သူတို့ကိုမမြင်ရသော်လည်း ဝိုင်းဝန်းတိုက်ခိုက်ကြသည့်အတွက် ခွန်မှိုင်းအရေးနိမ့်လာသည်။

ထိုအခိုက် အိုက်ခမ်း စာချုပ်ကို ဆက်ရှာသည်။ နောက်ဆုံးမှာ အဖိုးတန်စာချုပ်တွေအားလုံး အိုက်ခမ်းလက်ထဲ ရောက်သွား၏။ ထိုအချိန်တွင် ခွန်မှိုင်း အင်အားဆုတ်ယုတ်လာသည်မို့ အပြင်သို့ထွက်ပြေးရတော့၏။ အပြင်မှာ အာရုဏ်မိုးသောက် အလင်းရောက်နေပြီဖြစ်၏။

အလင်းရောင်ထွက်လာပြီမို့ ခွန်မှိုင်းအား အိုက်ခမ်း မမြင်ရတော့ချေ။ ထိုအခွင့်အရေးကို အသုံးချကာ လွယ်လွယ်အလျှော့မပေးတတ်သည့် ခွန်မှိုင်းက ဂိုထောင်ထဲကထွက်လာသော အိုက်ခမ်းကို ဆုံးမပြန်သည်။ နန်းအတွက် မြေကျင်းတူးစဉ်က ဂေါ်ပြားကို ခွန်မှိုင်းကောက်ကိုင်သည်။ ဂေါ်ပြားတစ်ချောင်း လေထဲမှာဝဲပျံလာ၏။ ထိုဂေါ်ပြားပျံက အိုက်ခမ်းအား လိမ့်နေအောင် ရိုက်နေတော့၏။

အိုက်ခမ်း ကျားကြီးတို့အား တမ်းတခေါ်ယူသော်လည်း ရောက်မလာကြ။ ဘာကြောင့်လဲဆိုတာ တွေးမရ ဖြစ်နေစဉ်မှာပင် စီးသူမပါဘဲ ခုံဖိနပ်လေးရဲ ခြံထဲဝင်လာတာ တွေ့လိုက်ရသည်။

အကြောင်းကတော့ စင်သီယာ့အလောင်း တွေ့ပြီးသည့်



www.burmeseclassic.com

www.burmeseclassic.com



နောက် အမိန့်ပြန်တမ်းတွေ ထပ်လုပ်သည့်အပြင် သံဃာဆယ်ပါးပင့် ဖိတ်ကာ ပရိတ်ရွတ် အမျှဝေ မေတ္တာပို့ခဲ့ကြသဖြင့် ရန်ကုန်က ဓနီးလောင်အိမ်မှာ ဘယ်သရဲမှ မနေသာတော့ဘဲ လွင့်လာကြခြင်းပင် ဖြစ်သည်။ ထိုခုံဖိနပ်များကိုတွေ့တော့ အိုက်ခမ်း သဘောပေါက်သွား ပြီး. . .

"ညီအစ်ကိုတွေ မင်းတို့ကိုသတ်တဲ့ ခွန်မှိုင်းကိုဆုံးမလိုက် ကြ. . ."

သို့သော် ခုံဖိနပ်တွေ ငြိမ်နေကြ၏။ ထိုအချိန်တွင် ထင်မှတ် မထားသော ဧည့်သည်တစ်ယောက် ရောက်လာ၏။ ထိုခဏတွင် အချင်းချင်းမြင်ရတွေ့ရသူမှာ အိုက်ခမ်း အားတီနှင့် မေဇွန်တို့သာ ဖြစ်သည်။

"မင်းက ရွှေနေ မေဇွန်နိုင်း မဟုတ်လား. . ဒီကိုဘာလာ လုပ်တာလဲ"

"ရှင့်ကို ထောင်ထဲပို့ဖို့လေ၊ နန်းနောင့်နောင့်ဆီ လိမ်လည် ရေးထားတဲ့ စာတွေကို ရုံးတော်တင်၊ ရဲစခန်းကို မိတ္တူပို့ပြီး အမှုကို ပြန်စစ်ဆေးဖို့ စီစဉ်ထားတယ်၊ ရဲက ရှင့်ကို ဖမ်းဝရမ်းထုတ်လိုက်ပြီ"

မေဇွန့်အပြောကြောင့် အိုက်ခမ်းတွန့်သွား၏။ သို့သော် လူသတ်ရာတာ လက်ယဉ်နေပြီဖြစ်သော အိုက်ခမ်းက. . .

"လွယ်ပါတယ် ရွှေနေမလေးရယ် မင်းကို သတ်လိုက်ရင် ဒီတိုစွပ်ပြတ်သွားမှာပါ. . ဟင်းဟင်း"

"ဒီလောက်လွယ်ရင် ဒီကို ကျွန်မ မလာဘူး၊ ခုပဲ ကျွန်မ ဒီတိုရောက်နေတယ်ဆိုတဲ့အကြောင်း ကလောရဲစခန်းကိုသတင်း ပို့ခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



မေဇွန်က စင်သီယာဝိညာဉ်ဘဝနှင့် ဖေါက်သည်ချခဲ့သည့် မီးလောင်ညကအဖြစ်များကို စီကာပတ်ကုံး ပြောပြသည်။ ကိုယ်တိုင် မီးရှို့ပြီး ခွန်မှိုင်းအပေါ် အပြစ်ပုံချခဲ့ပုံများ ခွန်မှိုင်းတို့လင်မယား ကြားမှာ လိမ်လည်ရေးသားခဲ့သည့်စာများနှင့် ခလောက်ဆန်ခဲ့ပုံများ အား သိထားကြောင်း ဖွင့်ဟပြောပြသည်။ ထိုအခါ. . ငြိမ်နေသော ခုံဖိနပ်များ လှုပ်ရှားလာတော့၏။ ခဏအတွင်းမှာပင် ခုံဖိနပ်လေးရံ က အိုက်ခမ်းအား ဝိုင်းထားပြီးသား ဖြစ်သွားသည်။

"အိုက်လွယ် အိုက်မောင်း စိုင်းမောက်နဲ့ ခမ်းလိတ်တို့ ငါ့ကို သနားကြပါကွာ၊ ဆေးဆိုင်ကို ငါမီးရှို့ခဲ့တယ်ဆိုတာ ဝန်ခံပါတယ်၊ ဒါပေမဲ့ ငါနောင်တရနေပါပြီ ငါ့ကိုခွင့်လွှတ်ကြပါ၊ ငါတောင်းပန်ပါ တယ်"

အိုက်ခမ်းစကားက အရာမဝင်တော့၊ ခုံဖိနပ်တွေ အမျိုးမျိုး အဖုံဖုံသောင်းကျန်းကာ အိုက်ခမ်းအား လက်စားချေတော့သည်။ မေဇွန်လည်း တစ်ယောက်တည်းအားငယ်ကာ ကြောက်နေရှာသည့် အားတီလေးထံ ပြေးသွားကာ ပွေ့ဖက်ထားလိုက်၏။ ဒီတစ်ခါတော့ အားတီက မေဇွန့်အား မလိုလားဟန် မပြတော့ချေ။ အားကိုးတကြီး နှင့် ပြန်လည်ဖက်တွယ်ထားသည်။

လူနှင့်သရဲ ခွန်အားခြင်း ဘာမှမဆိုင်သော်လည်း သရဲလေး ကောင်က အိုက်ခမ်းအား တစ်ချက်ထဲ အသေမလုပ်၊ အငြိုးအတေး ကြီးစွာနှင့် မျှင်း၍နှိပ်စက်နေကြသည်။ အိုက်ခမ်း အခြေအနေက တော်တော်ဆိုးနေပြီဖြစ်သည်။ ထိုခြံအတွင်း စုရုံးရောက်ရှိနေကြ သည့် နာနာဘာဝများထဲတွင် မီးလောင်သရဲလေးကောင်က သက် တမ်းအရင့်ဆုံး ဖြစ်၏။ ထို့အတွက်ကြောင့် မနေ့တစ်နေ့ကမှ သေခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



သည့် ကျားကြီးတို့အုပ်စု ငြိမ်သွားခြင်းဖြစ်လိမ့်မည်။ ကျားကြီးတို့လည်း သူတို့ကိုသတ်သူဟာ အိုက်ခမ်းမှန်းသိလျှင် ခုလိုနေမည်မဟုတ်။

အားတီလေးနှင့် မေဇွန်တို့မှာ ရိုက်နှက်နေသူများကို မမြင်ရဘဲ ညည်းညူအော်ဟစ် ပစ်လဲကျနေသည့် အိုက်ခမ်းကိုသာ မြင်နေကြရ၏။ ထိုသို့ ဝရုန်းသုန်းကား ဖြစ်ချင်တိုင်းဖြစ်နေချိန်တွင် လွန်စွာသာယာနာပျော် ဖွယ်ကောင်းပြီး ကြည်လင်ပြတ်သားသည့် အသံနှင့် တရားမမ္ဘရွတ်ဖတ်သံ ပေါ်ထွက်လာသည်။

"သမန္တာ စက္ကဝါဠေသု၊ အတြာ ဂစ္ဆန္တု ဒေဝတာ။
သဒ္ဒမ္မံ မုနိ ရာဇဿ သုဏန္တု သဂ္ဂ မောက္ခဒံ။
. . . . . . . . . . . . . . . . . . . . . . . . . ."

ထိုရွတ်ဖတ်သံကြောင့် သရဲများပျောက်သွားပြီး အိုက်ခမ်းသက်သာရာ ရသွားသည်။ မေဇွန် အားတီလေးနှင့် အိုက်ခမ်းတို့လည်း ကြွလာသည့် ရဟန်းတော်အား ဒူးထောက်ဝပ်တွား၍ လက်အုပ်ချီကာ ဂါရဝပြုလိုက်ကြသည်။ ရဟန်းတော်က အပင်တစ်ပင်အောက်တွင် ထက်ဝယ်ဖွဲ့ခွေကာ ထိုင်တော်မူရင်း ဆက်လက်၍ ရွတ်ဖတ်နေပြန်သည်။

"ဟေတု ပစ္စယောတိ-
ဟေတူ ဟေတု သမ္ပယုတ္တကာနံ ဓမ္မာနံ
တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတု ပစ္စယေန ပစ္စယော။
. . . . . . . . . . . . . . . . . . . . . . . . . . . ."

ရဟန်းတော်က (၂၄)ပစ္စည်းနှင့် စည်းချပြီးနောက် ပရိတ်တရားတော်များ ရွတ်ဖတ်သည်။ ထို့နောက် မေတ္တာပို့အမျှဝေ၏။



www.burmeseclassic.com

www.burmeseclassic.com



အလုံးစုံရွတ်ဖတ်ပြီးမှ မျက်လွှာပင့်ကာ ခြံအတွင်းသို့ ဝေ့ဝဲအကဲခတ်ကြည့်ရှုသည်။ ထို့နောက် သိသိသာသာပင် ပြုံးတော်မူ၏။

"အင်း. . ဒီအဝန်းအဝိုင်းထဲမှာ ဝိညာဉ်တွေ နာနာလောကသားတွေ တယ်များသကိုး၊ အေးလေ ပြုသူအသစ် ဖြစ်သူအဟောင်း၊ နာကျည်းမှုကို ဂလဲ့စားချေ ဖြေရှင်းနေသမျှတော့ သံသရာလည်လို့ ဆုံးမှာမဟုတ်ဘူး ကာလဝိပါတ် နောက်ပိုးတက်ဆိုသလို ဝဋ်ကြွေးရှိလို့ ဆပ်ရတယ်လို့ သဘောပိုက်ပြီး အာဃာတတွေ ခဝါချလိုက်ကြပါတော့"

ရဟန်းတော်ကို ဖူးမျှော်ခွင့်ရသည့်ခွန်မှိုင်းမှာ တစ်ခါက ဆုံခဲ့ဖူးပြီး သူ့ကိုနားချသွားသော ရဟန်းမှန်း သိသည်။ ထို့ကြောင့်လည်း ကြည်ညိုသဒ္ဒါပွားများစွာနှင့် ရှိခိုးဦးခိုက်ကာ နာယူပူဇော်နေသည်။ ညီအစ်ကိုတော် ဝိညာဉ်များကတော့ ဒေါသကြောင့်လား ပူလောင်မြင်းပြ ဝေဒနာကြောင့်လား မပြောတတ် ဂဏှာမငြိမ် ဖြစ်နေကြသည်။ ရဟန်းတော်က ဆက်မိန့်၏။

"အို. . ဝိညာဉ်အပေါင်းတို့ တဏှာယောက်ျား လက်သမားကဲ့သို့ ခန္ဓာအိမ်ကို ကြိမ်ကြိမ်ပြန်ဆောက် သံသရာကို လျှောက်ခဲ့ကြတာ ဘယ်လောက်များ ကြာခဲ့ကြပြီတုန်း၊ ခုထိ အသိတရား မရကြသေးသလော၊ ဒေါသ လောဘ မောဟကို အခြေတည်၍ အာဃာတနှင့် ဂလဲ့စားချေသည့် အမှုက အပါယ်လားရာလမ်းသာ ဖြစ်သည်ကို မြင်အောင်ကြည့်ကြပါတော့၊ သင်တို့ ကျွတ်လွတ်ဖို့ အချိန်တန်ပါပြီ၊ အခွင့်အရေး ရှိပါသေးတယ် လားရာဂတိရှိသည့်အတိုင်း ဘဝကူးပြီး ဆောင်ရွက်သင့်တာတွေကို ဆောင်ကြပါတော့ နာနာလောကသားအပေါင်းတို့"



www.burmeseclassic.com

www.burmeseclassic.com



"သာဓု . . သာဓု . . သာဓုပါ ဘုရား"

လူသားသုံးယောက်ထံမှ သာဓုခေါ်သံထွက်လာ၏။ မမြင်ရသော ဝိညာဉ်တွေ ရဟန်းတော် စကားကို လိုက်နာသလား မလိုက်နာသလား ဆိုတာတော့ မသိရ။ အပြင်းအထန် နှိပ်စက်ခံထားရသည့် အိုက်ခမ်းလည်း သာဓုခေါ် အပြီးမှာပင် သွေးပွက်ပွက်အန်ကာ လဲကျငြိမ်သက်သွားတော့၏။

ရဟန်းတော်က အနိစ္စဝတ သင်္ခါရာ ဂါထာကို ချီးမြှင့်တော်မူသည်။ မေဇွန်ပြေးလာကာ အိုက်ခမ်းအား လူသားချင်းစာနာစိတ်နှင့် စမ်းသပ်ကြည့်ရှုပေးသည်။ အိုက်ခမ်းမှာ ဘယ်လိုပြုစုကုသမှုမျိုးကိုမှ မလိုအပ်တော့၊ ကျူးလွန်ခဲ့သည့် အကုသိုလ်တရားတို့အတွက် ပြန်လည်ပေးဆပ်ဖို့ တမလွန်သို့ ထွက်ခွာသွားခဲ့ပြီ ဖြစ်သည်။

ထိုအချိန်တွင် အိုက်ခမ်း လိုချင်တပ်မက်ခဲ့သည့် စာချုပ်စာတမ်းများ လေနှင့်အတူ လွင့်ပါသွားသည်။ သို့သော် . . ချက်ချင်းပင် ထိုစာရွက်စာတန်းများ တစ်စုတစ်စည်းထဲ ဖြစ်သွားကာ စာရွက်လိပ်လေး ဖြစ်သွားသည်။ ထိုစာရွက်လိပ်လေး အလိုလိုမြောလွင့်လူပ်ရှားလာရင်း မေဇွန်နှင့်အားတီလေးနားတွင် ရပ်တန့်သွား၏။ မေဇွန်နှင့် အားတီတို့ အံ့သြနေသော်လည်း ရဟန်းတော်က ပြုံးပြီး ကြည့်နေလေသည်။

"မေဇွန် ကျေးဇူးတင်တယ်ဆိုတဲ့ စကားနဲ့ မလုံလောက်မှန်း သိပေမဲ့ ဒီစကားကိုပဲ ပြောပါရစေ"

"ဟင်! . . ကို . . ကိုခွန်မှိုင်း ကိုခွန်မှိုင်းလား"

"ဖေဖေ . . ဖေဖေ"

"ဟုတ်ပါတယ် မေဇွန်၊ အားတီ . . အခုပြောနေတာ သားရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေပါ၊ ဖေဖေပြောတာ သေချာနားထောင်နော်၊ ပထမဆုံး မေဇွန့်ကို အကူအညီတောင်းပါရစေ”

“ဟုတ်ကဲ့. . ပြောပါ ကိုခွန်မိုင်း”

“အားတီလေးကို လူလားမြောက်အောင် စောင့်ရှောက်ပေးနိုင်မလားဟင်. . ရင်ထဲကစကားကို သိချင်လို့ပါ”

အကောင်အထည် မမြင်ရဘဲ စာရွက်လိပ်လေး အပေါ်နားဆီမှ ထွက်လာသော အသံကိုသာ မှန်းဆနားထောင်နေကြရ၏။ အားတီလေးကတော့ မျက်ရည်ဖြိုင်ဖြိုင် ကျနေပြီဖြစ်သည်။

“ကျွန်မ တာဝန်ယူနိုင်ပါတယ် ကိုခွန်မိုင်း”

“ဒီစကားကြားရတာ ဝမ်းသာမိပါတယ်၊ ဒါဆို ဒါလေး လက်ခံပေးပါ”

BURMESE CLASSIC

စာရွက်လိပ်လေးက မေဇွန့်လက်နား ရောက်လာသည်။

“ဒါကဘာလဲ ကိုခွန်မိုင်း”

“အိမ်နဲ့စိုက်ပျိုးရေးခြံတွေရဲ့ ဂရံတွေပါ၊ ပိုင်ဆိုင်မှု မှတ်တမ်းပဲဆိုပါတော့၊ ဒါတွေကို ထုခွဲရောင်းချပါ ရတဲ့ငွေကို မေဇွန်က စီမံခန့်ခွဲပြီး သားလေးကို ပြေတောင်မြောက်ပေးပါလို့ ကျွန်တော်မေတ္တာရပ်ခံပါတယ် မေဇွန်”

“ကျွန်မ စီစဉ်ပေးပါမယ် ကိုခွန်မိုင်း”

“အားတီလေး. . ဒီက အန်တီမေဇွန်နဲ့ သားလိုက်သွားပါ အန်တီ့ဆုံးမစကားကို နားထောင်ပါ”

“ဟုတ်. . ဟုတ်ကဲ့ပါ. . ဖေဖေ. . ဟီးဟီးဟီး”

အားတီလေးက ကတိပေးရင်း ငိုချလိုက်သည်။ မေဇွန်စာချုပ်တစ်ဖက်နှင့်ပင် အားတီလေးကို ပွေ့ဖက်ထားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မငိုပါနဲ့သားရယ် သားကယောကျ်ားပဲ စိတ်ဓာတ်ခိုင်မာရမှာပေါ့. .၊ အန်တီ့စကား နားထောင်ပြီး ထက်မြက်ထူးချွန်တဲ့ ယောကျ်ားကောင်းဖြစ်အောင် ကြိုးစားပါ"

"ဟုတ်ကဲ့ပါ ဖေဖေ"

"ကိုခွန်မှိုင်း အားတီလေးအတွက် ဘာမှမပူပါနဲ့၊ မောင်လေးတစ်ယောက် ကောက်ရတယ်လို့ပဲ ကျွန်မ သဘောထားပါတယ်၊ ကျွန်မ မောင်လေးကို ထူးချွန်အောင် လမ်းပြပေးမှာပါ"

"ဒါဆို ကျွန်တော် စိတ်ချပါပြီ"

"ဒါနဲ့ ကိုခွန်မှိုင်း အခု ဘယ်ကို"

မေးမိပြီးမှ မှားမှန်းသိသွား၍ မေဇွန် နှုတ်ဆိတ်သွားသည်။

ခွန်မှိုင်းထံမှလည်း ချက်ချင်းတုန့်ပြန်သံ ထွက်မလာ။

အတန်ကြာမှ. . .

"ကျွန်တော်ကတော့ သံသရာလည်ဦးမယ်ထင်ပါရဲ့၊ မသေခင်ထိ အကုသိုလ်များများစားစား မလုပ်ခဲ့ပေမယ့် ဘယ်ကိုလားရမလဲဆိုတာ မသိသေးပါဘူး၊ တကယ်လို့ အခွင့်အရေး ရမယ်ဆိုရင် နန်းကိုတွေ့အောင်ရှာပြီး ပျက်ကွက်ခဲ့တဲ့ ဝတ္တရားတွေအတွက် ပြန်ပြီးပေးဆပ်သွားမှာပါ"

"ဟုတ်. . ဟုတ်ကဲ့. . ကိုခွန်မှိုင်း ဆန္ဒပြည့်ဝပါစေလို့ ဆုတောင်းပေးပါတယ်"

"ကဲ. . မေဇွန်နဲ့ အားတီလေး သွားတော့မယ်နော်"

"ဖေဖေ. . ဖေဖေ မသွားပါနဲ့"

"သား. . အားတီ မတားပါနဲ့ကွယ်. . လွတ်လွတ်လပ်လပ်သွားပါစေကွယ်"



www.burmeseclassic.com

www.burmeseclassic.com



မမြင်ရဘဲ ဟိုစမ်းဒီစမ်းနှင့် တားဖို့ကြိုးစားနေသည့် အားတီအား မေဇွန် ထိန်းထားလိုက်သည်။ ခွန်မိုင်းက အားလုံးကို မြင်နေရသော်လည်း စကားထပ်မပြောတော့၊ သားကို တစ်ဝကြည့်ပြီးနောက် ခွန်မိုင်း ချာခနဲ လှည့်ထွက်ခဲ့သည်။

ထိုအချိန်တွင် ရဟန်းတော် မျက်နှာမူနေသော အရပ်မှ လင်းလက်တောက်ပသော အလင်းတန်းတစ်ခု ထွက်ပေါ်လာသည်။ ခွန်မိုင်း လျှောက်လှမ်းစရာမလိုဘဲ ထိုအလင်းတန်းရှိရာသို့ အလိုလို ရောက်သွား၏။

BURMESE CLASSIC

ထိုအလင်းတန်းထဲသို့ ခွန်မိုင်း ဝင်ရောက်သွားသောအခါ အလင်းရောင် နောက်ခံတွင်မည်းမည်းသဏ္ဌာန် ခွန်မိုင်းကို မေဇွန်တို့ မြင်တွေ့ခွင့်ရလိုက်ကြသည်။ ခွန်မိုင်း တစ်ချက်လှည့်ကြည့်၏။ မေဇွန်နှင့်သားကို လက်ပြနှုတ်ဆက်ကာ အလင်းတန်းထဲ ရှေ့ဆက်တိုးဝင်သွားပြီးနောက် ပျောက်ကွယ်သွားတော့၏။ ခွန်မိုင်းပျောက်သွားသည်နှင့် အလင်းတန်းလည်း မှေးမှိန်မှုန်ဝါးကာ ပျက်ပျယ်သွားသည်။

"ဖေဖေ. . ဖေဖေ"

ဖခင်ပျောက်ကွယ်သွား၍ အားတီလေးက ဝမ်းပန်းတနည်း အသံနှင့် လှမ်းခေါ်လိုက်သည်။ မေဇွန်က အားတီကို ပွေ့ဖက်ဖြစ်ညှစ်နှစ်သိမ့်ပေးလိုက်၏။ ရဟန်းတော်က. . .

"ကလေး. . ကလေးရဲ့ဖေဖေ ကောင်းရာမွန်ရာ ဘုံဘဝကို ရောက်ရှိသွားပြီမို့ စိတ်အေးပါ၊ သတ္တဝါမှန်သမျှ ကံစီမံရာကို နာခံကြရတာပါ. .၊ ကဲ. . ဘုန်းကြီးလည်း ကြွတော့မယ်"

"တင်ပါ့ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



ရဟန်းတော် ကြွသွားတော့ မေဖွန်နှင့်အားတီတို့ လက်အုပ်ချီ၍ ကျန်ခဲ့၏။ ထို့နောက် အားတီက ခြံထဲမှ တောပန်းလေးများကို တပွေ့တပိုက်ရအောင် လိုက်ခူးနေသည်။

"အားတီလေး ပန်းတွေ ဘာလုပ်မလို့လဲ"

"မေမေ့ကို နှုတ်ဆက်မလို့"

မေဖွန် ဘာမှမပြောတော့ဘဲ အားတီလုပ်သမျှကိုသာ ငေးကြည့်နေမိ၏။ ပန်းတွေ သူစိတ်ကျေနပ်လောက်သည့် အတိုင်းအတာထိရတော့ နောက်ဖေးခြံထောင့်သို့ အားတီပြေးသွားသည်။ နန်းနောင့်နောင့် ဘယ်မှာလဲဆိုတာ သိချင်၍ မေဖွန်လည်း နောက်မှ လိုက်သွား၏။

BURMESE CLASSIC

အားတီ ခြံထောင့်ရှိ မြေပုံမို့မို့လေးပေါ် သူခူးလာသည့် ပန်းများကို ကျဲဖြန့်ပုံးအုပ်လိုက်သည်။ နန်းနောင့်နောင့်၏ မြေပုံနှင့် မှတ်တိုင်လေးက မေဖွန့်အား ဝမ်းနည်းကျေကွဲမှုကို ဖြစ်ပေါ်စေတော့သည်။ အားတီက ဖိနပ်ချွတ်၍ ဒူးထောက်ထိုင်ကာ အမေကို ရည်စူး၍ ရှိခိုးသွာကန်တော့၏။

"မေမေ. . ဖေဖေလည်း မရှိတော့ဘူး၊ အဲဒါကြောင့် သားအန်တီနဲ့ လိုက်သွားတော့မယ်နော်"

အားတီပြောသည့် စကားကြားရသောအခါ မေဖွန် ဘယ်လိုမှ စိတ်ကိုတင်းထား၍မရတော့၊ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာလေတော့သတည်း။

ပြီးပါပြီ

www.burmeseclassic.com